# ဓမ္မပန်းချီ(၁)

ဘဒ္ဒန္တဇေဝိန္ဒာဓိပတိ

၀၂

ထီးချိုင့်မြို့ တည်တောဆရာတော်

ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ

သာသနာ့ပန်းခိုင်

# ဓမ္မပန်းချီ (၁)

ဓမ္မဗျူဟာ စာစဉ် (၈)

ဆရာတော်ဘုရားကြီး၏

စာမူပြန့်ပွား ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

ထီးချိုင့်မြို့။

# ဓမ္မဗျူဟာ စာစဉ် (၈)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် ၂၆၁/၉၁(၄)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၆/၉၁(၉)

ပထမ အကြိမ်
၁၉၉၁-ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ — ၃၀၀၀
တန်ဖိုး — ၃၅-ကျပ်
အတွင်းစာသားကြီးကြပ် — ဓမ္မဗျူဟာ ဒေါ်ခင်လှတင်
မျက်နှာဖုံးပန်းချီ — ကိုကျော်သိုက်

ထုတ်ဝေသူ
ဒေါ်ခင်စန်းမြင့် (၃၇၀၆)
ဓမ္မဗျူဟာစာစဉ်၊ ၁၅၆-ဗားကရာလမ်း
စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးကျော်မိုးဇိန် (မြ-၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်၊ ၁၇၂-၃၁ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်စန်း (၀၂၁၇၇)
စန်းမာလာ ပုံနှိပ်တိုက်၊ အမှတ်(၂၉)၉၆ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# မာတိကာ

အကြောင်းအရာ


နိဒါန်း

၁။ မြတ်ဒါန

ကုမ္မာသဇာတ်တော်

၂။ ဒါနမွန်တရားတော်

၃။ အင်္ဂါခြောက်ရပ်ဒါနမြတ်

ဘုရားရှင်နှင့် သပေါက်မ
ရှေးဘဝက ဖြစ်ထွေ
အညစ်အကြေး ရေဖြင့်ဆေး
တောင်ပြင်သို့ သာဝကကြီးနှစ်ပါး ကြွခြင်း
ပါရာယန နိဒါန်း
ကြောက်စရာ့ အလှူခံ
ဗာဝရီနှင့် ဘုရားရှင်
ဘုရားကြွရာ လိုက်ကြခြင်း
ဝေဿဝဏ်နတ်မင်း သာဓုခေါ်ခြင်း
နန္ဒမာတာ အံ့ဖွယ်(၇)ပါး
ဒါနဟူသည်
သစ္စာလေးပါး တရားအချုပ်
ဒါနပွဲလ ကဗျာများ

## မာတိကာ


| ကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၄။ ရထဝိနီတသုတ် | ၆၆ |
| အရှင်ပုဏ္ဏမထေရ် | ၆၉ |
| ကထာဆယ်ပါး | ၇၃ |
| အရှင်သာရိပုတ္တရာ အကြံ | ၇၆ |
| အမေးနှင့် အဖြေ | ၇၇ |
| မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ | ၈၇ |
| ၅။ ရဋ္ဌပါလသုတ် | ၁၀၁ |
| ရဋ္ဌပါလသုတ် တရားတော် | ၁၀၄ |
| ၆။ ဆင်းရဲခြင်းကင်းလိုသော် | ၁၂၇ |
| ဇရာဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ် | ၁၂၈ |
| ဗျာဓိဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ် | ၁၂၉ |
| သေခြင်းတရား | ၁၃၁ |
| ဆင်းရဲခြင်းအကြောင်း | ၁၃၂ |
| ဥပစာလာထေရီမ | ၁၃၃ |
| ရုပ်နာမ်အသစ် ဖြစ်ပြီးသော် | ၁၃၇ |
| လူဆိုးကြီးလေးယောက် | ၁၃၉ |
| ဥတ္တိယမထေရ် | ၁၄၁ |
| မဟာသံဃရက္ခိတမထေရ် | ၁၄၄ |
| စူဠသံဃရက္ခိတ | ၁၄၆ |
| စိတ္တာထေရီ | ၁၄၈ |
| ရဟန်းဝတ်ခြင်း | ၁၅၀ |
| ရစနာဂါထာ | ၁၅၁ |
| ရုပ်နာမ် ဖြစ်ခဲ့သော် | ၁၅၂ |
| အဆိုပ်ကိုအဆိပ်မှန်း မသိသော် | ၁၅၆ |
| ဘိန်းလက်နက် | ၁၅၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| | |
|---|---|
| အရက်အဆိုပ် | ၁၅ |
| အရက်မကောင်းကျိုး | ၁၆ |
| သိပ္ပံပညာရှင်များအဆို | ၁၆ |
| ဆင်းရဲကို ဆင်းရဲမှန်းသိလျှင် | ၁၆ |
| ၇။ မရဏာနုဿတိကမ္မဋ္ဌာန်း | ၁၆ |
| သေခြင်းနှစ်မျိုး | ၁၆ |
| သေရမှာ ကြောက်ကြသည် | ၁၆ |
| မရဏာနုဿတိ အခြင်းအရာ ( ၈ ) ပါး | ၁၇ |
| မရဏာနုဿတိကမ္မဋ္ဌာန်း မြန်မာကဗျာများ | ၁၇ |
| သမ္ပတ္တိ - ဝိပတ္တိအားဖြင့် ဆင်ခြင်ပုံ | ၁၇ |
| ဥပသံဟရဏအားဖြင့် ဆင်ခြင်ပုံ | ၁၇ |
| ကာယဗဟုသာဓာရဏအားဖြင့် ဆင်ခြင်ပုံ | ၁၇ |
| အာယုဒုဗ္ဗလအားဖြင့် ဆင်ခြင်ပုံ | ၁၇ |
| အနိမိတ္တအားဖြင့် ဆင်ခြင်ပုံ | ၁၇ |
| အဒ္ဓါနပရိစ္ဆေဒအားဖြင့် ဆင်ခြင်ပုံ | ၁၇ |
| အထွေထွေ ဆင်ခြင်ပုံ | ၁၇ |
| ၈။ တံတိုင်းငါးဘာန် ပြည်နိဗ္ဗာန် | ၁၈ |



ထီးချိုင့်မြို့ တည်တောဆရာတော်

# နိဒါန်း

၁၃၅၀-ပြည့်နှစ် နယုန်လဆန်း ၁၄-ရက်နေ့သည် ထီးချိုင့်မြို့ဟည်တောဆရာတော် ဘုရားကြီး၏ သက်တော် ၇၅-နှစ် ပြည့်မြောက်သော ဝိဇ္ဇာတမင်္ဂလာ နေ့ထူးအခါသမယ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ တပည့်များ ဒါယကာများ ဒါယိကာမများ၊ စုပေါင်း၍ ထိုနေ့တွင် ဝိဇ္ဇာတမင်္ဂလာ အထိမ်းအမှတ်အဖြစ် စိန်ရတုသဘင်ပွဲ ဆင်နွှဲခဲ့ကြပါသည်။ ထိုစိန်ရတုသဘင်ပွဲ၌ အငြိမ့်ပွဲ ဇာတ်ပွဲ ပျော်ရွှင်ပွဲ မပါသော်လည်း ကျွန်တော်များ ခန့်မှန်းသည်ထက် ပရိသတ်အတော်များများ တက်ရောက်ကြသောကြောင့်အောင်မြင်သောပွဲတစ်ပွဲအဖြစ် သတ်မှတ်ကြပါသည်။

ဆရာတော်ဘုရားကြီး၏ သက်တော်ရွှေပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ကြပါသည်။ သို့သော် ခပ်ကျဉ်းကျဉ်းမျှဖြစ်၍ ထိုစိန်ရတုပွဲတော်လောက် ကြီးမားခြင်း မရှိခဲ့ကြပါ။ စိန်ရတုသဘင်ပွဲတော်ကို ယခုကဲ့သို့ ခပ်ကျယ်ကျယ်ပြုလုပ်ရခြင်းမှာ အကြောင်းရှိပါသည်။

ဆရာတော်ဘုရားကြီးသည် ငယ်စဉ်မှစ၍ စာပေလေ့လာတော်မူခဲ့သည့်အားလျော်စွာ ဆရာတော်ဘုရား ရေးသားပြုစုခဲ့သော စာပေများသည် အတော်များပြားစွာ ရှိနေပါသည်။ ဆရာတော်ဘုရားကြီးသည် စာစုံ ကလောင်စုံရေးခဲ့သည့်အလျောက် သက်တော် ၇၅-နှစ်သက်တမ်းတစ်လျှောက်လုံး ကဗျာမျိုးစုံ၊ တရားမျိုးစုံ၊ ဆောင်းပါးမျိုးစုံ၊ ဝတ္ထုမျိုးစုံတို့ဖြင့် ပြိုးပြိုးပြက်လျက် ရှိနေပါသည်။

လူတို့၏ သက်တမ်းကို တစ်ရာတမ်းဟု ဆိုကြသော်လည်း ဘုရားရှင်လက်ထက်တော်ကလည်း တစ်ရာတမ်းပင် ဖြစ်ပါသည်။ ဆုတ်ကပ်ကာလတွင် နှစ်ပေါင်းတစ်ရာ ကြာလျှင် မသိမသာတစ်နှစ်စီနှင့် သက်တမ်း ယုတ်လျော့သောကြောင့် ယနေ့ သာသနာတော် (၂၅၁၀) ကျော်တွင် လူ့သက်တမ်း (၇၅) နှစ်မျှသာ ကျန်ဖွယ်ရှိပါသည်။

ဆရာတော်ဘုရားကြီးကား သက်တော် (၇၅) နှစ်ရှိချေပြီ။ 'နေမကြာ သမကြာ ဆိုသည့်အတိုင်း' လူ့ဘဝမှ ထွက်ခွာချိန်သည် မှန်းဆရန်မလွယ်ကူလှပါ။ မှန်းဆရန်မလွယ်ကူသော်လည်း ရှောင်၍ကား မလွတ်ပါ။ မရှောင်သာ ဆောင်လာခဲ့ပါသော် ဆရာတော်ဘုရားကြီး တစ်သက်ပတ်လုံး သီကုံးဖွဲ့နွဲ့တော်

မှခဲ့ကုန်သော ဆရာတော်ဘုရားကြီး၏ လက်ရာ ကဗျာ၊ စာပေတို့သည် ကေန် ပျောက်ဆုံးသွားကြပေတော့မည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ စာပေများကို ထိန်းသိမ်းရန် စောင့်ရှောက်ရန်နှင့် စာမူပြန့်ပွားအောင် ထုတ်ဝေရန် အချိန်မီပြုလုပ်သင့်သည်ဟု ယူဆလျက် စာမူပြန့်ပွား၊ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကိုဖွဲ့၍ ဆရာတော်ဘုရားကြီး၏ စိန်ရတုသဘင်ပွဲကို ဆင်နွှဲခဲ့ကြခြင်းဖြစ်ပါသည်။ စိန်ရတုသဘင်ပွဲတော်ကား ကျွန်ုပ်တို့ ရည်မှန်းသည့်အတိုင်း ကောင်းမွန်စွာ အောင်မြင်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ စာမူများ ထုတ်ဝေရန်အတွက် ရန်ပုံငွေများလည်း အသင့်အတင့်ရရှိခဲ့ပါသည်။ သို့သော် စာအုပ်ထုတ်ဝေရန်အတွက်သော်ကား အခက်အခဲနှင့် ရင်ဆိုင်ရပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ စာပေများကို ပင်တင်ပေးနေသော (အဖွဲ့ဝင်တစ်ဦးဖြစ်သည့်) ဓမ္မဗျူဟာ ဒေါ်သူဇာမြင့်အား ချဉ်းကပ်ပြီး ကျွန်ုပ်တို့၏ အခက်အခဲကို တင်ပြကြပါသည်။ ထိုအခါ ဒေါ်သူဇာမြင့်က 'ဆရာတော်ဘုရားကြီး၏ စာမူပြန့်ပွား ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အတွက် ဆရာတော်ဘုရားကြီး၏ စာစုများကို ဓမ္မဗျူဟာ စာစောင်တိုက်မှ တာဝန်ယူ ဖြန့်ဖြူးပေးပါမည်' ဟု ကတိပြုပါသည်။

သို့ဖြစ်ပါ၍ ဤ 'ဓမ္မပန်းချီ' စာစဉ်အမှတ် (၁) သည် ကျွန်ုပ်တို့ စာမူပြန့်ပွားထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရှေးဦးစွာ ထုတ်ဝေသော စာအုပ် ဖြစ်ပါသည်။ ဤစာအုပ်ရောင်းရငွေကို ငွေပင်ငွေရင်းပြု၍ (ပဒေသာပင် စိုက်ထူ၍) 'ဓမ္မပန်းချီ' စာစဉ် အမှတ် ၂-၃-၄ စသည်တို့ ဆက်ကာ ဆက်ကာ ထွက်ပေါ်လာမည်ဖြစ်ပါသဖြင့် ဆရာတော်ဘုရားကြီး၏ စာပေများကို မပြတ်အားပေးဖတ်ရှုကြလျက် "သာသနာ့ပန်းခိုင်" ရှင်သန်ဖွံ့ဖြိုးရေးအတွက် အစဉ်ထာဝရ ကျွန်ုပ်တို့အဖွဲ့နှင့်အတူတကွ လက်တွဲ၍ ကုသိုလ်ပါဝင်တော်မူကြပါရန် လေးစားစွာ မေတ္တာရပ်ခံလိုက်ရပါသည် ခင်ဗျား။

စိုးတင်
အကျိုးတော်ဆောင်
စာမူပြန့်ပွား ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊
အမှတ် ၄-ဘုရင့်နောင် ရပ်ကွက်၊
ထီးချိုင့်မြို့-စစ်ကိုင်းတိုင်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မြတ်ဒါန

ဝေဠဲ့ ဘိက္ခဝေ ဇာနေယျုံ ဒါနသံဝိဘာဂဿ ဝိပါကံ
ယထာဟံ ဇာနာမိ၊ နဒတွာ ဘုဉ္ဇေယျုံ န စ နေသံ
မစ္ဆေရမလံ စိတ္တံ ပရိယာဒါယ တိဋ္ဌေယျ။

ဘိက္ခဝေ—ချစ်သား ချစ်သမီးအပေါင်း သူတော်ကောင်းတို့၊ ဒါနသံဝိဘာဂဿ—ပေးကမ်း ဝေဖန်ခြင်း စေတနာ၏၊ ဝိပါကံ—အကျိုးကို၊ ဇာနာမိယထာ—ငါဘုရား သိတော်မူသကဲ့သို့၊ ဧဝံဘာသာ—ထို့အတူ၊ သတ္တာ—သတ္တဝါတို့သည်၊ စေ ဇာနေယျုံ—အကယ်၍ သိကြကုန်ငြားအံ့။ ဧဝံ—ဤသို့သိသည်ရှိသော်၊ အတ္တနာ—မိမိသည်၊ ဘုဉ္ဇိတဗ္ဗတော—စားအပ်သောဝတ္ထုမှ၊ ပရေသံ—သူတပါးတို့အား၊ အဒတွာ—မပေးကုန်မူ၍၊ နဘုဉ္ဇေယျုံ—မစားနိုင်ကုန်ရာ။ မစ္ဆေရမလဉ္စ— ဝန်တိုခြင်းတည်းဟူသော အညစ်အကြေးသည်လည်း၊ နေသံ သတ္တာနံ—ထိုသတ္တဝါတို့၏၊ စိတ္တံ—စိတ်ကို၊ ပရိယာဒါယ—ထက်ဝန်းကျင်မှုနှိပ်စက်၍။ န တိဋ္ဌေယျ—မတည်ရာ....တဲ့။

ယခုဟောခဲ့တာက ဣတိဝုတ် ပါဠိတော်မှာ ဘုရားဟောတော်မူတဲ့ ဒါနသုတ်ဖြစ်တယ်။ အဓိပ္ပာယ်ကတော့ ချစ်သား-ချစ်သမီးအပေါင်း သူတော်ကောင်းတို့—ဒါနဆိုတဲ့ တရားဟာ သံသရာလောကမှာ များစွာအထောက်အပံ့ပေးတဲ့တရားဖြစ်တယ်၊ လောကမှာ တင့်တင့်တယ်တယ် ကောင်းမွန်တယ်လို့ ဆိုကြရတဲ့လူ့စည်းစိမ်တွေ နတ်စည်းစိမ်တွေဟာ ဒါနကြောင့်ဖြစ်ပေါ်လာတာတွေဖြစ်တယ်။ လောကမှ ထွက်မြောက်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာဟာလဲ ဒါနက တွန်းပို့ပေးလို့ ရရှိနိုင်တဲ့တရားမျိုးဖြစ်တယ်။ အလုံးစုံသော ပုထုဇဉ်သတ္တဝါတွေမှာ အဝိဇ္ဇာဆိုတဲ့ မောဟတိမ်တိုက်ကြီးက ဖုံးလွှမ်းနေတယ်။ အဝိဇ္ဇာ ဖုံးလွှမ်းထားတဲ့အတွက် ဒါနရဲ့အကျိုးတရားကို ဟုတ်တိုင်းမှန်စွာ

မမြင်နိုင်ကြဘူး။ ဟုတ်တိုင်းမှန်စွာ မမြင်နိုင်ကြတဲ့အတွက် ကိုယ့်ပစ္စည်းကလေးကို စွန့်ကြဲပေးကမ်းရမှာ အလွန်ဝန်လေးနေကြတယ်။ အကယ်၍ မျှားစွာသော သတ္တဝါတွေဟာ ဒါနရဲ့အကျိုးတရားကို ငါဘုရားမြင်သလို မြင်ခဲ့မယ်ဆိုရင် ငါဘုရားသိသလို သိကြမယ်သာဆိုရင် ကိုယ်စားမည့်အစာထဲက သူတပါးအား မပေးမကမ်းဘဲ ဘယ်နည်းနှင့်မှ စားနိုင်ကြမယ်မဟုတ်ဘူး။ကိုယ့်ပစ္စည်းပေးရမှာ နှမြောတယ်၊ ဝန်တိုဘယ်ဆိုတဲ့ မစ္ဆရိယတရားဆိုးဟာလဲ သတ္တဝါတွေရဲ့စိတ်ကို ဘယ်လိုနည်းနှင့် မလွှမ်းမိုးနိုင်စက်နိုင်မှာ မဟုတ်ဘူးလို့ဆိုလိုပါတယ်။

ဒီဒေသနာတော်ကို အခြေခံထားပြီး သုမ္ဘမိတ္တဇာတ်တော်မှာ–

“နဟိဒါနာပရံ အတ္ထိ၊ ပတိဋ္ဌာ သဗ္ဗပါဏိနံ။

ဒါနံ ဘောဂကာရဏံ၊ဒါနံ ဘောဂေ ပတိဋ္ဌိတံ”လို့ပြဆို ထားတယ်။

အဝိပ္ပာယ်ကတော့ အလုံးစုံကုန်သော လူတွေနတ်တွေ ဗြဟ္မာတွေရဲ့ ထောက်ရာတည်ရာအားထားရာဟာ ဒါနသာရှိပါသတဲ့။ ဘာကြောင့်လဲဆိုပါလျှင် သတ္တဝါတွေ ကျင်လည်ကျက်စားရာ ၃၁–ဘုံကို မကောင်းမှုဘုံ ကောင်းမှုဘုံရယ်လို့ ခွဲလိုက်ပါလျှင် ဒုဂ္ဂတိဘုံ–သုဂတိဘုံရယ်လို့ အားလုံး ၂–ဘုံထဲသာ ရှိတယ်။ မကောင်းမှုကိုပြုလုပ်တဲ့ ပုဂ္ဂိုလ်တွေလားရာဘုံကိုတော့ ဒုဂ္ဂတိဘုံလို့ခေါ်တယ်။ ဒုဂ္ဂတိဘုံဟာ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံရယ်လို့ အပါယ်ဘုံ လေးဘုံရှိတယ်။ ကောင်းမှုပြုလုပ်တဲ့ပုဂ္ဂိုလ်တွေ လားရာဖြစ်တဲ့ဘုံကိုတော့ သုဂတိဘုံလို့ခေါ်တယ်။ သုဂတိဘုံဟာ လူဘုံ ၁–ဘုံ၊ နတ်ဘုံ ၆–ဘုံ ဗြဟ္မာဘုံ ၂၀–အားလုံးပေါင်း သုဂတိ ၂၇–ဘုံရှိတယ်။

သံသရာ ကျင်လည်ရတဲ့အခိုက် အပါယ်ဘုံမှာဖြစ်ရတာကို မြုပ်တယ်လို့ ခေါ်တယ်၊ သုဂတိဘုံမှာ ဖြစ်တာကိုတော့ ပေါ်တယ်လို့ခေါ်တယ်၊ နိဗ္ဗာန် မရသေးသမျှ အပါယ်ဒုဂ္ဂတိဘုံမှာမြုပ်ရတာထက် သုဂတိဘုံမှာပေါ်ရတာက လွန်စွာ အဆင့်အတန်းမြင့်တယ်။

သုဂတိဘုံမှာသော်လဲ ဆင်းဆင်းရဲရဲ စားစရာမရှိ၊ ဝတ်စရာမရှိ၊ နေစရာမရှိဖြစ်ရတာထက် စားစရာမပူရ၊ ဝတ်စရာမပူရ၊ နေစရာမပူရ ချမ်းချမ်း သာသာ ဖြစ်ရတာက ပိုပြီး အဆင့်အတန်းမြင့်တယ်။ အဲဒီလို အဆင့်မြင့်တဲ့

သုဂတိဘုံကိုရောက်အောင် ဘယ်သူက ပို့လိုက်တာလဲဆိုရင် ဒါနက ပို့လိုက်တာ ပါတဲ့။ တဖန် ဖြစ်လေရာရာဘဝတွေမှာ သာမန် အဆင့်အတန်းထက် ပိုလွန်ပြီး အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံပေါများခြင်း၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ ပစ္စည်းဥစ္စာပေါများခြင်း၊ တန်ခိုးအာဏာကြီးခြင်း ဆိုတာတွေကတော့ ဘယ်သူကပြုလို့ဖြစ်တာလဲဆိုလျှင် တခြားသူတွေကပြုလို့ ဖြစ်တာ မဟုတ်ဘူး။ ဒါနက ပြုလို့ဖြစ်တာပါတဲ့။ ဒါကြောင့် ဒါနတရားဟာ အလုံးစုံသော သတ္တဝါတွေရဲ့ ထောက်ရာတည်ရာ အားလားရာဖြစ်တယ်။ ဒါနတရားဟာ အသက်ရှည်ခြင်း၊ အခြံအရံပေါများခြင်း၊ ကိုယ်စိတ်နှစ်ပါး အေးချမ်းခြင်း၊ တန်ခိုးအာဏာ စည်းစိမ်ဥစ္စာဆိုတဲ့ ဘောဂသမ္ပတ္တိနှင့် ပြည့်စုံခြင်းဖြစ်အောင်လဲ လုပ်တတ်တယ်လို့ ဆိုလိုပါတယ်။

ဒီနေရာမှာ ဒါနတရားက ဘောဂသမ္ပတ္တိ၊ ဘဝသမ္ပတ္တိများပေးပုံကို သတ္တကနိပါတ် ကုမ္မာသဇာတ်တော်ကို ထုတ်ပြီး ဟောပြပါဦးမယ်။

## ကုမ္မာသဇာတ်တော်

နကိရတ္တိ အနေဒယိသ–အစရှိတဲ့ ဂါထာပုဒ်များဖြင့် တန်ဆာဆင်ယင်ထားတဲ့ ကုမ္မာသဇာတ်တော်ကို မြတ်စွာဘုရားသခင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် မလ္လိကာ ဒေဝီမိဖုရားကို အကြောင်းပြုပြီး ဟောတော်မူပါသတဲ့။

မလ္လိကာဒေဝီဟာ သာဝတ္ထိပြည်က တစ်ဦးတည်းသော ပန်းသည်ကြီးရဲ့ သမီးဖြစ်တယ်။ ပန်းသည်မရဲ့ သမီးဖြစ်သော်လည်း ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ လှပတဲ့အဆင်းရှိတယ်၊ ပညာလဲရှိတယ်၊ သဒ္ဓါတရားလည်းရှိတယ်၊ အသက်ဆယ့်ခြောက်နှစ် အပျိုပေါက်ကြီးဖြစ်လာချိန်မှာ အဆင်းက ပိုပြီး လှလာတယ်။ တစ်နေ့တော့ သူ့မိတ်များက နံနက်စောစောသွားပြီး ပန်းခြံထဲမှာ အဖော်များနှင့်အတူ ပန်းကောက်ချေလို့ ခိုင်းလိုက်တယ်။

မနက်စောစောပန်းကောက်ပြီး မနက်ဈေးအမီ ပန်းရောင်းရရှာမှာကိုး၊ ဒါကြောင့် မလ္လိကာဟာ ပန်းကောက်ရင်း စားဖို့အတွက် မုယောမုန့်ဆုပ်သုံးခုကို တောင်းထဲထည့်ပြီး မနက်စောစော မြို့တွင်းက ပန်းဉယျာဉ်ရှိရာ မြို့ပြင်ဘက်ကို အဖော်များနှင့် ထွက်လာခဲ့တယ်။ ဒီအချိန်မှာ ဘုရားရှင်ဟာ ရဟန်းအများ ခြံရံပြီး မြို့တွင်းကို ဆွမ်းခံကြွလာခဲ့တော့ ကံတော်ကံပြေး ဘုရားရှင်နှင့် သွားကြုံ မိကြတယ်။ ဘုရားရှင် ဆွမ်းခံကြွလာတာကို ခပ်လှမ်းလှမ်းကမြင်ရင်ပဲ မလ္လိကာရဲ့ စိတ်မှာ အကြံဖြစ်ခဲ့သတဲ့၊ အကြံဖြစ်ပုံက–

န အန္တံ ပဿာမိ သံသာရေ၊ အတိဒီဃော ဂမိတဗ္ဗော။
အာဒါယ ဂမနီယံ ဟိ၊ ကုသလံ နတ္ထိ မေ ကတံ၊
သံသာရပါထေယျတ္တာယ၊ ဗုဒ္ဓ သေဋ္ဌဿ တာဒိနော၊
ဒဒါမိ ကုမ္မာသပိဏ္ဍေ၊ ဒုလ္လဘံ ဝ ဠဒံ ခဏံ....တဲ့။

ဂမိတဗ္ဗော – မရပ်မနား သွားအပ်သော၊ သံသာရေ – သံသရာ ခရီးသည်၊ အတိဒီဃော– အလွန် ရှည်လွန်းလှချေ၏၊ အန္တံ–လမ်းခရီးအဆုံးကို၊ န -ပဿာမိမမြင်နိုင်ချေတကား၊အာဒါယ–ဆောင်ယူ၍၊ဂမနီယံ-သွားအပ်သော မေ–ငါသည်၊ ကတံ– ပြုအပ်သော ကုသိုလ်တရားသည်၊ နတ္ထိ ဟိ နတ္ထိဝေ-မရှိ သည်သာလျှင်တည်း။

သံသာရပါထေယျတ္တာယ–သံသရာ၏ ရိက္ခာအလို့ငှာ၊ တာဒိနော–တာဒိ ဂုဏ်နှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓသေဋ္ဌဿ-မြတ်စွာဘုရားအား၊ ကုမ္မာသပိဏ္ဍေ– မုယောမုန့် သုံးခုတို့ကို၊ ဒဒါမိ–ပေးလှူပေတော့အံ့။ ဠဒံ ခဏံ– ဤသို့သော အခွင့်ကောင်းကို၊ ဒုလ္လဘံ ဝ–ရခဲသည်သာလျှင်သတည်း....တဲ့။

အဓိပ္ပာယ်ကတော့–မလ္လိကာဟာ ခပ်ဝေးဝေးက ဘုရားရှင်ကြွတော် မူလာတာကိုမြင်သည့်တစ်ပြိုင်နက် အကြံကောင်းဖြစ်လာသတဲ့။ ဖြစ်လာပုံက သတ္တဝါတို့ရဲ့ ကျင်လည်ကျက်စားရာ သံသရာဆိုတာ အလွန်ရှည်လျားတယ်၊ ဘယ်ဆီမှာ ဘယ်ဘဝမှာ၊ ဘယ်ကမ္ဘာမှာ ဆုံးမယ်လို့ မမြင်နိုင်ဘူး။ ဒီလောက် ရှည်ဝေးတဲ့သံသရာခရီးမှာ ယူဆောင်သွားမယ့် ကုသိုလ်ဆိုတာလဲ ငါဘာမျှမ လုပ်ဘူးသေးပါလား။ ယခုလို ဘုရားရှင်နှင့်တွေ့ကြုံတဲ့အခိုက် ငါ့မှာလဲ မုန့်သုံးခု

ပါလာတယ်။ ဒီမုယောမုန့်သုံးခုကို သံသရာရိက္ခာအတွက် မြတ်စွာဘုရားကို ငါလှူမယ်၊ ဒီလို အခွင့်အရေးရဘို့ဆိုတာမလွယ်ဘူး၊ အခွင့်အရေးရခိုက်လှူမှတော်မယ်လို့ အကြံဖြစ်ခဲ့သတဲ့....။

အဲဒီအကြံအတိုင်း ဘုရားရှင်နီးလာတော့ ရပ်တော်မူပါဦးဘုရားလို့ လျှောက်ထားပြီး မုယောမုန့်သုံးခုတို့ကို သောင်းလှူလိုက်တယ်။ လောင်းလှူပြီးတော့ ငါ့အလှူမြောက်ပြီလို့ အင်မတန်ဝမ်းသာသွားတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ခြေတော်ရင်း၌ တုပ်ဝပ်စင်းပြီး ရှိခိုးပူဇော်ပါသတဲ့။

ဘုရားရှင်ဟာ မလ္လိကာရဲ့မုန့်ကို အလှူခံယူတော်မူပြီး ထိုင်လိုတဲ့အခြင်းအရာကိုပြတယ်။ ဒီအခါညီတော်အာနန္ဒာက သင်္ကန်းဘောင်ကို ခင်းပေးတယ်၊ ဘုရားရှင်ဟာ ထိုအခင်းမှာ ထိုင်တော်မူပြီး မုန့်ကိုဘုဉ်းပေးတော်မူတယ်။ ဘုဉ်းပေးပြီးတော့ ပြုံးတော်မူပါတယ်။ ညီတော်အာနန္ဒာက ပြုံးခြင်းရဲ့အကြောင်းကို လျှောက်ထားတော့ ဘုရားရှင်က အာနန္ဒာ–ဒီသတို့သမီးဟာ ဤမုယောမုန့်သုံးခုကို လှူဒါန်းရတဲ့အကျိုးကြောင့် ဒီယနေ့ပဲ မိဖုရားကြီးဖြစ်လိမ့်မယ်လို့ ဗျာဒိတ်စကားမိန့်ကြားတော်မူပါသတဲ့။ မလ္လိကာလဲ မုန့်လှူပြီး ပန်းခူးဖို့ ပန်းဥယျာဉ်ကိုသွားတယ်။ သူ့စိတ်ထဲမှာတော့ အလှူကိုတွေးပြီး အင်မတန်နှစ်သက်ကျေနပ်နေတယ်။စိတ်ချမ်းသာနေတယ်။ ဒါကြောင့်ဥယျာဉ်ထဲရောက်တဲ့အခါ ပန်းခူးရင်း သီချင်းဆိုလိုက်သတဲ့။ သူဆိုတဲ့သီချင်းက–

ယံ မေ ဒါနံ တံ သဖလံ၊ စိတ္တေ ဝတ မမာယိကံ။<br>
ကုသလံ အတ္ထိ မေ ကတံ၊ အာဒါယ ဟိ ဂမနီယံ– တဲ့။

မေ–ငါ၏။ ယံ ဒါနံ–အကြင်အလှူသည်။အတ္ထိ–ရှိ၏။တံဒါနံ– ထိုအလှူသည်။ သဖလံ–အကျိုးရှိသည်၊ ဟောတိ–ဖြစ်၏။ ဝတ– စင်စစ်အားဖြင့်။ စိတ္တေ-စိတ်၌။ မမာယိကံ- မြတ်နိုးအပ်၏။ မေ မယာ–ငါသည်။ အာဒါယ– သံသရာသို့ယူဆောင်၍။ဂမနီယံ–သွားအပ်သော။ ကတံ–ပြုအပ်သော။ ကုသလံ–ကုသိုလ်တရားသည်။ အတ္ထိဝေ–ရှိသည်သာလျှင်တည်း–တဲ့။

အဓိပ္ပာယ်ကတော့ ငါလှူခဲ့တဲ့ အလှူဟာ အကျိုးရှိတဲ့ အလှူပါပဲတဲ့။ ငါ့စိတ်ထဲမှာလဲ အင်မတန် နှစ်သက်မြတ်နိုးတယ်။ သံသရာခရီးကို ဆောင်ယူသွားဖို့ ကုသိုလ်ထုပ်ဟာ ငါ့မှာ ရှိနေပြီလို့ ဆိုလိုပါတယ်။ လူဘို့တာချီးဟာ

စိတ်ထဲမှာ ပြည့်ကျပ်လာရင် ပါးစပ်က အန်ထွက်တတ်တဲ့ သဘောမျိုး ရှိတတ်တယ်။ ကျေနပ်မှုတွေ နှစ်သက်မှုတွေ ဝမ်းမြောက်မှုတွေ ပြည့်ကျပ်လာရင် ပါးစပ်က သီချင်းဆိုရင် ဆိုလာတတ်တယ်။ စိတ်ထဲမှာ မကျေနပ်တာတွေ၊ မနှစ်သက်တာတွေ၊ မခံချင်တာတွေ ပြည့်ကျပ်လာခဲ့ရင်လဲ ပါးစပ်က မြည်တွန်သံ၊ တောက်တီးသံ၊ ဆဲဆိုသံတွေ ထွက်ပေါ်လာတတ်ကြတယ်။

မလ္လိကာဟာလဲ မလှူစဖူး ထွတ်ထွတ်မြတ်မြတ် လှူခဲ့ရတဲ့ သူ့ရဲ့ မုန့်အလှူကလေးကို တွေးတွေးပြီး နှစ်သက်နေတယ်၊ ကျေနပ်နေတယ်။ ဒါကြောင့် စိတ်ထဲမှာ ပေါ့ပါးပြီး ပါးစပ်က သီချင်း ဟစ်ဆိုမိရှာတော့တာပေါ့။

ဒီအချိန်မှာ ပသေနဒီ ကောသလမင်းကြီးလဲ တူတော် အဇာတသတ်နှင့် စစ်ထိုးရာက စစ်ရှုံးတဲ့အတွက် မြင်းစီးပြီး ဆုတ်ခွာရာမှာ အခြံအရံတွေနှင့် ကွဲပြီး မလ္လိကာတို့ရဲ့ ပန်းဥယျာဉ်နား ရောက်လာတယ်။ စောစောတုန်းက မင်းကြီးဟာ သာဝတ္ထိမြို့တော်အတွင်း တောက်လျှောက် ဝင်မလို့ပါပဲ။ ဒါပေမယ့် ဥယျာဉ်နားရောက်တော့ ဥယျာဉ်ထဲက သီချင်းသံကို ကြားလိုက်လို့ မြင်းကို ရပ်ပြီး နားထောင်မိတယ်။ မလ္လိကာရဲ့ သီချင်းသံကို အင်မတန်နှစ်သက်သွားတယ်။ ဒီသီချင်း ဆိုတဲ့သူဟာ အသံမခေဘူး၊ အသံမခေတာထောက်ရင် ရုပ်လဲ အတော်ချောဟန်ရှိတယ်၊ ဥယျာဉ်ထဲ ဝင်ကြည့်ဦးမှပါလေလို့ အဲဒီလို , အသံရဲ့ ဆွဲငင်ခေါ်တတ်ကြောင့် မင်းကြီးဟာ မြင်းဇက်ကို ဆွဲလှည့်ပြီး ဥယျာဉ်တော်ထဲ ဝင်ခဲ့တယ်။ မြင်းစီးပြီး မင်းကြီး ဥယျာဉ်တော်ထဲ ဝင်လာတာ မြင်တော့ ပန်းကောက်နေကြတဲ့ အပျိုမလေးတွေဟာ ရှက်ကြောက်ပြီး တိမ်းရှောင် ထွက်ပြေးကြသတဲ့။ ဒါပေမယ့် မလ္လိကာကတော့ မပြေးဘူး၊ ဘယ်ပြေးမလဲ၊ စောစောတုန်းက သူ့ကို ဒီကနေ့ မိဖုရားကြီး ဖြစ်လိမ့်မယ်လို့ ဘုရားရှင်ရဲ့ ဗျာဒိတ်ကို သူက ယုံကြည်နေတယ်။ မြင်းစီးပြီး ဝင်လာတဲ့ ပုဂ္ဂိုလ်ဟာလဲ လူသာမန် မဟုတ်ဘူး၊ ဟိတ်ဟန်ကို ကြည့်သောအားဖြင့် ဧကန် မင်းဖြစ်ရမယ်လို့ သူက ပညာနှင့် ဆပြီး တွက်ထားသကိုး။ ဒါကြောင့် တခြားအပျိုကလေးတွေလို တိမ်းရှောင်မသွားဘဲ မင်းကြီးစီးလာတဲ့ မြင်းရဲ့ နှာခေါင်းကြိုးကို ဆီးကိုင်ပေးသတဲ့။

မင်းကြီးကလဲ မလ္လိကာကို မြင်မြင်ချင်း အတော် သဘောကျနေပြီ၊ ဒါကြောင့် မြင်းပေါ်က မဆင်းသေးဘဲ ချစ်နှမ...သင်ဟာ အပျိုလား အအိုလားလို့ မေးတော်မူတယ်။ မလ္လိကာက ကျွမဟာ အပျိုပါလို့ ပြန်ဖြေတော့

မင်းကြီးက သင်ဟာ ငါ့ကိုသိသလားလို့ မေးတော်မူပြန်တယ်။ မလ္လိကာက အသေအချာတော့ မသိပါဘူး၊ ဒါပေမယ့် အရှင့်ရဲ့ ရုပ်အင်္ဂါကို ထောက်ဆပြီး ကျွန်မတို့ရဲ့ အရှင်သခင် ဘုရင်မင်းတရားလို့ မှတ်ယူမိပါတယ်လို့ ပြန်ပြောသတဲ့။ ဒီတော့ မင်းကြီးက အို....ချစ်နှမ၊ သင်ဟာ ဆင်ခြင်တွေးတောတတ်တဲ့ ပညာရှိသူ ဖြစ်တယ်။ သင်ထင်တဲ့အတိုင်း ငါဟာ ကောသလမင်း ဖြစ်တယ်။ ယခု ခရီးအဝေးက လာရတဲ့အတွက် ငါဟာ အင်မတန် ပင်ပန်းလာဘယ်။ သင့်ရင်ခွင်မှာ တရေးတမော အိပ်ခွင့်ပေးခဲ့လျှင် ငါဟာ သင့်ကို နန်းတွင်းကိုခေါ်ဆောင်ပြီး မိဖုရားကြီးအရာ ခန့်မယ်လို့ မိန့်တော်မူတယ်။

မလ္လိကာကလဲ သဘောတူတဲ့အတွက် မင်းကြီးဟာ မြင်းထက်ကဆင်းပြီး မလ္လိကာရဲ့ရင်ခွင်မှာ တရေး အိပ်စက်ပါသတဲ့။ အိပ်ရာက နိုးတဲ့အခါ သူ့ရဲ့ကတိအတိုင်း မလ္လိကာကို နန်းတော်အတွင်း ဆောင်ယူပြီး မိဖုရားအဖြစ် ဘိသိက်သွန်းတော်မူပါသတဲ့။

မလ္လိကာဒေဝီဟာ ဘုရားရှင်အား မုယောမုန့် သုံးခု လှူဒါန်းတဲ့အတွက် တစ်နေ့ချင်း မိဖုရားဖြစ်တဲ့အကြောင်းဟာ အလွန် ထင်ရှားလာတယ်။ မြို့ထဲပြည်ထဲမှာလဲ ဒီအကြောင်းကို လူတွေဟာ ပြောကြတယ်။ ကျောင်းတွေမှာလဲ ရဟန်းတွေဟာ ဒီအကြောင်းကို ပြောကြတယ်။

တစ်နေ့ ရဟန်းတော်များ ဒီအကြောင်းပြောနေတုန်း ဘုရားရှင် ကြွလာတော်မူပြီး ရဟန်းတို့ ယခုအခါ အဘယ်စကားများ ပြောဆိုနေကြသလဲလို့ မေးတော်မူတယ်။ မုန့်သုံးခုလှူတဲ့ စေတနာကြောင့် မလ္လိကာ တစ်နေ့ချင်း မိဖုရားဖြစ်ကြောင်းပြောနေကြပါတယ်လို့ လျှောက်ထားကြတော့ ဘုရားရှင်က—

'ရဟန်းတို့...မလ္လိကာဟာ တစ်ဆူသော သဗ္ဗညုဘုရားအား မုန့်သုံးခု လှူတဲ့အတွက် မိဖုရားဖြစ်ရခြင်းဟာ အံ့ဘွယ် မဟုတ်သေးဘူး၊ ရှေးပညာရှိတို့ဟာ ရှင်ပစ္စေကဗုဒ္ဓါအား တင်လဲမပါ အစေးမကပ်တဲ့ မုယောမုန့်ကို လှူတဲ့အတွက် နှစ်ခုမြောက်တဲ့ဘဝမှာ ယူဇနာ–၃၀၀ ရှိတဲ့ ကာသိတိုင်းမှာ ဘုရင်ဖြစ်ရခြင်းက ပိုပြီး အံ့ဖွယ်ကောင်းသေးတယ်' လို့မိန့်တော်မူတယ်။ ဒီအခါ ရဟန်းများ က—

အရှင်ဘုရား....ယခုဘဝ မလ္လိကာ မိဖုရားကြီး ဖြစ်တာကိုတော့ တပည့်တော်များ သိကြရပါပြီ။ ရှင်ပစ္စေက ဗုဒ္ဓါအား မုယောမုန့်လှူတဲ့အတွက်

ကာလိကဒိုင်ဖြစ်တဲ့ အကြောင်းကိုတော့ ရှင်တော်ဘုရား ဟောကြားမှ သိကြရမှာ ဖြစ်ပါကြောင်း လျှောက်ထားကြတဲ့အတွက် ဘုရားရှင်က–

ရဟန်းတို့....ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးစံစဉ်ကာလက ဘုရားလောင်းဟာ သူဆင်းရဲမျိုးမှာဖြစ်လို့ တစ်ဦးတည်းသော သူဌေးအိမ်မှာ အခစား သူရင်းငှား လုပ်ရရှာတယ်။ တစ်နေ့တော့ အမှုလုပ်ဖို့ရာ ယာတောကိုအသွား အလုပ်လုပ်ရင်း ဆာရင်စားရအောင်ရယ်လို့ အိမ်ဈေးကမုယောမုန့်ဆုပ် ၄–ဆုပ်ကိုဆောင်ယူသွားသတဲ့။ မြို့အပြင်ရောက်တော့ ရှင်ပစ္စေကဗုဒ္ဓါလေးပါး သပိတ်ပိုက်ပြီး ဗာရာဏသီပြည်ဆီ ရှေးရှုဆွမ်းခံကြွလာတာကို တွေ့တယ်၊ ရှင်ပစ္စေကဗုဒ္ဓါများ ဆွမ်းခံကြွလာတာမြင်တော့ ဘုရားလောင်းမှာ အကြံဖြစ်ပေါ်လာခဲ့တယ်။

ဟိုကကြွလာတာတွေက ရှင်ပစ္စေကဗုဒ္ဓါတွေပဲ၊ သပိတ်ပိုက်ပြီး ဆွမ်းခံကြွတော်မူလာကြတယ်၊ ငါ့မှာလဲ မုယောမုန့်ဆုပ် ၄–ဆုပ်အရန်သင့်ပါလာခဲ့တယ်၊ ဒီမုယောမုန့် ၄–ဆုပ်ကို ငါစားလိုက်ရင် နည်းနည်းတော့ အဆာခံလိမ့်မယ်၊ အကယ်၍ ဒီမုယောမုန့်တွေကို လောင်းလှူလိုက်ရင် ငါတော့ဆာမှာပဲ။ ဒါပေမယ့် ဒီဓေတနာမှန်ဟာ ငါ့ကို ဘဝများစွာ အထောက်အပံ့ပေးလိမ့်မယ်၊ ဒါကြောင့် တစ်ခဏဆာတာလောက်မျက်ကိုသည်းခံပြီး ဒီမုန့် ၄–ဆုပ်ကို ငါလှူမယ်လို့ ရှင်ပစ္စေကဗုဒ္ဓါများထံ ရှိသေစွာချဉ်းကပ်ပြီး အရှင်ဘုရားတို့ တပည့်တော်မုန့်လှူပါရစေ၊ ခေတ္တသည်းခံတော်မူကြပါဘုရားလို့ လျှောက်ထားတယ်။ လျှောက်ထားပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါများ ခေတ္တ သီတင်းသုံးဖို့ သဲကိုစုပြီး နေရာ၄–ခုခင်းတယ်၊ သဲပေါ်မှာသစ်ရွက်ကိုခင်းတယ်၊ ရှင်ပစ္စေကဗုဒ္ဓါများလဲ ဘုရားလောင်းကို သနားငဲ့ညှာတော်မူတဲ့အတွက် သူခင်းပေးတဲ့ နေရာမှာ အသီးသီး ထိုင်နေတော်မူကြတယ်။ ဘုရားလောင်းလဲ ခါးပိုက်ထဲထည့်လာတဲ့ မုန့်ဆုပ်လေးခုကိုယူပြီး ရှင်ပစ္စေကဗုဒ္ဓါတို့ရဲ့ သပိတ်အတွင်း လောင်းလှူလိုက်တယ်။ လောင်းလှူပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါများကို ရိုသေစွာ ရှိခိုးပြီး အရှင်ဘုရားတို့ ဤမုယောမုန့်လှူရတဲ့ အကျိုးဆက်ကြောင့် တပည့်တော်ဟာ ဘဝတိုင်း သူဆင်းရဲအိမ်မှာမဖြစ်ရဘဲ သဗ္ဗညုတဉာဏ်ရဲ့ အထောက်အပံ့ ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါသတဲ့။

ရှင်ပစ္စေကဗုဒ္ဓါများလဲ တောင်းတဲ့ဆုအတိုင်း ပြည့်စုံစေလို့ ဆုပေးခဲ့ကြပြီး နန္ဒမူလိုဏ်ကို ကောင်းကင်ခရီးက ကြွတော်မူကြသတဲ့။ ရှင်ပစ္စေက

ဗုဒ္ဓါများ ကောင်းကင်ပျံတက် ကြွတာမြင်တော့ ဘုရားလောင်းလဲ အလွန်နှစ်သက်စွာ လက်အုပ်ချီမိုးပြီး ရှင်ပစ္စေကဗုဒ္ဓါများ ကွယ်ပျောက်သွားသည့်အထိ ကြည့်နေပြီးမှ အမှုလုပ်ရာ ဌာနကို သွားပါသတဲ့။

ဘုရားအလောင်းတော်ဟာ ဒီကောင်းမှုကြောင့် စုတိပြုတ်ကြွေ သေလွန်တဲ့အခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးရဲ့ မိဖုရား ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ တည်နေတော်မူဘယ်။ ဖွားမြင်တဲ့အခါ မျိုးရိုးအတိုင်း ဗြဟ္မဒတ် မင်းသားလို့ ခေါ်ဝေါ်ကြတယ်။

ဗြဟ္မဒတ်မင်းသားဟာ အရွယ်ရောက်လာတော့ နောက်ဘဝကို မြင်နိုင်တဲ့ ဇာတိဿရဉာဏ် ဖြစ်ပေါ်လာခဲ့တယ်။ ဒါကြောင့် ငါဟာ နောက်ဘဝက သူရင်းငှား လူဆင်းရဲမျှသာဖြစ်တယ်။ မုယောမုန့်ဆုပ်အလှူရဲ့ အထောက်အပံ့ ကြောင့် ငါ-ဘုရင့်သားတော်ဖြစ်လာတာပါလား၊ ငါဟာ ပေါ့လျော့နေလို့ မတော်ဘူး၊ တတ်နိုင်သလောက် ကုသိုလ်ကိုပြုလုပ်မှ တော်မှာပဲလို့ တတ်နိုင် သလောက် ကုသိုလ်ကို ပြုလုပ်ခဲ့တယ်၊ ဒီလိုနှင့် ခမည်းတော် မဟာဗြဟ္မဒတ်မင်း ကွယ်လွန်တဲ့အခါ မင်းဖြစ်ခဲ့တယ်။ မင်းဖြစ်တော့လဲ ဗြဟ္မဒတ်မင်းတဲ့- မိဖုရား ကြီးကတော့ ကောသလမင်းရဲ့ သမီးတော်ရတနာတစ်ပါးဖြစ်ပါသတဲ့။

မင်းနှင့် မိဖုရား ဘိသိက်မင်္ဂလာပြုတဲ့နေ့မှာ မြို့တော်အားလုံးကို နတ်မြို့ လို တန်ဆာဆင်စေတယ်၊ များလှစွာသော ရှေ့ဝင်း နောက်ဝင်း အခမ်းအနား နှင့် မြို့ကိုလက်ယာရစ် လှည့်လည်ကြည့်ရှုတော်မူပြီး နန်းပြာသာဒ်ထက်ကို တက် တော်မူဘယ်။ ပြာသာဒ်ထက်ပလ္လင်တော်ပေါ်ရောက်တော့ မင်းကြီးဟာ ပတ် ဝန်းကျင်ကို လှည့်ကြည့်လိုက်တယ်၊ တစ်နန်းတော်လုံးဟာ ဝင်းဝင်းတောက် နေတာပေါ့၊ မင်း၊ ပုဏ္ဏား၊ အမတ်၊ သူကြွယ် တွေဟာလဲ သူ့နေရာနှင့်သူ အကန့်အကန့် ခစားနေကြတယ်၊ ဘစ်ဘက်ကိုကြည့်လိုက်ပြန်ဘော့လဲ နတ်သမီးနဲ့ တူတဲ့ တစ်သောင်းခြောက်ထောင်ကျော် ကချေသည် မင်းမောင်းမများ ခစား နေတာကို မြင်ရတယ်၊ မင်းကြီးဟာ ဒီလိုကြီးမားတဲ့ အသရေတော်တွေကို ကြည့်ရင်း ကြည့်ရင်း နောက်ဘဝဟာ ပန်းချီကားချပ်လို ပေါ်လာတယ်။

ဪ....ဒီစည်းစိမ်ဂုဏ်သိရ်ကို ငါ့အား အမေက ပေးတာလဲမဟုတ် အဖေက ပေးတာလဲ မဟုတ်၊ ဘယ်နတ် ဘယ်သိကြားက ပေးတာလဲမဟုတ်

လေးဆူကုန်သော ရှင်ပစ္စေကဗုဒ္ဓါတို့အား ရှိသေစွာလျှဒါန်းပူဇော်ခဲ့တဲ့ မုယော န့်ဆုပ် လေးဆုပ်က ပေးလှူရခဲ့တဲ့ စည်းစိမ်ဂုဏ်သိရ်ေတွပါကလား၊ ဩော်.... ခနည်းငယ်ပြုခဲ့တဲ့ ကုသိုလ်တရားဟာ ကြီးမားတဲ့ စည်းစိမ်ဂုဏ်သိရ်ကို ပြု နိုတ်းနိုင်ခြင်းဟာ လွန်စွာအံ့ဩဖွယ်ကောင်းလှချေကလားလို့ နှစ်သက် ဝမ်း မြောက်စိတ် ဖြစ်ပေါ်လာတဲ့အတွက် လူထုပရိသတ်အလယ်မှာ အောင့်မထား င်ဘေတော့ဘဲ ဟောဒီ ဥဒါန်းသီချင်းကို သီဆိုလိုက်ပါသတဲ့။

> န ကိရတ္ထိ အနော္မဒဿိသု၊ ပါရိစရိယာ ဗုဒ္ဓေသု အပ္ပကာ။
> သုက္ခာယ အလောဏိကာယ၊ ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ။
> ဟတ္ထိဂ ဝဿာစ မေ ဗဟူ၊ ဓနဉ္စ ပထဝီ စ ကေဝလာ။
> နာရိယော စိမာ အစ္ဆရူပမာ၊ ပဿ ဖလံ ကုမ္မာသပိဏ္ဍိယာ။

ယခု ရွတ်ဆိုခဲ့တာက ဖြုဟ္ဒတ်မင်းကြီး စိတ်တွင်းမှာ နှစ်သက်ခြင်း ခားကြီးလို့ ပါးစပ်ကရွတ်ဆိုလိုက်တဲ့ ဥဒါန်း ဂါထာများ ဖြစ်တယ်။

ဥဒါန်းဂါထာဆိုတာ မြန်မာလိုကော့ ဝမ်းမြောက်ဝမ်းသာ သီဆိုတဲ့ သီချင်းလို့ ဆိုလိုပါတယ်။

မင်းကြီးဟာ ဗိုလ်ထုပရိသတ်အာလယ်မှာ ဒီလို ဥဒါန်းသီချင်း ရွတ်ဆို ့တော့ ကြားနာသမျှပရိသတ်က ဒီသီချင်းဟာ ဘိသိက်မင်္ဂလာနေ့မှာ ငါတို့ ခင်းကြီး ရွတ်ဆိုတဲ့သီချင်း ဖြစ်တယ်။ မင်္ဂလာပြုတဲ့အခါ သီဆိုတာမို့ မင်္ဂလာ သီချင်းဖြစ်တယ်ရယ်လို့ ကြားနာရသူတိုင်းက သီဆိုကြတယ်။ မရသေးတဲ့လူကလဲ ရတဲ့သူဆီမှာသင်ကြားပြီး အမြတ်တနိုး သီဆိုကြတယ်၊ ပွဲလမ်းသဘင်အခါမျိုး မှာလဲ ငါတို့မင်းကြီးသီဆိုတဲ့ မင်္ဂလာသီချင်းရယ်လို့ ဒီသီချင်းကိုဆိုပြီးမှ ဇာတ်ပွဲ ကိုစကြတယ်။ အစည်းအဝေးတွေမှာဆိုရင်လဲ ဒီသီချင်းကို ဆိုပြီးမှ အစည်း အဝေးကိုဖွင့်တယ်။ ဒီလိုနှင့် ဥဒါန်းဂါထာသီချင်းဟာ ဗာရာဏသီတစ်ပြည်လုံး ျံ့နှံ့သွားတယ်။ ဒါပေမယ် ဒီသီချင်းဟာ ဘယ်လို အဓိပ္ပာယ်ရှိတယ်၊ ဘာကို ရည်ရွယ်တယ်ဆိုတာကိုတော့ ဘယ်သူမျှ သေသေချာချာ မသိကြဘူးတဲ့။

လောကမှာ လူဆိုတာ အင်မတန်ခက်တဲ့ သတ္တဝါဖြစ်တယ်။ ကိုယ်မသိတာ ဆို သိပ်ပြီးအထင်ကြီးတတ်တယ်။ ကိုယ်နှင့်မကျွမ်းတဲ့ ပုဂ္ဂိုလ်ဆိုရင်လဲ အထင်ကြီးတတ်တယ်။ ကိုယ်သိပြီးတဲ့ပညာကျတော့ အထင်မကြီးဘူး။ ကိုယ်နှင့်အကျွမ်းတဝင်ဖြစ်လာတဲ့ ပုဂ္ဂိုလ်ကျတော့လဲ သိပ်အထင်မကြီးတတ်ဘူး။ ဒါကြောင့် တချို့က ကိုယ့်ပညာ လူအထင်ကြီးအောင် ဖွင့်မပြောကြဘူး။ တချို့ကလဲ ကိုယ့်ကို လူအထင်ကြီးအောင် သူတပါးနှင့် ကျွမ်းကျွမ်းတဝင်မနေဘူး။

ယနေ့ ဗြဟ္မဒတ်မင်း သီဆိုတဲ့ သီချင်းကိုလဲ လူတွေဟာ ဘယ်လိုမျှ အဓိပ္ပာယ်မပေါက်ဘူး၊ အဓိပ္ပာယ်မပေါက်လေ အထင်ကြီးလေနှင့် လိုက်ဆိုလိုက်ကြတာ တစ်မြို့လုံးပျံ့နှံ့သွားပြီ။

တစ်ရက်ကျတော့ မိဖုရားကြီးက စဉ်းစားသတဲ့၊ မင်းကြီးရွတ်ဆိုတဲ့ သီချင်းဟာ ဘယ်လိုအဓိပ္ပာယ်ရှိပါလိမ့်မလဲ၊ ငါ သီချင်စမ်းပါစေလို့ စဉ်းစားမိ သတဲ့၊ စဉ်းစားမိသော်လဲ မင်းကြီးကို မလျှောက်ထားဝံ့တဲ့အတွက် ဒီလိုပဲ မနေကျ မချမ်း နေရရှာတယ်။

တစ်ရက်တော့ မင်းကြီးဟာ နေထိုင်မကောင်းဖြစ်တယ်၊ ဒီအခါ မိဖုရားကြီးဟာ အနားကမခွာတဲ့ ဇနီးမယားဟာ ချစ်သောသားကို ပွေ့ပိုက်ပြုစုသလို မင်းကြီးကိုလဲ ကိုယ်တိုင်ပွေ့ပိုက်ပြုစုပါသတဲ့၊ ဒီလိုနှင့် မင်းကြီးကျန်းမာတော် မူလာတော့ မင်းကြီးဟာ မိဖုရားကြီးကို အင်မတန်သဘောကျပြီး မိဖုရားကြီး သင်ရချင်တဲ့ဆုကိုတောင်း သင်ဘာလိုရှိဘာပေးမယ်လို့ မိန့်တော်မူသတဲ့၊ မိဖုရားကြီးက အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ကို အမှီပြုပြီး ဘုရားကျွန်မအား ဘာမှ လိုတာရယ်လို့မရှိပါဘူး၊ ဒါကြောင့် ပစ္စည်းဥစ္စာကိုတော့ မတောင်းပါရစေနှင့်။ သို့သော်လဲ အရှင်အခွင့်ပေးလျှင် စကားတစ်ခုတော့ လျှောက်ထားချင်ပါ တယ်လို့ လျှောက်ထားတယ်။

မင်းကြီးက ဘာလျှောက်ချင်တာလဲ သင်လျှောက်ချင်တာလျှောက်၊ ငါ အခွင့်ပေးတယ်လို့ မိန့်တော်မူတော့ မိဖုရားကြီးက ဘုရားကျွန်မ သိလိုတာ က တခြားမဟုတ်ပါဘူး၊ ဘိသိက်ခံယူတဲ့နေ့က အရှင်မင်းကြီး ကျူးရင့်တော် မူတဲ့ သီချင်းရဲ့ အဓိပ္ပာယ်ကို သိလိုခြင်းမျှ ဖြစ်ပါတယ်လို့ လျှောက်ထားတဲ့၊ ဒီတော့ မင်းကြီးက ခြွေ...အဲဒါသာ အဲဒါက ဘာမျှဖုံးကွယ်ထားစရာ မလို

ပါဘူး၊ အမှန်မှာ ဒီဂါထာသီချင်းရဲ့ အဓိပ္ပာယ်ကို သင်တစ်ဦးတည်းမျှသာမက လူအားလုံးပင် သိသင့်သိထိုက်ပါတယ်။ ဒါကြောင့် လူထုအစည်းအဝေးခေါ်ပြီး လူထုအစည်းအဝေးရဲ့ အလယ်မှာ ဂါထာသီချင်းရဲ့ အဓိပ္ပာယ်ကို မောင်ကြီး ပြောပြမယ်လို့ မင်းအမိန့်နှင့် ၁၂–ယူဇနာရှိတဲ့ ဗာရာဏသီမြို့ရှိ လူအားလုံး မင်းအိမ်ကွက်လပ်မှာ စည်းဝေးကြရမယ်လို့ စည်းဝေးစေတယ်။ လူထု အစည်း အဝေးရဲ့ အလယ်မှာ ရတနာပလ္လင်တည်ထားတယ်။ ရတနာပလ္လင် ပတ်ဝန်းကျင်မှာ တစ်သောင်းခြောက်ထောင်သော မင်းမောင်းမများ ဝန်းရံကြရတယ်။ မင်းမောင်းမတို့ရဲ့ ပတ်ဝန်းကျင်မှာ မြောက်မြားလှစွာသော စစ်သည် သူရဲ ပရိသတ်၊ မှူးမတ်ပရိသတ်၊ တိုင်းသူပြည်သား ပရိသတ်များ စည်းကမ်းတစ်ကျ ဝန်းရံနေစေပြီး ရတနာပလ္လင်ထက်မှာ မင်းကြီးစံတော်မူတယ်။ မင်းကြီးရဲ့ အပါးမှာ မိဖုရားကြီးဟာ သိကြားမင်းရဲ့ မိဖုရားသုဇာဒေဝီကဲ့သို့ တင့်တယ်စွာ စံပယ်နေထိုင်ပြီး အချိန်ကျရောက်တဲ့အခါ နေရာက ရှိသေစွာထ မင်းကြီးထံ လက်အုပ်ချီမိုး ရှိခိုးဦးညွတ်ပြီး....

"တိုင်းနိုင်ငံ ကြီးပွားတိုးတက်ခြင်းကို အလိုရှိတော်မူပါသော အို.... မင်းမြတ်၊ အရှင်မင်းမြတ်ဟာ ဘိသိက်ခံယူတဲ့နေ့ကစပြီး 'န ကိရတ္ထိ အနော မဒဿီသု' အစရှိတဲ့ သီချင်းဂါထာတော်ကို မပြတ်မလပ် ရွတ်ဆိုတော်မူကာတ် ပါတယ်၊ တိုင်းသူပြည်သားများကလဲ ငါတို့ မင်းကြီးနှစ်သက်တော်မူတဲ့ မင်္ဂလာ သီချင်းရယ်လို့ ဒီဂါထာသီချင်းကို လူတိုင်းရွတ်ဆိုကြပါတယ်။ ဒါပေမယ့် ဒီဂါထာသီချင်းရဲ့ အနက်အဓိပ္ပာယ်ကို တကယ်သိတဲ့ လူကတော့ အရှင်မင်းကြီး မှတစ်ပါး မည်သူမျှမရှိကြပါဘူး။ ဒါကြောင့် နှစ်သက်ဝမ်းမြောက်စွာ အရှင် မင်းကြီးသီကျူးတော်မူခဲ့တဲ့ ဂါထာသီချင်းရဲ့ အဓိပ္ပာယ်ကို ဘုရားကျွန်မ မေး လျှောက်ပါတယ်၊ ထို သီချင်းဂါထာရဲ့ အနက်အဓိပ္ပာယ်ကို ဟုတ်တိုင်းမှန်စွာ မြွက်ကြားတော်မူပါ အရှင်မင်းမြတ်လို့' မေးလျှောက်ပါသတဲ့။

ဒီလိုမေးလျှောက်တော့ မင်းကြီးဟာ တည်ငြိမ်တဲ့ ဣန္ဒြေနှင့် မိဖုရားကို ကြည့်တော်မူပြီး ''မိဖုရားကြီးနှင့်တကွ လာလာသမျှ ပရိသတ်အပေါင်းတို့ ဘိသိက်ခံယူမှာ ငါရွတ်ဆိုတဲ့ ဂါထာသီချင်းရဲ့အနက်နှင့် အဓိပ္ပာယ်ကို ငါယခု ပြောပြမယ်။ သေသေချာချာနားထောင်ကြပါလို့'' မိန့်တော်မူပြီး ရှေးဦးစွာ ဂါထာရဲ့အနက်ကို ဒီလိုဖော်ပြတော်မူလိုက်တယ်။

အနော မဒသီးသု-မြတ်သောပစ္စေက ဗောဓိဉာဏ်အမြင် ရှိကုန်သော။ ဗုဒ္ဓေသု-ရှင်ပစ္စေကဗုဒ္ဓါတို့၌။ ပါရိစရိယာ- ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်းစသော အရိုအသေပြုခြင်းသည်။ ဒသပ္ပကာ+နည်းသေးအကျိုး ရှိသည်။ နတ္ထိ ကိ-ချ မရှိဘူးတဲ့။ သုက္ခာယ-အစေးမရှိသော။ အဇလာဏိကာယ-ထန် လျက်တင်လဲမပါသော (ဝါ) ဆားမပါသော။ ကုမ္မာသပိဏ္ဍိယာ-မုယောမုန့်၏။ ဖလံ- အကျိုးကို။ ပဿ-ရှုပါလော့။

ကုမ္မာသပိဏ္ဍိယာ- မုယောမုန့်၏။ ဗဟူ- များစွာကုန်သော။ ဣမေ ဟတ္ထိဂဝဿာ စ-ဤ ဆင် နွား, မြင်းတို့လည်းကောင်း။ ဓနဓညဥ္စ- ပတ္တမြား အစရှိသော ဥစ္စာ ခုနှစ်ဖြာသော စပါးမျိုးလည်းကောင်း။ ကေဝလာ-အလုံးစုံ ကုန်သော။ ပထဝီ စ-မြေကြီးလည်းကောင်း။ အစ္ဆရူပမာ နတ်သမီးနှင့်တူ ကုန်သော။ ဣမာ နာရိယော စ- ဤမိန်းမတို့ လည်းကောင်း။ ဣတိ-ဤသို့။ ဣမံ ဖလံ- ဤအကျိုးကို၊ ပဿ- ရှုပါလော့။

ဗြဟ္မဒတ်မင်းကြီးဟာ သူ သီကျူးခဲ့တဲ့ ဂါထာသီချင်းရဲ့အနက်ကို ဒီလို ဖော်ပြပြီးတော့ သီချင်းရဲ့အဓိပ္ပာယ်ကို ထပ်မံဖွင့်ပြလိုတဲ့အတွက် –

အို....မိဖုရားကြီး ငါဟာ ဤဗာရာဏသီမြို့မှာပင် မထင်ရှားတဲ့ ဆင်းရဲ သား အမှုလုပ် ဖြစ်ခဲ့ဖူးတယ်။ ငါဟာ အင်မတန်ဆင်းရဲတဲ့ သူရင်းငှား ဖြစ်ခဲ့ သော်လည်း အကျင့်သီလကိုတော့ လုံခြုံအောင်စောင့်ရှောက်ခဲ့တယ်။

အို...မိဖုရားကြီး တစ်ရက်တော့ ငါဟာ အမှုကိစ္စပြုလုပ်ဖို့အတွက် မြို့က ထွက်အလာမှာ အကျင့်သီလနှင့် ပြည့်စုံတော်မူကြတဲ့ ပစ္စေကဗုဒ္ဓါ ၄-ပါးတို့ကို မြင်တယ်။

ငါဟာ ပစ္စေကဗုဒ္ဓါတို့ကိုမြင်လျှင်မြင်ခြင်း စိတ်တွင်းမှာ ကြည်ညိုသဒ္ဓါ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် ရှင်ပစ္စေကဗုဒ္ဓါများ ထိုင်းသုံးဖို့ နေရာလေး ခုကိုပြင်ပြီး ရှင်ပစ္စေကဗုဒ္ဓါများကိုပင့်တယ်၊ ပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါတို့အား ကြည်ညိုတဲ့စိတ်နှင့် မုယောမုန့်များကို လှူခဲ့တယ်။

အို....မိဖုရားကြီး ယခု ဗာရာဏသီပြည်မှာ ငါမင်းဖြစ်ရခြင်းဟာ အဲဒီ တုန်းက လှူဒါန်းခဲ့တဲ့ မုယောမုန့်ရဲ့အကျိုးမျှသာဖြစ်တယ်။ မုယောမုန့်ဟာ

ဘာမျှတန်ဖိုးမကြီးသော်လည်း မုယောမုန့် လှူဒါန်းခဲ့တဲ့ စေတနာကံကတော့ အင်မတန်ကြီးမားတယ်၊ ကြီးမားတဲ့ စေတနာကံကြောင့် ကြီးမားတဲ့၊ ပြည့်စုံတဲ့၊ မြင့်တဲ့ မြေအပြင်ကို အစိုးရတဲ့ ဟောဒီအကျိုးကြီးကို ငါရတယ်၊ ဒီအကြောင်းကိုမြင်လို့ ဒီအကြောင်းကိုသိလို့ "နတ္ထိ စိတ္တေ ပသန္နမှိ အပ္ပကာ နာမ ဒက္ခိဏာ" အစ ရှိတဲ့ ဂါထာသီချင်းကို ငါကျူးရင့်ခြင်းဖြစ်တယ်လို့ မိန့်ဆိုပါသတဲ့။

မင်းကြီးရဲ့ အဖြေစကားကိုကြားတော့ မိဖုရားကြီးဟာ အလွန်နှစ်သက် ဝမ်းမြောက် ဖြစ်သွားပါသတဲ့။ ဒါကြောင့်မင်းကြီးကို လက်အုပ်ချီမိုး ရှိခိုးပြီး....

ဒဒံ ဘုဉ္ဇ ဝါ မာ ပမာဒေါ
စက္ကံ ဝတ္တယ ကောသလာဓိပ၊
မာ ရာဇ အဓမ္မိကော အဟု၊
ဓမ္မံ ပါလယ ကောသလာဓိပ။

ကောသလာဓိပ-ကုသိုလ်ကို အလိုရှိတော်မူသော။ ရာဇ- မင်းမြတ်။ ဒဒံ၀- လှူရှိသလျှင်။ ဘုဉ္ဇ-စားတော်မူပါလော။ မာ, ပမာဒေါ- ဒါန အစရှိသည်တို့၌ မေ့လျော့တော်မမူပါနှင့်။ စက္ကံ- ပဋိရူပ, ဒေသဝါသ အစရှိသော စက် ၄-ပါးကို၊ ဝတ္တယ- ဖြစ်စေတော်မူပါလော့။ ကောသလာဓိပ- ကုသိုလ်ကို အလိုရှိတော်မူသောမင်းမြတ်။ အဓမ္မိကော- တရားမှစောင့်သည်။ မာ အဟု-မဖြစ်ပါစေနှင့်။ ဓမ္မံ- တရားကို။ ပါလယ- စောင့်ရှောက်တော်မူပါလော့။

အဲဒီလို မိဖုရားကြီးက မင်းကြီးကို လျှောက်ထားပါသတဲ့။ အဓိပ္ပာယ်ကတော့ ကုသိုလ်ကို အလိုရှိတော်မူတဲ့ အရှင်မင်းမြတ်-ဒါနရဲ့ အကျိုးကို အသင်မင်းကြီး မြင်ပြီး သိပြီး ဖြစ်တော်မူတဲ့အတိုင်း အရှင်မင်းမြတ် မေ့လျော့တော်မမူပါနှင့်၊ တစ်စုံတစ်ခုသော စားဖွယ်ကို စားမယ်ဆိုပါလျှင် လှူပြီးမှသာ စားတော်မူပါ။

၁။ "ပဋိရူပဒေသဝါသ"ကိုယ်နှင့်သင့်တော်ရာအရပ်၌နေရခြင်းစက်။

၂။ "သပ္ပုရိသုပနိဿယ" သူတော်ကောင်းတို့နှင့် ပေါင်းဖော်မှီဝဲရခြင်းစက်။

၃။ "အတ္တသမ္မာပဏိဓိ" မိမိကိုယ်ကို ကောင်းရာ၌တည်အောင် မဖြ မနေ ကြိုးစားပြုပြင်ခြင်းစက်။

၄။ "ပုဗ္ဗေစ ကတပုညတာ" ရှေးကပြုခဲ့ဖူးသော ကောင်းမှုထူ ရှိသောစက်။

ဤလေးပါးသောစက်တို့ကို ဖြစ်အောင် အားထုတ်တော်မူပါ၊ တရာ ကင်းသူမဖြစ်ဘဲ တရားစောင့်သူဖြစ်တော်မူပါလို့ တင်လျှောက်ပါသတဲ့။

မိဖုရားကြီးက ဒီလိုတင်လျှောက်တော့ မင်းကြီးက....

သောဟံ တဒေဝ ပုနပ္ပုနံ
ဝဍ္ဎုမံ အာစရိဿာမိ သောဘဏေ။

အရိယာစရိတံ သုကောသလ္လေ၊
အရဟန္တော မေ မနာပါဝ ပဿိတုံ။

လို့ ပြန်ပြောပါသတဲ့။

သောဘဏေ – တင့်တယ်သော။ သုကောသလ္လေ– ကောင်းသေ ကောသလမင်း၏ သမီးတော်။ သော အဟံ–ထိုငါသည်။ အရိယာစရိတံ- အရိယာတို့သည် လေ့ကျက်အပ်သော၊ တဒေဝ ဝဍ္ဎုမံ–ထိုဒါနတည်းဟူသေ လမ်းခရီးကိုသာလျှင်။ ပုနပ္ပုနံ–အဖန်တလဲလဲ။ အာစရိဿာမိ– သွားပေအံ့ မေ–ငါသည်။ အရဟန္တော– ရဟန်းတော်အရှင်မြတ်တို့ကို။ ပဿိတုံ– ဖူးမြ ခြင်းငှါ။ မနာပါ၀–နှစ်သက်သည်သာလျှင်တည်း–တဲ့။

အဓိပ္ပာယ်က ကောင်းသော ကောသလမင်းကြီးရဲ့ သမီးတော်ဖြစ်တ အို....မိဖုရားကြီး သင် သတိပေးတဲ့အတွက် အလွန် ကျေးဇူးတင်ပါတယ် ငါဟာလဲ အရိယာ သူတော်ကောင်းများသွားနေကျ လမ်းခရီးဖြစ်တဲ့ ထိုဒါ တည်းဟူသော လမ်းခရီးကို အဖန်တလဲလဲသွားဖို့ စိတ်စောနေတယ်။ ရဟန် တော်များကို ဖူးမြင်ရတဲ့ အတွက်လဲ စိတ်ထဲမှာ အင်မတန်နှစ်သက်ပါတယ်ဂ ဆိုလိုတယ်၊ မင်းကြီးဟာ မိဖုရားကြီးရဲ့ သတိပေးစကားကို ဖြေကြားပြီးင နောက်– ဒီလိုပြန်မေးပြန်တယ်၊ ဘယ်လိုမေးသလဲဆိုတော့....

သုဇကောသလ္လေ–ကောင်းမြတ်သော ကောသလမင်းကြီး၏ သမီးတော်။ ဟ္မွ –သင်သည်။ အစ္ဆရူပမာ– နတ်သမီးနှင့်တူ၏။ နာရိဂဏာသ– မိန်းမ ပေါင်း၏။ မဇ္ဈေ–အလယ်၌။ ဒေဝိဝိယ– သိကြားမင်း၏ မိဖုရား ရတနာ ်သို့။ သောဘတိ–တင့်တယ်၏။ ဘဒ္ဒကံ– ကောင်းမွန်သော။ ကိံ ကမ္မံ– ဘယ်သို့သော ကုသိုလ်ကံကို။ အကာသိ– ပြုခဲ့ဖူးသနည်း။ ကေန– အဘယ် ကာင်းမှုကြောင့်။ ဝဏ္ဏဝတီ– ကောင်းမြတ်သောအဆင်းရှိသည်။ အသိ–ဖြစ် နည်း.... တဲ့။

အဝိပ္ပာယ်ကတော့ အို...မိဖုရားကြီး သင့်အမေးကို ငါဖြေကြားပြီးပါ တဲ့။ ငါကလဲ သင့်ကို ပြန်မေးပါရစေဦးတဲ့....

သင်ဟာ ယခုရှိနေကြတဲ့ မိန်းမတွေထဲမှာ ဘယ်မိန်းမနှင့်မျှ မတူအောင် ်မတန်လှပတယ်၊ ဥပမာပြောရရင် နတ်သမီးတွေအလယ်မှာ သိကြားမင်းရဲ့ ဖုရားလိုပင် တင့်တယ်တယ်။ ဒီလောက်လှပတင့်တယ်တဲ့ ရုပ်မျိုးဖြစ်ခဲ့အောင် င် ဘယ်ကောင်းမှုကံမျိုးကို လုပ်ခဲ့ဖူးသလဲ–

အကယ်၍ ဟို–နောင်ဘဝကို အမှတ်ရရင် ဟောဒီ လူထု ပရိသတ်ကြီး တူယူရအောင် သင်ပြုလုပ်ခဲ့ဖူးတဲ့ ကောင်းမှုကံကို ဖော်ထုတ်ပြောပြစမ်းပါ ဲ့ မေးသတဲ့။

မိဖုရားကြီးကလည်း နောင်ဘဝကို အမှတ်ရတဲ့ ဇာတိဿရဉာဏ်ရှင် စ်လေတော့ သူ့ရဲ့ နောင်ဘဝက ကောင်းမှုကံကို ဒီလိုပြောပြသတဲ့....

အမ္ဗဋ္ဌကုလဿ ခတ္တိယ၊ ဒါသာဟံ ပရပေသိယာ အဟု၊
သညတာ စ ဓမ္မဇီဝိနီ၊ သီလဝတီ စ အပါပဒဿနာ။
ဥဒ္ဒဋ္ဌဘတ္တံ အယံ တဒါ၊ စရမာနဿ အဒါသိံ ဘိက္ခုနော၊
စိတ္တာသုမနာ သယံ အဟံ၊ တဿ ကမ္မဿ ဖလံ မမေဒိသံ။

ခတ္တိယ–သယ်မြေစိုးကြေပ် အိုမင်းမြတ် ပုဗ္ဗေ–ရှေး၌၊ အဟံ–ဘုရားကျွန်မ ည်၊ အမ္ဗဋ္ဌကုလဿ–သူကြွယ်မျိုး၏၊ ပရပေသိယာ–သူတစ်ပါးတို့၏ အစေ ပါးဖြစ်သော၊ ဒါသီ–ကျွန်မဖြစ်ခဲ့ဖူးပါတယ်၊ သညတာ စ–ကိုယ်နှုတ်နှလုံး

ကို စောင့်ရှောက်ခြင်း ရှိသည်လည်းကောင်း၊ ဓမ္မဇီဝိနီ စ-တရားနှင့်ယှဉ်သော အသက်မွေးခြင်း ရှိသည်လည်းကောင်း၊ သီလဝတီ စ-သီလနှင့် ပြည့်စုံသည် လည်းကောင်း၊ အပါပဒဿနာ စ-မြတ်သော ရှုဖွယ်ရှိသည် လည်းကောင်း၊ အဟု-ဖြစ်ပါ၏။

ခတ္တိယ-လယ်မြေစိုးကြပ် အိုမင်းမြတ်၊ တဒါ-ထိုအခါ၌၊ အဟံ-အကျွန်ုပ်သည်၊ စရမာနဿ-ဆွမ်းခံကြွတော်မူသော၊ ဘိက္ခုနော-ရဟန်းမြတ်အား၊ ဥဒ္ဒဋ္ဌဘတ္တံ-ဝေ၍ ရအပ်သော ထမင်းကို၊ အဒါသိံ-လှူဖူးပါ၏။ အဟံ-အကျွန်ုပ်သည်။ သယံ-ကိုယ်တိုင်၊ သုမနစိတ္တာ-နှစ်သက်ဝမ်းမြောက်သော စိတ်ရှိ၏၊ မမ-အကျွန်ုပ်၏၊ ဤဒိသံ-ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာသည်၊ တဿ ကမ္မဿ-ထိုကောင်းမှုကံ၏၊ ဖလံ-အကျိုးဖြစ်ပါသည် အရှင်မင်းမြတ်....

အဓိပ္ပာယ်က-အရှင်မင်းမြတ် ဘုရားကျွန်မဟာ လွန်ခဲ့တဲ့ဘဝကသူကြွယ် တစ်ဦးရဲ့ ကျွန်မ ဖြစ်ခဲ့ဖူးပါတယ်၊ တစ်ရက်မှာ ထမင်းအိုးကခူးပြီး သူ့အတွက် ငါ့အတွက် ဝေစုရတဲ့ထမင်းကိုယူပြီး ထွက်အလာမှာ ဆွမ်းခံကြွလာတဲ့ ရဟန်း တစ်ပါးကို မြင်ပါတယ်၊ ဒီအခါမှာ ဘုရားကျွန်မရဲ့စိတ်ထဲမှာ ဩော်....ငါဟာ ရှေးရှေးသောဘဝတို့က ဒါနကုသိုလ်နည်းလို့ ခုလို သူတစ်ပါးရဲ့ အစေခံကျွန်မ ဖြစ်နေရတယ်၊ ဒီဘဝမှာ အလှူနည်းခဲ့ပြန်ရင် နောက်အခါ ဒီထက် ဆိုးဝါးတဲ့ ဘဝကို ကျရောက်နိုင်တယ်၊ ဒါကြောင့် ယခုလို အခွင့်တော်တဲ့အခါ ငါစားဖို့ ရတဲ့ ထမင်းကို ငါမစားတော့ဘူး၊ ရဟန်းတော်ကို လှူတော့မယ်လို့ အဲသလို စိတ်အကြံဖြစ်ပြီး ထမင်းတစ်နပ်စာကို ဝမ်းမြောက်ဝမ်းသာ လှူခဲ့ဖူးပါတယ်၊ ယခု ခံစားနေရတဲ့ အဆင်းလှခြင်း စည်းစိမ် ဂုဏ်သိရ်ရှိခြင်းဆိုတာတွေဟာ ထို ဆွမ်းတစ်နပ် လှူခဲ့ဖူးတဲ့ ကောင်းမှုကံရဲ့ အကျိုးတရား ဖြစ်ပါတယ် အရှင်မင်း မြတ်လို့ လျှောက်ထားတယ်။


အဲဒီလို မိဖုရားက ပြန်လျှောက်ထားတော့ မင်းကြီးက လူသူပရိသတ် ဘက်သို့လှည့်ပြီး၊ အို...ပရိသတ်တို့-သင်တို့ ကြားကြတယ် မဟုတ်လား....။ ငါတို့ ရရှိခံစားရတဲ့ ဒီစည်းစိမ်ဟာ ဘာမျှ မပြောပလောက်တဲ့ အလှူလေးရဲ့ အကျိုးမျှသာ ဖြစ်ပါတယ်။ ဒါကြောင့် သင်ပရိသတ်များလဲ မမေ့မလျော့ ဒါနကိုပြုကြပါ။ ငါတို့လဲ မမေ့မလျော့ ဒါနကို ပြုပါမယ်လို့ မိန့်တော်မူပြီး မြို့တံခါး လေးမျက်နှာနှင့် နန်းတော်တံခါးရှေ့ မြို့လယ်အားဖြင့် ၆-ဌာန

သော နေရာတို့မှာ အလှူမဏ္ဍပ်ကြီးတွေဆောက်၊ ဥပုသ်သီလကိုစောင့်ရှောက် ထိန်းသိမ်းပြီး နေ့စဉ် အလှူကြီးကို ပေးလှူပါသတဲ့။

ဇာတ်တော် ပေါင်းတဲ့အခါမှာတော့ ယခုအခါ ရာဟုလာမယ်တော် ယသော်ဓရာဟာ ထိုအခါက ကောသလမင်းရဲ့သမီးတော်မိဖုရား ရတနာ ဖြစ်တယ်၊ယခုအခါ ငါဘုရားကတော့ ထိုအခါက ဗြဟ္မဒတ်မင်း ဖြစ်ခဲ့ဖူးတယ်လို့ ဇာတ်တော် ပေါင်းတယ်။

ဘုရားရှင် ဟောကြားတော်မူတဲ့ ဒီကုမ္မာသဇာတ်တော်ကို ထောက်ထား ပြီး ဒါနတရားဟာ အလုံးစုံသော သတ္တဝါတို့ရဲ့ မှီရာ တည်ရာ အားထားရာ ဖြစ်တယ်။

အလုံးစုံသော လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာ ၃—ပါးဟာ အလိုအလျောက်ဖြစ်ပေါ်လာတာ မဟုတ်ဘူး။ ဒါနက ထောက် ခံအားပေးလို့ဖြစ်ပေါ်လာတာ ဖြစ်တယ်ဆိုတာကို လေးလေးနက်နက်ယုံယုံ ကြည်ကြည်အားထားပြီး မိမိတို့ သဒ္ဓါစွမ်းအား ပညာစွမ်းအား ရှိသည့်အ လျောက် ဒါနတရား သီလတရားတို့ကို ကြိုးစားပွားများအားထုတ်နိုင်ကြပါ စေကုန်သတည်း။



# ဒါနမွန်တရားတော်

ဒီယနေ့ဟာ သာသနာတော်နှစ် ၂၅၃၃–ခုနှစ်ဖြစ်တယ်၊ ကောဇော သက္ကရာဇ်အားဖြင့်ဆိုပါလျှင် ၁၃၅၁–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက် ဗုဒ္ဓဟူးနေ့ဖြစ်တယ်၊ ကောင်းမြတ်သော နက္ခတ်မင်္ဂလာနှင့်ယှဉ်သော ကောင်း မြတ်သော ဒီအချိန်မှာ စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ် ကမ်းနီကျေးရွာမှာ ကောင်းမြတ်သော ကုသိုလ်ပွဲများ ဆင်နွှဲလျက်ရှိနေတယ်၊ ဘယ်လိုကုသိုလ်ပွဲများ ဆင်နွှဲနေကြသလဲဆိုတော့ ကမ်းနီရွာ ကျောင်းကြီးဆရာတော်ကို အမှူး ထားပြီး ရေပြန်ကျောင်း၊ ဝန်တင်ကုန်းကျောင်း၊ အင်ဒေါင်းရွာမကျောင်း များကို ကထိန်ကပ်လှူပွဲ ဆင်နွှဲနေတယ်၊ ကမ်းနီ ကျောင်းကြီးဆရာတော်နှင့် မန္တလေးမြို့ ခင်မကန်တိုက် စည်သာဆရာတော်တို့ကို ကံထပ်မင်္ဂလာပွဲ ဆင်နွှဲ နေတယ်၊ သာမဏေရှင်ဥတ္တမအား မြင့်မြတ်သော ရဟန်းပဥ္စင်းအဖြစ်သို့ ရောက်အောင် ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် ဥပသမ္ပဒါနုဂ္ဂဟပွဲ ဆင်နွှဲတယ်၊ သက်တော်ထင်ရှား သဗ္ဗညုရှင်တော်ဘုရားအား ရည်မှန်း၍ အနေကဇာ သဘင်ပွဲ ဆင်နွှဲတယ်၊ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်ဝတ္ထုများ လှူဒါန်းဆက်ကပ် တယ်၊ သံဃာတော်အရှင်မြတ်တို့အား ဆွမ်းတော်ကြီး လောင်းလှူပွဲ ဆင်နွှဲ တယ်။

ဤသို့ထူးမြတ်သော မင်္ဂလာပွဲများ ဆင်နွှဲတဲ့အခါမှာ သံဃာတော် များဘက်ကလဲ့ တုံ့ပြန်သောအားဖြင့် အနုမောဒနာတရား ဟောကြားဖို့ ဝတ္တရားရှိပါတယ်၊ အဲဒီဝတ္တရားအလျောက် အခုဘုန်းကြီးက ဒါနတရား ခပ် တိုတိုဟောပါမယ်။

"န ဟိ ဒါနာ ပရံ အတ္ထိ၊ ပတိဋ္ဌာ သဗ္ဗပါဏိနံ–"

ရယ်လို့ သမ္ဘိတ္တဇာတ်တော်မှာ ဂါထာလေးတစ်ပိုဒ် လာတယ်၊ "သဗ္ဗပါဏိနံ–ခပ်သိမ်းကုန်သော သတ္တဝါတို့အား၊ ဒါနာ–ဒါနမှ၊ အပရံ– တစ်ပါးသော၊ ပတိဋ္ဌာ–မှီရာတည်ရာ အားထားရာသည်၊ န ဟိ အတ္ထိ–မရှိသည် သာလျှင်တည်း"–တဲ့။

## စမ္မပန်းချီ (၁)

အလုံးစုံသော သတ္တဝါတို့အား ဒါနမှတစ်ပါး မှီခိုစရာ အားထားစရာ
ရှိဘူးလို့ဆိုတယ်၊ ဒီနေရာမှာ သတ္တဝါက နှစ်မျိုးရှိတယ်၊ ဝိဇ္ဇာအလင်းရောင်
ပါက်သွားသဖြင့် မောဟမှောင်တိုက်ကို ဖောက်ခွဲပြီး သစ္စာလေးပါး မြတ်
ရားကို ပိုင်းခြားကုန်စင် သိမြင်ပြီးသော သတ္တဝါကတစ်မျိုး၊ ဝိဇ္ဇာအလင်း
ရာင် မရှိသဖြင့် မောဟအမှောင်မိပြီး သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား
ံတိမသိမမြင်သေးတဲ့ ပုဂ္ဂိုလ်ကတစ်မျိုး၊ အဲဒီလို သတ္တဝါ နှစ်မျိုးရှိတယ်၊
ဇ္ဇာအလင်းရောင်ပေါက်လို့ သစ္စာတရား မြင်သိပြီးသော ပုဂ္ဂိုလ်က ဘဝမကျန်
တော့တဲ့ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်ကြီးများ ဖြစ်ကြတယ်။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်ကြီးများမှာတော့ သံသရာ
စ်ခွင် ကျင်လည်ကျက်စားဖို့ ဘဝမကျန်တော့ဘူး၊ ဘဝမကျန်တော့တဲ့အတွက်
ိုပုဂ္ဂိုလ်များ အားထုတ်ကြတဲ့ ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်ကြံမှုတွေဟာ ဟိုဘဝ
ာ အကျိုးပေးဖို့ မရှိတော့ဘူး၊ အကျိုးပေးဖို့ မရှိတော့တဲ့အတွက် ကံ-သင်္ခါရ
ဖြစ်ကို မရောက်တော့ဘူး။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ "အဝိဇ္ဇာယတွေဝ
သေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော-အဝိဇ္ဇာတရား ချုပ်ခြင်းကြောင့်
င်္ခါရချုပ်တယ်"လို့ ဟောထားတယ်။

နမက္ကာရ ဘုရားရှိခိုးမှာလဲ ကုသလံ ကုသလံ ဇဟံ- ဘုရားရဟန္တာ
အရှင်မြတ်များ၊ ကုသိုလ်ကံ အကုသိုလ်ကံကို စွန့်ဘယ်လို့ ဆိုထားတယ်၊ ဒီနေရာ
ာ သင်္ခါရဆိုတာနှင့် ကံဆိုတာဟာ အဓိပ္ပာယ်အတူတူလို့ မှတ်ရမယ်၊ ဒီအဓိပ္ပာယ်ကို
ာပ်ဖော်ပြပါဦးမယ်၊ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်များဟာ ဒုက္ခ,
ာမုဒယ, နိရောဓ, မဂ္ဂ ဆိုတဲ့ သစ္စာလေးပါးကို ထင်ထင်ရှားရှား မြင်သိ
ိုးသား ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ သစ္စာလေးပါးထဲမှာ ဒုက္ခသစ္စာဆိုတာ
"ဒုက္ခံ တေဘူမကံ ဝဋ္ဋံ"ဆိုတဲ့အတိုင်း ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံး
ါးမှာ ဖြစ်ပွားတဲ့ ကိလေသဝဋ္ဋ, ကမ္မဝဋ္ဋ, ဝိပါကဝဋ္ဋဆိုတဲ့ ဝဋ္ဋသုံးပါးကို
က္ခသစ္စာလို့ခေါ်တယ်၊ ဝဋ္ဋသုံးပါးဆိုတဲ့ စာစကားကို လူပြိန်းသိ ဘာသာပြန်
ိုက်တော့ ဒီခန္ဓာကိုယ်ဖြစ်တဲ့ ရုပ်တရားနှင့် နာမ်တရားကို အရကောက်တယ်၊
ာုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်ကြီးတွေဟာ ဒီရုပ်တရားနှင့် နာမ်တရားကို
ာင်းရဲခြင်း စစ်မှန်တဲ့ ဒုက္ခသစ္စာ ရယ်လို့ ပိုင်ပိုင်နိုင်နိုင် သိပြီးကြပြီ
ဖြစ်တယ်။

မီးကို ပူတတ်မှန်း လောင်ကျွမ်းတတ်မှန်းသိလျှင် ဘယ်သူမှ ထိကိုင်ဝံ့မှာ မဟုတ်ဘူး၊ မီးကို ပူမှန်း လောင်ကျွမ်းတတ်မှန်း မသိလို့သာ ပိုးဖလံမျိုး မီးကို တိုးနေကြခြင်းဖြစ်တယ်၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်ကြီးတွေဟာ နာမ်ခန္ဓာကို ဆင်းရဲစစ်မှန်တဲ့ မီးပုံကြီးပဲလို့ တစ်ထစ်ချ သိပြီးကြပြီး. သိပြီးတဲ့ အတွက် ရုပ်ခန္ဓာနာမ်ခန္ဓာအပေါ် သမုဒယ တဏှာအားဖြင့် တွယ်တာခြင်း မရှိကြတော့ဘူး၊ ရုပ်ခန္ဓာ နာမ်ခန္ဓာဆိုတဲ့ ဒုက္ခတရားဟာ ချစ်ခင်တွယ်တာမှု ဆိုတဲ့ သမုဒယ-တဏှာကြောင့် ဖြစ်ပွားလာတယ်၊ . သမုဒယ တဏှာမရှိလျှင် ရုပ်သစ်နာမ်သစ် ဖြစ်ခြင်း ဆိုတဲ့ ဇာတိတရား မဖြစ်တော့ဘူး၊ ဒါကြောင့် ခီဏာဇာတိ-ဖြစ်ခြင်းကုန်ပြီလို့ ဘုရားရှင် ဟောတော်မူတယ်၊ ဖြစ်ခြင်းကုန်တဲ့ အတွက် ဘဝသစ်မရှိတော့ဘူး၊ ယခုဘဝဟာ နောက်ဆုံးဘဝမျှသာ ဖြစ်တော့ တယ်၊ ဒါကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများအတွက် ကုသိုလ်တရား လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ဘာမျှ ပြောစရာ မလိုတော့ဘူး၊ (နောက်ဘဝမှ မကျန်တော့ဘဲကိုး။)

ဝိဇ္ဇာအလင်းရောင် မရှိ၊ မောဟအမှောင် မိနေကြတဲ့ သူသူငါငါ သတ္တဝါတွေကတော့ ဝိပ္ပလ္လာသ တရားကြောင့် အထင်အမြင်တွေ မှားနေကြ တယ်၊ မမြဲသော ရုပ်တရား နာမ်တရားကို မြဲတယ်လို့ အထင်လွဲနေကြတယ်၊ ဆင်းရဲသော ရုပ်တရား နာမ်တရားကို ချမ်းသာတယ်လို့ အထင်အမြင် လွဲနေ ကြတယ်၊ ဤရုပ်နာမ်အတွင်းမှာ အမြဲတည်နေသော နိစ္စသာရ အနှစ်လဲ မရှိ၊ လူသေလူဖြစ်၊ ခွေးသေခွေးဖြစ်ဆိုတဲ့ ဓုဝသာရ အနှစ် မရှိ၊ ဗြဟ္မာ, ဗိဿနိုး, ထာဝရစသော နတ်ဘုရားများက ထည့်ပေးလိုက်သော ဇီဝခေါ်တဲ့ အတ္တသာရ–အနှစ်လဲ မရှိ၊ ချစ်စရာ ခင်စရာ နှစ်သက်စရာ မြတ်နိုးစရာ ကောင်းသော သုဘသာရလဲ မရှိဘဲပါလျက် ခိုင်မာသော အနှစ်သာရ ရှိတယ်ရယ်လို့ အထင်အမြင် လွဲနေကြတယ်၊ အဲဒီလွဲမှားသော အထင်အမြင် ဝိပလ္လာသ တရားတွေကြောင့် ရုပ်ခန္ဓာ နာမ်ခန္ဓာ အပေါ်မှာ တဏှာအားဖြင့် တပ်မက်၊ ဥပါဒါန်အားဖြင့် စွဲလမ်းပြီး ဘဝအဆုံးမသတ်နိုင်ဘဲ တစ်ဘဝပြီး တစ်ဘဝ သံသရာတစ်ခွင် ကျင်လည်ကျက်စားနေကြရတယ်။

အဲဒီ သံသရာတစ်ခွင် ကျင်လည်ကျက်စားနေကြတဲ့ သံသရာခရီးသွား တွေအတွက် ခရီးသွားရင်း စားသောက်သုံးဆောင်ဖို့ ရိက္ခာဟာ အင်မတန် အရေးကြီးတယ်၊ သံသရာအတွက် ရိက္ခာအမျိုးမျိုး ရှိရာမှာ "ဒါန၊ ပါထေယျ

မုတ္တမံ” ဆိုတဲ့အတိုင်း အမြတ်ဆုံး ရိက္ခာကတော့ ဒါနတရားပင် ဖြစ်တယ်၊ သံသရာရိက္ခာအတွက် ဘာကြောင့် ဒါနက အမြတ်ဆုံးဖြစ်သလဲ၊ဒီအကြောင်း အနည်းငယ် ပြောပြပါဦးမယ်။

အင်္ဂုတ္တရ ပဉ္စကနိပါတ် သုမနသုတ်မှာ သုမနမင်းသမီးက ဘုရားရှင်ကို လျှောက်ထားတယ်၊ “အရှင်ဘုရားတဲ့–အရှင်ဘုရားရဲ့ သာသနာတော်မှာ ပုဂ္ဂိုလ်နှစ်ဦး ရှိပါသတဲ့၊ ပုဂ္ဂိုလ်တစ်ဦးက စာရိတ္တ, ဝါရိတ္တ သီလအကျင့် မြတ်ကိုသာ ပြုလုပ်တယ်၊ တစ်ဦးသော ပုဂ္ဂိုလ်ကတော့ သီလမျှသာမက ဒါနမှုကိုလဲ ပြုပါသတဲ့၊ ထိုပုဂ္ဂိုလ်နှစ်ဦးတို့ရဲ့ အလားအလာ သိလိုပါတယ် ဘုရား” တဲ့။

ဒီအခါ ဘုရားရှင်က “သုမန မင်းသမီး၊ ညအချိန် တိမ်ကင်းစင်တဲ့ ကောင်းကင်အပြင်မှာ ကြယ်တွေ နက္ခတ်တာရာတွေ ထွန်းလင်းတောက်ပနေ ကြတယ်၊ အဲဒီကြယ်တွေ နက္ခတ်တာရာတွေ အလယ်မှာ လမင်းဟာ အလွန် အမင်း တင့်တယ်ခြင်းရှိသလို ဒါနကုသိုလ် မျိုးစေ့ပါသူဟာလဲ သံသရာ လောကမှာ အတင့်တယ်ဆုံးဖြစ်တယ်၊ ဥပမာ–တစ်နည်းအားဖြင့် ထစ်ချုန်း ရွာချသော မိုးကြီးဟာ မြင့်သောအရပ် နိမ့်သောအရပ်များကို မိုးရေတို့ဖြင့် လွှမ်းမိုးသွားသလို ဒါနမျိုးစေ့ ပါလာသော ပုဂ္ဂိုလ်ဟာလဲ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝမှာ–

(၁)အသက်ရှည်ခြင်း၊
(၂)အဆင်းလှခြင်း၊
(၃)ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်း
(၄)အခြံအရံပေါများခြင်း၊
(၅)သူတစ်ပါးအပေါ်လွှမ်းမိုး၍ တန်ခိုးအာနုဘော်ကြီးခြင်း၊

ဆိုတဲ့အကျိုးတရားငါးပါးတို့ဖြင့် လွှမ်းမိုးနိုင်တယ်၊ စုတိပြတ်ကြွေ သေလွန်ပြီးတဲ့နောက် နတ်ပြည်ကို ရောက်စေနိုင်တယ်လို့ ဟောတော်မူတယ်၊ ဒါကြောင့် သံသရာရိက္ခာအတွက် ဒါနက အမြတ်ဆုံးဖြစ်တယ်၊ ဒါနတရားဟာ

ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝမှာ ဤအကျိုးတရားငါးပါးတို့ကို ပေးတဲ့အတွက် အမြတ်ဆုံးရိက္ခာဖြစ်တယ်၊ သို့သော် အကျိုးပေးတဲ့နေရာမှာ ဒါနတစ်ခုနှင့် တစ်ခုကတော့ အကျိုးပေးခြင်း မတူကြပြန်ဘူး၊ ဘယ်လိုမတူတာလဲတဲ့၊ ဥပမာ ဆိုကြပါစို့၊ လောကမှာ ပန်းပွင့်ချင်းကတော့ အတူတူပါပဲ၊ သို့သော်လဲ တန်ဖိုးချင်း ကွာခြားကြသလို လူချင်းတော့တူပါရဲ့။ အဆင့်အတန်းချင်း ကွာခြားသွားသလိုပေါ့။

ဒီနေရာမှာ ဒါနနှစ်မျိုးခွဲပြီးပြောရဦးမယ်၊ ဒါနနှစ်မျိုးဆိုတာက (၁)သာသနာပဒါနနှင့် (၂)သာသနာတွင်း–ဒါနပါပဲ။ သာသနာပဒါန ဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမဩဝါဒမရှိတဲ့ ဌာနမှာလှူတဲ့ဒါနမျိုး၊ ဘုရား မပွင့်တဲ့ ကာလမှာ လှူတဲ့ဒါနမျိုးဖြစ်တယ်၊ ဘုရားရှင်ရဲ့ဩဝါဒ မသက်ရောက်တဲ့ ဌာန၊ ဘုရားမပွင့်တဲ့ကာလမျိုးမှာ သီလ–သမာဓိ–ပညာကင်းမဲ့တဲ့အတွက် အလှူခံပုဂ္ဂိုလ်တွေဟာ ဩဇာမရှိသော မြေနှင့်တူတယ်၊ ဩဇာမရှိတဲ့မြေမှာ ပစ်ချသောမျိုးစေ့ဟာ အောင်အောင်မြင်မြင် ဖွံ့ဖွံ့ထွားထွား မကြီးပွားသလို သာသနာပဒါနဟာလဲ အကျိုးတရား မကြီးပွားဘူးတဲ့၊ သာသနာတွင်းကာလ ဆိုတာ သီလ–သမာဓိ–ပညာတရား ထွန်းကားတဲ့အခါဖြစ်တယ်၊ သီလ– သမာဓိ–ပညာတရား ထွန်းကားတဲ့အတွက် အဆီဩဇာရှိသော မြေနှင့်တူတယ်၊ အဆီဩဇာရှိတဲ့မြေမှာ ပစ်ချအပ်သောမျိုးစေ့ဟာ အောင်အောင်မြင်မြင် ဖွံ့ဖွံ့ထွားထွား ကြီးပွားအောင်မြင်သလို သာသနာတွင်းလှူဒါန်းရတဲ့ အလှူ ဒါနဟာလဲ ကြီးကျယ်ဖွံ့ဖြိုးသော တန်ခိုးဂုဏ်အင် အာနိသင်နှင့်ပြည့်စုံတယ်၊ သာသနာအတွင်း ဒါနအလှူဆိုတာဟာ သာသနာတော်ဝန်ထမ်း ရဟန်းတော် များကို လှူဒါန်းတဲ့ဒါနဖြစ်တယ်။

သာသနာတော်ဝန်ထမ်း ရဟန်းတော်များမှာ သီလ–သမာဓိ–ပညာ ဆိုတဲ့ အဆီဩဇာများရှိကြတယ်၊ ဒါကြောင့် အဆီဩဇာရှိသော လယ်ယာ မြေနှင့်တူပါသတဲ့၊ သံဃာတော်များရဲ့ ဂုဏ်တော်ကိုးပါးမှာ ပုညက္ခေတ္တံအနုတ္တရံ လို့ ဂုဏ်တော်တစ်ပါး ပါဝင်တယ်၊ သံဃော–သံဃာတော်သည်၊ အနုတ္တရံ– အတုမရှိ မြင့်မြတ်သော၊ ပုညက္ခေတ္တံ–ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေကောင်းဖြစ်တော်မူ၏–တဲ့၊ သံဃာတော်ဟာ ဒါယကာ ဒါယိကာမများ လှူဒါန်းတဲ့ဒါနမျိုးစေ့စိုက်ပျိုးရာ လယ်ကောင်းမြေကောင်းနှင့်

တူတယ်၊ ဒါကြောင့် သံဃာအား လှူဒါန်းရခြင်းဟာ အလွန်အကျိုးကြီးတယ်လို့ဆိုလိုတယ်။

ဒီပုညက္ခေတ္တံ အနုတ္တရံကို သရုပ်ဖော်သောအားဖြင့် ရဟန်းတော်များ ဝတ်ရုံတဲ့ သင်္ကန်းကို လယ်ကွက်သဏ္ဌာန်ချုပ်ကြရတယ်၊ ဒီအကြောင်း စကားရောက်ခဲ့လို့ ဝိနည်းမဟာဝါ စီဝရက္ခန္ဓကမှ လာတဲ့သင်္ကန်း ဖွဲ့ပုံအကြောင်း နည်းနည်း ပြောချဦးမယ်။

အခါတစ်ပါး ဘုရားရှင်ဟာ ညီတော်အာနန္ဒာကို နောက်လိုက်ပြုပြီး ဒေသစာရီ ကြွချီတော်မူရင်း မဂဓတိုင်း လယ်တောခရီး ရောက်တော်မူတယ်၊ လူ့လောကမှာ လယ်ယာနှစ်မျိုးရှိတယ်၊မိုးရေခံလယ်နှင့် ရေသွင်းတဲ့လယ်ပေါ့၊ မိုးရေခံလယ်ကိုတော့ ဒေဝမာတိကာလို့ ခေါ်တယ်၊ ရေသွင်းတဲ့လယ်ကိုတော့ နဒီမာတိကာလို့ ခေါ်တယ်၊ ဘုရားသခင် ယခုကြွရောက်တော်မူတဲ့လယ်က နဒီမာတိကာလယ်မျိုးဖြစ်တယ်။ နဒီမာတိကာ ရေသွင်းလယ်မျိုးဖြစ်လို့ လယ်ကို လေးထောင့်ကျဖွဲ့ပြီ လယ်တစ်ကွက်နှင့်တစ်ကွက်အကြား ရေမြောင်းထားတယ်၊ ရေမြောင်းနှင့် လယ်ကွက်ဟာ ခရီးဆုံသဏ္ဌာန် လေးကွက်ကျားသဏ္ဌာန် တည်နေတယ်၊ မဂဓလယ်ကွက်တည်နေပုံကို မြင်တော်မူတော့ ဘုရားရှင်က ညီတော်အာနန္ဒာ–မဂဓတိုင်းသားတို့ရဲ့လယ်ကွက်ကို မြင်ရဲ့လားလို့ မေးတော်မူတယ်၊ အရှင်အာနန္ဒာက မြင်ပါတယ်ဘုရားလို့ လျှောက်ထားတော့ အာနန္ဒာ–ဤလယ်ကွက်ရဲ့ပုံသဏ္ဌာန် သင်္ကန်းတို့ကို ချုပ်လုပ်နိုင်ပါမည်လောလို့ မေးတော်မူတယ်၊ ချုပ်လုပ်နိုင်ပါတယ်ဘုရားလို့ လျှောက်ထားတော့ ချုပ်လုပ်နိုင်လျှင် ချုပ်စမ်းလို့မိန့်တော်မူတယ်။

ဝေဠုဝန်ကျောင်းတော် ပြန်ရောက်တော့ ဘုရားရှင်ရဲ့ အမိန့်တော်အတိုင်း အရှင်အာနန္ဒာက သင်္ကန်းချုပ်ပြီး ဘုရားရှင်ထံ သွားရောက်ဆက်ကပ်တယ်၊ဘုရားရှင်ဟာ အရှင်အာနန္ဒာ ချုပ်ထားတဲ့သင်္ကန်းပုံစံကို ကြည့်ရှုတော်မူပြီး ရဟန်းများကို ''ချစ်သားတို့–ကြည့်ကြစမ်း၊ အာနန္ဒာဟာ ပညာကြီးတယ်၊ ငါအကျဉ်းချုပ် ပြောပြအပ်သည်ကို အကျယ်အားဖြင့်သိပြီး အလျား–အနားပတ်၊တစ်လုတ်မြောင်းရှည်၊ တစ်လုတ်မြောင်းငယ်များကိုပြုထားတယ်၊ အိမ်ခန်းကြီး အိမ်ခန်းများကိုလဲ ပြုထားတယ်။ အလယ်ခေါင် ခေါင်းရံများကိုလဲ ပြုထားတယ်၊ လည်ခံအနားပတ်ကိုလဲ ပြုထားတယ်၊ မြင်းခေါင်း

အနားပတ်ကိုလဲ ထည့်ထားတယ်၊ လက်ထိပ်ကိုလဲ ပြုထားတယ်၊ ဖြတ်သင့်ရာ ဖြတ်ပြီး စပ်သင့်ရာစပ်ထားတယ်၊ ရဟန်းများအား လျောက်ပတ်သော သင်္ကန်းဖြစ်၍ ငါဘုရား ခွင့်ပြုတော်မူတယ်လို့ မိန့်တော်မူတယ်၊ အဲဒီအချိန်က စပြီး ရဟန်းတော်များ သင်္ကန်းဟာ မဂဓလယ်ကွက်သဏ္ဌာန် ဖြစ်ခဲ့ရတယ်။

ဒါဟာ ဘာကိုရည်ရွယ်ပြီး ပုံဖော်တာလဲဆိုတော့ "ပုညက္ခေတ္တံ အနုတ္တရံ" ဆိုတဲ့ သံဃာ့ဂုဏ်တော်တွေကို ပုံဖော်ထားခြင်း ဖြစ်တယ်၊ ဒီပုံဖော်ထားတဲ့ အတိုင်း ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ သံဃာတော်ဟာ ကောင်းမှုတည်းဟူသော မျိုးစေ့ကို ပစ်ချရာ အလွန် မြေဩဇာထက်သန်တဲ့ လယ်ယာမြေနှင့် တူတယ်၊ မြေဩဇာကောင်းတဲ့ လယ်များ၌ ပစ်ချသောမျိုးစေ့ဟာ လျင်လျင် မြန်မြန် အပင်ပေါက်ပြီး ကြီးထွားလာသလို သာသနာ့မြေမှာ ပစ်ချတဲ့ ဒါန မျိုးစေ့ဟာလဲ လျင်လျင်မြန်မြန် ပေါက်ရောက်ပြီး ကြီးမားသော အကျိုးကို ပေးသတဲ့၊ ဒီအကြောင်းနှင့် ပတ်သက်ပြီး ဓမ္မပဒအဋ္ဌကထာ ပုပ္ဖဝဂ်ကလာတဲ့ မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္နဝတ္ထုကို ပြောပြဦးမယ်။

'အခါတစ်ပါး အရှင်မဟာကဿပထေရ်ဟာ ရာဇဂြိုဟ်မြို့အနီး ပိပ္ပလိ အမည်ရှိတဲ့ လိုဏ်ဂူအတွင်း နိရောဓသမာပတ်ကို ခုနစ်ရက် ဝင်စားတော်မူနေ တယ်၊ နိရောဓသမာပတ်မှ ထတဲ့အခါ ရာဇဂြိုဟ်မြို့အတွင်း အိမ်စဉ်ဆွမ်းခံမယ်လို့ ဂူတွင်းက ထွက်လာတယ်၊ ဒီအခါ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်သမီး ငါးရာတို့ဟာ ငါးရာသော ဆွမ်းခဲဖွယ်များ စီမံကြပြီး လမ်းခရီးက ဆီးလှူ ကြသတဲ့။

ရှင်မဟာ ကဿပက နတ်သမီးများဖြစ်ကြောင်း သိတော်မူတဲ့အတွက် ငါဟာ ဆင်းရဲနွမ်းပါးသူများကို ချီးမြှောက်မယ်လို့ ယခုလာခြင်း ဖြစ်တယ်၊ သင်နတ်သမီးများရဲ့အလှူကို မခံယူနိုင်ဘူး၊ လမ်းဖယ်ပေးကြလို့ မိန့်တော်မူ တယ်၊ နတ်သမီးများက တပည့်တော်မများရဲ့ စေတနာကို မဖျက်ဆီးပါနှင့်၊ တပည့်တော်မများကို ချီးမြှောက်တော်မူပါလို့ လျှောက်ထား ကြတယ်၊ ရှင်မဟာကဿပက သင်တို့အလှူကို မခံယူနိုင်ဘူး၊ ဖယ်ကြ ဆိုသော်လဲ မရဘူး၊ ဒါကြောင့် လက်ဖျစ်တီးပြီး နတ်သမီး များကို နှင်တော်မူ လိုက်တယ်။

မသေရိကနှင်လိုက်တော့ နတ်သမီးများဟာ ရပ်တည်မနေနိုင်ကြတော့ဘဲ တာဝတိံသာ နတ်ပြည်အထိ ပြန်သွားကြရတယ်၊ တာဝတိံသာ ရောက်တော့ သိကြားမင်းက နင်တို့ဘယ်သွားကြတာလဲလို့ မေးတယ်၊ နတ်သမီးများက နိရောဓသမာပတ်မှ ထတော်မူတဲ့ အရှင်မဟာ ကဿပကို ဆွမ်းလှူမယ်လို့ သွားကြတာပါလို့ လျှောက်ကြတယ်၊ သိကြားမင်းက လှူခဲ့ကြရရဲ့လားလို့ မေးတော့ နတ်သမီးများက အကြောင်းစုံ လျှောက်ထားကြတယ်၊ ဒီအခါ သိကြားမင်းက နင်တို့ ဒီအတိုင်းသွားလို့ ဘယ်ဖြစ်မလဲ၊ ငါသွားပြီးလှူမယ်လို့ ဆိုပြီး သူကိုယ်တိုင် သူအိုကြီးယောင် ဖန်ဆင်းတယ်။ မိဖုရားကြီး သုဇာတာကို တော့ အမတ်ကြီးအိုယောင် ဖန်ဆင်းစေတယ်၊ ပြီးတော့မှ အရှင်မဟာကဿပ ထေရ် ကြွလာရန် တစ်ကြောင်းတည်းသော လမ်းကို ဖန်ဆင်းတယ်၊ လမ်းဦးမှာ အိမ်စုတ်ကလေး ဖန်ဆင်း၊ အိမ်စုတ်အတွင်းမှာ အဘိုးအိုနှင့် အမယ်အိုကြီး ရက်ကန်းရက်နေကြပုံ ဖန်ဆင်းတယ်၊ အရှင်မဟာကဿပကလဲ သိကြားမင်း ဖန်ဆင်းတဲ့ လမ်းအတိုင်း ကြွလာရာ လမ်းဦးမှာ ရက်ကန်းအမှုပြုလုပ်နေကြတဲ့ အဘိုးကြီး အမယ်ကြီးကိုမြင်တော့ အမှန်တကယ် သူဆင်းရဲထင်ပြီး ဆွမ်းခံတော်မူသတဲ့။

ဒီအခါ သိကြားအဘိုးအိုက ရှင်မရေ–အိမ်ဝမှာ ကိုယ်တော်တစ်ပါး ဆွမ်းရပ်နေတယ် ထင်တယ်လို့ပြောတော့ မိဖုရားအိုက ကိုယ်တော်ဟုတ်၊ မဟုတ် သွားကြည့်စမ်းပါပြောတော့ သိကြားအိုက သွားရောက်ကြည့်တဲ့ပြီး ဘယ် မထေရ်ပါလိမ့်၊ ငါ့မျက်စိကလဲ မှိန်လိုက်တာလို့ ပါးစပ်ကပြောရင်း တကယ့် မျက်စိမှုန်တဲ့ အဘိုးကြီးလို နဖူးပေါ် လက်ကာပြီး ကြည့်သတဲ့၊ ပြီးတော့မှ အလို–အရှင်မဟာကဿပကြီး ပါလား၊ ရှင်မရေ–ငါတို့အိမ်မှာ လှူဖွယ် တန်းဖွယ် တစ်စုံတစ်ရာများ ရှိပါ့ရဲ့လားလို့ လှမ်းမေးလိုက်တယ်၊ အမယ်ကြီးအိုကလဲ ရှာဖွေဟန်ဆောင်ပြီး ရှိဘယ်အဘိုးကြီးရေ ကိုယ်တော့်ထံက သပိတ် ယူခဲ့ပါလို့ ပြောသတဲ့။

စောစောက ရှင်မဟာကဿပက ဒီအိမ်က တစ်ဇွန်း တစ်ယောက်မ အလှူခံပြီး သွားဖို့ပဲ၊ သိကြားမင်း အလိမ်ကောင်းတာနှင့် သပိတ်ပေးလိုက် ရပြီ၊ သိကြားမင်းဟာ သပိတ်မှာ နတ်ဆွမ်းများထည့်ပြီး မထေရ်ကိုကပ်တယ်၊ သပိတ်တွင်းက ဆွမ်းနံ့ရတော့ ရှင်မဟာကဿပဟာ ဒီဆွမ်းနံ့ဟာ အလွန်

ထူးတယ်၊ နတ်ဆွမ်းနံ့နှင့် တူနေတယ်၊ ဒီအလှူရှင်ဟာ သဘောရိုးများမှ ဟုတ်ပါစလို့ ချာန်ဝင်စားပြီး အဘိညာဉ်နှင့် ကြည့်လိုက်တော့ သိကြား ဖြစ်မှန်း သိတော်မူတယ်၊ ဒီတော့ ရှင်မဟာကဿပက အို-သိကြား၊ သင်ဘယ်လိုလုပ်တာလဲ၊ ငါဟာ သူဆင်းရဲများကို ချီးမြှောက်ဖို့ ယခုလာခြင်း ဖြစ်တယ်၊ သူဆင်းရဲများရဲ့ ရသင့်ရထိုက်သော စည်းစိမ်ချမ်းသာကို သင်လုယက် ဖျက်ဆီးတာ ကောင်းရဲ့လားလို့ မိန့်တော်မူတယ်။

ဒီတော့ သိကြားမင်းက အရှင်ဘုရား—တပည့်တော်အောက် လွန်စွာ ဆင်းရဲသောသူ မရှိပါဘူးဘုရားလို့ လျှောက်သတဲ့၊ ရှင်မဟာကဿပက အသင် သိကြားမင်းဟာ နတ်ပြည်ရွာ နတ်စည်းစိမ်ခံစားနေရသူ ဖြစ်ပါလျက် ဘာကြောင့် ဆင်းရဲတယ်လို့ ပြောရတာလဲလို့ မေးသတဲ့၊ သိကြားမင်းက အရှင်ဘုရား တပည့်တော် နတ်စည်းစိမ်ခံစားနေရတယ်ဆိုတာ မငြင်းပါဘူး၊ သို့သော်လဲ တပည့်တော် သိကြား ဖြစ်ရခြင်းဟာ သာသနာပကာလမှာ ကုသိုလ်ပြုပြီး ဖြစ်ခဲ့ရတာမို့ အသွန် အောက်တန်းကျသော သိကြား ဖြစ်ပါတယ်၊ မကြာမီက တာဝတိံသာနတ်ပြည် တပည့်တော်ရဲ့ ဘုံအနီးမှာ ဘုံဗိမာန်ကြီး(၃)ဆောင် ပေါ်လာပါတယ်၊ သာသနာတော်အတွင်း ကုသိုလ် ပြုခဲ့ကြတဲ့ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သားများရဲ့ ဗိမာန်ဖြစ်ကြပါတယ်၊ ထိုနတ်သားများဟာ တပည့်တော်ထက် တန်ခိုးအာနုဘော် အလွန်ကြီးကြပါတယ်၊ ထိုနတ်သားများ နက္ခတ်ပွဲကစားကြရန် အလုပ် အကျွေး အခြွေအရံများကို ခေါ်ပြီး ခရီးလမ်းမကို ဆင်းလာကြလျှင် တပည့်တော်များဟာ ထွက်ပြေးပြီး နေအိမ်ဗိမာန်အတွင်း ပုန်းအောင်းနေရ ပါသည်။ ထိုနတ်သားများရဲ့ကိုယ်က ထွက်တဲ့ အရောင်အဝါ တန်ခိုးအာနုဘော် ဟာ တပည့်တော်ရဲ့ကိုယ်ကို လွှမ်းမိုးနှိပ်စက်ပါတယ် ဘုရား၊ ဒါကြောင့် တပည့်တော်ဟာ အလွန်ဆင်းရဲသူဖြစ်ပါတယ်လို့ လျှောက်ထားတယ်။

ဒီအခါ ရှင်မဟာကဿပက ဒါယကာ သိကြားမင်း၊ ဘယ်လိုပင်ဖြစ်စေ နောင်အခါ ဤကဲ့သို့ လှည့်စားပြီး အလှူ မလှူသင့်ဘူးလို့ မှတ်ပါ-လို့ မိန့်တော်မူတော့ သိကြားမင်းက အရှင်ဘုရား၊ ဒီလို လှည့်စားလှူမိတဲ့အတွက် ကုသိုလ်မရဘဲ အကုသိုလ်များ တပည့်တော်ဖြစ်ပါသလားလို့ လျှောက်ထား တယ်၊ ရှင်မဟာကဿပက ဒါယကာ သိကြားမင်း-ကောင်းမှု ကုသိုလ်တော့

ရပါတယ်လို့ မိန့်တော်မူတော့ သိကြားမင်းက အရှင်ဘုရား ကုသိုလ်ရတယ် ဆိုလျှင် ကုသိုလ်ရအောင် အားထုတ်ရခြင်းဟာ တပည့်တော်ရဲ့တာဝန်ဖြစ်ပါ တယ် ဘုရားလို့ လျှောက်ထားပြီး ကောင်းကင်သို့ ပြန့်တက်ရင်း''အဟောဒါနံ ပရမဒါနံ ကဿပေ သုပတိဋ္ဌိတံ'' ငါ့ရဲ့အလှူဒါနဟာ မြတ်သောဒါန ဖြစ် တယ်၊ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ အရှင်မဟာကဿပကြီး၏ ထံတော်မှာ မျိုးစေ့နှင့်တူတဲ့အလှူဒါနကို ပစ်ချစိုက်ပျိုးအပ်လေပြီ၊ သြော်–ချီးမွမ်းအံ့ဖွယ် ကောင်းသော အလှူဒါနဖြစ်ခဲ့ပေစွတကားလို့ ဥဒါန်းစကား မြွက်ကြားပါ သတဲ့၊ ဒါကြောင့် သာသနာတော်တွင်း ဒါနရဲ့အကျိုးဟာ သာသနာပဒါန အကျိုးထက် အလွန်ကြီးကျယ်တယ်လို့ မှတ်ကြရမယ်။

ဒီကနေ့ မိမိတို့ဟာ ဗုဒ္ဓမြတ်စွာ ဘုရားသာသနာ တည်းဟူသော လယ်ခင်းမြေအတွင်းမှာ ဘာမျိုးစေ့တွေ ပစ်ချပါသလဲ၊ ဘုရားအနေကဇာသဘင် ဆင်ယင်ကျင်းပခဲ့ကြတယ်၊ ရဟန်းခံကြတယ်၊ ကံထပ်သဘင် ဆင်ယင်ခဲ့ကြတယ်၊ ကထိန်သင်္ကန်း လှူဒါန်းပူဇော်ကြတယ်၊ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းစသော အလှူဝတ္ထု အစုစုတို့ကို လှူဒါန်းပူဇော်ခဲ့ ကြတယ်၊ ဒီကနေ့ အလှူတွေဟာ သာသနာပ အလှူတစ်ခုမှ မပါဘူး၊ သာသနာတော်တွင်း အလှူဒါနတွေ ဖြစ်ကြတယ်၊ သာသနာတော်တွင်း အလှူဒါနကြောင့် ဘဝများစွာ သံသရာတစ်ခွင် ကျင်လည်ကြရတဲ့အခါမှာ အောက်တန်းစားဘဝက မကျင်လည်ကြရဘဲ လူ့ဘဝ, နတ်ဘဝ စသော အထက်တန်းစားဘဝတွေမှာ ကျင်လည်ရင်း–

''အာယု–အသက်ရှည်ခြင်း၊
ဝဏ္ဏ–အဆင်းလှခြင်း၊
သုခ–ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊
ယသ–အခြွေအရံ ပရိသတ် ပေါများခြင်း၊
အဓိပတေယျ–သူတစ်ပါးအပေါ် လွှမ်းမိုးပြီး တန်ခိုးအာနုဘော် ကြီးခြင်း''....

စသော ဒါနရဲ့အကျိုးတရားများကို ပြည့်ပြည့်ဝဝ ခံစားရသည်ဖြစ်၍ ဘုရား အစရှိသော အရိယာအရှင်မြတ်ကို သိတော်မူအပ်သော သစ္စာလေးပါး

မြတ်တရားကို ပိုင်းခြားကုန်စင် သိမြင်ပြီးလျှင် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမွန် ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏'' လို့ ဆုတောင်းပတ္ထနာ ပြုကြကုန်ရာသတည်း။

ဒါနံ သဂ္ဂဿ သောပါဏံ၊ ဒါနံ ပါထေယျမုတ္တမံ။
ဒါနံ ဥဇုဂတံ မဂ္ဂံ၊ ဒါနံ မောက္ခပဒံ ဝရံ။

ဒါနံ-ဒါနတရားသည်၊ သဂ္ဂဿ-နတ်ပြည်၏၊ သောပါဏံ-စောင်းတန်း လှေကားကြီးပါတည်း၊ ဒါနံ-ဒါနတရားသည်၊ ဥတ္တမံ-မြတ်လှစွာထသော၊ ပါထေယျံ-ဘဝများစွာ သံသရာအတွက် ရိက္ခာထုပ်ကြီးပါပေတည်း၊ ဒါနံ-ဒါနတရားသည်၊ မဂ္ဂံ-မဂ္ဂင်လမ်းကြောင်း ခရီးကောင်းသို့၊ ဥဇုဂတံ-ဖြောင့်ဖြောင့်မတ်မတ် ရောက်စေတတ်၏။ ဒါနံ-ဒါနတရားသည်၊ ဝရံ-မြတ်လှစွာသော၊ မောက္ခပဒံ-နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အစစ်အမွန် ပါပင်တည်း။



# အင်္ဂါ ၆ ခြောက်ရပ် ဒါနမြတ်

## ဘုရားရှင်နှင့် သပေါက်မ

ယခုတင်ပြမည့် တရားတော်က အင်္ဂုတ္တရနိကာယ် သတ္တနိပါတ် ဒေဝတာဝဂ်ကလာတဲ့ "ဆဠင်္ဂဒါနသုတ္တန်" တရားတော်ဖြစ်တယ်။

ဆဠင်္ဂဒါနဆိုတာ အင်္ဂါ (၆) ပါးနှင့် ပြည့်စုံတဲ့ အလှူဟာ အလွန်အကျိုးတရား ကြီးမားကြောင်း ဘုရားရှင်ဟောတော်မူခဲ့တဲ့ သုတ်ဖြစ်တယ်။ ဒီသုတ္တန် ဒေသနာတော်ကို ဘုရားရှင်ဟာ သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အာရာမ်ဖြစ်တဲ့ ဇေတဝန်ကျောင်းမှာ ကိန်းအောင်း စံပျော်တော်မူစဉ် ဝေဠုကဏ္ဍကိမြို့သူ "နန္ဒမာတာ" ဥပါသိကာမရဲ့ ဒါနကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။

ဝေဠုကဏ္ဍကိမြို့ဆိုတာ ထိုမြို့ရဲ့တံတိုင်းကို လုံခြုံအောင်ပတ်ပြီး ကြခတ်ဝါးပင်တွေကို စိုက်ပျိုးထားကြသတဲ့၊ ဒါကြောင့် "ဝေဠုကဏ္ဍကိမြို့"လို့ ခေါ်တယ်။ အဲဒီ ဝေဠုကဏ္ဍကိမြို့ဟာ ဒက္ခိဏာဂိရိခေါ်တဲ့ သာဝတ္ထိပြည်ရဲ့တောင်ပြင်မှာ တည်ရှိတယ်၊ ဘုရားရှင် သီတင်းသုံးတော်မူတာက သာဝတ္ထိမြို့မှာဖြစ်တယ်။ သာဝတ္ထိမြို့တော်နှင့် တောင်ပြင့်အရပ်ဟာ ယူဇနာပေါင်းများစွာ ဝေးကွာတယ်။ ယူဇနာပေါင်းများစွာ ဝေးကွာတဲ့ ဝေဠုကဏ္ဍကိမြို့မှာ အလှူပေးတာကို ဘုရားရှင်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကနေပြီး တရားဟောတော်မူတယ်။ အလှူပေးတဲ့နေရာက တခြား၊ တရားဟောတဲ့နေရာက တခြား ဖြစ်နေတာပေါ့၊ ဒီလို တခြားစီဖြစ်နေရခြင်းရဲ့ အကြောင်းကလဲ အင်မတန် စိတ်ဝင်စားစရာကောင်းတယ်။

အခါတစ်ပါး ဘုရားရှင်ဟာ အဂ္ဂသာဝကနှစ်ပါးကို ချန်ထားပြီး ဒက္ခိဏာဂိရိအရပ်ကို ဒေသစာရီလှည့်မည်ဖြစ်လို့ ကျောင်းတော်က ထွက်ခဲ့တယ်။ ဒီသတင်းကိုကြားတော့ ပသေနဒီကောသလမင်းကြီး၊ အနာထပိဏ်သူဌေးကြီး၊ ဝိသာခါ ဒါယိကာမကြီးနှင့်ပါကွ များစွာကုန်သော သာဝတ္ထိ မြို့သူမြို့သား

တော့ဟာ ဘုရားရှင် ဒေသစာရီ ကြွချီတော်မူမှုဘဲ ဇေတဝန် ကျောင်းတော်မှာပဲ ဆက်လက် သီတင်းသုံးဖို့ ဝိုင်းလျှောက်ထားကြသော်လည်း အခွင့်မရဘူး။ ဘုရားရှင်ကို လျှောက်ထားတာ အခွင့်မရလေတော့ အနာထပိဏ် သူဌေးကြီးဟာ အိမ်ပြန်ပြီး ဆိတ်ငြိမ်ရာမှာ ထိုင်ကာမှိုင်နေသတဲ့။ ဒီလိုမှိုင်နေတာကို ပုဏ္ဏိကာအမည်ရှိတဲ့ ''အိမ်ကျွန်မကလေးကမြင်တော့ သူဌေးကြီးထံပါး ချဉ်းကပ်ပြီး ''အရှင်သူဌေးမင်း–အရှင်သူဌေးမင်းကို ကြည့်ရတာ ကြည်ကြည်လင်လင် မရှိဘူး၊ ဘာဖြစ်ပါသလဲ''လို့ မေးသတဲ့။

သူဌေးကြီးက အကြောင်းပြန်ပြောတော့ ပုဏ္ဏိကာဆိုတဲ့ ကျွန်မကလေးက ''အရှင်–ဒီလိုဆို ဘုရားသခင် ပြန်ပြီးကြွလာအောင် ကျွန်မသွားရောက် လျှောက်ထားပါရစေ၊ အခွင့်ပေးပါ''လို့ ပြောသတဲ့။ ဒီတော့ သူဌေးကြီးက''ဟယ်…. မဟုတ်တာ၊ နင်လျှောက်ထားလို့ကော ရပါ့မလား၊ သာဝတ္ထိပြည်မှာ ထင်ပေါ်ကျော်ကြားတဲ့ ပသေနဒီ–ကောသလမင်းကြီး၊ ဝိသာခါ ဒါယိကာမကြီးများတောင် လျှောက်ထားလို့ မရတာ၊ နင့်လို ကျွန်မကလေးက လျှောက်ထားလို့ရပါ့မလား''လို့ ပြန်ပြောသတဲ့။ ဒီအခါ ပုဏ္ဏိကာ ကျွန်မကလေးက ''အရှင် လောကမှာ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ပြုလုပ်တာဟာ ဘာအပြစ်မှ မရှိပါဘူး၊ အကယ်၍ ပြုလုပ်တာ မအောင်မြင်လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါကြောင့် အရှင်က ခွင့်ပေးခဲ့လျှင် ဘုရားရှင်ကြွတော်မူရာ နောက်ကိုပြေးလိုက်ပြီး ကျောင်းတော်ကိုပြန်ကြွဖို့ လျှောက်ထားချင်ပါတယ်''လို့ ပြန်ပြောသတဲ့။

ဒီနေရာမှာ စကားဖြတ်ပြီး ပြောရဦးမယ်၊ ယခု ပြောကြားခဲ့တဲ့ ပုဏ္ဏိကာဆိုတာက သူဌေးကြီးရဲ့ အိုးထိန်းကျွန်မ ကုမ္ဘဒါသီက မွေးဖွားတဲ့ သပေါက်မကလေးဖြစ်တယ်၊ သူဌေးကြီးရဲ့အိမ်မှာ ကျွန်တွေ အမြောက်အမြားရှိတယ်၊ ဘယ်လောက်များသလဲဆိုတော့ ပုဏ္ဏိကာကို မွေးတဲ့အချိန်မှာ ကျွန်ပေါင်းတစ်ရာ ပြည့်သွားပြီတဲ့၊ ကျွန်တစ်ရာပြည့် အထိမ်းအမှတ်နဲ့ သူမကို ပုဏ္ဏိကာလို့မှည့်တယ်၊ ဒါကြောင့် ပုဏ္ဏိကာဟာ ကျွန်မမွေးတဲ့ ''သပေါက်မကလေး''မျှသာ ဖြစ်တယ်။ ဒီသပေါက်မကလေးက အဓိပတိ အရှင်သခင်နှင့် ဒီလိုအပြန်အလှန် ပြောဆိုဝံ့ခြင်းဟာ အင်မတန် ထူးခြားတယ်၊ သူဟာ ဘာကြောင့် သူ့သခင်နှင့် ဒီမျှအကျွမ်းတဝင် ပြောဆိုဝံ့သလဲဆိုတာနှင့် ပတ်သက်ပြီး''ပုဏ္ဏိကာရဲ့ အတ္တုပ္ပတ္တိ''ကို ပြောပြပါဦးမယ်။

## ရှေးဘဝကဖြစ်ထွေ

သပေါက်မလေး ပုဏ္ဏိကာဟာ ကံကုသိုလ်မကောင်းလို့ ယခု သူ့အိမ်မှာ သပေါက်မဖြစ်နေရသော်လည်း အတိတ်ဘဝတုန်းကတော့ သူဟာ ထိတ်ထိတ်ကြဲ အမျိုးသမီးဖြစ်ခဲ့ဖူးတယ်၊ ဘယ်တော့တုန်းက ဖြစ်ခဲ့ဖူးတာလဲဆိုတော့ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပဆိုတဲ့ ခြောက်ဆူသော ဘုရားရှင်တို့ရဲ့ သာသနာတော်မှာ ခြောက်လတိုင်တိုင် ရဟန်းမိန်းမ ဖြစ်ခဲ့ဖူးတယ်။

အဲသည်လို ရဟန်းမဖြစ်ခဲ့စဉ်က သီလနှင့်ပြည့်စုံတယ်၊ ဝတ္တြေကို ကောင်းကောင်းကြီး စောင့်ရှောက် ထိန်းသိမ်းခဲ့ဘယ်၊ ပိဋကတ်တော်များကို သင်ကြားပြီး စာချပုဂ္ဂိုလ်ကြီး တရားဟောပုဂ္ဂိုလ်ကြီးဖြစ်ခဲ့တယ်၊ စာပေပရိယတ္တိဘက်က အလွန်တတ်မြောက် ကျွမ်းကျင်တဲ့အတွက် ဗဟုသုတ ပညာဂုဏ် မောက်ကြွားပြီး တစ်ပါးသော ရဟန်းမိန်းမများကိုလည်း မထီလေးစား လုပ်ခဲ့မိတယ်။ အင်မတန် မာနကြီးခဲ့တယ်၊ သူတစ်ပါးကို အထင်သေးခဲ့တယ်၊ ခြောက်ဘဝလုံး သီလ, သမာဓိ ပြည့်စုံပါလျက်နှင့် မာနကို အဦးမူမိတဲ့အတွက် ယခုနောက်ဆုံးဘဝမှာ သာဝတ္ထိပြည် အနာထပိဏ် သူဌေးအိမ်မှာ သပေါက်မကလေး လာဖြစ်ရရှာတယ်။ မာနတရားများ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ။

ပုဏ္ဏိကာဟာ သပေါက်မလေးတော့ ဖြစ်လာတယ်။ ဒါပေမယ့် သူမဟာ အတိတ်ဘဝက သီလနှင့် ပြည့်စုံခဲ့တဲ့ယ်၊ ပညာကို ဆည်းပူးခဲ့တယ်။ အဲဒီကောင်းမှုကံတွေကြောင့် ယခု ကျွန်မဖြစ်လာသော်လည်း တခြား ကျွန်မတွေနှင့် မတူဘူး၊ ရုပ်ဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ လှပတယ်။ ဉာဏ်ပညာ ကြီးမားတယ်။ စကားအပြောအဆို လိမ္မာတယ်၊ ဒါကြောင့် အနာထပိဏ် သူဌေးကြီးက သူမ့ကို ကျွန်မ, သပေါက်မဖြစ်ပေမယ့် ကျွန်မ, သပေါက်မလို့ သဘောမထားဘူး၊ သမီးလေးလို သဘောထားပြီး ချစ်ခင်တယ်။ ဒီလို သမီးလိုချစ်ခင်ရာက တစ်ဆင့်တက်ပြီး ပုဏ္ဏိကာကို လေးစားဖို့ အကြောင်းတစ်ချက်က ဖြစ်ပေါ်ခဲ့ဖူးတယ်။

ဖြစ်ပေါ်ခဲ့တဲ့အကြောင်းက ပုဏ္ဏိကာဟာ သပေါက်မဖြစ်တဲ့အတိုင်း မနက်စောစောထပြီး ရေခပ်ရရှာတဲ့ တာဝန်တစ်ခု သူ့မှာရှိနေတယ်၊ တစ်ခု

သော ဆောင်းရာသီ နေ့တစ်နေ့ နံနက်စောစောအချိန်၊ သူဟာ သူ့ဝတ္တရား အရ ရေအိုးခေါင်းပေါ်တင်ပြီး ရေစပ်ကို ရေခပ်ဖို့ ထွက်လာခဲ့တယ်။ ဆောင်းရာသီလဲဖြစ်ပြန်၊ မနက်စောစောလဲဖြစ်ပြန်ဆိုတော့ သူ့ခမျာ ချမ်းအေး ရှာတယ်။ ဒါပေမယ့် အေးသောပူသော ဘယ်မှာနေလို့ဖြစ်ပါ့မလဲ။ သူ့တာဝန် အရတော့ ရေခပ်ရရှာတာပေါ့။ သူဟာ ချမ်းချမ်းအေးအေးနှင့် ရေခပ်ဖို့ ထွက်လာတာ ရေဆိပ်ကိုရောက်တော့ "သောတ္ထိယ"အမည်ရှိတဲ့ ပုဏ္ဏားကြီး တစ်ယောက်ကို မြစ်တွင်း ရေချိုးနေတာကို မြင်တွေ့ရတယ်။

## အညစ်အကြေး ရေဖြင့်ဆေး

ပုဏ္ဏားကြီးဟာ ဆောင်းရာသီ မနက်ကြီးစောစော ရေချိုးနေတယ် ဆို တော့ ချမ်းအားကြီးလွန်းလို့ တုန်တခိုက်ခိုက် ဖြစ်နေရှာတာပေါ့။ ဒီလို ချမ်း ချမ်းအေးအေး ရေချိုးနေတာကိုမြင်တော့ ပုဏ္ဏိကာဟာ ခေါင်းပေါ်က ရေ အိုးကို အသာချထားပြီး ပုဏ္ဏားကြီး ရေချိုးနေတာကို သွားပြီး ကြည့်တယ်။ သွားကြည့်ပြီးတော့ "အဘိုး–အဘိုး မနက်ကြီး အေးအေးမှာ ဘာ လုပ် နေ တာလဲ" လို့ မေးလိုက်တယ်။

ပုဏ္ဏားကြီးက "ရေချိုးနေတာပါ ငါ့မြေးရဲ့" လို့ ပြန် ပြော တော့ ပုဏ္ဏိကာက "အဘိုး ကျွန်မတို့ဟာ အရှင်သခင်တို့ ရိုက်ပုတ်ညှဥ်းဆဲ မာန်မဲမှာ ကို ကြောက်တဲ့အတွက် ချမ်းသော အေးသော မနေသာလို့ ရေခပ်လာရပါ တယ်၊ အဘိုးကကော ဘယ်သူ့ကိုကြောက်လို့ စောစောစီးစီး ရေချိုးနေရတာ တုန်း"လို့ မေးတယ်။ ဒီအခါ ပုဏ္ဏားကြီးက "ငါ့မြေး–ရေဆိုတာ အညစ် အကြေးကို စင်ကြယ်စေနိုင်တယ်။ လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် အကယ်၍ မကောင်းမှု အကုသိုလ် ပြုလုပ်ခဲ့လျှင် အဲသည် မကောင်းမှုကံဟာ ရေချိုးတဲ့ အတွက် စင်ကြယ်စေနိုင်တယ်။ ဒါကြောင့် မကောင်းမှုကံက လွတ် အောင် ငါ ရေချိုးနေခြင်းဖြစ်တယ်"လို့ ပြန်ပြောသတဲ့။

ပုဏ္ဏားကြီးက ဒီလိုပြောတော့ ပုဏ္ဏိကာက"အဘိုးရေချိုးရင် မကောင်း မှုကံက လွတ်တယ်လို့ ဘယ်သူက အဘိုးကို ပြောတာလဲ၊ အဘိုးပြောတဲ့အတိုင်း ရေချိုးရုံနှင့် မကောင်းမှုက လွတ်မြောက်ရိုး မှန်ပါလျှင် ရေထဲမှာ နေကြတဲ့

ဖားတွေ ငါးတွေ လိပ်တွေ မိကျောင်းတွေ မြွေတွေ နဂါးတွေဟာ နတ်ပြည်ကို ရောက်ကုန်ကြတော့မှာပေါ့။ ဆိတ်သတ်သမား နွားသတ်သမား ဝက်သတ်သမား ငါးသတ်သမား သူခိုး ဓားပြများလည်း မကောင်းမှုတွေ ထင်သလို လုပ်ပြီး ရေချိုးရုံနှင့် အဲသည် မကောင်းမှုကုံက လွတ်ကုန်တော့မှာပဲ။ ပြီးတော့ ရေချိုးလို့ မကောင်းမှုကံ စင်ကြယ်ရိုးမှန်လျှင် ကောင်းမှုကံတွေလဲ ရေထဲမှာ မျောပါကုန်တော့မှာပဲ။ အဘိုးပြောတဲ့စကားဟာ အဓိပ္ပာယ် မဲလေးနက်ပါဘူး။ ဒါကြောင့် မကောင်းမှုကို စင်ကြယ်အောင်ဆိုပြီး ချမ်းချမ်းအေးအေး ရေမစိမ်ချင်ပါနှင့် အဘိုးရယ်' လို့ ပြောသတဲ့။

ဒီလို ပုဏ္ဏိကာကပြောတော့ ပုဏ္ဏားအိုကြီးဟာ စဉ်းစားပြီး "အို.... ငါ့မြေး၊ ငါ့မြေးဟာ လမ်းလွဲလိုက်နေတဲ့ အဘိုးကို လမ်းမှန်ရောက်အောင် ပြောပြတတ်တယ်။ ငါ့မြေးရဲ့ ကျေးဇူးဟာ ကြီးမားပါပေတယ်။ ငါ့ မြေး ကို ကျေးဇူးဆပ်သောအားဖြင့် အပေါ်ရုံ ပုဆိုးကို ပူဇော်ပါဘယ်။ အ ဘိုး ရဲ့ အပေါ်ရုံပုဆိုးကို ငါ့မြေး ယူဆောင်သွားပါ" လို့ ပြောသတဲ့။ ဒီတော့ ပုဏ္ဏိကာက "အဘိုးရယ် အဘိုးရဲ့အပေါ်ရုံကို မြေးမယူပါရစေနှင့်၊ မြေးပြောတဲ့ စကား ဟုတ်မှန်တယ်လို့ထင်ရင် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးကို အဘိုး ဆည်းကပ်စေချင်ပါတယ်။ ရတနာသုံးပါးကို ဆည်းကပ်ပြီး သီလ ဆောက်တည်ခဲ့လျှင် အဘိုးမှာ အကျိုးကျေးဇူးများပါလိမ့်မယ်" လို့ ပြောသတဲ့။

သောတ္ထိယ ပုဏ္ဏားအိုလည်း ပုဏ္ဏိကာရဲ့ စကားကို ဝန်ခံကာ ဘုရားကျောင်းတော်ကို သွားပြီး တရားနာတယ်။ တရားတော်ကို သဘောကျပြီး သာသနာတော်မှာ ရဟန်းဝတ်လို့ မကြာမီ ရဟန္တာ ဖြစ်သွားပါသတဲ့။ ဒီအကြောင်းကို အနာထပိဏ်သူဌေးကြီးသိတော့ ပုဏ္ဏိကာမဟာ ကျွန်မရဲ့သမီး ဖြစ်သော်လည်း ဉာဏ်ပညာ အလွန်ထက်မြက်တယ်လို့ မြတ်နိုးတဲ့အတွက် ကျွန်မ အဖြစ်က နုတ်ပြီး သမီးအရင်းလို အိမ်မှာထားတယ်။

ဒါကြောင့် ပုဏ္ဏိကာဟာ ကျွန်မက မွေးတဲ့ သပေါက်မ ဖြစ်သော်လည်း သူဌေးကြီးကို ရင်းရင်းနှီးနှီး ပြောဆိုဝံ့ခြင်း ဖြစ်တယ်။ ပုဏ္ဏိကာက "ဘုရားရှင် နောက်လိုက်ပြီး ပင့်ပေးပါရစေ၊ အခွင့် ပေးပါလို့" အကြောင်းပြပြီးတောင်း ပန်တော့ သူဌေးကြီးလဲ "ကိုင်း—ဒီလောက် အပြောကောင်းလှတာ၊ ဘုရား

ရှင်ကို ရအောင်ပင့်ပေတော့၊ နင်ပင့်လို့ ဘုရားရှင် ပြန်ကြွလာခဲ့ရင် နင့်ကို သမီးအရင်းအဖြစ် ငါမွေးစားမယ်''လို့ ကတိပေးပြီး ပုဏ္ဏိကာကို ဘုရားအပင့် ခိုင်းလိုက်တယ်။ ပုဏ္ဏိကာကလဲ အခွင့်ရလျှင်ရခြင်း ဘုရားရှင် နောက်ကို အပြေးလိုက်သွားတယ်။ ဘုရားရှင်ကိုမီတော့ ရှိသေစွာ ရှိခိုးပြီး ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား၊ ကျောင်းတော်သို့ ပြန်ကြွတော်မူပါဘုရား''လို့ လျှောက်ထားသတဲ့။ ဘုရားရှင်က ''ငါ ကျောင်းတော်ကို ပြန် သွား ဘော့ အသင် ဘာလုပ်မှာတုန်း'' လို့ မေးတော်မူတယ်။

ပုဏ္ဏိကာက ''အရှင်မြတ်ဘုရား-တပည့်တော်မဟာ သူတစ်ပါးရဲ့ အစေခံ ကျွန်မဆိုတာကို အရှင်မြတ် သိတော်မူပါတယ်။ တပည့်တော်မဟာ ကျွန်မ ဖြစ် လို့ တစ်စုံတစ်ခုသော လှူဖွယ်ဒါန်းဖွယ်တွေ့ကို မလှူဒါန်းနိုင်ပါဘူး၊ ဒါပေ မယ့် ရှင်တော်မြတ်ဘုရား ကျောင်းတော်ကို ပြန်ကြွရင် တပည့်တော်မဟာ သရဏဂုံသုံးပါးကို ဆောက်တည်ပြီး ငါးပါးသီလကို အမြဲ စောင့်ရှောက်ပါမယ် ဘုရား''လို့ လျှောက်ထားသတဲ့။ ဘုရားရှင်တို့ဟာ ''ပစ္စယဂရုက'' ပုဂ္ဂိုလ် များ မဟုတ်ကြဘူး၊ ''ဓမ္မဂရုက'' ပုဂ္ဂိုလ်များ ဖြစ်တော်မူကြတယ်။

''ပစ္စယဂရုက'' ဆိုတာ ပစ္စည်းကို အလေးအမြတ်ပြုသူလို့ ဆိုလိုတယ်။ ''ဓမ္မဂရုက''ပုဂ္ဂိုလ်ဆိုတာက ပစ္စည်းကို အလေးမထားဘူး၊ ကျင့်ဝတ်တရားကို အလေးထားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့် ပုဏ္ဏိကာ ကျွန်မလေးက သရဏဂုံ ဆောက်တည်ပါမယ်၊ ငါးပါးသီလ စောင့်ထိန်းပါမယ်လို့ ကတိပေးလိုက်တော့ သာဓု သာဓု လို့ ဘုရားရှင်က သာဓုခေါ်တော်မူပြီး ကျောင်းတော်ကို ချက် ချင်း ပြန်ကြွသတဲ့။ ဘုရားရှင် ပြန်ကြွလာတယ်ဆိုတော့ သာဝတ္ထိမြို့သူမြို့သား တွေလဲ အင်မတန်ဝမ်းသာပြီး ပုဏ္ဏိကာကို ကောင်းချီးပေးကြတယ်။ အဲဒီ ပြန်လည်ကြွတဲ့ပွဲမှာ ဘုရားရှင်ရဲ့တရားတော်ကို နာခံရလို့ ပရိသတ်အပေါင်း ရှစ်သောင်းလေးထောင် ကျွတ်တမ်းဝင်ပါသတဲ့။ ကျွန်မလေး ပုဏ္ဏိကာကိုလဲ သူဌေးကြီးက ကျွန်ဘဝကခွင့်လွှတ်ပြီး သမီးအဖြစ် မွေးစားလိုက်တယ်။

နောင်အခါ ပုဏ္ဏိကာဟာ သူဌေးကြီးထံအခွင့်ပန်ပြီး ဘိက္ခုနီမဝတ်ရာက အာသဝေါကုန်ခန်းတဲ့ ဘိက္ခုနီမအဖြစ် ဆိုက်ရောက်သွားတယ်။ ဒီအကြောင်းကို ပုဏ္ဏိကာထေရီမက ဘိက္ခုနီမများကို ဒီလိုလျှောက်ထားတယ်။

ပုရေတ္တိ ဦနကသတံ၊ ဇာဘာ သိက်ုလေ ယတော။
တတော ပုဏ္ဏာတိ နာမ မေ။ ဘုဇိဿံ မေ အကံသု တေ။
သေဋ္ဌိ တတောနုမာနေတွာ၊ ပဗ္ဗဇံ အနဂါရိယံ။
န စိရေနေဝ ကာလေန၊ အရဟတ္တမပါပုဏိံ။

ဒါသိက်ုလေ — ကျွန်မိန်းမအမျိုး၌၊ ဦနကသတံ–တစ်ရာပြည့်ရန် တစ်ယောက်ကျန်ရှိနေသည်ကို၊ ပုရေတ္တိ–ပြည့်စေလျက်၊ ယတော–အကြင်ကြောင့်၊ ဇာတာ–မွေးဖွားဖြစ်ပေါ်လာ၏၊ တတော–ထိုသို့ ကျွန်မိန်းမတစ်ရာ ပြည့်စေသောကြောင့်၊ မေ–တပည့်တော်မ၏၊ နာမံ–အမည်ကို၊ ပုဏ္ဏာတိ–ပုဏ္ဏာဟူ၍ ခေါ်ကြ၏၊ တေ–ထိုအရှင်သခင်တို့သည်၊ မေ–တပည့်တော်မအား၊ ဘုဇိဿံ–ကျွန်အဖြစ်မှလွတ်ရန် တော်လှန်သည်ကို၊ အကံသု–ပြုကြကုန်၏၊ တတော–ထိုသောတ္တိယပုဏ္ဏားကို တရားဟောပြီးနောက်၊ သေဋ္ဌိ–အနာထပိဏ် သူဌေးကြီးသည်၊ အနုမာနေတွာ–အလွန်မြတ်နိုး၍၊ အနာဂါရိယံ–ဘုရားသာသနာတော်၌၊ အဟံ–တပည့်တော်မ ပုဏ္ဏာသည်၊ ပဗ္ဗဇိံ–ရဟန်းမိန်းမ ပြုလုပ်ပါ၏၊ နံ စိရေနေဝကာလေန–မကြာမြင့်မီ ကာလ၌သာလျှင်၊ အရဟတ္တံ – အရဟတ္တဖိုလ်ကိုရသော ရဟန္တာမိန်းမအဖြစ်သို့၊ အပါပုဏိံ–ရောက်ပါ၏။

## တောင်ပြင်သို့ သာဝကကြီးနှစ်ပါးကြွခြင်း

ဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော်ကို ပြန်ရောက်တော်မူတော့ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကိုခေါ်တော်မူပြီး ဒက္ခိဏာအရပ်ကို ဒေသစာရီ ကြွချီဖို့ရာ အကြောင်းမညီညွတ်လို့ မကြွဖြစ်ဘူး၊ သင်တို့ဟာ သင်တို့ရဲ့ ပရိသတ်နှင့်အတူ အဲဒီ ဒက္ခိဏာဂိရိအရပ်ကို ဒေသစာရီကြွချီကြလို့ မိန့်တော်မူလိုက်တယ်။ ရှင်သာရိပုတ္တရာ နှင့် ရှင်မဟာ မောဂ္ဂလာန်တို့လဲ ဘုရားရှင်ရဲ့ အမိန့်တော်နှင့် ဒက္ခိဏာဂိရိအရပ်ကို ရဟန်းပရိသတ်အခြံအရံနှင့် ဒေသစာရီကြွချီ တော်မူကြရာ မကြာမီ နန္ဒမာတာ ဥပါသိကာမ နေထိုင်ရာ ဝေဠုကဏ္ဍကိရွာ နီးပါး ချဉ်းကပ်တော်မူလာကြတယ်။ နောက်တစ်ရက်ဆိုလျှင် ဝေဠုကဏ္ဍကိုသို့ ဆိုက်ရောက်တော်မူကြပေလိမ့်မယ်။

အဲဒီနေ့ နံနက်စောစောမှာ နန္ဒမာတာဥပါသိကာမဟာ အိပ်စက်ရာက ထပြီး ဘုရားရှင်ဟောတော်မူတဲ့ ပါရာယနသုတ်တော်ကို ဘုံ (၇) ဆင့် ရှိတဲ့ ပြာသာဒ်အထက်ဖျားကနေပြီး သာယာသောအသံဖြင့် ရွတ်ဆို စီးဖြန်းနေပါသတဲ့။ ဒီနေရာမှာ နန္ဒမာတာ ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ ပါရာယနသုတ်ဆိုတာ သုတ္တနိပါတ်ပါဠိတော်မှာ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်များဖြစ်ကြတဲ့ ပုဏ္ဏား ရသေ့ တစ်ကျိပ်ခြောက်ဦးတို့ရဲ့ အမေးကို ဘုရားရှင် ဖြေဆိုဟောကြားတဲ့တရားတော်ဖြစ်တယ်။ နိဗ္ဗာန်တည်းဟူသောတစ်ဘက်ကမ်းကို ရောက်စေနိုင်တဲ့အတွက် ''ပါရာယန''ဆိုတဲ့ အမည်ကိုရခြင်း ဖြစ်တယ်။

ဒီနေရာမှာ စာဖတ်သူများ ဗဟုသုတဖြစ်ပွားဖို့ရာ ပါရာယနသုတ် ဖြစ်ပေါ်လာပုံကို ပြောပြဦးမယ်။

## ပါရာယန နိဒါန်း

ကဿပဘုရားမပွင့်မီ ရှေးအခါက ဗာရာဏသီပြည်မှာ တကယ်တတ်မြောက်တဲ့ လက်သမားဆရာကြီးတစ်ယောက်ရှိတယ်။ အဲဒီလက်သမားဆရာကြီးမှာလဲ တပည့်ပေါင်း တစ်ကျိပ်ခြောက်ယောက်ရှိတယ်။ တပည့် တစ်ယောက်တစ်ယောက်မှာလဲ တပည့်ပေါင်း တစ်ထောင်စီရှိကြသတဲ့။ အားလုံးပေါင်းလိုက်လျှင် မြေးတပည့်ပေါင်း တစ်သောင်းခြောက်ထောင်နှင့် သားတပည့်ပေါင်း တစ်ကျိပ်ခြောက်ယောက်ရှိတာပေါ့။ အဲဒီလက်သမားတွေဟာ ဗာရာဏသီကိုမှီပြီး ဗာရာဏသီမြို့ရဲ့ အထက်တောင်ခြေရင်းမှာ စတည်းချ၊ သစ်ခုတ်တဲ့လူကခုတ်၊ ပျဉ်စိတ်တဲ့လူစိတ်၊ အဆောက်အအုံဆောက်လုပ်တဲ့လူကဆောက်လုပ်ပြီး ကုန်ကြမ်းတွေကိုဖောင်ဖွဲ့၊ ဗာရာဏသီကိုစုန်ကြတယ်။ မြို့ရောက်တော့ အလိုရှိတဲ့ မင်းသူဌေး၊ ကုန်သည်များထံရောင်းပြီး အသက်မွေးမြူကြသတဲ့။

တစ်ရက်တော့ လက်သမားဆရာကြီးက အကြံဖြစ်လာတယ်။ လက်သမားအလုပ်ဆိုတာ ပျို့ရွယ်တုန်းသာ လုပ်နိုင်ကိုင်နိုင်တယ်၊ အရွယ်အိုသွားလျှင် အားမရှိလို့ လုပ်ဖို့ မလွယ်ဘူး၊ အဲဒီတော့ လွယ်လွယ်နဲ့ အသက်မွေးရအောင် ဘယ်လိုလုပ်မယ်၊ အင်း–အကြံရပြီလို့ စိတ်ကူးပြီး တပည့်တွေကို ခေါ်လိုက်တယ်။ ခေါ်ပြီးတော့ ''တပည့်–ရေသဖန်း၊ လက်ပံစတဲ့ အနှစ်မပါတဲ့ သစ်တွေကိုဆောင်ခဲ့ကြစမ်း'' လို့ အမိန့်ပေးသတဲ့။ အနှစ်မပါတဲ့ သစ်တွေရောက်လာတော့ အဲ့ဒီ

သစ်တွေနှင့် ငှက်ဂဠုန်ရုပ်ကြီးလုပ်တယ်။ ပြီးတော့ အတွင်းက စက်ဆင်တယ်၊ စက်ဆင်ပြီးတော့ တပည့်တွေတင်ပြီး ပျံဝဲပြတယ်၊ ပျံဝဲပြပြီး တပည့်တွေကို ပြောသတဲ့။

"တပည့်တို့–လက်သမားအလုပ်ဆိုတာ အင်မတန် ပင်ပန်းတယ်၊ ဒီအရုပ်မျိုးတွေကို မင်းတို့လုပ်ကြ၊ ဒီအရုပ်မျိုးတွေနှင့် မိုးပေါ်ပျံဝဲပြီး တိုင်းပြည်တွေကို လိုက်သိမ်းရလျှင် လွယ်လွယ်ဘုရင်ဖြစ်နိုင်တယ်" လို့ ပြောတယ်။ တပည့်တွေကလဲ ဆရာ့စကားအတိုင်း သစ်သားဂဠုန်ရုပ်တွေကို လုပ်ကြတယ်။ ဂဠုန်ရုပ် လေယာဉ်ပျံတွေ အတော်များများ ပြီးစီးတော့ ဆရာကြီးက "ချစ်သားတို့–ဂဠုန်ရုပ် လေယာဉ်ပျံတွေတော့ ပြီးပြီ။ ခု–ဘယ်ပြည်ကို အရင်စတင်သိမ်းပိုက်ရလျှင် ကောင်းမလဲ" လို့ မေးလိုက်တယ်။ တပည့်များက "ဗာရာဏသီမြို့ကို အလျှင်သိမ်းပိုက်ရလျှင် ကောင်းပါလိမ့်မယ်ဆရာကြီး" လို့ ပြန်ပြောကြတယ်။

ဒီတော့ ဆရာကြီးက "မသင့်ဘူးချစ်သားတို့ ဗာရာဏသီတစ်မြို့လုံးက တို့ကို သိနေကြတာ၊ အကယ်၍ ငါတို့ မင်းဖြစ်လျှင်လဲ လက်သမားမင်း၊ လက်သမားအိမ်ရှေ့မင်းလို့ ပြောနေကြမှာပဲ၊ ဒီတော့ ဒီလိုလုပ်ကြစို့ကွာ၊ ဟောဒီဇမ္ဗူဒိပ်မြေပြင်ဟာ အင်မတန်ကျယ်ဝန်းတယ်။ တို့ဟာ ဘယ်သူ့ကိုမှ ရန်မရှာ၊ ဘယ်သူ့တိုင်းပြည်မှ မလုယက်ဘဲ သင့်တော်တဲ့နေရာသွားပြီး မြို့တည်ကြရလျှင် မကောင်းဘူးလား" လို့ မေးသတဲ့။ တပည့်များကလဲ ဆရာ့သဘောအတိုင်း လိုက်နာပါ့မယ်လို့ ဝန်ခံကြတော့ သားရော၊ မယားရော၊ လက်နက်များရော၊ ဂဠုန်ရုပ်လေယာဉ်ပျံပေါ်တင်ပြီး ဟိမဝန္တာဆီကို ရှေ့ရှုပျံကြတယ်။ ဟိမဝန္တာတောင်ခြေရောက်တော့ သင့်တော်တဲ့နေရာဆင်းပြီး မြို့သစ်တည်နေထိုင်ကြသတဲ့။

အဲဒီမြို့ကို 'ကဋ္ဌဝါဟနမြို့" လို့ ခေါ်ပြီး မင်းကိုတော့ "ကဋ္ဌဝါဟနမင်း" လို့ ခေါ်ကြတယ်။ တပည့်ကြီး တစ်ကျိပ်ခြောက်ယောက်တို့ကတော့ တိုင်းပြည်ကို အုပ်ချုပ်တဲ့အမတ်ကြီးများ လုပ်ကြသတဲ့။ အဲဒီကဋ္ဌဝါဟနမင်းဟာ နိုင်ငံတော်ကို တရားနှင့်အညီ အုပ်ချုပ်တဲ့အတွက် တိုင်းပြည်ဟာ တစ်ရက်ထက်တစ်ရက် စည်ပင်သာယာ ဝပြောလာပါသတဲ့။ တစ်ရက်သော့ မဇ္ဈိမဒေသက ကုန်သည်တွေဟာ ကုန်ရောင်းကုန်ဝယ်အတွက် ကဋ္ဌဝါဟနမြို့ကို ဆိုက်

ရောက်လာကြတယ်။ ကဋ္ဌဝါဟနမင်းထံသို့ လက်ဆောင်ပဏ္ဏာများ ဆက်သပြီး ဝင်ရောက်ဖူးမြော်ကြတယ်။ မင်းကြီးက "သင်တို့ ဘယ်အရပ်ကလဲ" မေးတော့ "ဗာရာဏသီမြို့ကပါဘုရား" လို့ လျှောက်ထားကြတယ်။ အဲဒီ ကုန်သည်များကို အကြောင်းပြုပြီး နောင်အခါ ကဋ္ဌဝါဟနမင်းနှင့် ဗာရာဏသီမင်းတို့ဟာ မမြင်ဖူးတဲ့ အဆွေခင်ပွန်းကြီးများ ဖြစ်သွားကြပါသတဲ့။

အဆွေခင်ပွန်းကြီးများ ဖြစ်လာကြတော့ တစ်တိုင်းပြည်နဲ့တစ်တိုင်းပြည် အပြန်အလှန် လက်ဆောင်ပစ္စည်းများ ပေးဆက်ကြတာပေါ့။ တစ်ခါတော့ ကဋ္ဌဝါဟနမင်းမှာ အလွန်အဖိုးထိုက်ပြီး အလွန်သိမ်မွေ့တဲ့ ကမ္ဗလာရှစ်ထည်ကို ရသတဲ့။ အဲဒီ ကမ္ဗလာရဲ့အရောင်ဟာ ထွက်သစ်စ နေရောင်လို ထွန်းပသတဲ့။ ကဋ္ဌဝါဟနမင်းကြီးဟာ ကမ္ဗလာရှစ်ထည်ကိုရတော့၊ ဗာရာဏသီမင်းထံပို့မယ်လို့ ရှေးဦးစွာ ဂျင်ငယ်သဏ္ဌာန် ဆင်စွယ်ကြုတ်ရှစ်လုံးကို ပွတ်စေတယ်။ ကမ္ဗလာရှစ်ထည်ကို ကြုတ်ရှစ်ခုတွင်ထည့်ပြီး အပေါ်က ချိပ်အုံ့စေတယ်။ ပြီးတော့ ကြုတ်ရှစ်လုံးကို သေတ္တာတွင်းထည့်၊ အဝတ်နှင့်ထုတ်ပြီး အထုပ်ပေါ်မှာ မင်းတံဆိပ်ခတ်တယ်။ တံဆိပ်အောက်က ပြည်၏အလယ်၌ အမတ်ပေါင်းခြံရံ၍ ဖွင့်ကြည့်ပါလို့ ကမ္ဗည်းရေးထိုးလိုက်သတဲ့။

အဲဒီကြုတ်တွေ ဗာရာဏသီပြည်ရောက်သွားတော့ ဗာရာဏသီမင်းက အမှာစာအတိုင်း မြို့အလယ်မှာ ဖွင့်စေတယ်။ သေတ္တာတွင်းက ဂျင်သဏ္ဌာန် ဆင်စွယ်ကြုတ်ကလေးများကိုမြင်တော့ ငါ့သူငယ်ချင်းဟာ ကလေးကစားစရာတွေ ပေးတယ်ထင်ပြီး ကြုတ်တစ်ခုကို သလွန်တော်နှင့် ခေါက်ကြည့်လိုက်တယ်။ အဲဒီတော့မှ ကြုတ်ပွင့်ပြီး ကမ္ဗလာမှန်းသိသတဲ့။ ကမ္ဗလာတစ်ထည်ကို ဖြန့်ပြီး တိုင်းတာကြည့်တဲ့အခါ အလျား(၁၆)တောင် အနံ(၈)တောင်ရှိကြောင်း သိသတဲ့။ ကမ္ဗလာများကို တန်ဖိုးဖြတ်စေတဲ့အခါ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိသတဲ့။ ဒီအခါ ဗာရာဏသီမင်းကလဲ ငါ့မိတ်ဆွေကတော့ လွန်စွာ၊ အဖိုးထိုက်တန်တဲ့ ကမ္ဗလာတွေကို လက်ဆောင်ပို့လိုက်ပြီ၊ ငါက ဘာလက်ဆောင် ပြန်ရပါ့မလဲ၊ လောကမှာ ရတနာသုံးပါးထက်မြတ်တဲ့ ရတနာဆိုတာ မရှိဘူး၊ ယခု ရတနာသုံးပါး ထင်ရှားဖြစ်ပွင့်နေကြောင်း ငါ့အဆွေထံ လက်ဆောင် ပြန်မယ်လို့ အကြံရပြီး—

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ"

ဗုဒ္ဓေါ-ဘုရားသခင်သည်၊ သဗ္ဗပါဏိနံ-ခပ်သိမ်းကုန်သော သတ္တဝါတို့၏၊ ဟိတာယ-လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများစေခြင်းငှာ။ လောကေ-လူ့ဘုံဌာန လူ့လောက၌၊ ဥပ္ပန္နော-ဖြစ်ပွင့်တော်မူလေပြီ။

"ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ"

ဓမ္မော-တရားတော်သည်၊ သဗ္ဗပါဏိနံ-ခပ်သိမ်းကုန်သော သတ္တဝါတို့၏ သုခါယ ချမ်းသာစေခြင်း အကျိုးငှာ။ လောကေ-လူ့ဘုံဌာန လူ့လောက၌၊ ဥပ္ပန္နော-ဖြစ်ပွင့်တော်မူလေပြီ။

"သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ"

သံဃော-သံဃာတော်၏။ အနုတ္တရံ-အတုမရှိသော။ ပုညက္ခေတ္တံ-ကောင်းမှုတည်းဟူသော မျိုးစေ့ကို စိုက်မျိုးကြဲချရာ လယ်ယာမြေ ကောင်းသဖွယ် ဖြစ်လျက်၊ လောကေ-လူ့ဘုံဌာန လူ့လောက၌၊ ဥပ္ပန္နော-ဖြစ်ပွင့်တော် မူလေပြီ။

ဂါထာတော်ကို ရွှေပေမှာ ဦးစွာရေးသားပြီး သီလကို ဘယ်လို ကျင့်သုံးရမည်၊ ဈာန်တရားရအောင် မည်သို့အားထုတ်ရမည်၊ အရိယာအဖြစ် သို့ရောက်အောင် လက္ခဏာရေး မည်သို့တင်ရမည်တို့ကို အစဉ်အတိုင်း ရွှေပေမှာ ရေးစေပြီး ရွှေပေကို ကောင်းစွာလိပ်စေဘယ်။ ပြီးတော့ ရွှေပေကို ရတနာကြုတ်တွင်းသွင်းတယ်၊ ရတနာကြုတ်ကို ပတ္တမြားကြုတ်တွင်း သွင်းတယ်၊ ပတ္တမြားကြုတ်ကို မသာရဂန်ကြုတ်တွင်း သွင်းပြန်တယ်၊ မသာရဂန်ကြုတ်ကို လောဟိတင်္ဂခေါ်တဲ့ ပတ္တမြားနီကြုတ်တွင်း သွင်းပြန်တယ်။ ပတ္တမြားနီကြုတ်ကို ရွှေကြုတ်တွင်း သွင်းပြန်တယ်။ ရွှေကြုတ်ကို ငွေကြုတ်တွင်း သွင်းပြန်တယ်၊ ငွေကြုတ်ကို ဆင်စွယ်ကြုတ်တွင်း သွင်းပြန်တယ်၊ ဆင်စွယ်ကြုတ်ကို နံ့သာကြုတ်တွင်း သွင်းပြန်တယ်၊ နံ့သာကြုတ်ကို သစ်သားကြုတ်တွင်း သွင်းပြန်တယ်။ သစ်သားကြုတ်ကို ပချုပ်ထဲမှာထည့်ပြီး အထပ်များစွာ ပုံဆိုးများနှင့် ရစ်ပတ်စေတယ်။

ပြီးတော့မှ မင်းတံဆိပ်ခတ်ပြီး ကြီးစွာသော အဆောင်အယောင်နှင့် ကဋ္ဌဝါဟနမင်းထံ ပို့စေသတဲ့၊ ကဋ္ဌဝါဟနမင်းဟာ လက်ဆောင်စကားကို ကြားတဲ့အခါအလွန်နှစ်လို ဝမ်းမြောက်ခြင်းဖြစ်ပြီး လောကမှာ ရတနာသုံးပါး ပွင့်ပြီတဲ့။ ငါဟာ သွားပြီး ဘုရားဖူးရရင်၊ တရားတော်ကို နာရရင်၊ ကောင်းမှာပဲလို့ကြံပြီး တပည့်အမတ်များနှင့် တိုင်ပင်တယ်။ တပည့်များက ရတနာသုံးပါး ဖြစ်ပေါ်တယ်ဆိုတာ ကျွန်တော်တို့ သွားရောက်စုံစမ်းပါ့မယ်။ အရှင်မင်းကြီး ငံ့တော်မူပါဦး၊ အကယ်၍ ရတနာသုံးပါး ဖြစ်ပေါ်ရိုးမှန်ရင် ကျွန်တော်တို့ ပြန်မလာတော့ပါ။ မဖြစ်ပေါ်ရင်တော့ ပြန်ခဲ့ပါမယ်လို့ပြောပြီး တပည့်ပေါင်း တစ်သောင်းခြောက်ထောင်နှင့်အတူ ထွက်ကြသတဲ့။ ဒီအခါ မင်းကြီးက တူတော်သူအမတ်ကို အများမပြန်ခဲ့ကြသော်လဲ မင်းကတော့ ပြန်ခဲ့ပါဦးလို့မှာလိုက်သတဲ့။

အဲဒီ ပုဂ္ဂိုလ်တွေကလဲ ခရီးအကြား ညဥ့်အိပ်ရုံမျှအနားယူကာ ခရီးပြင်းလာခဲ့ကြရာ မကြာမီ ဗာရာဏသီပြည်ကို ဆိုက်ရောက်လာကြသတဲ့။ ဒါပေမယ့် သူတို့မရောက်ခင်မှာဘဲ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူနှင့်လို့ ဘုရားရှင်ကို မဖူးရရှာဘူး။ သို့သော်လည်း ဘုရားရှင်ရဲ့ အဆုံးအမတော်ကို နာခံကြတဲ့အတွက် တူအမတ်မှတစ်ပါး အားလုံး ရဟန်းဝတ်ကြတယ်။ တူတော်သူ အမတ်ကတော့ ဘုရားရှင်ရဲ့ ဓမ္မကရိုဏ် ရေစစ်တော်ရလို့ ဓမ္မကရိုဏ်ရေစစ်တော်ရယ်၊ ဗောဓိပင်မျိုးစေ့ရယ်၊ ရဟန်းတော်တစ်ပါးရယ် ပင့်ဆောင်ပြီး ကဋ္ဌဝါဟနမြို့ကို ပြန်လာတယ်၊ ကဋ္ဌဝါဟနမင်းကြီးလဲ ဓမ္မကရိုဏ်ကို စေတီတော်တည်ပြီး ဌာပနာပြုတယ်။ ဗောဓိပင် မျိုးစေ့ကိုလဲ စိုက်ပျိုးတယ်၊ ရဟန်းတော် အရှင်မြတ်ကိုလဲ ကျောင်းဆောက်ပြီး တစ်သက်ပတ်လုံး ကိုးကွယ်ခဲ့၏။

ကဋ္ဌဝါဟနမင်းကြီး အသက်အတိုင်းနေလို့ ကွယ်လွန်တော့ နတ်ပြည်မှာ ဖြစ်တယ်။ ရဟန်းပြုကြတဲ့ တပည့်များလဲ ပုထုဇဉ်ဘဝနှင့် ကွယ်လွန်တဲ့အတွက် ကဋ္ဌဝါဟနမင်းကြီးနှင့် အတူတူ နတ်ပြည်မှာဖြစ်ကြတယ်။ ယခု ဂေါတမဘုရား ထင်ရှားဖြစ် ပွင့်ခါနီးရောက်တော့ ရှေးဦးစွာ ဆရာဖြစ်တဲ့ကဋ္ဌဝါဟနမင်းဟာ နတ်ပြည်က စုတေပြီး ပသေနဒီမင်းရဲ့ခမည်းတော် မဟာကောသလမင်းရဲ့ ပုရောဟိတ်သားဖြစ်လာတယ်။ နာမည်ကတော့ ဗာဝရီပုဏ္ဏားမျိုးဖြစ်တဲ့ "ဗာဝရီ"လို့ ခေါ်ကြတယ်။ ဗာဝရီပုဏ္ဏားမှာ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာ

သုံးပါးပါတယ်။ ဗေဒင်သုံးပုံကို ထွမ်းတစ်ဘက်ရောက် ကျွမ်းကျင်တယ်။ သူ့ခမည်းတော် ပုရောဟိတ်ကြီး ကွယ်လွန်တော့ မင်းပုရောဟိတ်ဖြစ်တယ်။

သူ့ရဲ့သားတပည့် တစ်ကျိပ်ခြောက်ယောက်နှင့် မြေးတပည့်ပေါင်း တစ်သောင်းခြောက်ထောင်တို့ ဟာလဲ မကြာခင် နက်ပြည်က စုတေပြီး သာဝတ္ထိပြည် ပုဏ္ဏားမျိုးမှာ ဖြစ်လာကြတယ်။ ရှေးက တပည့်ကြီး တစ်သောင်း ခြောက်ထောင် ဖြစ်ခဲ့ဖူးကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ အချိန်အရွယ် ရောက်လာတဲ့အခါ ဗာဝရီ ပုဏ္ဏားကြီးထံမှာ ပညာသင်တပည့်များ ဖြစ်လာကြတယ်။ ဒီလိုနှင့်ပဲ မဟာကောသလမင်းကြီး နတ်ထီးစံလွန်တော်မူတဲ့အခါ သားတော် ပသေနဒီကောသလဟာ မင်းအဖြစ် ရောက်လာတယ်။ ပသေဒီကောသလမင်း ဖြစ်လာတော့ ဗာဝရီပုဏ္ဏားဟာ ရှေးကထက်ပိုလွန်ပြီး မင်းရဲ့ချီးမြှောက်ခြင်းကို ခံရတယ်။ ဘာကြောင့်တုန်းဆိုတော့ ပသေနဒီကောသလမင်းဟာ ငယ်ရွယ်စဉ်က ဗာဝရီပုဏ္ဏားကြီးထံမှာ ပညာသင်ကြားခဲ့ဖူးလို့ပါပဲ။

တစ်ရက်ကျတော့ ဗာဝရီ ပုဏ္ဏားကြီးမှာ အကြံဖြစ်တယ်၊ ငါဟာ အသက်ကြီးပြီ၊ ကိုယ်ကျိုးစီးပွားအတွက် ဘာထွက်ပြီး တရားကျင့်မှ တော်လိမ့်မယ်လို့ အဲဒီလို အကြံဖြစ်ပြီး ရသေ့ရဟန်းပြုခွင့်ပေးဖို့ မင်းကြီးထံ အခွင့်ပန်သတဲ့။ ပသေနဒီကောသလမင်းကလဲ 'ဆရာရယ် ရသေ့ရဟန်း မပြုပါနဲ့၊ ဆရာရှိနေတာဟာ အကျွန်ုပ်ရဲ့ခမည်းတော်ရှိနေသလိုပဲ အောက်မေ့ပါတယ်'လို့ တောင်းပန်တယ်။ ဒါပေမယ့် တောင်းပန်လို့မရဘူး၊ ဒီတော့ မင်းကြီးက 'အရှင်ရသေ့ပြုလိုလျှင် မင်းဥယျာဉ်မှာပြုပါ''လို့ အခွင့်ပေးလိုက်တယ်။ ဗာဝရီပုဏ္ဏားကြီးလဲ ရသေ့ဝတ်ပြီး မင်းဥယျာဉ်မှာနေတယ်၊ ဆရာ ရသေ့ဝတ်တယ်ဆိုတော့ သားတပည့်တွေလဲ ရသေ့ဝတ်ပြီး ဥယျာဉ်ထဲမှာ နေကြတယ်။ မင်းကြီးကလဲ ရသေ့များကို ပစ္စည်းလေးပါး ထောက်ပံ့ပြီး ညဉ့်နံနက် မပြတ်ဆည်းကပ်သတဲ့။

တစ်ရက်တော့ တပည့်များက ဆရာကိုပြောကြတယ်။ ''ဆရာ-ရသေ့ဝတ်ပြီး မြို့အနီးမှာ နေကြတယ်ဆိုတာ အင်မတန် ကြောင့်ကြမှုတွေ ပေါများပါတယ်။ အဲဒါကြောင့် မြို့နှင့်ဝေးဝေး နေကြပါစို့''လို့ပြောတယ်။ ဆရာ

ကလဲ ဟုတ်တယ်လို့ ဝန်ခံပြီး မင်းထံပန်ကြားတယ်၊ မင်းကြီးကလဲ သုံးကြိမ်တိုင်အောင် တောင်းပန်တယ်၊ နောက်ဆုံး တောင်းပန်လို့ မရတော့မှ အမတ်နှစ်ယောက်ကိုခေါ် ငွေနှစ်သိန်းပေးပြီး "ဟောဒီဆရာများ တောထွက်တဲ့နောက် လိုက်သွားကြ၊ ဆရာများ နေတဲ့အရပ်မှာ ကျောင်းဆောက်ပေးကြ" လို့ စေခိုင်းပါသတဲ့။ ဗာဝရီ ပုဏ္ဏားရသေ့လဲ ဥတ္တရဇနပုဒ်က ဒက္ခိဏဇနပုဒ်ဆီကို ရှေးရှုပြီး တပည့်များခြံရံလျက် ကြွသွားတယ်။ ကောသလတိုင်းက လွန်မြောက်တဲ့အခါ ဂေါဓာဝရီဆိုတဲ့ မြစ်တစ်ခုကိုတွေ့တယ်။ ဂေါဓာဝရီမြစ်ရဲ့ အလယ်မှာ သုံးယူဇနာလောက် ကျယ်ဝန်းတဲ့ကျွန်းကြီး တစ်ကျွန်းရှိတယ်။

ဒီကျွန်းရဲ့တစ်ဝက်ကို အဿကတိုင်းက ပိုင်ဆိုင်တယ်၊ တစ်ဝက်ကိုတော့ အဠကတိုင်းက ပိုင်ဆိုင်တယ်။ ကျွန်းပေါ်မှာလဲ သစ်ပင်တောအုပ်ကြီးရှိတယ်။ ရှေးအခါက သရဘင်္ဂစတဲ့ရသေ့ကြီးများ နေထိုင်တဲ့ဌာနလည်းဖြစ်တယ်။ ဒီကျွန်းကြီးကိုတွေ့တော့ "ဒီနေရာဟာ ရသေ့ရဟန်းနှင့်လျောက်ပတ်တယ်၊ ဒီမှာပဲ နေတော့မယ်" လို့ အမတ်များကို အကြောင်းကြားတယ်၊ အမတ်များကလဲ အဿကမင်းကြီးထံ မြေခတစ်သိန်း၊ အဠကမင်းထံ မြေခ တစ်သိန်းပေးပြီး ရသေ့များနေထိုင်ဖို့ ကျောင်းဆောက်ပေးကြတယ်။ ရသေ့များ ဆွမ်းခံစားဖို့ ဆိုပြီး ရွာလဲ တည်ထောင်ပေးကြတယ်။ အဿကမင်းနှင့် အဠကမင်းတို့ကလဲ ရသေ့များကိုကြည်ညိုလို့ မြေတစ်ယူဇနာစီ ကပ်လှူကြတယ်။

ဤသို့အားဖြင့် ရသေ့များပိုင်တဲ့မြေက ငါးယူဇနာ ဖြစ်လာပါသတဲ့၊ အဲဒီအရပ်ကလဲ မြစ်နား ကမ်းနားဖြစ်လေတော့၊ မြေဩဇာက အင်မတန်ကောင်းလို့ ဂျုတ်၊ ပူး၊ သခွားတွေ၊ နှမ်းတွေ၊ စပါးတွေ၊ ပဲတွေအလွန် ဖြစ်ထွန်းတဲ့အတွက် တစ်စတစ်စနှင့် လူနေရာတွေဟာ စည်ကားလာတယ်။ အိမ်ခြေဘယ်လောက်ရှိလာသလဲဆိုတော့ အိမ်ခြေတစ်သိန်း ရှိတယ်။ အဲဒီအိမ်ခြေတွေက တစ်အိမ် တစ်ကျပ်ကျ အခွန်ကောက်ခံပြီး အခွန်ငွေတစ်သိန်းကို အဿကမင်းထံ ဆက်သကြသတဲ့။ အဿကမင်းကလဲ ဒီအခွန်တွေဟာ ငါနဲ့မဆိုင်ဘူး၊ ရသေ့များနှင့်သာ ဆိုင်တယ်၊ ဆရာရသေ့များကို လှူပါဆိုပြီး ဗာဝရီရသေ့ကြီးထံလှူစေသတဲ့။ ဒီလိုနည်းနဲ့ ဗာဝရီရသေ့ကြီးဟာ တစ်နှစ်တစ်ကြိမ် အခွန်ငွေ တစ်သိန်း

ရနေတယ်။ ဒီငွေကို ရသေ့ကြီး ဘာလုပ်သလဲဆိုတော့ အားလုံးလှူပစ်သတဲ့။ ဗာဝရိရသေ့ကြီး အလှူလုပ်တဲ့နေ့ဆိုရင် အလှူခံတွေဟာ တဖွဲဖွဲနဲ့ ရောက်လာကြတယ်၊ ရသေ့ကြီးကလဲ တစ်ပြားတစ်ချပ်မျှ မချန်ဘူး၊ လာသမျှအားလုံး ပေးလှူပစ်တာပဲတဲ့။

## ကြောက်စရာ့အလှူခံ

တစ်နေ့တော့ ရွာတစ်ရွာမှာ ပုဏ္ဏားအိုဘာစ်ယောက် ရှိသတဲ့။ အဲဒီ ပုဏ္ဏားအိုဟာ လမ်းသွားရင် ခြေထောက်ခြင်း တိုက်ခတ်ပြီး ယိုင်တိုင် ယိုင်တိုင်နဲ့ သွားတတ်သတဲ့။ သွားချေးတွေကလဲ ထူသတဲ့။ ခေါင်းမှာလဲ မြူမှုန် အလိမ်းလိမ်း ကပ်ငြိနေသတဲ့။ ဒါပေမယ့် ပုဏ္ဏားအိုဟာ မယားငယ်လှလှကလေးကို ရထားတယ်။ ပုဏ္ဏေးမလှလှလေးက လင်အိုကြီးကို ယူတယ်ဆိုတာ လင့်လုပ်စာ အချောင်စားချင်လို့ ယူတာတဲ့။ ဒါပေမယ့် သူ့တွက်ချက် မကိုက်ဘူး။ သူ့လင် ပုဏ္ဏားအိုကြီးမှာ ငွေလဲမရှိဘူး၊ အိမ်မှုကိစ္စတွေကိုလဲ သူကိုယ်တိုင် လုပ်နေရတော့ ပင်ပန်းတယ်၊ ဒါကြောင့် အခိုင်းအစေတစ်ယောက်လောက်တော့ ရမှဖြစ်လိမ့်မယ်။

အခိုင်းအစေဆိုတာ ငွေပေးမှ ရနိုင်တယ်၊ ခုတော့ သူ့လင်အိုကြီးမှာ ငွေလဲမရှိဘူး၊ ဒီတော့ ဗာဝရိရသေ့ကြီး အလှူပေးတဲ့ဆီ သူ့လင်အိုကြီးကို အလှူခံခိုင်းမှ ဖြစ်မယ်လို့ ယူဆပြီး လင်အိုပုဏ္ဏားကြီးကို ဗာဝရိရသေ့ကြီးထံ အလှူခံချေလို့ ခိုင်းလိုက်သတဲ့။ ပုဏ္ဏားအိုကြီးလဲ မယားစကား နားထောင်ပြီး အလှူခံလာခဲ့တယ်။ ဒါပေမယ့် သူ ဗာဝရိရသေ့ကြီးထံ ရောက်တဲ့အချိန်မှာ ဗာဝရိရသေ့ကြီးဟာ အလှူပေးပြီး ဖြစ်နေပြီ။ ပုဏ္ဏားအိုကတော့ အလှူပေးပြီးတာ မပေးပြီးတာကို နားမလည်ဘူး၊ သူက ငွေသာ ရချင်တယ်၊ ဒါကြောင့် ဗာဝရိရသေ့ကြီးရဲ့ သခ်မ်းကျောင်းတွင်းကို ဝင်သွားတယ်။ သူဝင်လာတာ မြင်တော့ ဗာဝရိရသေ့ကြီးက ဆီးကြိုပြီး နေရာပေးတယ်။ "ဘယ်ကိစ္စ ကြွလာပါသလဲ" လို့လဲ မေးတယ်၊ ဒီတော့ ပုဏ္ဏားအိုက "အိုရသေ့ကြီး-

အသင်ဟာ အလှူဒါနပြုနေတဲ့ ပုဂ္ဂိုလ်အဖြစ် အလွန်ထဲင်ရှားတယ်။ ကျွန်ုပ်မှာ ယခု ငွေ အင်မတန် လိုနေပါတယ်၊ ကျွန်ုပ်ကို ငွေ (၅၀၀) လှူပါ'' လို့ အလှူခံလိုက်တယ်။

ဗာဝရီရသေ့ကြီးဟာ ''ပေးလှူစရာတွေအားလုံး ပေးလှူပြီးပြီ၊ ကျွန်ုပ်ကို ခွင့်လွှတ်ပါ၊ ကျွန်ုပ်မှာ ငွေတစ်ပြားမှ မရှိတော့လို့ သင်အလှူခံတဲ့ငွေကို မပေးနိုင်တော့ပါဘူးလို့'' ပြန်ပြောတယ်။ ဒီတော့ ပုဏ္ဏားအိုက ''ကျွန်ုပ် ငွေငါးရာမရရင် ဖြစ်ကို မဖြစ်နိုင်ပါဘူး၊ ဘယ်နည်းနှင့်ဖြစ်ဖြစ် ငွေငါးရာတော့ လှူမှ ဖြစ်ပါလိမ့်မယ်၊ လှူပါ'' လို့ အတင်းအလှူခံတယ်။ ဗာဝရီရသေ့ကြီးက ''သင်က နောက်ကျသွားတာကိုး၊ အချိန်မီလာရင်တော့ ရပါတယ်၊ အခုတော့ ဘယ်လိုမှ မတတ်နိုင်တော့ဘူး'' လို့ ပြောတော့ အလှူခံတဲ့ ပုဏ္ဏားအိုက သူအလှူခံတာကို မလှူရကောင်းလားလို့ စိတ်ဆိုးသတဲ့။ သူများပစ္စည်းကိုလို မတရား အလှူခံသေးတယ်၊ အလှူခံတာ မရတော့လဲ သူက စိတ်ဆိုးသတဲ့။

ဒီအလှူခံပုဂ္ဂိုလ် ပုဏ္ဏားအိုဟာ ကြောက်စရာမကောင်းဘူးလား၊ ပုဏ္ဏားအိုဟာ စိတ်ဆိုးရုံဆိုးတာ မဟုတ်ဘူး၊ သခ်မ်းကျောင်းအတွင်းက အပြင်ကို ထွက်ပြီး ရှေးဦးစွာ နွားချေးနှင့် ကျောင်းသခ်မ်းအဝ မြေပြင်ကို လိမ်းကျံလိုက်တယ်၊ နွားချေးလမ်းကျံထားတဲ့ မြေပြင်ပေါ်ကို တောပန်းများ ဖြန့်ကြဲ၊ သမန်းမြက်များ ဖြန့်ခင်းတယ်၊ လက်ဝဲခြေကို ကရားက ရေနှင့်ဆေးပြီး (၇) လှမ်း လှမ်းတယ်၊ ပြီးတော့ ခြေဖဝါးအပြင်ကို လက်နှင့်သုံးသပ်ပြီး အံ့ဘွယ်သရဲ ဟန်ဆောင်လိုက်တယ်။ ဒါဟာ ဘာလုပ်တာတုန်းဆိုတော့ မြင်တဲ့လူ အထင်ကြီးအောင် လုပ်တဲ့သဘောပေါ့။

ပြီးတော့မှ ''ငါတောင်းတဲ့ငွေကို မပေးရင် (၇) ရက်မြောက်တဲ့နေ့မှာ ဦးခေါင်း (၇) စိတ်ကွဲပြီး မြေသို့ ပြုတ်ကျပါစေ'' လို့ ကြောက်မက်ဖွယ်ရာကို ကျိန်ဆိုလိုက်တယ်။ သူက ကြောက်မက်ဖွယ် ကျိန်ဆိုလိုက်တော့ ဗာဝရီရသေ့ကြီးဟာ အလွန် စိတ်ဆင်းရဲသွားရှာတယ်။ ဒီအချိန်မှာ ရသေ့ကြီးရဲ့ အသက်ဟာ (၁၂၀) ရှိနေပြီ၊ အသက်အရွယ် အလွန်ကြီးမားတဲ့အချိန်မှာ စိတ်ဆင်းရဲမှု ကြုံရလေတော့ စားမဝင်အိပ်မပျော်ဖြစ်ပြီး အသားအရေများ ခန်း

ခြောက်လာပါသတဲ့။ ဒီအခြင်းအရာကို ကျောင်းသခ်မ်းမှာ စိုးအုပ်နေတဲ့ ကျောင်းစောင့်နတ်က မြင်တော့ ရသေ့ကြီးကို အင်မတန် သနားသွားတယ်။ ဒါကြောင့် ရသေ့ကြီးရှေ့မှာ ကိုယ်တိုင်ပြပြီး ပြောသတဲ့။

''အို....သူမြတ်ကြီး၊ သူယုတ်မာပုဏ္ဏား ကျိန်ဆဲတဲ့အတွက် စိတ်ဆင်းရဲ မနေနှင့်၊ သူယုတ်ပုဏ္ဏားဟာ အရှင့်ဦးခေါင်း (၇) စိတ်ကွဲပြီး မြေသို့ပြုတ်ကျပါစေလို့ ကျိန်ဆဲသော်လည်း သူဟာ ပကတိဦးခေါင်းနှင့် ဦးခေါင်းပြုတ်ကျမှုကိုသာ သိချင် သိမယ်၊ တရားဦးခေါင်းနှင့် တရားဦးခေါင်း ပြုတ်ကျမှုကိုတော့ သိနိုင်တဲ့ဉာဏ် ရှိသူ မဟုတ်ပါဘူး။ ဒါကြောင့် သူယုတ်ပုဏ္ဏား ကျိန်ဆဲတာကို အလေးဂရုမပြုပါနဲ့'' လို့ ပြောသတဲ့။ ဒီအခါ ရသေ့ကြီးက ''သင် ဘယ်သူတုန်း'' လို့ မေးတယ်။ နတ်က ''ကျွန်ုပ်ဟာ ဒီကျောင်းကို စောင့်ရှောက်နေတဲ့ နတ်ဖြစ်ပါတယ်'' လို့ ပြောတယ်။

ရသေ့ကြီးက ''သင်နတ်မင်း ပြောကြားတဲ့ တရားဦးခေါင်းဆိုတာ ဘာလဲ၊ တရားဦးခေါင်းပြုတ်ကျမှု ဆိုတာကော ဘာလဲ'' လို့ မေးတယ်။ နတ်သားက ''အို-ရသေ့မြတ်၊ တရားဦးခေါင်းနှင့် တရားဦးခေါင်းပြုတ်ကျမှု ဆိုတာ ဘုရားရှင်ရဲ့ အရာဖြစ်လို့ ကျွန်ုပ်လဲ မသိပါဘူး၊ အကယ်၍ ရသေ့မြတ် သိလိုလျှင် ဘုရားရှင်ထံ သွားရောက်လျှောက်ထားပါ၊ မြတ်စွာဘုရားက သင့်ကို ဖြေကြားပါလိမ့်မယ်'' လို့ ပြန်ပြောတယ်။

## ဗာဝရီနှင့် ဘုရားရှင်

ဗာဝရီရသေ့ကြီးဟာ ဘုရားဆိုတဲ့ စကားကြားရတဲ့အတွက် ဝမ်းမြောက် တက်ကြွတဲ့စိတ် ဖြစ်ပေါ်လာတယ်။ စိတ်ဆင်းရဲမှုလဲ ငြိမ်းအေးသွားတယ်။ ဒါကြောင့် ''အို....နတ်မင်း၊ မြတ်စွာဘုရားသခင်ဟာ ယခု ဘယ်မှာ သီတင်းသုံး နေထိုင်ပါသလဲ'' လို့ မေးလိုက်တယ်။ နတ်သားက ''အို....အရှင်ရသေ့ကြီး၊ မြတ်စွာဘုရားသခင်ဟာ ယခု ကောသလတိုင်းရဲ့ မြို့တော်ဖြစ်တဲ့ သာဝတ္ထိပြည်မှာ သီတင်းသုံးတော် မူနေတယ်၊ ဘုရားရှင်ထံ အရောက်သွားပြီး

အရှင်ရသေ့ကြီး မေးမြန်းချေတော့'' လို့ ပြောဆိုသွားသတဲ့။ နတ်က ဒီလို ပြောသွားတော့ ရသေ့ကြီးဟာ တပည့်ကြီး တစ်ကျိပ်ခြောက်ယောက်တို့ကို ခေါ်ပြီး—

''ချစ်သားတို့—လောကမှာ ဘုရားပွင့်ခြင်းကို အလှန်ရခဲတယ်၊ ပွင့်ရန် ရခဲလှတဲ့ ဘုရားရှင်ဟာ ယခု လောကသုံးပါးမှာ ပွင့်တော်မူပြီး သာဝတ္ထိပြည် မှာ သီတင်းသုံးနေတော်မူသတဲ့၊ သင်ချစ်သားတို့ အမြန်သွားပြီး ဖူးချေကြ'' လို့ စေခိုင်းသတဲ့။ ဒီတော့ တပည့်များက ''ဆရာကြီး—ကျွန်တော်တို့ဟာ ပုဂ္ဂိုလ် ကို မြင်ရုံနှင့် ဘုရားလို့ ဘယ်လိုလုပ်ပြီး သိမလဲ၊ ဘုရားလို့ သိနိုင်လောက်တဲ့ အကြောင်းကိုလဲ ပြောပြပါဦး'' လို့ မေးကြတော့ ဗာဝရီရသေ့ကြီးက ''ချစ်သားတို့—ဝေဒကျမ်းမှာ မဟာပုရိသလက္ခဏာ (၃၂) ပါးကို ပြည့်ပြည့် စုံစုံ သင်တို့ကို ငါပို့ချပေးပြီး ဖြစ်တယ်။ အဲဒီ လက္ခဏာ (၃၂) ပါးနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ လူသားဆိုလျှင် လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်း ဖြစ်တယ်။ ရဟန်းဆိုရင်လဲ အတုမရှိတဲ့ ဘုရားဖြစ်တယ်။ ဒီလက္ခဏာနှင့် တိုက် ဆိုင်ပြီး ဘုရား ဟုတ်မဟုတ် သိကြရမယ်၊ အကယ်၍ လက္ခဏာ (၃၂) ပါးနှင့် ပြည့်စုံသူ ဖြစ်ခဲ့လျှင် အဲသည်ပုဂ္ဂိုလ်ကို စိတ်ဖြင့် အမေး (၇) ချက် မေးကြရ မယ်။ အမေး (၇) ချက်က—

(၁) ငါ့ရဲ့အသက် ဘယ်လောက်ရှိပြီလဲ၊
(၂) ငါဟာ ဘယ်အမျိုးအနွယ်ဖြစ်သလဲ၊
(၃) ငါ့မှာ ထူးခြားတဲ့ ဘယ်လက္ခဏာတွေရှိသလဲ၊
(၄) ငါဟာ ဘာကျမ်းများကို တတ်သလဲ၊
(၅) ငါ့မှာ တပည့်ကြီးပေါင်း ဘယ်လောက်ရှိသလဲ၊
(၆) တရားဦးခေါင်းဆိုတာ ဘာလဲ၊
(၇) တရားဦးခေါင်း ပြုတ်ကျမှုဆိုတာ ဘာလဲ၊

ဒီအမေး (၇) ချက်တို့ကို စိတ်နှင့် မေးမြန်းကြ၊ ဘုရားစင်စစ် မှန်ကန်ခဲ့ လျှင် သင်တို့ စိတ်နှင့်မေးတာကို နှုတ်ဖြင့် ဖြေကြားတော်မူလိမ့်မည်'' လို့ ပြန် ပြောတယ်။

## ဘုရားကြွရာလိုက်ကြခြင်း

ဒီအခါ တပည့်ကြီးများဖြစ်ကြတဲ့ အဇိကတိဿမေတ္တေယျ၊ ပုဏ္ဏကမေတ္တဂူ၊ ဓောတက၊ ဥပသီဝ၊ နန္ဒ၊ မေတက၊ တောဒေယျ၊ ကပ္ပဇတုကဏ္ဏိ၊ ဘဒြာဝုဓ၊ ဥဒယ၊ ပေါသာလာမောဃရာဇ၊ ပိင်္ဂိယတို့ဟာ ဆရာ့စကားကို နာခံပြီး ဘုရားဖူးဖို့ မြောက်အရပ်ကို ရှေ့ရှုထွက်ခွာလာကြတယ်။

ရှေးဦးစွာ အဿကမင်းစံရာ အာဟိဿတီဆိုတဲ့ မြို့တော်ကို ရောက်ကြတယ်၊ အဲဒီက ထွက်ခွာလာကြတော့ ဥဇ္ဇေနီပြည်၊ ဂေါနဒ္ဓမြို့၊ ဝေဒိသမြို့၊ ဝနသမြို့များကို ရောက်ကြတယ်။ အဲဒီကတစ်ဖန် ထွက်ခွာလာကြပြန်တော့ ကောသမ္ဗီပြည်ကို ရောက်တယ်၊ အဲဒီက သာကေတမြို့၊ သာဝတ္ထိမြို့၊ သေတဗျမြို့၊ ကပိလဝတ်ပြည်၊ ကုသိနာရုံပြည်များကို ရောက်ကြတယ်။ အဲဒီက ဆက်ခါခရီးဆက်ကြပြန်တော့ ပါဝါပြည်၊ ဘောဂနာဂရမြို့၊ ဝေသာလီပြည်ကို ရောက်ကြပြန်တယ်၊ ဘုရားရှင်က ဒေသစာရီ ကြွချီတော်မူတော့ ဘုရားရှင်က ရှေ့ကသွား၊ သူတို့က နောက်ကလိုက်နှင့် ဝေသာလီပြည်ကျတော့ ဘုရားရှင် ရာဇဂြိုဟ်ကို ထွက်ခွာကြွသွားကြကြောင်း သတင်းရလို့ ရာဇဂြိုဟ်မြို့ကို လိုက်ကြရပြန်တယ်၊ ဒီအချိန်မှာ ဘုရားသခင်ဟာ ရာဇဂြိုဟ်မြို့ ပါသာဏနတ်ကွန်းရှိရာ ဟောင်မှာ သီတင်းသုံးနေတော်မူတယ်။

ဒီသတင်းရတော့ ပုဏ္ဏားရသေ့ကြီး တစ်ကျိပ်ခြောက်ယောက်တို့ဟာလဲ ဘုရားရှင် စံတော်မူရာ ပါသာဏနတ်ကွန်းတောင်ကို တက်ကြတယ်၊ ပုဏ္ဏားရသေ့တပည့်ကြီးများ ဘုရားရှင်ကို ဖူးတွေ့ရတဲ့ အချိန်မှာ ဘုရားရှင်ဟာ သံဃာတော်များကို တရားဟောနေတယ်၊ ဒါကြောင့် သူတို့ဟာ ဘုရားရှင်ထံ ရှုတ်တရက်မဝင်သေးဘဲ ပရိသတ်အစွန်က ဘုရားရှင်ကိုကြည့်ပြီး (၃၂)ပါးသော လက္ခဏာတော် ရှိ-မရှိ စုံစမ်းကြတယ်။ လက္ခဏာတော် (၃၂)ပါးနှင့် ပြည့်စုံညီညွတ်ကြောင်း သိတော့ ဒီပုဂ္ဂိုလ်ဟာ ကေန် ဘုရားပဲလို့ ယုံကြည်ပြီး ဆရာကြီးမှာကြားလိုက်တဲ့ ပုစ္ဆာ(၇)ချက်ထဲက ပထမပုစ္ဆာဖြစ်တဲ့—

"ဗာဝရီ ပုဏ္ဏားရသေ့ကြီး အသက် ဘယ်လောက်ရှိပြီလဲ" ဆိုတာကို စိတ်နှင့် မေးလိုက်တယ်၊ သူတို့မေးလျှင်မေးခြင်း ဘုရားရှင်က တရားဟောတာ

ကို ခဏဖြတ်ထားပြီး "သင်တို့ ဆရာကြီးရဲ့အသက်(၁၂၀)ရှိပြီ" လို့ နှုတ်က ဖြေလိုက်သတဲ့။

ဒီအခါတပည့်ကြီးက တစ်ဆင့်တက်ပြီး "ကျွန်ုပ်တို့ဆရာကြီးဟာ ဘယ်အနွယ် ဖြစ်ပါသလဲ" လို့ စိတ်နှင့်မေးတယ်။ ဘုရားရှင်ကလဲ မဆိုင်းမတွ "သင်တို့ဆရာကြီးဟာ ဗာဝရီအနွယ်ဖြစ်တယ်" လို့ နှုတ်ဖြင့် ဖြေဆိုပြန်တယ်။

တပည့်ကြီးက "ကျွန်ုပ်တို့ ဆရာကြီးရဲ့ကိုယ်မှာ ထူးခြားတဲ့လက္ခဏာ ဘာများ ရှိပါသလဲ" လို့ စိတ်နှင့်မေးမြန်းတယ်၊ ဘုရားရှင်က "ကျယ်ပြန့်သော လျှာ၊ ဥဏ္ဏလုံမွေးရှင်နှင့်အအိမ်ဖြင့် ဖုံးလွှမ်းအပ်တဲ့ အင်္ဂါမြတ် ပါရှိကြောင်း" နှုတ်ဖြင့် ဖြေဆိုတော်မူပြန်တယ်။

တပည့်ကြီးက "ဆရာကြီး ဘာပညာများ တတ်ပါသလဲ" လို့ စိတ်နှင့် မေးပြန်တယ်။ ဘုရားရှင်က "ဗေဒင်သုံးကျမ်းတို့၌ တစ်ဘက်ကမ်းရောက် တတ်မြောက် ကျွမ်းကျင်တယ်" လို့ နှုတ်ဖြင့် ဖြေဆိုပြန်တယ်။

တပည့်ကြီးက "ကျွန်ုပ်တို့ဆရာကြီးမှာ တပည့်အပေါင်း မည်မျှရှိပါသလဲ" လို့ စိတ်နှင့်မေးပြန်တယ်။ ဘုရားရှင်က "ဗေဒင်ကျမ်းများကို ကြိမ်လျှင် တပည့်ငါးရာ ပို့ချတယ်" လို့ နှုတ်နှင့် ဖြေဆိုတော်မူတယ်။

အဲဒီအခါ တပည့်ကြီး တစ်ကျိပ်ခြောက်ယောက်တို့က ဘုရားရှင်အပေါ် သံသယကင်းရှင်းစွာ ယုံကြည်ပြီး ပရိသတ်အတွင်းဝင်ကာ ဘုရားရှင်ရဲ့ ခြေတော်ကို ဦးတိုက်ရှိခိုးကြသတဲ့။ ရှိခိုးပြီးသော် "အရှင်ဘုရား တပည့်တော်များဟာ အသက် (၁၂၀) ရှိ၍ ဗေဒင်သုံးကျမ်း တစ်ဘက်ကမ်းခတ် တတ်မြောက် ကျွမ်းကျင်တဲ့ ဗာဝရီပုဏ္ဏားကြီးရဲ့ တပည့်များ ဖြစ်ပါတယ်"

"တပည့်တော်များရဲ့ ဆရာကြီးဟာ မြတ်စွာဘုရားသခင်ကို လွန်စွာ ဖူးတွေ့လိုလှပါသော်လည်း အသက်အရွယ်ကြီးမား၍ မလာနိုင်တဲ့အတွက် တပည့်တော်များဟာ ဆရာကြီးရဲ့ ကိုယ်စား အဖူးမြော်လာခြင်း ဖြစ်ပါတယ်"

"အရှင်မြတ်ဘုရား၊ တပည့်တော်များရဲ့ ဆရာ ဗာဝရီရသေ့ကြီးဟာ တရားဦးခေါင်းကို လည်းကောင်း၊ တရားဦးခေါင်း ပြုတ်ကျမှုကိုလည်းကောင်း လွန်စွာ သိလိုနေပါတယ်၊ အရှင်ဘုရား ထိုအမေးကို ဖြေကြားတော်မူပါ" လို့ အဇိတ က ခေါင်းဆောင်ပြီး လျှောက်ထားသတဲ့။

ဘုရားရှင်က "အဇိတ–အမှန်တရားကို မသိတဲ့အဝိဇ္ဇာတရားဟာ သံသရာရဲ့ ဦးခေါင်းဖြစ်တယ်;

"သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဆန္ဒ၊ ဝီရိယတို့နှင့် ယှဉ်တဲ့ အရဟတ္တမဂ်လို့ ဆိုရတဲ့ ဝိဇ္ဇာတရားဟာ သံသရာဦးခေါင်းကို ဖြုတ်ချတတ်တဲ့ တရားလို့ မှတ်ကြရမယ်" လို့ ဖြေဆိုတော်မူလိုက်တယ်။

ဒီအခါ ပုဏ္ဏားရသေ့များဟာ လွန်စွာ နှစ်သက်ကြတဲ့အတွက် ဘုရားရှင်ရဲ့ ခြေတော်အစုံကို ရှိခိုးကြပြီး "ပညာစက္ခုနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်များနှင့်တကွ ဗာဝရီပုဏ္ဏားရသေ့ကြီးဟာ အင်မတန် ဝမ်းမြောက်လှသည် ဖြစ်၍ အရှင်မြတ်ရဲ့ ခြေတော်အစုံကို ရှိခိုးကြပါတယ်" လို့ လျှောက်ထားကြတယ်၊ ဘုရားရှင်ကလဲ "တပည့်များနှင့်တကွ ဗာဝရီပုဏ္ဏားရသေ့ကြီး ချမ်းသာပါစေ၊ အသက်ရှည်ပါစေ" လို့ ဆုချီးမြှင့်တော်မူပြီး "ဗာဝရီပုဏ္ဏားရသေ့ကြီးအတွက် ဖြစ်စေ၊ သင်တို့တပည့်များအတွက်ဖြစ်စေ၊ သင်တို့ ယုံမှားခြင်းရှိသမျှ မေးကြ" လို့ ဘုရားရှင်က ခွင့်ပေးတော်မူတဲ့အတွက် အဇိတ၊ တိဿမေတ္တေယျ အစရှိလဲ တပည့်ကြီး တစ်ကျိပ်ခြောက်ယောက်တို့က ပုစ္ဆာအသီးသီး မေးလျှောက်ကြတယ်။ အဲဒီ မေးလျှောက်သမျှ ပုစ္ဆာများကို ဘုရားရှင် ဖြေကြားတော်မူတဲ့ သုတ္တန်ဒေသနာတော်ကတော့ ပါရာယနသုတ္တန်လို့ ခေါ်ဆိုရတယ်။

## ဝေဿဝဏ်နတ်မင်း သာဓုခေါ်ခြင်း

ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာဥပါသိကာမဟာ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ မဆိုက်ရောက်လာမီ နံနက်စောစောအချိန်မှာ ဒိပါရာယနသုတ္တန်ဘောင်ကို သာယာသောအသံနှင့် ရွတ်အံပြန်ဆိုနေပါသတဲ့။

ဒီအချိန်မှာ ဝေဿဝဏ်နတ်မင်းကလဲ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကြောင့် လူယာဉ်ကိုစီးပြီး ကောင်းကင်ယံ မြောက်အရပ်က တောင်အရပ်ကို သွားတယ်၊ အဲဒီလိုသွားရင်း နန္ဒမာသာရဲ့ ရွတ်အံသရဇ္ဈာယ်သံကို ကြားရ၍ နားစိုက်ပြီးထောင်လိုက်တယ်၊ ဘုရားရှင်ရဲ့ ပါရာယနသုတ်ကို ရွတ်အံနေမှန်းသိတော့ ကောင်းကင်ယံက သက်ဆင်းပြီး တရားဆုံးအောင်နာသတဲ့။ တရားဆုံးတော့ ''သာဓု ဘဂိနိ၊သာဓု ဘဂိနိ၊နှမ–ကောင်း၏၊နှမ–ကောင်း၏'' လို့ အနုမောဒနာပြုတယ်။ နတ်မင်းရဲ့ အနုမောဒနာပြုသံကြားတော့ နန္ဒမာတာဥပါသိကာမက–

''ကော ပနေသော ဘဒြမုခ'' ''ကောင်းသောမျက်နှာအဆင်းရှိတဲ့ အရှင်၊ အရှင်ဟာ အဘယ်သူဖြစ်ပါသလဲ'' လို့ မေးတယ်၊ နတ်မင်းက ''အဟံ တေ ဘဂိနီ ဘာတာ ဝေဿဝဏော မဟာရာဇာ'' ''နှမတော်၊ ငါဟာ သင့်ရဲ့ မောင်တော် ဝေဿဝဏ်နတ်မင်းဖြစ်တယ်''လို့ ပြန်ပြောတယ်။

ဒီတော့ နန္ဒမာတာ ဥပါသိကာမက ''ကောင်းသောမျက်နှာရှိသော ဝေဿဝဏ်နတ်မင်း၊ ကျွန်မ ရွတ်ဖတ်သရဇ္ဈာယ်သော ဤပါရာယနသုတ္တန်ဒေသနာတော်ဟာ မောင်ကြီးဖြစ်သော အသင်နတ်မင်းအား ပေးကမ်းစရာ လက်ဆောင်မွန်ဖြစ်ပါစေ'' လို့ ပြောသတဲ့။

ဝေဿဝဏ်နတ်မင်းက ''နှမတော်–ကောင်းလှပါ၏။ ကောင်းလှပါ၏။ ဤတရားတော်ဟာ ငါ့အတွက် လက်ဆောင်မွန်ဖြစ်ပါစေ၊ မနက်ဖန်ခါမှာ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်အမှူးရှိတဲ့ သံဃာတော်များ နံနက်စာ မစားရသေးမီ ဒီဝေဠုကဏ္ဍကီမြို့ကို ဆိုက်ရောက်တော်မူလာကြလိမ့်မယ်၊ ထိုရဟန်းတော်များကိုလဲ ဆွမ်းကျွေးပြီး ငါ့ကို အမျှဝေပါဦး၊ အဲဒီ အမျှဝေခြင်းဟာလဲ ငါ့အတွက် လက်ဆောင်မွန်ဖြစ်ပါလိမ့်မယ်'' လို့ ပြောပြီး တရားတော်ကို

ပူဇော်သောအားဖြင့် နန္ဒမာတာ ဥပါသိကာမပိုင်ဆိုင်တဲ့ စပါးကျီ (အမုတေဠ သာနိ ကောဋ္ဌသတနိ) တွေကို နီသောသလေးစပါးများဖြင့် ပြည့်စေပြီး "အကြင် မျှလောက် ဤ ဥပါသိကာမဟာ အသက်ရှည်တယ်၊ ထိုမျှလောက် စပါးတွေ မကုန်ခန်းစေသတည်း" လို့ ဆောက်တည်ပြီးမှ ထွက်ခွာသွားသတဲ့။

ဝေဿဝဏ်နတ်မင်းရဲ့ အဓိဋ္ဌာန် ဆောက်တည်ချက်အရ နန္ဒမာတာ ဥပါသိကာမ အသက်ရှည်သမျှ ကာလပတ်လုံး စပါးကျီရဲ့အောက်အပြင်ကို မမြင်နိုင်အောင် သလေးစပါးများ အမြဲတမ်းဖုံးလွှမ်းနေသတဲ့။ နန္ဒမာတာ ဥပါသိကာမလဲ ဝေဿဝဏ်နတ်မင်းရဲ့ ပြောကြားချက်နှင့် မိမိအိမ်မှာ သံဃာ တော်အများ စားလောက်အောင် မွန်မြတ်တဲ့ ခဲဘွယ်ဘောဇဉ်တွေ စီရင်ထား တယ်။

## နန္ဒမာတာအံ့ဖွယ် (၇) ပါး

ဝေဿဝဏ်နတ်မင်း ပြောကြားတဲ့အတိုင်း နောက်တစ်ရက် မိုးလင်း တော့ ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန်နှင့်တကွ သံဃာတော်များ နံနက် စောစော ဆွမ်းစားမီ ကြွရောက်တော်မူလာကြတယ်။ သံဃာတော်များ ကြွရောက်တော်မူလာကြောင်း သဘင်းကြားတော့ နန္ဒမာတာ ဥပါသိကာမက ယောကျ်ားတစ်ယောက်ကိုခေါ်ပြီး—

"အမောင်ယောကျ်ား–သင်ဟာ ကျောင်းတော်ကိုသွားပြီး သံဃာတော် အားလုံး ငါ့အိမ်ကို ဆွမ်းစားပင့်ခဲ့" လို့ စေခိုင်းလိုက်တယ်။ သံဃာတော် များလဲ ဒါယကာရဲ့ ပင့်ချက်ဖြင့် ကြွလာတော်မူကြပြီး၊ နန္ဒမာတာ ဥပါသိကာ မရဲ့ အိမ်မှာ ဆွမ်းဘုဉ်းပေးကြတယ်။ ဆွမ်းစားကိစ္စပြီးတော့ ရှင်သာရိပုတ္တရာက နန္ဒမာတာ ဥပါသိကာမကို ခေါ်တော်မူပြီး —

"နန္ဒမာတာ–ရဟန်းသံဃာတော်များ ကြွလာမည့်အကြောင်း၊ သင့်ကို ဘယ်သူပြောသလဲ" လို့ မေးတော်မူတယ်။

(၁) နန္ဒမာတာကလဲ ဝေဿဝဏ်နတ်မင်း ပြောသွားကြောင်းကို အစ အဆုံးလျှောက်ထားတော့ ရှင်သာရိပုတ္တရာက "နန္ဒမာတာ–အံ့ဩဖို့ကောင်း

တယ်၊ သင်ကဲ့သို့သော မိန်းမသားတစ်ဦးဟာ တန်ခိုးကြီးတဲ့ ဝေဿဝဏ်နတ်မင်းနှင့် တိုက်ရိုက်စကားပြောရတယ်ဆိုတာ ယှဉ်နိုင်ဖွယ်မရှိအောင်ပင် အံ့ဩဖို့ကောင်းတယ်'' လို့ မိန့်တော်မူတယ်။

(၂) ဒီအခါ နန္ဒမာတာက ''အရှင်ဘုရား–တပည့်တော်မ နတ်မင်းနှင့် စကားပြောရတာဟာအံ့ဖွယ်လို့ မဆိုလောက်သေးပါဘူး၊ ဒါထက်ထူးတဲ့ အံ့ဖွယ် တပည့်တော်မမှာ ရှိနေပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ တပည့်တော်မမှာ သားတစ်ယောက်ပါရှိတယ်။ လွန်စွာ ချစ်လွန်းလို့ မြတ်နိုးဖွယ်ကောင်းလွန်းလို့ ''နန္ဒ'' လို့ အမည်ပေးထားပါတယ်။ အဲဒီတစ်ယောက်ထီးတည်း ချစ်မငြီးတဲ့ တပည့်မရဲ့သားကို အစိုးရမင်းတို့က အကြောင်းတစ်စုံတစ်ရာပြုပြီး ဆွဲငင်ဖမ်းဆီးကြပါတယ်။ တပည့်တော်မ မျက်စိအောက်မှာ ရိုက်ကြနှက်ကြညှဉ်းဆဲကြပါတယ်။ တပည့်တော်ရဲ့ မျက်စိအောက်မှာပင် ရက်ရက်စက်စက် သတ်ပစ်ကြပါတယ်။ အရှင်ဘုရား ဘယ်လောက်များ မိခင်ဖြစ်သူ ကြေကွဲဝမ်းနည်းဖွယ်ကောင်းပါသလဲ၊ ဒါပေမယ့် တပည့်တော်မရဲ့စိတ်ထဲမှာ သားကိုဖမ်းတဲ့အခါ၊ သားကိုညှဉ်းဆဲတဲ့အခါ၊ သားကိုသတ်တဲ့အခါ တစ်စုံတစ်ရာမျှ ဖောက်ပြန်တုန်လှုပ်မှုမရှိပါဘူးဘုရား'' လို့ လျှောက်ထားတယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်က ''နန္ဒမာတာ၊ အံ့လောက်ပေစွ၊ မိခင်ဖြစ်ပါလျက် သားအညှဉ်းဆဲခံရတာ၊ အသတ်ခံရတာကိုကြည့်ပြီး စိတ်မတုန်လှုပ်ခြင်းဟာ အမှန်ပင် အံ့ဖွယ်ကောင်းပေစွ'' လို့ ချီးမွမ်းတော်မူတယ်။

(၃) နန္ဒမာတာက ''အရှင်ဘုရား၊ ဒါမျှမကသေးပါဘူး၊ တပည့်တော်မရဲ့ လင်ယောကျ်ားဟာ ကွယ်လွန်ပြီး အမှတ်မရှိတဲ့ ဘုမ္မဇိုးနတ်ဖြစ်ပါတယ်။ အဲဒီနတ်ဟာ ပကတိသော လူအသွင်ဖန်ဆင်းပြီး တပည့်တော်မကို ပြပါတယ်။ ဒါပေမယ့် တပည့်တော်မရဲ့စိတ်ထဲမှာ ကြောက်လဲမကြောက်၊ တပ်လဲမတပ်မက်၊ တုန်လှုပ်ခြင်းလဲ မရှိခဲ့ပါဘူး အရှင်ဘုရား'' လို့ လျှောက်ထားပါတယ်။

ရှင်သာရိပုတ္တရာက ''နန္ဒမာတာ အံ့ဖွယ်ကောင်းပေစွ၊ ကွယ်လွန်ဖြီးသော မိမိချစ်လင်ကို တွေ့မြင်ပါလျက် စိတ်တုန်လှုပ်မှုမရှိခြင်းဟာ အမှန်ပင်အံ့ဩဖွယ်ကောင်းပေတယ်'' လို့ ချီးမွမ်းတော်မူတယ်။

(၄) နန္ဒမာတာက "အရှင်ဘုရား၊ ဒါမျှမကသေးပါဘူး၊ တပည့်တော်မဟာ ငယ်ရွယ်နုနယ်စဉ်ကပင် ငယ်ရွယ်နုနယ်သော လင်ယောကျ်ားရဲ့ အိမ်ကို လိုက်ပါရတယ်၊ တပည့်တော်မဟာ လင်ရတဲ့နေ့ကစပြီး လင်ယောကျ်ားအပေါ် စိတ်မျှဖြင့်လည်း လွန်ကျူး၍မကျင့်ဘူးပါ၊ ကိုယ်နှုတ်တို့ဖြင့်လွန်ကျူး၍ ကျင့်ခြင်းမှာ ပြောဖွယ်ရာပင် မရှိတော့ပါဘုရား" လို့ လျှောက်ထားတယ်။

ရှင်သာရိပုတ္တရာက "နန္ဒမာတာ-အံ့ဖွယ်ကောင်းပေစွ၊ ငယ်ရွယ်စဉ် မိန်းမသားဖြစ်ပါလျက် ဖောက်ပြန်သောအဖြစ်ကို သုတ်သင်နိုင်ခြင်းမှာ အမှန်ပင် အံ့ဖွယ်ကောင်းပေတယ်" လို့ ချီးမွမ်းတော်မူတယ်။

(၅) နန္ဒမာတာက "အရှင်ဘုရား-ဒါမျှမကသေးပါဘူး။ တပည့်တော်မဟာ ဥပါသိကာအဖြစ် ရတနာသုံးပါးကို ဆည်းကပ်ခဲ့သောနေ့ကစပြီး တစ်စုံတစ်ခုသော သိက္ခာပုဒ်ကိုမျှ လွန်ကျူးလိုတဲ့ စေတနာနှင့် လွန်ကျူးပြီး မကျင့်ခဲ့ဘူးပါဘူး၊ အရှင်ဘုရား" လို့ လျှောက်ထားတယ်။

ရှင်သာရိပုတ္တရာက "နန္ဒမာတာ-အံ့ဖွယ်ကောင်းပေစွ။ မဖြစ်ဘူးမြဲ ဖြစ်ပေစွ" လို့ ချီးမွမ်းတော်မူတယ်။

(၆) နန္ဒမာတာက "အရှင်ဘုရား-ဒါမျှမကသေးပါဘူး၊ တပည့်တော်မဟာ အလိုရှိသမျှကာလပတ်လုံး ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်များကို ဝင်စားနိုင်ပါတယ်ဘုရား" လို့ လျှောက်ထားတယ်။

အရှင်သာရိပုတ္တရာက "နန္ဒမာတာ-အံ့ဖွယ်ကောင်းပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ" လို့ ချီးမွမ်းတော်မူတယ်။

(၇) နန္ဒမာတာက "အရှင်ဘုရား၊ ဒါမျှမကသေးပါဘူး၊ တပည့်တော်ဟာ အောက်ပိုင်းဖြစ်တဲ့ ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးထဲက မိမိမပယ်သတ်ရသေးတဲ့ သံယောဇဉ်ဆိုလို့ တစ်စုံတစ်ခုမျှမရှိပါ။ အလုံးစုံသော ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုးတို့ကို ပယ်စွန့်ပြီးတဲ့ အနာဂါမ်မဖြစ်ပါတယ် ဘုရား" လို့ လျှောက်ထားတယ်။

ရှင်သာရိပုတ္တရာက "နန္ဒမာတာ-အံ့ဖွယ်ကောင်းပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ" လို့ ချီးမွမ်းတော်မူတယ်။

နန္ဒမာတာ ဥပါသိကာမရဲ့ ဒီဆွမ်းကျွေးပွဲကို ဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကနေရင်း ဒိဗ္ဗစက္ခု အဘိညာဉ်နဲ့ မြင်တော်မူတယ်။ ဒါကြောင့် ရဟန်းတော်များ ခေါ်တော်မူပြီး "ရဟန်းတို့-ဝေဠုကဏ္ဍကိမြို့နေ နန္ဒမာတာဥပါသိကာမဟာ သာရိပုတ္တရာ၊ မောဂ္ဂလာန် အမှူးရှိတဲ့ ရဟန်းသံဃာများကိုအင်္ဂါ(၆)ပါးနှင့်ပြည့်စုံတဲ့အလှူကြီးကို ပေးလှူနေတယ်"

"ရဟန်းတို့ အင်္ဂါ(၆)ပါးနှင့် ပြည့်စုံတဲ့အလှူဆိုတာဘာလဲ၊ သာသနာတော်မှာ ပေးလှူတတ်တဲ့ ဒါယကာရဲ့အင်္ဂါက (၃)ပါး၊ အလှူခံပုဂ္ဂိုလ်တို့ရဲ့ အင်္ဂါ(၃)ပါး၊ ဤ(၆)ပါးတို့ဖြစ်ကြတယ်"

ဒါယကာရဲ့ အင်္ဂါသုံးပါးဆိုတာက-

(၁) မပေးလှူမီ ဝမ်းမြောက်ရမယ်၊

(၂) ပေးလှူစဉ် စိတ်ကြည်လင်ရမယ်၊

(၃) ပေးလှူပြီးတဲ့နောက် နှစ်သက်နိုင်ရမယ်။

ဒီ(၃)ပါးဟာ အလှူပေး ပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အင်္ဂါ(၃)ပါး ဖြစ်တယ်။

အလှူခံပုဂ္ဂိုလ်တို့ရဲ့ အင်္ဂါ (၃)ပါး ဆိုတာက-

(၁) အလှူခံပုဂ္ဂိုလ်ဟာ ရာဂကင်းသူဖြစ်ရမယ်၊ သို့မဟုတ် ရာဂကင်းအောင်ကျင့်သူ ဖြစ်ရမယ်။

(၂) ဒေါသကင်းသူ ဖြစ်ရမယ်၊ သို့မဟုတ် ဒေါသကင်းအောင်ကျင့်သူ ဖြစ်ရမယ်။

(၃) မောဟကင်းသူ ဖြစ်ရမယ်၊ သို့မဟုတ် မောဟကင်းသူ ဖြစ်အောင် ကျင့်သူဖြစ်ရမယ်။

ဒီ(၃)ပါးဟာ အလှူခံပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ ရှိသင့်ရှိထိုက်တဲ့ အင်္ဂါများ ဖြစ်ကြတယ်။

ဤအင်္ဂါ(၆)ပါးနှင့် ပြည့်စုံတဲ့ အလှူမှာ ကောင်းမှုရဲ့အထူး ကောင်းမှုရဲ့ အဟုန်ဟာ ဘယ်လောက်ကြီးကျယ်ဘယ်လို ပမာဏပြုဖို့ မလွယ်ဘူး၊ မရေနိုင် မတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ ကောင်းမှုကုသိုလ် အစုကြီးလို့သာ ရေတွက်ထိုက်တယ်။

"ရဟန်းတို့–မဟာသမုဒ္ဒရာ အတွင်းရှိတဲ့ ရေကို ကုမ်းစားပမာဏ အားဖြင့် ဘယ်လောက်ရှိဘယ်လို့ မရေတွက်နိုင်သလို အင်္ဂါ (၆)ပါးနှင့် ပြည့်စုံတဲ့ အလှူမှာလဲ ဤမျှလောက်သော ကောင်းမှုအထူး ကောင်းမှုအယဉ်ဟာ ဤမျှသော ချမ်းသာကို ဆောင်နိုင်တယ်။ ဤမျှသော ကောင်းမြတ်တဲ့ အာရုံကို ပေးနိုင်တယ်။ ဤမျှ ချမ်းသာကျိုး ရှိတယ်။ ဤမျှ နတ်ပြည်မှာ ဖြစ်စေတယ်တယ် စသည်ဖြင့် ကောင်းမှုရဲ့ အတိုင်းပမာဏကို ရေတွက်ဖို့ မလွယ်ဘူး။ စင်စစ်အားဖြင့် မရေတွက်နိုင်၊ မနှိုင်းယှဉ်နိုင်တဲ့ ကြီးစွာသော ကောင်းမှုကုသိုလ် အစုလို့ ခေါ်ဆိုထိုက်တယ်"လို့ မိန့်တော်မူပြီးတဲ့နောက်–

* ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ပုညဿ သမ္ပဒါ။
* ဝီတရာဂါ ဝီတဒေါသာ၊ ဝီတမောဟာ အနာသဝါ။
ခေတ္တံ ယညဿ သမ္ပန္နံ၊ သညတာ ဗြဟ္မစာရယော။
* သယံ အာစမယိတွာန၊ ဒတွာ သကေဟိ ပါဏိဘိ။
အတ္တနော ပရတော စေသော၊ ယညော ဟောတိ မဟပ္ဖလော။
* ဧဝံ ယဇိတွာ မေဓာဝီ၊ သဒ္ဓေါ မုတ္တေန စေတသာ။
အဗျာပဇ္ဈံ သုခံ လောကံ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။

ဆိုတဲ့ ဂါထာဒေသနာတော်ကို ဆက်လက်ဟောကြားတော်မူတယ်။

ဒါနာ–ဝတ္ထုကြွေပေးကမ်းလှူဒါန်းသည်မှာ၊ ပုဗ္ဗေဝ–ရှေးဦးကပင်လျှင်၊ သုမနော–သဒ္ဓါလျှမ်းဖိတ် ဝမ်းမြောက်သော စိတ်ရှိသည်၊ သိယာ–ဖြစ်ရာ၏၊ ဒဒံ, ဒဒမာနော–စွန့်ကြဲပေးကမ်းလှူဒါန်းစဉ်၊ စိတ္တံ–ကြောင်းကျိုးသိမြင် ဒါနရှင်၏စိတ်ကို၊ ပသာဒယေ–မနောကြင်စင် ဖွေးဖွေးလွင်အောင် စင်ကြယ် စေရာ၏။

ဒတွာ-ဝေဖန် ဖြန့်တီး ပေးလှူပြီး၍၊ အတ္တမနော- နှစ်သက်ဝမ်း မြောက်သော စိတ်ရှိသည်၊ ဟောတိ-ဖြစ်၏၊ သော-ဤသို့ စေတနာသုံးဖြတ် ထင်လင်း ပြည့်စုံခြင်းသည်၊ ပုညသာ-နိဗ္ဗာန်ရှေးရှု စင်ကြယ်သော အလှူ၏၊ သမ္ပဒါ-ပြည့်စုံခြင်းပါပေတည်း။

ဝီတရာဂါ-ရာဂမှ ကင်းတော်မူကုန်သော၊ ဝီတဒေါသာ-ဒေါသမှကင်း တော်မူကုန်သော၊ ဝီတမောဟာ-မောဟမှ ကင်းတော်မူကုန်သော၊ အနာသဝါ- အာသဝေါကင်းတော်မူကုန်သော၊ သညတာ-ကိုယ်နှုတ်နှလုံးကို စောင့်ရှောက် တော်မူကုန်သော၊ ဗြဟ္မစာရယော-မြတ်သောအကျင့်ကို ကျင့်တော်မူကုန်သော ပုဂ္ဂိုလ်တို့သည်၊ ခေတ္တံယညဿသမ္ပဒါ-အလှူ၏ ပြည့်စုံသော လယ်မြေ မည် လေ၏။

သယံ-ကိုယ်တိုင်၊ အာစမယိတွာန-လက်ခြေခံတွင်းတို့ကို ဆေးကြော၍၊ သကေဟိပါဏိဘိ-မိမိ၏ လက်တို့ဖြင့်။ ဒတွာ-ပေးလှူရသောကြောင့်၊ အတ္တ နော-မိမိ၏၊ ဧသော ယညော-ထိုအလှူသည်၊ ပရတော စ-တမလွန်လောက ၌လည်း၊ မဟပ္ဖလော-ကြီးသော အကျိုးရှိသည်၊ ဟောတိ-ဖြစ်၏။

ပဏ္ဍိတော-ပညာရှိသော၊ သဒ္ဓေါ-သဒ္ဓါတရားနှင့် ပြည့်စုံသော၊ မေဓာဝီ-ပညာရှိသည်၊ မုတ္တေန-လာဘမစွဲရ စသည်မှလွတ်သော၊ စေ တသာ-စိတ်ဖြင့်၊ ဧဝံ ယဇိတွာ-ဤသို့ လှူဒါန်းရသောကြောင့်၊ အဗျာပဇ္ဈံ- ဆင်းရဲခြင်း မရှိသော၊ သုခံ-လူ့ ဘုံသက် ချမ်းသာသော၊ လောကံ-နတ်ပြည်သို့၊ ဥပပဇ္ဇတိ-ကပ်ရောက်ရလေသတည်း....တဲ့။

ဒီဒေသနာတော်ရဲ့ အဓိပ္ပာယ်က အလှူပေးပုဂ္ဂိုလ်ဟာ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, ပရစေတနာဆိုတဲ့ စေတနာသုံးချက် မပျက်ရဘူး၊ အလှူခံပုဂ္ဂိုလ် ကလဲ ရာဂကင်းပြီးတဲ့ ပုဂ္ဂိုလ်၊ ဒေါသကင်းပြီးတဲ့ပုဂ္ဂိုလ်၊ မောဟ ကင်း ပြီး တဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် ဒါမှမဟုတ် အလှူခံပုဂ္ဂိုလ်ဟာ ရာဂမကင်းသေးသော်လဲ ရာဂရဲ့အပြစ်ကိုသိလို့ ရာဂကင်းအောင် အားထုတ်နေမယ်၊ ဒေါသမကင်းသေး သော်လဲ ဒေါသရဲ့အပြစ်ကိုသိလို့ ဒေါသကင်းအောင် အားထုတ်နေ တယ်၊ မောဟမကင်းသေးသော်လဲ မောဟရဲ့အပြစ်ကိုသိလို့ မောဟကင်းအောင် အား

ထိုက်နေတယ်ဆိုလျှင် အလှူပေးပုဂ္ဂိုလ်ရဲ့ အင်္ဂါ (၃)ချက် အလှူခံ ပုဂ္ဂိုလ်ရဲ့ အင်္ဂါ(၃)ချက် ကိုက်ညီတဲ့အတွက် ဒီအလှူဒါနဟာ အလွန့်အလွန် အကျိုးကြီး မားပါသတဲ့။

ဒီအင်္ဂါ (၆)ပါးနှင့် ညီမျှတဲ့ ဒါနဖြစ်လို့ ဒါနရှင်ဟာ ဆင်းရဲမရှိ၊ လူ့ဘုံထက် ပိုလွန်ချမ်းသာတဲ့ နတ်ပြည်ကို ကောင်းကင်ရောက်နိုင်ပါသတဲ့။

## ဒါနဟူသည်

ဒီဒေသနာတော်က ဆပ္ပုဂ်သုတ္တန် ဒေသနာတော်ဖြစ်တတ်။ ဒီဒေသနာတော်အရ အလှူပေးပုဂ္ဂိုလ် အင်္ဂါ(၃)ပါး အလှူခံပုဂ္ဂိုလ် အင်္ဂါ (၃) ပါး ကိုက်ညီပါလျှင် အလွန်အကျိုးကြီးမားတဲ့ ဒါနဖြစ်လို့ အလှူရှင်ဟာ ဒါနရဲ့ အကျိုးကို ပြည့်ဖြည့်ဝဝခံစားနိုင်ပါတယ်။

အလှူရဲ့အကျိုးဆိုရာမှာ သံသရာအတွင်း ခံစားရတဲ့....

| | | |
|---|---|---|
| အာယု | – | အသက်ရှည်ခြင်း၊ |
| ဝဏ္ဏ | – | အဆင်းလှခြင်း၊ |
| သုခ | – | ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်း၊ |
| ယသ | – | အခြံအရံပေါများခြင်း၊ |
| အဓိပတေယျ | – | တန်ခိုးအာဏာ ကြီးမားခြင်း၊ |
| ရူပ | – | ရုပ်ကောင်းခြင်း၊ |
| သဒ္ဒ | – | အသံကောင်းခြင်း၊ |
| ဂန္ဓ | – | အနံ့ကောင်းခြင်း၊ |
| ရသ | – | ကောင်းသောအရသာနှင့် ပြည့်စုံခြင်း၊ |
| ဖောဋ္ဌဗ္ဗ | – | အတွေ့အထိကောင်းခြင်း၊ |

ဆိုတဲ့ ဒီလောကီအကျိုး ဆယ်ပါးမျှကိုသာ မဆိုလိုပါဘူး၊ ဒီလောကီအကျိုး ဆယ်ပါးထက်ပိုလွန်သော လောကုတ္တရာ အကျိုးကိုလဲ ခံစားနိုင်ပါတယ်။ လောကုတ္တရာ အကျိုးဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးကို ဆိုလိုပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးကို ဒါနကံက ဘယ်လိုပေးပါသလဲ။

ဒီပြဿနာကို နည်းနည်းစိတ်ဝင်စား ကြည့်ကြပါဦးစို့။

## သစ္စာလေးပါး တရားအချုပ်.

ဗုဒ္ဓရှင်တော်ဘုရားရဲ့ ဟောကြားချက်ကို နားလည်ချင်တယ်ဆိုလျှင် သစ္စာလေးပါးတရားကို လေ့လာရမယ်၊

သစ္စာလေးပါးတရားတော်ရဲ့ ဆိုလိုရင်းကို အနည်းငယ်နားလည်လျှင် ဗုဒ္ဓရဲ့ဆိုလိုရင်းကို အနည်းငယ်နားလည်တယ်။ သစ္စာလေးပါးတရားတော်ရဲ့ ဆိုလိုရင်းကို များများနားခံလျှင် ဗုဒ္ဓရဲ့ ဆိုလိုရင်းကို များများနားလည်တယ်။ သစ္စာလေးပါးတရားတော်ရဲ့ ဆိုလိုရင်းကို အကြွင်းမဲ့နားလည်ပါလျှင် ရဟန္တာပုဂ္ဂိုလ် ဖြစ်တော့ဘာပါပဲ။ ဒါကြောင့် တရားအချုပ်ဖြစ်တဲ့ သစ္စာလေးပါးကို ဗုဒ္ဓဘာသာဝင်မှန်သမျှ ဝီရိယအားရှိသလောက်၊ ဉာဏ်အားရှိသလောက် လေ့လာထားသင့်ကြတယ်။

လောကမှာ ဗုဒ္ဓဘုရားရှင် ပွင့်တော်မူတယ်ဆိုတာ တခြားတရားတွေ ဟောချင်လို့မဟုတ်ဘူး၊ သစ္စာလေးပါးတရားတော်ကို ဟောချင်တဲ့အတွက် ဖြစ်တယ်။ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်ကာလကို လူ့ဘဝနှင့်ကြုံကြရတယ် ဆိုသော်လည်း သစ္စာအချက်ကို အနည်းငယ်မျှ နားမလည်ပါလျှင် သာသနာတော်နှင့် ကြုံသည်မမည်ဘူး။ သစ္စာအချက်ကို နားလည်ပါမှ သာသနာတော်နှင့် ကြုံတွေ့သည်မည်တယ်။ ဒါကြောင့် သည်နေရာမှာ ဒါနကံနှင့် နိဗ္ဗာန်ဟာ ဘယ်လိုအကြောင်းအကျိုး ဆက်သွယ်တယ်ဆိုတာ သစ္စာလေးချက်နဲ့ တွက်ပြီး ကြည့်ကြရမယ်။

သစ္စာလေးချက်ဆိုတာက —

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာ၊ (၄) မဂ္ဂသစ္စာများ ဖြစ်ကြတယ်။

ဒုက္ခသစ္စာဆိုတာ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံဆိုတဲ့ ဘုံသုံးပါးအတွင်း ဖြစ်ဖြစ်သမျှသော ရုပ်ခန္ဓာ နာမ်ခန္ဓာများကို ဆိုလိုတယ်။ သင်္ဂြိုဟ်ကျမ်းမှာတော့ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ" လို့ ပြထားတယ်။ ဘုံသုံးပါး၌ဖြစ်သော ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ကို ဒုက္ခသစ္စာလို့ အရကောက်တယ်။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတာဘာယ်–ပဋိစ္စသမုပ္ပါဒ်ဆိုတာရယ်၊ ရုပ်နာမ်ခန္ဓာဆိုတာရယ်ဟာအတူတူပါပဲ၊ ဒါကြောင့် စာဖတ်သူနားလည်အောင် ဘုံသုံးပါးဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ကို ဒုက္ခသစ္စာလို့ မှတ်ထားပါ။

## ဒုက္ခသစ္စာ

ကိုင်း–ဒုက္ခသစ္စာဆိုတာဘာတုံး....ဘုံသုံးပါးမှာဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာ တွေတဲ့၊ ရုပ်ခန္ဓာ နာမ်ခန္ဓာဆိုတာကို နားလည်အောင် ပညတ်ပေါ်တင်ပြီး ကြည့်လိုက်ပါ။

အပါယ်ဘုံမှာ ဖြစ်ကြတဲ့ အပါယ်ဘုံသားတွေ၊ လူ့ဘုံမှာဖြစ်ကြတဲ့ လူတွေ၊ နတ်ဘုံမှာဖြစ်ကြတဲ့ နတ်တွေ၊ ဗြဟ္မာဘုံမှာ ဖြစ်ကြတဲ့ ဗြဟ္မာတွေ၊ ဒီသတ္တဝါတွေဟာ ရုပ်ခန္ဓာ–နာမ်ခန္ဓာတွေပါဘဲ။ ရုပ်ခန္ဓာနာမ်ခန္ဓာမျှဖြစ်ကြတဲ့ ဒီပုဂ္ဂိုလ်သတ္တဝါတွေဟာ သူတို့ရတဲ့ ရုပ်နာမ်အပေါ် ဘယ်လောက်ပင် ချစ်ခင်နှစ်သက်ကြသည်ဖြစ်စေ၊ ဘယ်လောက်ပင် သာယာသည်ဖြစ်စေ အစစ် အမှန်ကတော့ ဒီရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ ဆင်းရဲတုန်းကြီး အစစ်ပါဘဲ။ မိမိခန္ဓာကစပြီး အလုံးစုံသောခန္ဓာတွေအပေါ် မျှော်မှန်းပြီးကြည့်လိုက်ကြစမ်း။ ဒီခန္ဓာတွေဟာ ချမ်းသာတာ မှန်သလား၊ ဆင်းရဲတာမှန်သလား၊ နည်းမျိုးစုံနှင့် တွေးကြည့်ပါ။ ခန္ဓာမှန်သမျှ ဆင်းရဲတာအမှန်ဘဲလို့သဘောကျခဲ့လျှင် ဒုက္ခ သစ္စာအပေါ် သဘောကျသွားပြီလို့ မှတ်သင့်ပါတယ်။

## သမုဒယသစ္စာ

ဆင်းရဲတဲ့ ခန္ဓာ ဘာကြောင့်ဖြစ်ဘာတုံး၊ သူဖြစ်ချင်လို့ဖြစ်တာလား။ ဒါမှမဟုတ် ဘုရားတွေ၊ ဗြဟ္မာတွေ၊ နတ်တွေက ဖန်ဆင်းလို့ဖြစ်တာလားလို့ ဆိုတော့ မဟုတ်ပါဘူး၊ ဒီခန္ဓာဟာ ဘယ်သူဖန်ဆင်းလို့မှ ဖြစ်တာမဟုတ်ဘူး၊ ဒီခန္ဓာအပေါ်နှစ်သက်တဲ့ တွယ်တာတဲ့ တပ်မက်တဲ့ တဏှာကြောင့် ဖြစ်ပါတယ်။

ရလာတဲ့ခန္ဓာကို သတ္တဝါတွေဟာ အလွန်အထင်ကြီးကြတယ်၊ အလွန်တပ်မက်ကြတယ်၊ အလွန်တွယ်တာကြတယ်၊ အလွန်နှစ်သက်ကြတယ်၊ လောကအရေးပဲလုပ်လုပ် သံသရာအရေးပဲလုပ်လုပ် ခန္ဓာရဲ့အတွက်သာ အလုပ်လုပ်ကြတယ်။

လောကဥပမာအားဖြင့် စပါးရချင်လို့ စပါးစိုက်လျှင် အချိန်တန်တော့ စပါးရတယ်။ ပဲရချင်လို့ ပဲစိုက်လျှင် အချိန်တန်တော့ ပဲရတယ်။ အဲဒီဥပမာလိုပါပဲ။ ခန္ဓာရဲ့အတွက် အလုပ်လုပ်တော့ ခန္ဓာရတာပေါ့။ ဒါကြောင့် ခန္ဓာဘာကြောင့်ရသလဲမေးလျှင် ခန္ဓာရချင်သော တဏှာကြောင့် ခန္ဓာရတယ်လို့ဖြေရမယ်။ ခန္ဓာရချင်သော တဏှာကိုပင် (တဏှာ သမုဒယော ဘဝေ)လို့ သင်္ဂြိုဟ်ကျမ်းက မှတ်ချက်ရေးပြီး အရကောက်တော့ တဏှာတရားကို သမုဒယသစ္စာလို့ အရကောက်ပါတယ်။

သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာဟာ သံသရာလည်နေတဲ့တရားပါဘဲ။ သမုဒယဆိုတဲ့ တပ်မက်မှု တဏှာကြောင့် ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေ ဖြစ်ပေါ်လာတယ်။ ရုပ်ခန္ဓာတွေ နာမ်ခန္ဓာတွေ ပေါ်လာတော့ ခန္ဓာရဲ့အတွင်းမှာ ခန္ဓာကို တပ်မက်တဲ့ သမုဒယကတော့ ပေါ်ခဲ့ပြန်တယ်။ ဒီလိုနည်းနဲ့ အကြောင်းက အကျိုးဖြစ်၊ အကျိုးက အကြောင်းဖြစ်ပြီး သံသရာလည်ခဲ့ကြတယ်။

အကြင်အခါမှာ သံသရာလည်စေတဲ့တရားဟာ တဏှာပါကလားလို့ ရိပ်မိခဲ့လျှင် တဏှာကို အသေသတ်မှ သံသရာပြတ်မှာပဲဆိုတာလဲ ရိပ်မိပြီး ဖြစ်လိမ့်မယ်။ ဒီအခါမှာ တဏှာကို အသေသတ်လိုပါသော်လဲ တဏှာက အားကြီးပြီး မိမိက အားနည်းနေလျှင် "ခွေခါချဉ်မာန်ကြီးလို့ တောင်ကြီးဖြိုမဲ့ကြံ၊ အားကမသန့်"ဆိုတာလို တဏှာကို အသေသတ်ဖို့ မစွမ်းနိုင်ဘူး။ ဒီအခါမှာ တဏှာကို တဖြည်းဖြည်းချင်း သတ်ရတယ်။

အမှန်တကယ် အပြီးအပြတ်သတ်ရမည့် တဏှာကတော့ ခန္ဓာပေါ် တပ်မက်နေတဲ့ တဏှာပါပဲ။ သို့သော်လဲ ဒီတဏှာဟာ ခန္ဓာကို အမှီပြုပြီး ခန္ဓာနဲ့ဆက်စပ်ရာ ပတ်ဝန်းကျင်ကိုပါ တပ်မက်နေတယ်။ ခန္ဓာနှင့် စပ်တဲ့ပတ်ဝန်းကျင်ဆိုတာက–

မိမိခန္ဓာရဲ့ အပမှာ တည်နေတဲ့ သား၊ သမီး၊ တိုက်တာ၊ လယ်ယာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရွှေငွေ စသည်များဖြစ်ပါတယ်။ တဏှာဆိုတဲ့ တပ်မက်မှုတရားဟာ မိမိခန္ဓာကိုယ်မှအပ ဖြစ်တဲ့ သားသမီး စသည်တို့ကိုလဲ တပ်မက်တယ်။ ဒီတပ်မက်မှုသည်ပင်လျှင် သမုဒယသစ္စာဖြစ်လို့ တပ်မက်မှုကို အကြောင်းခံခဲ့လျှင် ဒုက္ခသစ္စာဆိုတဲ့ ရုပ်နာမ်ခန္ဓာ ဖြစ်ဦးမှာပါပဲ။

ရုပ်နာမ်ခန္ဓာကို ဒုက္ခပဲလို့ မြင်ထားတဲ့ သူတော်ကောင်းဟာ ရုပ် နာမ်ခန္ဓာ ဖြစ်မှုကို မလိုလားဘူး၊ မလိုလားလျှင် ရုပ်နာမ်ခန္ဓာကို ဖြစ်စေတတ်တဲ့ ဒီတဏှာကို သေအောင်သတ်ရလိမ့်မယ်။ သို့သော် တဏှာက အင်အားကြီးနေတယ်၊ ကိုယ်က အင်အားငယ်နေတယ်၊ ဘယ်လိုသတ်ရမှာတုန်း။

တဏှာဟာ ခန္ဓာကိုယ်ကို စွဲနေသော အကြီးစားတဏှာနှင့် အပြင်အပကို စွဲနေတဲ့ အငယ်စား တဏှာရယ်လို့ နှစ်မျိုးရှိရာမှာ တဏှာကြီးကို မသတ်နိုင်မီ တဏှာ အငယ်ကို ဦးစွာ သတ်ရပါတယ်။ ဒါကြောင့် ဗုဒ္ဓအလောင်းတော် သုမေဓာရှင် ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရားထံတော်မှာ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူပြီးသည့်နောက် ဒီလိုအကြံဖြစ်တော်မူသတဲ့။

ဘုရားရှင်တို့ရဲ့ စကားတော်မည်သည် ချွတ်ယွင်းရိုး မရှိဘူး၊ ငါဟာ ကေန်ဘုရားဖြစ်ရလိမ့်မယ်၊ ခရီးညွန်တဲ့ပုဂ္ဂိုလ်က ခရီးတော့ ညွှန်ပြလိုက်ပြီ၊ သို့သော် ရောက်လိုတဲ့ ပုဂ္ဂိုလ်က သွားပါမှ ရောက်သိမ့်မယ်။ ဘုရားရှင်ကတော့ ခရီးညွှန်တော်မူလိုက်ပြီ၊ ဒီခရီးကို ငါ ဘယ်လို သွားရမှာလဲလို့ ဘုရားဖြစ်အောင် ပြုပေးနိုင်တဲ့ အကြောင်းတရားများတို့ စူးစမ်းတော်မူတဲ့အခါ ဒါနပါရမီတော်ကို ဦးစွာ မြင်တော်မူပါသတဲ့။

ဒါနပါရမီဆိုတာ ရုပ်ခန္ဓာ နာမ်ခန္ဓာမှအပ ဖြစ်တဲ့ ရွှေ၊ ငွေ၊ လယ်ယာ ယမီး၊ သား၊ မယားစသော အပြင်အပ ဝတ္ထုများကို စွန့်ကြဲလှူဒါန်းခြင်းကို ဆိုလိုပါတယ်။ အလောင်းတော်ဟာ ဗုဒ္ဓအဖြစ်ရောက်အောင် ဘယ်လိုလုပ်ရမှာလဲလို့ စူးစမ်းတော် မူတဲ့အခါ ဒါနပါရမီတော်ကို ရှေးဦးစွာ မြင်သတဲ့။ ဘာကြောင့် ဒါနပါရမီတော်ကို ဦးစွာ မြင်တာလဲ။

ဗုဒ္ဓအဖြစ်ရောက်ပြီး ဒုက္ခအစစ်ဖြစ်တဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ကင်း ချုပ် မှု အတွက် သတ်ရမည့်တရားက ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကို ပြုတတ်တဲ့ တဏှာ တ ရား ဖြစ်ဘယ်။ အဲဒီတဏှာတရားကလဲ ယခုအခါမှာ မိမိအပေါ် ဖိစီးပြီး အရှင်သခင် သဖွယ် အလွန်ခွန်အားကြီးနေတယ်၊ ယခုချက်ချင်း ခန္ဓာအပေါ် တပ်မက်နေ တဲ့ တဏှာကို မသတ်နိုင်သေးဘူး။

ဒီအခါမှာ တဏှာ့ရဲ့လက်၊ ခြေသဖွယ် ဖြစ်တဲ့ အပြင် ဗဟိဒ္ဓ အ ပေါ် တပ်မက်တဲ့တဏှာကို ဦးစွာ သတ်ရတယ်။ ဒါမှ အတွင်းအဇ္ဈတ္တ ဆိုတဲ့ ခန္ဓာ အပေါ် တပ်မက်နေတဲ့ တဏှာဟာလဲ အင်အားနည်းလာခဲ့ပါမယ်။ အပြင်ဗဟိဒ္ဓ အပေါ် တပ်မက်နေတဲ့ တဏှာကိုမျှ မသတ်နိုင်သေးတဲ့ ပုဂ္ဂိုလ်ဟာ အတွင်း အဇ္ဈတ္တ ခန္ဓာအပေါ် တပ်မက်နေတဲ့ တဏှာကို ဘယ်နည်းနှင့်မျှ မသတ်နိုင်ပါ ဘူး။ အပြင်ဗဟိဒ္ဓဆိုတဲ့ ရွှေ၊ ငွေ၊ ပစ္စည်းဥစ္စာ၊ သား၊ မယား စသည်တို့ အ ပေါ် တပ်မက်တဲ့ တဏှာ ပယ်ခွာတာကို ဒါနပြုတယ်လို့ ခေါ်ပါတယ်။ ဒါကြောင့် ဒါနတရားဟာ အများထင်သလို သံသရာ အကျိုးမျှကိုသာမက နိဗ္ဗာန်တိုင်ထိ အကျိုးပေးတယ်ဆိုတာ လေးလေးနက်နက် ယုံကြည်သင့်ကြပါတယ်။

လောကမှာ မစ္ဆရိယဆိုတဲ့ အညစ်အကြေးဟာ အဝိဇ္ဇာ တည်းဟူသော အမှောင်နှင့်အတူ ဖြစ်တဲ့အတွက် အလွန်စေးကပ်ပြစ်ချွဲသော အညစ်အကြေး ဖြစ် ပါတယ်။ မစ္ဆရိယဆိုတာ ကိုယ်ပိုင်တဲ့ ပစ္စည်း၊ သူတစ်ပါးနှင့် မဆက်ဆံစေချင် တဲ့သဘော၊ နှမြောတွန့်တိုတဲ့သဘောဖြစ်တယ်။ မိမိရနေတဲ့ ခန္ဓာ အ ပေါ် ဆင်းရဲခြင်းတရားပဲလို့ မမြင့်သေးသမျှ ဒီအညစ်အကြေးဟာ အမြဲတမ်း ဖုံးလွှမ်း ပြီး နေတတ်ပါတယ်။ ဒီအညစ်အကြေး ဖုံးလွှမ်းနေသမျှ ကာလပတ်လုံးလဲ တစ်စုံတစ်ခုကို ပေးလှူဖို့အတွက် အလွန်ဝန်လေးနေတတ်ပါတယ်။

ဒါကြောင့် မိမိပစ္စည်းအပေါ် တပ်မက်တိုင်း တပ်မက်တိုင်း ခန္ဓာဝန်ရဲ့ ဆင်းရဲတဲ့ အဖြစ်ကို ဆင်ခြင်ပေးသင့်ကြပါတယ်၊ ခန္ဓာဝန်ရဲ့ ဆင်းရဲဘဲ့အဖြစ်ကို ဆင်ခြင်ဖန် များလာသောအခါ ခန္ဓာကိုယ်ရဲ့ မမြဲသောအနိစ္စတရား၊ ဆင်းရဲသော ဒုက္ခတရား၊ အနှစ်မရှိသော အနတ္တတရား၊ နှစ်သက်ဖွယ်မရှိသော အသုဘတရားများ တစ်ရက်ထက်တစ်ရက် ထင်ရှားလာပြီး....

အပြင် ဗဟိဒ္ဓအပေါ် ကပ်ငြိတဲ့ မစ္ဆရိယအညစ်အကြေးများ ကင်းစင် လာပါလိမ့်မယ်။ မစ္ဆရိယအညစ်အကြေး ကင်းစင်လာတဲ့အတွက် အလှူဝတ္ထုကို

လဲ ရက်ရက်ရောရော လှူဒါန်းနိုင်ရှိမှုမက ခန္ဓာအပေါ် တပ်မက်သောတဏှာ ကိုပါ အပြီးသတ် ပယ်ခွာကာ "ဂါနုတော နိက္ခန္တတ္တာ နိဗ္ဗာနံ"ဆိုတဲ့ ဝိဂြိုဟ်အရ ဘဝနှစ်ရပ် ဆက်စပ်တတ်တဲ့အတွက် ဝါနလို့ ခေါ်ဆိုရသော တဏှာနယ်မှ ထွက် မြောက်ရန် နိဗ္ဗာန်တည်းဟူသော တစ်ဘက်ကမ်းသို့ ရှင်လန်းစွာ တက်ရောက်နိုင် မည် ဖြစ်ပါသတည်း။

ဥယျောဇဉ်ဂါထာ

ဒါနေန တိဒိဝံ ယာတိ၊ ဒါနေန နိဗ္ဗာနံ ပုရံ။
ယာတိ ဒါနံ ဟိ သဗ္ဗတ္တ၊ ဒါနေ ရမန္တု သာဓဝေါ။

ဒါနေန–စွန့်ကြဲပေးကမ်းလှူဒါန်းသဖြင့်။ တိဒိဝံ–သုံးကျိပ်သုံးပါး နတ် များစံရာ ဝတီ သာသို့။ ယာတိ–လားရောက်နိုင်၏။ ဒါနေန–စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်။ နိဗ္ဗာနံ ပုရံ–အိုခြင်း နာခြင်း သေခြင်း ကင်းသည် နိဗ္ဗာန် ပြည်သို့။ ယာတိ–လားရောက်နိုင်၏။ ဒါနံ–စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည်၊ သဗ္ဗတ္တ–အလုံးစုံသောချမ်းသာသို့၊ ဟိ ယသ္မာ–အကြင်ကြောင့်။ ယာတိ–လား ရောက်နိုင်၏။ တသ္မာ–ထို့ကြောင့်။ သာဓဝေါ– သူတော်ကောင်းတို့သည်။ ဒါနေ–စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဒါနတရား၌။ ရမန္တု–မွေ့လျော်တော်မူ နိုင်ကြပါစေကုန်သတည်း။

"ဒါနပွလ ကဗျာများ"

* အလှူအကျိုး၊ ပြည့်ဖြိုးများစွာ
ဖြစ်ရာဘဝ၊ ဒသဖလာ
သေပြီးသည့်နောက်၊ မရောက်ပါယ်ရှဲ
နတ်ပြည်သို့၊ မဲချို့ဆောင်ပို့မှာ။

* လပြည့်နေ့ည၊ ရှန်းမြသာယာ
ကောင်းကင်အတွင်း၊ လမင်းပမာ
ဖြစ်ရာဘဝ၊ ဒါနရှင်မှာ
လအလား၊ ထင်ရှားကေန်သာ။


# အင်္ဂါခြောက်ရပ် ဒါနမြတ်

* အသက်ရှည်ခြင်း၊ အဆင်းထိန်ဝါ
ခွံရုံပြည့်သိပ်၊ ကိုယ်စိတ်ချမ်းသာ
အာဏာတန်ခိုး၊ ပြည့်ဖြိုးသည်သာ
အကျိုးငါး၊ တိုးပွားမြတ်ဒါနာ။

* အဆင်းကလျ၊ သဒ္ဒါသာယာ
အနုံ့ကတိုး၊ ပြည့်ဖြိုးရသာ
အတွေ့ကကောင်း၊ အကြောင်းဒါနာ
ဘုံဘဝ၊ ကြုံရသံသရာ။

* သံသရာကြာ၊ နစ်မြောစဉ်ခါ
ထောက်တည်ရာဖြစ်၊ စင်စစ်ဒါနာ
ဒါနကင်းတော့၊ တည်ခြင်းကင်းကွာ၊
ကျိုးဆယ်ပါး ပျက်ပြားကြုံရမှာ။

* နတ်ပြည်စောင်းတန်း၊ မျှော်မှန်းဒါနာ
ရိက္ခာထုပ်ဖို့၊ အားထုတ်ကြပါ
မဂ်နှင့်ဖိုလ်လမ်း၊ ဖြောင့်တန်းသေချာ
နိဗ္ဗာန်ကျ၊ ဒါနပို့သည်သာ။ ။



ဒီနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၄၈–ခု နှစ်ဦး၊ တန်ခူး လပြည့်ကျော် ၈–ရက်နေ့ (ခရစ်သက္ကရာဇ် ၁၉၈၆–ခု၊ မေလ ၁–ရက်) အလုပ်သမားနေ့ဖြစ်တယ်။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပဘာတံ သုဟုဋ္ဌိတံလို့ ပုဗ္ဗဏှသုတ်တော်လာတဲ့အတိုင်း ဒီကနေ့ဟာ ကသာမြို့ ဆေးရုံကြီး ဒေါက်တာ ဦးမျိုးမြင့်၊ ဒေါက်တာ ဒေါ်စိန်စိန်ဝင်းတို့ရဲ့ ကောင်းသော နက္ခတ်နှင့်ယှဉ်သောနေ့၊ ကောင်းသော မင်္ဂလာရှိသောနေ့၊ ကောင်းစွာမိုးသောက်သောနေ့၊ အိပ်စက်ရာမှ ကျန်းမာပြည့်ဖြိုး ကောင်းစွာနိုးကြားသောနေ့ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ တန်ခူးလပြည့်ကျော် ၈–ရက် (မေလ ၂–ရက်) နေ့မှာ မိမိရင်နှစ် သားချစ်ရတနာများကို ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း ရှင်သာမဏေအဖြစ် သွတ်သွင်းပြီး တစ်အူတုံဆင်း ညီရင်းရတနာတို့ကို ရဟန်းအဖြစ်ချီးမြှောက်တဲ့ ပစ္စယာနုဂ္ဂဟ ဓမ္မနုဂ္ဂဟ အမှုပြုစု အားထုတ်သောနေ့တစ်နေ့ဖြစ်လို့ပါပဲ။

ကြုံတောင့်ကြုံခဲ ကြုံတွေ့လာရတဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ယခုလို အမှတ်တရဖြင့် ကုသိုလ်အမှု ပြုစုအားထုတ်ကြတဲ့အခါမှာ ပုညကြိယဝတ္ထုမျိုး ပြည့်ဖြိုးစုံလင်အောင် ဓမ္မဿဝနဆိုတဲ့ ဓမ္မတရားတော်ကိုနာခံလိုပါတယ်။ ဒါကြောင့် ကြွရောက်ချီးမြှောက်ပေးတော်မူပါလို့ ကမ်းနီကျောင်းကြီး ဆရာတော် ဦးပဏ္ဍိစ္စမှတစ်ဆင့် ဘုန်းကြီးထံ လာရောက်လျှောက်ထားတယ်။ ဘုန်းကြီးဟာ နယ်လှည့်ဓမ္မကထိကကြီး မဟုတ်ပါဘူး၊ အကြောင်းတိုက်ဆိုင်လာလျှင် နည်းနည်းပါးပါး ဟောကြားတတ်ရုံပဲရှိပါတယ်၊ သို့သော် တရားနာချင်ပါတယ်။ ကြွရောက်ဟောပေးတော်မူပါလို့ လျှောက်လာလျှင် ဝါတွင်း၌သော်လည်း ဝါပန်ပြီး သွားရောက်ဟောပြောဖို့ ဘုရားရှင်ရဲ့ အဆုံးအမတော်ရှိပါတယ်၊ ထိုအဆုံးအမတော်အတိုင်း ကိုယ်ပင်ပန်းမှုကိုပယ်ထားပြီး ကမ်းနီဆရာတော်ရဲ့ အမြန်တော်ယာဉ်နှင့် ကသာမြို့ကို ရောက်လာတယ်။ ကသာမြို့ကို ရောက်လျှင်ရောက်ချင်းပဲ ကသာမြို့က တရားဝါသနာရှင်များဖြစ်ကြတဲ့ဒါယကာကြီးများနှင့် စကားဆွေးနွေးရတယ်၊ အဲဒီလို တရားဆွေးနွေးရာမှာ ဒါယကာကြီး ဦးဘမောင်က တရားပြဿနာတစ်ခုကို လျှောက်ထားတယ်။

ဦးဘမောင် လျှော်ကိထားတဲ့ ပြဿနာအချုပ်က ဘုရားရှင်သည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူ၍ သစ္စာလေးပါး ဟောထားတော်မူသည်။ ထိုသစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာသည် အကျိုးဖြစ်၍ သမုဒယသစ္စာသည် အကြောင်းဖြစ်၏။ သမုဒယသစ္စာအကြောင်းခံလျှင် ကေန် ဒုက္ခသစ္စာပေါ်မည်။ သမုဒယသစ္စာကို အရကောက်သောအခါ တဏှာလောဘကိုရ၍ ဒုက္ခသစ္စာကို အရကောက်သောအခါ ၃၁–ဘုံ၌ဖြစ်သော ရုပ်ခန္ဓာ နာမ်ခန္ဓာ ရတယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် တပ်မက်မှုတဏှာလောဘ ရှိသေးသမျှ ၃၁–ဘုံအတွင်း၌ ရုပ်ခန္ဓာ နာမ်ခန္ဓာ ကေန်ဖြစ်ရမည်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာ တည်းဟူသော ဒုက္ခသစ္စာ ငြိမ်းအေးမှုကို အလိုရှိလျှင် ထိုရုပ်ခန္ဓာ နာမ်ခန္ဓာ အပေါ် တပ်မက်မှုတဏှာကို ပယ်ခွာရမည်၊ ဤကား လောကီသစ္စာနှစ်ပါးတို့၏ အကြောင်းအကျိုး ဆင်ခြင်ပုံဖြစ်သည်။

လောကုတ္တရာသစ္စာ နှစ်ပါးတို့တွင် နိရောဓော နာမ နိဗ္ဗာနံ–ဆိုသည့်အတိုင်း နိရောဓသစ္စာကို အရကောက်သောအခါ နိဗ္ဗာန်ကိုရသည်၊ မဂ္ဂသစ္စာကို အရကောက်သောအခါ မဂ္ဂင်ရှစ်ပါးကို ရသည်၊ မဂ္ဂင်ရှစ်ပါးသည်အကြောင်း၊ နိဗ္ဗာန်သည် အကျိုးဖြစ်၍ နိဗ္ဗာန်ကို လိုလျှင် မဂ္ဂင်ရှစ်ပါးကို အားထုတ်ရမည်ဟု အဓိပ္ပာယ်ရပါသည်။ မဂ္ဂင်ရှစ်ပါးကိုလည်း အကျင့်တရားဖြစ်သော သိက္ခာအားဖြင့် ရေတွက်သောအခါ သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပမဂ္ဂင်သည် ပညာသိက္ခာ၊ သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်တို့သည် သီလသိက္ခာ၊ သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင် တို့သည် သမာဓိသိက္ခာများ ဖြစ်ကြပါသည်။

မဂ္ဂင်ရှစ်ပါးတို့ကို အကျင့်သိက္ခာဖြင့် ရေတွက်သောအခါ ပညာ,သီလ, သမာဓိဟု အကျင့်သုံးပါးရပါသည်။ ထို အကျင့်သုံးပါးတို့ကို ယခု နားလည်ကြသည်မှာ....

(၁) အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော ဝိပဿနာ အကျင့်သည် ပညာသိက္ခာ။

(၂) ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး အာဇီဝဋ္ဌမကဟူသော သီလအကျင့်သည် သီလသိက္ခာ။

(၃) အာနာပါနစသော သမထ အကျင့်သည် သမာဓိ သိက္ခာ–

ဟု နားလည်ကြပါသည်။ လောကုတ္တရာ၏ မဂ်ခဏ၌ သီလ, သမာဓိ ပညာတို့သည် တစ်ပြိုင်နက်ဖြစ်သော်လည်း လောကီမဂ်အရာ၌မူကား သီလ တခြား သမာဓိတခြား,ပညာတခြား ဖြစ်ကြပါသည်။ထိုသို့ တခြားစီဖြစ်သော သီလ, သမာဓိ,ပညာ သုံးပါးတို့တွင် အဘယ်သိက္ခာကို ရှေးဦးစွာ ကျင့်ရမည် ဆိုသည်ကို ကျမ်းလာ သာဓက တင်ပြ၍ ယခုည ဟောပြတော်မူပါဟု အထူး လျှောက်ထားတယ်၊ ဦးဘခမောင်ရဲ့ လျှောက်ထားချက်ကို အလေးထားပြီး ယနေ့ည ရထဝိနီတသုတ္တန်တရားတော်ကို ဟောမယ်။

ဣဒံ ပဏ္ဏာသပါဠိယံ၊ ဝုတ္တံ အဂ္ဂေန ဘာသိတံ။
သာသနဿ ဝေပုလ္လတ္ထံ၊ ဘာသိဿာမိ ယထာဗလံ။

ဣဒံ ရထဝိနီတသုတ္တန်–ဤရထဝိနီတသုတ္တန် ဒေသနာတော်ကို၊ဘာသိတံ– ဓမ္မကထိက ပုဂ္ဂိုလ်တို့ထက်၊ အဂ္ဂေန–မြတ်တော်မူသော မဟာပုဏ္ဏမထေရ်မြတ် သည်၊ပဏ္ဏာသပါဠိယံ–သုတ္တန္တပိဋက,မူလပဏ္ဏာသပါဠိတော်မြတ်၌၊ဝုတ္တံ–ဟောတော် မူအပ်၏၊သာသနဿ–ဗုဒ္ဓမြတ်စွာ ပဋိပတ္တိ သာသနာတော်ကြီးသည်၊ ဝေပုလ္လတ္ထံ ဝေပုလ္လတ္ထာယ–စည်ပင်ပြန့်ကား တိုးပွားပါစေခြင်းအကျိုးငှာ၊ ယထာဗလံ– ကာယစွမ်းအား ဉာဏ်စွမ်းအား ထင်ရှားရှိသည့်အားလျော်စွာ၊ ကံ–ထိုရထဝိ နီတသုတ္တန် ဒေသနာတော်ကို၊ ဘာသိဿာမိ–ရတနာသုံးပါး ဦးထိပ်ထား၍ ကောင်းစွာဟောကြား ညွှန်ပြပေအံ့။ သာသနမာမကာ–ဘုရားရှင်၏ အဆုံး အမဖြစ်သော သာသနာတော်ကြီးကိုလွန်စွာလိုလားခြင်းရှိကြကုန်သော၊တုမှေ– သင်တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည်၊ သက္ကစ္စံ–ရိုသေ လေးစားစွာ၊ သုဏာထ–အာရုံတစ်ပါး စိတ်မသွားစေဘဲ ကောင်းစွာနာကြား လိုက်နာကြပါကုန်လော့။

ယခုဟောပြမယ့်သုတ်က မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ်ကလာတဲ့ ရထဝိနီတသုတ္တန် ဒေသနာတော် ဖြစ်တယ်၊ ရထဝိနီတဆိုတဲ့ စကားမှာ ထ– ဆိုတာက စီးတဲ့ရထား၊ ဝိနီတ–ဆိုတာက အတူးဆောင်ယူအပ်သောဆိုတဲ့ အနက်ကို ဟောတယ်၊ ပုဒ်နှစ်ခုပေါင်း အဓိပ္ပာယ်က မင်းကို အတူးဆောင်ယူ သွားရသော ရထားလို့ ဆိုလိုတယ်၊ ဒီသုတ်မှာ သာဝတ္ထိပြည်က သာကေတမြို့

အရောက် ရထားခုနစ်စင်းဖြင့် အဆင့်ဆင့်ဆောင်ယူသွားပုံကို ဥပမာတင်စား ပြီး ဟောထားတဲ့အတွက် ရထဝိနီတသုတ်လို့ အမည်ပေးထားပါတယ်။ ဒီသုတ် ဟာ အရှင်သာရိပုတ္တရာက မေးလို့ အရှင်ပုဏ္ဏထေရ်က ပြန်လည်ဖြေကြားထား တဲ့ သုတ်ဖြစ်တယ်၊ အရှင်သာရိပုတ္တရာက မေးလို့ အရှင်ပုဏ္ဏထေရ် ဖြေကြား တဲ့သုတ် ဖြစ်သော်လဲ အကယ်၍ ဒီတရားတော်ကို ဘုရားရှင် ကိုယ်တော်တိုင် မေးရင်လဲ ဒီအတိုင်းပင်မေးမယ်၊ အကယ်၍ ဘုရားရှင်ကိုယ်တော်တိုင် ဖြေကြား ရင်လဲ ဒီအတိုင်းပင် ဖြေကြားလိမ့်မယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာနှင့် အရှင် ပုဏ္ဏထေရ်တို့ မေးကြဖြေကြတာ ဖြစ်သော်လဲ ဘုရားရှင်အမေး ဘုရားရှင် အဖြေနှင့် ဘာမျှ ကွဲပြားခြင်းမရှိတဲ့အတွက် ဒီသုတ်တော်ကို သင်္ဂါယနာတင် ဆရာတော်များက ဘုရားဟော ပါဠိတော်အတွင်း ထည့်သွင်းပြီး သင်္ဂါယနာတင် ထားကြပါတယ်။

ဒီသုတ်မှာ ပါဝင်တဲ့ အရှင်သာရိပုတ္တရာဟာ ဘုရားရှင်ရဲ့ လက်ယာ တော်ရံ အဂ္ဂသာဝကဖြစ်ပြီး "မဟာပညာနံ ယဒိဒံ သာရိပုတ္တော-လို့ ပညာ ကြီးမားတဲ့အရာမှာ အမြတ်ဆုံး' မဟာပညာ တေဒဂ်ပုဂ္ဂိုလ်အဖြစ် ဘုရားရှင် ချီးမွမ်းတော်မူရတဲ့အတွက် သာသနာတော်လောကမှာ နေတစ်ဆူ လ,တစ်ဆူ အလား အလွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တယ်၊ ဒါကြောင့် ဒီနေရာမှာ အရှင်သာရိပုတ္တရာရဲ့အကြောင်းကို အထူးဖော်ပြဖို့ မလိုပါဘူး၊ အရှင် သာရိ ပုတ္တရာရဲ့ အမေးကို ဖြေကြားတော်မူတဲ့ အရှင် ပုဏ္ဏမထေရ် ဆိုတာဟာလဲ ယခု ဟောလတ္တံ့ဖြစ်တဲ့ ရထဝိနီတသုတ်ကို ဖြေနိုင်တဲ့အတွက် ဘုရားရှင်က "ဓမ္မကထိ ကာနံ ယဒိဒံ ပုဏ္ဏော မန္တာနီပုတ္တော" ရယ်လို့ ဓမ္မကထိက ပုဂ္ဂိုလ်တွေထဲမှာ အမြတ်ဆုံး ပုဂ္ဂိုလ်အဖြစ် တေဒဂ်ထားခြင်းခံရတဲ့ မဟာသာဝကပုဂ္ဂိုလ်ကြီးဖြစ် တယ်၊ သို့သော်လဲ အရှင်သာရိပုတ္တရာနှင့် နှိုင်းစာပါလျှင် အရှင်သာရိပုတ္တရာ လောက် မထင်ရှားဘူး၊ မကျော်ကြားဘူး၊ သိသူ နည်းပါးနေသေးတယ်၊ ဒါကြောင့် အရှင်ပုဏ္ဏမထေရ်မြတ်ရဲ့ အကြောင်းကို ရှေးဦးစွာ ပြောပြဦးမယ်။

## အရှင်ပုဏ္ဏထေရ်

အရှင်ပုဏ္ဏမထေရ်မြတ်ရဲ့အကြောင်း ပြောမယ်ဆိုရင် ရှေးဦးစွာ ဘုရား လောင်း ဖွားတော်မူစ ကာလက နိမိတ်စကား ဖတ်ကြားတဲ့ ပုဏ္ဏားပညာရှိကြီး

ရှစ်ဦး အကြောင်းကို ရှေးဦးစွာ ပြောရလိမ့်မယ်၊ ဘုရားအလောင်းတော် ဖွားတော်မူပြီးနောက် ၅-ရက်မြောက် အမည်နာမမှည့်ခေါ်တဲ့နေ့မှာ အလုံးစုံသော နန်းတော်ကို နံ့သာမျိုးများဖြင့် ပက်ဖျန်း၊ ပန်းမျိုးစုံတို့ဖြင့် ခြယ်လှယ်ပြီး အလောင်းမင်းသားကို နံ့သာရေတို့ဖြင့် ၇-ကြိမ် ချိုးပေးတယ်၊ အဲဒီနောက် ရတနာကိုးပါး အစုအပုံထက်မှာ သိပ်ထားတယ်၊ ပြီးတော့ဗေဒင်သုံးကျမ်း ကမ်းတစ်ဘက်ရောက် တတ်မြောက်ကျွမ်းကျင်တဲ့ ပုဏ္ဏား ၁၀၈-ယောက်တို့ကို ခေါ်ပြီး အဖျော်ယမကာ ဃနာနို့ထမင်းများ ကျွေးမွေးပူဇော်တယ်၊ ထို့နောက် ၁၀၈-ယောက်သော ပုဏ္ဏားတွေထဲက သာလွန်တတ်မြောက်တဲ့ ပုဏ္ဏား ၈-ယောက်တို့ကို ရွေးစစ်ပြီး အလောင်းမင်းသားရဲ့ လက္ခဏာ နိမိတ်တို့ကို စစ်ဆေးစေတယ်၊ အဲဒီလို စစ်ဆေးနေတဲ့အခါမှာ ရာမ, ဓဇ, လက္ခဏ, ဇောတိမန္တ, ပဝည, သုဗောဇ, သုယာမဆိုတဲ့ ပုဏ္ဏားကြီး ၇-ယောက်တို့က လက်နှစ်ချောင်းမြှောက်ပြီး အဖြေပေးကြတယ်၊ ဤမင်းသားဟာ လေးကျွန်းလုံးကို အစိုးရတဲ့ စကြဝတေးမင်းသော်လဲ ဖြစ်မယ် သို့မဟုတ် သူတွင်ထင်ရှား ဘုရားသော်လည်း ဖြစ်လိမ့်မယ်လို့ ဆိုလိုတယ်။

အငယ်ဆုံးဖြစ်တဲ့ သုဒတ္တ ပုဏ္ဏားကတော့ လက်ညှိုးတစ်ချောင်းမြှောက်ပြပြီး အဖြေပေးတယ်၊ သည်မင်းသားငယ်မှာ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ အနှိဖွယ်တော် တစ်ဆယ့်ရှစ်ဖြာ၊ တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာ အပြည့်အစုံပါတဲ့အတွက် ကာမဂုဏ်ခံစားတဲ့ လူ့ဘောင်မှာ ကြာရှည်စွာ မတည် ကေန်မွေရာင် ဘုရားစင်စစ်ဖြစ်ရပါလိမ့်မယ်လို့ ဆိုလိုတယ်။

ကေဝစနံ-တစ်ခွန်းတည်းသောစကားဖြင့် အဖြေပြောကြားတဲ့ သုဒတ္တ ပုဏ္ဏားဟာ ယခု ရထဝိနီတသုတ်ကို ဟောကြားတော်မူတဲ့ ပုဏ္ဏမထေရ်ရဲ့ မယ်တော်ကြီး မန္တာနီပုဏ္ဏေးမရဲ့အစ်ကို ပုဏ္ဏမထေရ်ရဲ့ ဦးရီးအရင်းဖြစ်တယ်၊ ဇာတိနေရာကတော့ ကပိလဝတ်ပြည်အနီး ဒေါနဝတ္ထုရွာဖြစ်တယ်၊ သုဒတ္တ ပုဏ္ဏားရဲ့ မယ်တော်ကြီးကို ကုဏ္ဍနီလို့ ခေါ်ကြတယ်၊ ကုဏ္ဍနီပုဏ္ဏေးမရဲ့ သားတော်ဖြစ်တဲ့အတွက်ကြောင့် သုဒတ္တပုဏ္ဏားကို ကုဏ္ဍနီယာ အပစ္စံ ကောဏ္ဍညော' ကုဏ္ဍနီယာ- ကုဏ္ဍနီပုဏ္ဏေးမ၏၊ အပစ္စံ ပုတ္တော-သားတည်း၊ ဣတိတသ္မာ ထို့ကြောင့်၊ ကောဏ္ဍညော-ကောဏ္ဍညမည်၏ ဆိုတဲ့ တဒ္ဓိတ်ဝိဂ္ဂြိုဟ်အတိုင်း ကောဏ္ဍညပုဏ္ဏားလို့ ခေါ်ကြတယ်။

ကောဏ္ဍည အမည်ရတဲ့ သုဒတ္တ ပုဏ္ဏားဟာ အလောင်းမင်းသားကို ကေန်မုချ ဘုရားဖြစ်ရမှာ မလွဲဘူးမို့ လက္ခဏာဖတ်ပြီး အလောင်းမင်းသား ဘုရားဖြစ်တဲ့အခါ ဦးစွာဖူးတွေ့ပြီး တရားဦးကို နာရအောင်လို့ ရတဲ့ဆုလာဘ် များကို ဆွေမျိုးများအား စွန့်ကြဲပြီး မိမိနှင့်သဘောတူတဲ့ ဝပ္ပ ဘဒ္ဒိယ မဟာ နာမ် အဿဇိဆိုတဲ့ ပုဂ္ဂိုလ်လေးယောက်နှင့်အတူ ဘုရားလောင်းထက် အရင် ဦးစွာကိုတင်ပြီး တောထွက်ခဲ့ကြတယ်၊ အဲဒီပုဂ္ဂိုလ် ၅-ဦးဟာ နောင်အခါ ဓမ္မစကြာတရား ဦးကို နာကြရတဲ့ ပဉ္စဝဂ္ဂီ ၅-ဦးရယ်လို့ ဖြစ်လာကြတာပေါ့၊ ဦးရိုးတော် ကောဏ္ဍညပုဏ္ဏား တောထွက်စဉ်ကာလက ပုဏ္ဏမထေရ်ဟာ အသက် အားဖြင့် ငယ်ရွယ်သူဖြစ်သေးတယ်၊ ဒါပေမယ့် ဦးရိုးတို့နှင့်အတူလိုက်ပြီး တော ထွက်ချင်ပါတယ်လို့ ပူဆာတာကြောင့်မိခင်မန္တာနီပုဏ္ဏေးမက "ငါ့သား-ငယ်ပါ သေးတယ်၊အသက်ကြီးမှ တောထွက်တာပေါ့"လို့ ချော့မော့တားမြစ်ထားရပါ သတဲ့၊ အဲဒီအခါကစပြီး ပုဏ္ဏမထေရ်ရဲ့ အလောင်းဟာ တောထွက်ပြီ သက်န်း ဝတ်ချင်တဲ့စိတ်နှင့် ဦးရိုးများရဲ့သတင်းကို အမြဲနားထောင်နေတယ်။

ဒီလိုနှင့်ပဲ လောကသုံးပါးမှာ ဂေါတမရှင်တော်ဘုရား ထင်ရှားဖြစ် လို့ ရှေးဦးစွာ ဣသိပတနမိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာ တရား အနတ္တလက္ခဏသုတ်စတဲ့တရားများ ဟောညွှန်ပြသဆုံးမတော်မူပြီ ပထမ ဝါဆိုတော်မူတယ်၊ အဲဒီနောက် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး[illegible] ထားချက်အရ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူပြီး ဝေဠုဝန်ကျောင်းမှာ ဝါ[illegible] တော် မူတယ်၊ အဲဒီသတင်းကို ပုဏ္ဏမထေရ်အလောင်း လုလင်က ကြားသိတဲ့အတွက် ဦးရိုးတော် ကောဏ္ဍညရှိရာ ရာဇဂြိုဟ်ကို လိုက်လာတယ်၊ ရာဇဂြိုဟ်ပြည် ရောက် လို့ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဖူးတွေ့တဲ့အခါ အလှန် သဒ္ဓါ တရား ဖြစ်ပေါ်လာတဲ့အတွက် ဦးရိုးတော် ကောဏ္ဍညမထေရ်ထံမှ[illegible] သ က်န်း ဝတ် တယ်၊ မန္တာနီ ပု ဏ္ဏား မ ရဲ့ သား တော် ဖြစ် တဲ့ အ တွက် 'မန္တာနီပုတ္တ''လို့လဲ ခေါ်ဝေါ်ကြတယ်။ မန္တာနီပုတ္တလို့ ခေါ်ကြတဲ့ပုဏ္ဏမထေရ် ဟာ ဘုရားရှင်ဖွားတော်မူရာ ကပိလဝတ်ပြည်သားဖြစ်တယ်။ ဒါကြောင့် ခမည်း တော် သုဒ္ဓေါဒနမင်းကြီး လျှောက်ထားချက်နှင့် ဘုရားရှင် ရာဇဂြိုဟ်ပြည်က ကပိလဝတ်ပြည်ကို ကြွချီတော်မူကဲ့အခါ ဘုရားရှင်ရဲ့ ပစ္ဆာသမဏအဖြစ်နှင့် ကပိလဝတ်ပြည်ကိုပြန်လိုက်ခဲ့တယ်။ ကပိလဝတ်ပြည်အနီး တောအုပ်တစ်အုပ် ရောက်လာတော့ ငါဟာ ရဟန်းကိစ္စ မပြီးသေးဘူး။ ဒီတောအုပ်တွင်းမှာ

ရဟန်းကိစ္စပြီးစီးအောင် ငါအားထုတ်မှုယ်ဆိုတဲ့အကြံနှင့် ကပိလဝတ်ပြည်ကို မလိုက်ပါဘဲ အဲဒီတောအုပ်အတွင်းမှာ နေရစ်ခဲ့ပြီး ရဟန်းတရား ပွားများ အားထုတ်ခဲ့ရာ မကြာမီ ကိလေသာကုန်ခန်းတဲ့ရဟန်းအဖြစ်ကို ဆိုက်ရောက်တော်မူခဲ့တယ်။ ဒီစကားရပ်က ထေရဂါထာ အဋ္ဌကထာ(ပ)၄၅–ကလာတဲ့အတိုင်း ဟောပြခြင်းဖြစ်တယ်။ အင်္ဂုတ္တရ အဋ္ဌကထာ (ပ) ၁၅၉–မှာ ဆိုတာကတော့ ဘုရားရှင်ဟာ ပထမဝါကို ဣသိပတန မိဂဒါဝုန်တောမှာ ဆိုတော်မူတယ်။ ဝါကျွတ်သောအခါ ဗိမ္ဗိသာရမင်းကြီးကြိုတင်ပင့်လျှောက်ချက်ကြောင့်ရာဇဂြိုဟ် ပြည်ကို ကြွတော်မူတယ်။

ဘုရားရှင် ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးစဉ် အညာသိကောဏ္ဍညထေရ် ကပိလဝတ်ပြည်ကို ကြွသွားတော်မူတယ်။ ကပိလဝတ်ပြည်ရောက်တော့ သက်နှိုး ဝတ်ချင်လှပါတယ်ဆိုပြတဲ့ တူတော်ပုဏ္ဏားကို သက်န်းဝတ်ပေးတယ်။ ပြီးတော့ ဘုရားရှင်ထံ ပြန်ကြွသွားတယ်။ ဘုရားရှင်ထံရောက်တော့ ဘုရားရှင်ကို ပန်ကြား မှုး ဆဒ္ဒန်အိုင်ကို ကြွသွားတော်မူတယ်။ အရှင်ကောဏ္ဍညဟာ အဲဒီဆဒ္ဒန်အိုင် မှာပင် ဆင်ပေါင်းများစွာတို့ရဲ့ အလုပ်အကျွေးကိုခံယူပြီး ပရိနိဗ္ဗာန် ဝင်စံ တော်မူသည်အထိ အမြဲ သီတင်းသုံးတော်မူတယ်။ ပုဏ္ဏထေရ်ကတော့ ဦးရီးနှင့် အတူ ဘုရားရှင်ထံလိုက်မသွားဘူး။ ယခု ငါဟာ ရဟန်းကိစ္စမပြီးသေးဘူး။ ရဟန်းကိစ္စပြီးမှ ဘုရားရှင်ထံ သွားမယ်လို့ အကြံဖြစ်ပြီး ကပိလဝတ်ပြည်မှာပဲ တရားအားထုတ်ရာ မကြာမီ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူတယ်လို့ အပဒါန်အဋ္ဌကထာမှာ ဆိုတယ်။ အရှင်ပုဏ္ဏထေရ်ဟာ ရဟန္တာဖြစ်ပြီးတဲ့နောက် ဘုရားရှင်နှင့် အတူတကွလိုက်ပါခြင်းမပြုတော့ဘဲ ကပိလဝတ်ပြည်မှာပင် အမြဲ သီတင်းသုံးတော်မူပြီး ဘုရားရှင်နှစ်သက်တော်မူတဲ့ ကထာဆယ်ပါးမြတ်တရား ကို ကိုယ်တိုင်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူတယ်။ ရောက်လာတဲ့ ပုဂ္ဂိုလ်များကိုလဲ ကထာဆယ်ပါး မြတ်တရားကို ပြတ်ပြတ်သားသား ဟော ကြားတော်မူတယ်။ ဟောကြားတော်မူတဲ့ အတိုင်းလဲ တရားနာရတဲ့ ပုဂ္ဂိုလ် များ အင်မတန်နှစ်သက်လို့ ပုဏ္ဏထေရ်ထံ ရဟန်းပြုကြတဲ့ပုဂ္ဂိုလ်ပေါင်းငါးရာ တောင် ရှိပါသတဲ့။

ဒီနေရာမှာ အရှင်ပုဏ္ဏမထေရ် ဟောကြားတော်မူတဲ့ ကထာဆယ်ပါး ဆိုတာကို အင်္ဂုတ္တိုရ်ပါဠိတော် ဒသကနိပါတ်မှာ ဒီလိုပြထားပါတယ်။

## ကထာဆယ်ပါး

| | | | |
|---|---|---|---|
| ၁။ | အပ္ပိစ္ဆကထာ | – | အလိုနည်းပါးခြင်းနှင့် စပ်ဆိုင်တဲ့ စကား။ |
| ၂။ | သန္တုဋ္ဌိကထာ | – | တင်းတိမ်ရောင့်ရဲမှုနှင့် စပ်ဆိုင်တဲ့ စကား။ |
| ၃။ | ပဝိဝေကကထာ | – | ဆိတ်ငြိမ်အေးချမ်းမှုနှင့် စပ်ဆိုင်တဲ့ စကား။ |
| ၄။ | အသံသဂ္ဂကထာ | – | မရောမြှမ်း မရှုပ်ထွေးခြင်းနှင့် စပ်ဆိုင်တဲ့ စကား။ |
| ၅။ | ဝီရိယာရမ္ဘကထာ | – | ကမ္မဋ္ဌာန်းအလုပ် အားထုတ်မှုနှင့် စပ်ဆိုင်တဲ့စကား။ |
| ၆။ | သီလကထာ | – | အကျင့်သီလပြည့်စုံမှုနှင့် စပ်ဆိုင်တဲ့ စကား။ |
| ၇။ | သမာဓိကထာ | – | သမာဓိ ပြည့်စုံမှုနှင့် စပ်ဆိုင်တဲ့ စကား။ |
| ၈။ | ပညာကထာ | – | ပညာပြည့်စုံမှုနှင့် စပ်ဆိုင်တဲ့စကား |
| ၉။ | ဝိမုတ္တိကထာ | – | သံသရာဝဋ်ကကျွတ်လွတ်မှုနှင့် စပ်ဆိုင်တဲ့စကား။ |
| ၁၀။ | ဝိမုတ္တိဉာဏဒဿနကထာ | – | သံသရာဝဋ်ကျွတ်လွတ်ရေးကို မြင်နိုင်တဲ့ ဉာဏ်ပညာနှင့် စပ်ဆိုင်တဲ့ စကား။ |

ဒီစကားကြီးဆယ်ခွန်းဟာ သာသနာတော်အတွင်းမှာ လွန်စွာ အရေးကြီးတဲ့ စကားကြီးများဖြစ်တယ်၊ အရိယာပုဂ္ဂိုလ်တွေဟာ ဒီစကားဆယ်မျိုးက လွတ်ပြီး အလွယ်စကား ပြောကြားလေ့မရှိကြဘူးတဲ့။ အရှင်ပုဏ္ဏမထေရ်

ဟာ ဒီကထာတရားဆယ်ပါးကို ကိုယ်တိုင်လဲအားထုတ်တယ်။ သူတစ်ပါးကိုလဲ ပြောဟောတယ်။ သူ့တပည့်တွေကလည်း ကထာဆယ်ပါးကို လွန်စွာကျွမ်းကျင်ပြီး လိုက်နာကျင့်သုံးတော်မူကြတယ်။

တစ်နေ့ကျတော့ အရှင်ပုဏ္ဏရဲ့တပည့် ရဟန်းငါးရာတို့ဟာ ဘုရားရှင်ထံ အဖူးအမြော် သွားလိုကြတဲ့အတွက် ဆရာ့ထံ ပန်ကြားကြတယ်။ အရှင်ပုဏ္ဏလဲ ဘုရားကိုမဖူးတွေ့ရတာ ကာလကြာမြင့်တဲ့အတွက် ဘုရားဖူးသွားချင်နေတယ်။ သို့သော် ဒီတပည့်ငါးရာနှင့် အတူတကွသွားခဲ့လျှင် တပည့် အခြံအရံနှင့် ဝါဝါကြွားကြွား ဘုရားဖူးလာတယ်လို့ သူတစ်ပါးအထင်မှားမှာ စိုးတော်မူတဲ့အတွက် ''အေး အေး တပည့်တို့ သင်တို့ ရှေးဦးစွာသွားနှင့်ကြ၊ ဘုရားရှင်မေးတော်မူရင်လဲ ငါ့အကြောင်းကို လျှောက်ထားကြ''လို့ မိန့်တော်မူပြီး တပည့်ငါးရာကို ဘုရားဖူး လွှတ်လိုက်ပါတယ်၊ တပည့်ရဟန်း ငါးရာဟာ ဆရာကိုရှိသေစွာပူဇော်ပြီး ကပိလဝတ်ပြည်က ယူဇနာ ၆၀–ဝေးကွာတဲ့ ရာဇဂြိုဟ်ပြည်ကို ဘုရားဖူး သွားရောက်ကြတယ်၊ ဒီအခါ ဘုရားရှင်က ''ရဟန်းတို့–သင်တို့ ဘယ်အရပ်က လာရောက်ကြသလဲ''လို့မေးတော်မူတယ်၊ ရဟန်းများက ''တပည့်တော်များဟာ ဘုရားရှင် ဖွားတော်မူရာ ကပိလဝတ်ပြည်က လာကြပါတယ်၊ တပည့်တော်များရဲ့ဆရာဟာ အရှင်ပုဏ္ဏမန္တာနီပုတ္တရာ ဖြစ်ပါတယ်''လို့ လျှောက်ထားကြတယ်။

ဘုရားရှင်က ''သင်တို့ သီတင်းသုံးနေထိုင်ရာ ကပိလဝတ်ပြည်မှာ–

(၁) မိမိလည်း အလိုနည်းတယ်၊ သူတစ်ပါးကိုလည်း အလိုနည်းအောင် အလိုနည်းခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၂) မိမိလည်း ရောင့်ရဲလွယ်တယ်၊ သူတစ်ပါးကိုလည်း ရောင့်ရဲလွယ်အောင် ရောင့်ရဲခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၃) မိမိလည်း ဆိတ်ငြိမ်ရာမှာ အေးချမ်းစွာ နေတတ်တယ်၊ သူတစ်ပါးကိုလည်း ဆိတ်ငြိမ်ရာမှာ အေးချမ်းစွာနေခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၄) မိမိလည်း မရောပြွမ်းမရှုပ်ထွေး၊ သူတစ်ပါးကိုလည်း မရောပြွမ်း မရှုပ်ထွေးခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၅) မိမိလည်း ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တယ်၊ သူတစ်ပါးကို လည်း ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၆) မိမိလည်း အကျင့်သီလနှင့် ပြည့်စုံတယ်၊ သူတစ်ပါးကိုလည်း အကျင့်သီလ ပြည့်စုံခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၇) မိမိလည်း သမာဓိတရားနှင့် ပြည့်စုံတယ်၊ သူတစ်ပါးကိုလည်း သမာဓိတရားနှင့် ပြည့်စုံခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ် တယ်။

(၈) မိမိလည်း ပညာဂုဏ်နှင့် ပြည့်စုံတယ်၊ သူတစ်ပါးကိုလည်း ပညာ ဂုဏ်နှင့် ပြည့်စုံခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ်တယ်။

(၉) မိမိလည်း သံသရာဝဋ်က ကျွတ်လွတ်အောင် ကြိုးစားတယ်၊ သူ တစ်ပါးကိုလည်း သံသရာဝဋ်က ကျွတ်လွတ်မှုရဲ့ ကျေးဇူးတရား ကိုလည်း ဟောတတ်တယ်။

(၁၀) မိမိလည်း သံသရာဝဋ် ကျွတ်လွတ်ရေးကို မြင်နိုင်တဲ့ ဉာဏ်ပညာ နှင့် ပြည့်စုံတယ်၊ သူတစ်ပါးကိုလည်း သံသရာဝဋ် ကျွတ်လွတ် နိုင်တဲ့ ဉာဏ်ပညာနှင့် ပြည့်စုံခြင်းရဲ့ ကျေးဇူးတရားကို ဟောတတ် တယ်။

"ဒီလို ကထာဆယ်ပါးနှင့် ပြည့်စုံစွာ မိမိလဲကျင့် သူတစ်ပါးကို ကိုလဲ ဟောပြောနိုင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ သီတင်းသုံးဖော်တို့ အချီးအမွမ်း ကို ခံယူရတဲ့ ပုဂ္ဂိုလ်ထူးများ ရှိသလား" လို့ ဘုရားရှင်က မေးတော်မူတယ်။ ဘုရားရှင်က မေးတော်မူတော့ ရဟန်းတော်ငါးရာတို့က "ဘုန်းတော်နေဝန်း ထွန်းသင်းတောက်ပတော်မူပါသော မြတ်စွာဘုရား–မိမိလဲ အလိုနည်း, သူ တစ်ပါးကိုလဲ အလိုနည်းအောင် အလိုနည်းခြင်းရဲ့ ကျေးဇူးတရား စသော ဆယ်ပါးသော ကထာတရားတော်များကို ကောင်းစွာညွှန်ကြား ထင်ရှား ဟောပြတော်မူနိုင်သော ပုဂ္ဂိုလ်မြတ်ကြီးဟာ တပည့်တော်များ သီတင်းသုံးရာ

ကပိလဝတ်ပြည်မှာ ရှိပါတယ်ဘုရား၊ မန္တာနီပုဏ္ဏေးမကြီးရဲ့သားတော် အရှင်ပုဏ္ဏမယေရ်ဟာ ဆယ်ပါးသော ကထာတရားတော်နှင့်အညီ မိမိလဲကျင့် သူတစ်ပါးကိုလဲ ညွှန်ကြား ပြသတော်မူနိုင်တဲ့အတွက် သီတင်းသုံးဖော် ရဟန်းတော်ရဲ့ အချီးအမွမ်း ခံရသော ပုဂ္ဂိုလ်ကြီး ဖြစ်ပါတယ်ဘုရား'' လို့ လျှောက်ထားကြတယ်။

## အရှင်သာရိပုတ္တရာအကြံ

ဒီအချိန် ဒီအခါမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ ဘုရားရှင်ရဲ့ အနီးအပါးမှာ ထိုင်နေတော်မူတယ်၊ ဒီလိုထိုင်နေတော်မူစဉ် အရှင်ပုဏ္ဏကို သီတင်းသုံးဖော် ရဟန်းတော်တို့က ကထာဆယ်ပါးကို သက်ဝင်ပြီး ကျေးဇူးစကား ထင်ရှားပြောဆိုကြတယ်၊ ထိုရဟန်းတော်များ လျှောက်ထားတဲ့အတွက် ဘုရားရှင်ကလဲ ဝမ်းမြောက်နှုံမော် သာဓုခေါ်ပြီး ချီးကျူးတော်မူတယ်၊ ဒီစကားရပ်များကို ဘုရားရှင်အနီးအပါး ထိုင်ရင်း ကြားနာတော်မူရတဲ့ ရှင်သာရိပုတ္တရာဟာ အရှင်ပုဏ္ဏအပေါ် အင်မတန်နှစ်သက်တော်မူသွားတယ်၊ အရှင်ပုဏ္ဏထေရ်ဟာ ဘုရားရှင်ရဲ့ အချီးအမွမ်းကို ခံယူတော်မူရတဲ့အတွက် အရတော်ပေစွ၊ အရတော်ပေစွ၊ ငါတို့လဲ တစ်ချိန်ချိန်မှာ အရှင်ပုဏ္ဏနှင့်အတူ တွေ့ဆုံခွင့် ရကောင်းရပါလိမ့်မယ်၊ အတူတကွ စကားပြောဆိုခွင့် ရကောင်းရပါလိမ့်မယ်လို့ အဲဒီလို အရှင်ပုဏ္ဏထေရ်နှင့် တွေ့ဆုံခွင့်ကို မျှော်လင့်တောင့်တတော်မူပါသတဲ့၊ ဒီလိုနှင့် ဘုရားသခင်ဟာ ရာဇဂြိုဟ်ပြည်မှာ မွေ့လျော်တော်မူသမျှ သီတင်းသုံးတော်မူပြီး ရာဇဂြိုဟ်ပြည်က သာဝတ္ထိပြည်ကို ကြွသွားတော်မူတယ်၊ သာဝတ္ထိပြည်ရောက်တဲ့အခါ အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး စံနေတော်မူပါတယ်။

## ရဟန္တာကြီးနှစ်ပါး

အဲဒီအခါမှာ မန္တာနီပုဏ္ဏေးမရဲ့သားတော် ဖြစ်တဲ့ အရှင်ပုဏ္ဏမထေရ်ဟာ ဘုရားရှင် သာဝတ္ထိပြည်ကို ကြွလာကြောင်း သတင်းရလို့ ကပိလဝတ်ပြည်က သာဝတ္ထိပြည်ကို တစ်ပါးတည်း ဘုရားဖူး ကြွချီတော်မူလာတယ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ရောက်တဲ့အခါ ဘုရားရှင်ထံတော် ရှိသေစွာချဉ်းကပ်

မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ ထိုင်ပါသတဲ့၊ သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ ထိုင်နေတဲ့ အရှင်ပုဏ္ဏကို မြတ်စွာဘုရားက တရားနှင့်စပ်တဲ့ စကားဖြင့် ကောင်းစွာ ဖော်ပြတော်မူတယ်၊ ကောင်းစွာ ဆောက်တည်စေတယ်၊ ကောင်းစွာ အားထုတ်တော်မူစေတယ်။ ကောင်းစွာ နှစ်သက် ရွှင်လန်းတော်မူစေတယ်။ ဒီအခါ အရှင်ပုဏ္ဏမထေရ်ဟာ ဘုရားရှင်ရဲ့ တရားတော်ကို ကြားနာရတဲ့အတွက် အလွန် နှစ်သက်ဝမ်းမြောက်စွာနဲ့ ဘုရားရှင်ကို ရှိခိုးပူဇော်ပြီး ဇေတဝန်ကျောင်းတော်ရဲ့ မနီးမဝေးမှာ တည်ရှိတဲ့ အန္ဓဝနတောဆီကို နေ့သန့်တော်မူရန်အတွက် ကြွသွားတော်မူတယ်၊ ဒီသတင်းကို အရှင်သာရိပုတ္တရာ ကြားသိတော်မူတဲ့အခါ ငါ တွေ့ဆုံလိုတဲ့ ပုဏ္ဏထေရ် ကြွလာတယ်ဆိုပါကလား၊ သွားရောက် တွေ့ဆုံဦးမှပဲလို့ နိသီဒိုင်ကို ဆောင်ယူပြီး အရှင်ပုဏ္ဏထေရ်ရဲ့နောက်ကို လိုက်တော်မူတယ်၊ အန္ဓဝနတောကို ရောက်တဲ့အခါ အရှင်ပုဏ္ဏထေရ်က တစ်ခုသောသစ်ပင်ရင်းမှာ နေ့သန့်ခြင်းငှာ ထိုင်တော်မူတယ်။ အရှင်သာရိပုတ္တရာကလည်း မနီးမဝေးတစ်ခုသော သစ်ပင်ရင်းမှာ နေ့သန့်ခြင်းငှာ ထိုင်တော်မူတယ်။

## အမေးနှင့်အဖြေ

ညနေအချိန်ကျတော့ အရှင်သာရိပုတ္တရာဟာ ဖလသမာပတ်က ထတော်မူပြီး အရှင်ပုဏ္ဏထံပါး ချဉ်းကပ်တော်မူတယ်၊ ချဉ်းကပ်တော်မူပြီး ရဟန္တာကြီးနှစ်ပါး ဝမ်းမြောက်ဝမ်းသာ အမှတ်ရဖွယ် စကားများကို ပြောဆိုကြပြီးတဲ့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်က 'ငါ့ရှင်—ငါ့ရှင်ဟာ မြတ်စွာဘုရားသခင်ရဲ့ ထံတော်မှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလား'လို့ မေးတော်မူတယ်၊ ရှင်ပုဏ္ဏက 'မှန်ပါတယ်၊ တပည့်တော်ဟာ ဘုရားရှင်ရဲ့ အဆုံးအမတော်တည်းဟူသော အရိပ်အောက်မှာ မြတ်သောအကျင့်ကို ကျင့်သုံးပါတယ်'လို့ ဖြေဆိုပါတယ်၊ ရှင်သာရိပုတ္တရာက တစ်ဆင့်တက်ပြီး မေးပြန်တယ်၊ ဘယ်လို မေးသလဲဆိုတော့ 'ငါ့ရှင် ဘုရားရှင်ရဲ့ သာသနာတော်တည်းဟူသော အရိပ်အောက်မှာ မြတ်သောအကျင့် ကျင့်တာဟာ ဘယ်လို ရည်ရွယ်ချက်နှင့် ကျင့်ပါသလဲ၊ သီလ အထူးစင်ကြယ်ခြင်းကို အလိုရှိတဲ့အတွက် ကျင့်ခြင်းဖြစ်ပါသလား' လို့ မေးတယ်၊ အရှင်ပုဏ္ဏက "သီလ အထူးစင်ကြယ်ခြင်းကို အလိုရှိလို့ကျင့်တာ မဟုတ်ပါဘူး'လို့ဖြေတယ်၊ အရှင်သာရိပုတ္တရာက 'သီလ အထူးစင်ကြယ်ခြင်းကို

အလိုရှိလို့မဟုတ်လျှင် စိတ်သမာဓိ အထူးစင်ကြယ်ခြင်းကို အလိုရှိလို့လား''လို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက ''စိတ်သမာဓိ အထူးစင်ကြယ်ခြင်းကို အလိုရှိလို့ မြတ်သောအကျင့်ကျင့်တာလဲ မဟုတ်ပါဘူး'' ပြန်ဖြေတယ်။ အရှင်သာရိပုတ္တရာက ''စိတ်သမာဓိ စင်ကြယ်ခြင်းကို အလိုရှိလို့မဟုတ်လျှင် ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းကို အလိုရှိလို့လား''လို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက ''ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းကို အလိုရှိလို့လည်း မဟုတ်ပါဘူး''လို့ ဖြေပြန်တယ်။

အရှင်သာရိပုတ္တရာက ''ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းကို အလိုရှိလို့ မဟုတ်လျှင် ယုံမှားခြင်းကို လွန်မြောက်မှုဉာဏ် အထူး စင်ကြယ်ဖို့အတွက် မြတ်သောအကျင့်ကို ကျင့်ပါသလား''လို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက 'ယုံမှားခြင်းကို လွန်မြောက်ရုံမျှအတွက် ကျင့်တာလဲ မဟုတ်ပါဘူး''လို့ ဖြေပြန်တယ်၊ အရှင်သာရိပုတ္တရာက 'ယုံမှားခြင်းကို လွန်မြောက်မှုအတွက် မဟုတ်လျှင် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်စင်ကြယ်ဖို့အတွက် မြတ်သော အကျင့်ကို ကျင့်ပါသလား'လို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက ''မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် စင်ကြယ်ဖို့အတွက်လဲ မဟုတ်ဘူးလို့''ဖြေတယ်၊ အရှင်သာရိပုတ္တရာက ''မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် စင်ကြယ်ဖို့အတွက် မဟုတ်လျှင် အကျင့် အနုလုံဉာဏ်အမြင် စင်ကြယ်ဖို့အတွက် မြတ်သောအကျင့်ကို ကျင့်ပါသလား''လို့ မေးပြန်တယ်၊ 'အရှင် ပုဏ္ဏက 'အကျင့်အနုလုံ စင်ကြယ်ဖို့အတွက် ကျင့်တာလဲ မဟုတ်ပါဘူး'လို့ ဖြေပြန်တယ်၊ အရှင်သာရိပုတ္တရာက 'အကျင့် အနုလုံ ဉာဏ်အမြင် စင်ကြယ်ဖို့မဟုတ်လျှင် မဂ်ဉာဏ်အမြင် စင်ကြယ်ဖို့အတွက် မြတ်သောအကျင့်ကို ကျင့်ပါသလား''လို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက''မဂ်ဉာဏ် အမြင် စင်ကြယ်ဖို့အတွက်လဲ မဟုတ်ပါဘူး'လို့ ဖြေပြန်တယ်။

ဒီတော့ အရှင်သာရိပုတ္တရာက 'ငါ့ရှင် သီလ အထူးစင်ကြယ်ဖို့အတွက် မြတ်သောအကျင့်ကို ကျင့်တာလား'လို့ မေးတော့ ငါ့ရှင်က 'မဟုတ်ပါ'လို့ ဖြေတယ်၊ 'စိတ်သမာဓိ အထူးစင်ကြယ်ဖို့လား' မေးပြန်တော့လဲ ငါ့ရှင်က 'မဟုတ်ပါဘူး'လို့ဖြေတယ်၊ 'အမြင် အထူးစင်ကြယ်ဖို့လား၊ ယုံမှားခြင်းကို လွန်မြောက်ဖို့လား၊ မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်လို လို့လား၊ အကျင့်အနုလုံဉာဏ်အမြင်အထူး စင်ကြယ်ချင်လို့လား၊မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ချင်လို့လား' လို့ မေးပြန်တော့လဲ ငါ့ရှင်က မဟုတ်ပါဘူး၊

မဟုတ်ပါဘူးချည်းပင် ဖြေဆိုတယ်၊ အကယ်၍ ဒီအကျိုးတွေအတွက် ကျင့်သုံးတာ မဟုတ်လျှင် ဘယ်အကျိုးကို မျှော်ကိုးပြီး ဘုရားရှင်ရဲ့ သာသနာဘည်းဟူသော အရိပ်အောက်မှာ မြတ်သောအကျင့်ကို ကျင့်သုံးပါသလဲလို့ မေးလိုက်တယ်၊ ဒီတော့ အရှင်ပုဏ္ဏမထေရ်က 'တခြား အကျိုးအတွက် တပည့်တော် မြတ်သော အကျင့်ကို ကျင့်တာမဟုတ်ပါဘူး၊ စွဲလမ်းမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေး ခြင်း အကျိုးအတွက် မြတ်သောအကျင့်ကို ကျင့်ခြင်းဖြစ်ပါတယ်'လို့ ဖြေဆို လိုက်တယ်။

'အနုပါဒါပရိနိဗ္ဗာနတ္ထံ ခေါ အာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ'တဲ့၊ အဖြေပါဠိရပ်က အာဝုသော—ငါ့ရှင်၊ အနုပါဒါ—စွဲလမ်းမှုမရှိသော၊ ပရိနိဗ္ဗာနတ္ထံ—ထက်ဝန်းကျင် ငြိမ်းအေးခြင်း အကျိုးငှာ၊ ဘဂဝတိ—မြတ်စွာ ဘုရား၏ သာသနာတော်၌၊ ဗြဟ္မစရိယံ—မြတ်သောအကျင့်ကို၊ ဝုဿတိ—ကျင့် သုံး၏'တဲ့။

အရှင်ပုဏ္ဏမထေရ် သာသနာတော် အရိပ်အောက်မှာ မြတ်တဲ့အကျင့်ကို ကျင့်သုံးတာဟာ တခြားအကျိုးကို ရည်ရွယ်ပြီး ကျင့်သုံးခြင်းမဟုတ်၊ ထက် ဝန်းကျင် ငြိမ်းအေးချမ်းသာသည့် ပရိနိဗ္ဗာန်အကျိုးငှာ ကျင့်သုံးခြင်း ဖြစ်ပါ သတဲ့၊ အဖြေစကားရပ်မှာပါတဲ့ 'အနုပါဒါပရိနိဗ္ဗာန်'ဆိုတာဟာ စွဲလမ်းခြင်း အကြောင်းကင်းသော ပရိနိဗ္ဗာန်ကိုဆိုလိုပါတယ်၊ စွဲလမ်းခြင်းဆိုတဲ့ ဥပါဒါန်ဟာ နှစ်မျိုးရှိတယ်၊ နှစ်မျိုးဆိုတာက စွဲလမ်း၍ ယူခြင်းဆိုတဲ့ 'ဂဟဏဥပါဒါန်'နှင့် အကြောင်းဖြစ်တဲ့ 'ပစ္စယဥပါဒါန်'တို့ ဖြစ်ကြတယ်၊ စွဲလမ်း၍ ယူခြင်းဆိုတဲ့ ဂဟဏဥပါဒါန်က ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ရယ်လို့ လေးပါးအပြားရှိတယ်၊ ပစ္စယဥပါဒါန်ဆိုတာက အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်တယ်၊ စသောအားဖြင့် အကြောင်းပစ္စယကြောင့် အကျိုးတရားများ ဖြစ်ပေါ် လာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပစ္စယဥပါဒါန်လို့ ခေါ်ဆိုပါတယ်၊ ယခုအဖြေမှာ ပါဝင်တဲ့ (အနုပါဒါပရိနိဗ္ဗာန်)ဆိုတာကို ယခုဟောခဲ့ပြီးတဲ့ စွဲလမ်းခြင်း ဥပါဒါန်နှစ်မျိုးဖြင့် ခွဲဝေလိုက်တဲ့အခါ ရှေးဦးစွာ အရဟတ္တဖိုလ်တရားဟာ ကာမုပါဒါန်စတဲ့ လေးပါးသော ဥပါဒါန်တို့တွင် တစ်ပါးပါးသော ဥပါဒါန်

ဖြင့် စွဲလမ်း၍ ယူအပ်တဲ့တရား မဟုတ်တဲ့အတွက် (အနုပါဒါပရိနိဗ္ဗာန-
စွဲလမ်းမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးသောနိဗ္ဗာန်)လို့ ခေါ်ဆိုရတယ်၊
အဝိဇ္ဇာသောအကြောင်း ချုပ်ငြိမ်းတဲ့အတွက် သင်္ခါရစသောအကျိုးတရားများ
ချုပ်ငြိမ်းရာ အသင်္ခတ အမတဓာတ်ဖြစ်တဲ့ ထက်ဝန်းကျင်ငြိမ်းအေးတဲ့ နိဗ္ဗာန်
ကိုတော့ အကြောင်းကင်းသော နိဗ္ဗာန်ဖြစ်လို့ (အပစ္စယပရိနိဗ္ဗာန်)လို့ ခေါ်ဆို
ရတယ်၊ အနုပါဒါ ပရိနိဗ္ဗာန်ဟာ အသက်ထင်ရှားရှိစဉ် ခံစားရတဲ့ ပရိနိဗ္ဗာန်
ဖြစ်လို့ (သဉပါဒိသေသနိဗ္ဗာန်)လို့ ခေါ်တယ်၊ အပစ္စယ ပရိနိဗ္ဗာန် ဆိုတာက
အသင်္ခတ အမတဓာတ် ဖြစ်တဲ့အတွက် ခန္ဓပရိနိဗ္ဗာန်ဝင် စံတော်မူတဲ့ (အနုပါဒိ
သေသနိဗ္ဗာန်)လို့ ခေါ်တယ်၊ ယခု အရှင်ပုဏ္ဏမထေရ်ရဲ့ အဖြေမှာ (အနုပါဒါ
ပရိနိဗ္ဗာနတ္ထံ)လို့ ပါရှိတဲ့အတွက် စွဲလမ်းခြင်းမရှိ၊ ထက်ဝန်းကျင် ငြိမ်းအေး
သော အရဟတ္တဖိုလ်အကျိုး (သို့မဟုတ်) သဉပါဒိသေသနိဗ္ဗာန် အကျိုးငှာ
မြတ်သော အကျင့်ကို ကျင့်ပါတယ်လို့ ဖြေဆိုခြင်း ဖြစ်ပါတယ်။

အရှင်ပုဏ္ဏမထေရ် ဖြေဆိုတော်မူတဲ့ (အနုပါဒါ ပရိနိဗ္ဗာန်) စွဲလမ်းမှုမရှိ
သော ထက်ဝန်းကျင် ငြိမ်းအေးတဲ့ နိဗ္ဗာန်ဆိုတော့ လူတိုင်း နားလည်ဖို့ ခက်ခဲ
တယ်၊ နက်နဲသော တရားဖြစ်တယ်၊ ဒါကြောင့် ရှင်သာရိပုတ္တရာမထေရ်မြတ်က
"ငါ့ရှင်-အကျင့်သီလ စင်ကြယ်ခြင်းဟာ ငါ့ရှင် လိုလားတဲ့ စွဲလမ်းမှုမရှိသော
ထက်ဝန်းကျင် ငြိမ်းအေးတဲ့ အနုပါဒါ ပရိနိဗ္ဗာန်လား"လို့ မေးတယ်၊ အရှင်
ပုဏ္ဏက မဟုတ်ပါဘူးလို့ ဖြေပြန်တယ်၊ "ထိုသို့မဟုတ်လျှင် စိတ်သမာဓိ စင်ကြယ်
ခြင်းဟာ ငါ့ရှင်လိုလားတဲ့ အနုပါဒါ ပရိနိဗ္ဗာန်လား" လို့ မေး ပြန်
တယ်၊ အရှင်ပုဏ္ဏက မဟုတ်ပါဘူးလို့ ဖြေပြန်တယ်၊ ဒါမှဟုတ်ရင် ယုံမှား
ခြင်းကို လွန်မြောက်မှု ဉာဏ်အမြင်အထူးစင်ကြယ်ခြင်းဟာ ငါ့ရှင်လိုလားတဲ့
အနုပါဒါ ပရိနိဗ္ဗာန်လားလို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏကလဲ မဟုတ်ပါဘူးလို့
ဖြေပြန်တယ်၊ ဤသို့မဟုတ်လျှင် မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ် အမြင်
အထူး စင်ကြယ်ခြင်းဟာ ငါ့ရှင်လိုလားတဲ့ အနုပါဒါ ပရိနိဗ္ဗာန် လား လို့
မေးပြန်တယ်၊ အရှင်ပုဏ္ဏက မဟုတ်ပါဘူးလို့ ဖြေပြန်တယ်၊ ဒါမဟုတ် ရင်
အကျင့်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းဟာ ငါ့ရှင်လိုလားတဲ့ အနုပါဒါ ပရိ
နိဗ္ဗာန်လားလို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက မဟုတ်ပါဘူးလို့ ဖြေ ဆိုပြန်
တယ်၊ ဓိအခါ အရှင်သာရိပုတ္တရာက "ငါ့ရှင် ငါ့ရှင်အလိုရှိတဲ့ အနုပါဒါပရိ

နိဗ္ဗာန်ဆိုတာ ဤ ၇–ပါးသော ဝိသုဒ္ဓိကိုပင် ဆိုပါသလား''လို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက ဤ ၇–ပါးသော ဝိသုဒ္ဓိတရားဟာ တပည့်တော် လိုလားသော အနုပါဒါပရိနိဗ္ဗာန် မဟုတ်ပါဘူးလို့ ဖြေဆိုပြန်တယ်၊ ဤ ၇–ပါး သော ဝိသုဒ္ဓိတရားဟာ ငါ့ရှင်လိုလားတဲ့ အနုပါဒါပရိနိဗ္ဗာန် မဟုတ်ခဲ့လျှင် ဤဝိသုဒ္ဓိ ၇–ပါးကို ကြဉ်ဖယ်ပြီးတော့ကော အနုပါဒါ ပရိနိဗ္ဗာန်ဆိုတာ ဖြစ်နိုင် ပါ သလားလို့ မေးပြန်တယ်၊ အရှင်ပုဏ္ဏက ဝိသုဒ္ဓိ ၇–ပါးကို ကြဉ်ဖယ်ပြီးတော့ လဲ အနုပါဒါပရိနိဗ္ဗာန်ဆိုတာ မဖြစ်နိုင်ပါဘူးလို့ ဖြေဆိုပြန်တယ်၊ ဒီတော့ အရှင်သာရိပုတ္တရာက ငါ့ရှင်–ငါ့ရှင် ဖြေဆိုတဲ့ စကားရဲ့ အနက်အဓိပ္ပာယ်ကို ဘယ်လိုမှတ်ရမှာလဲ၊ ကွဲကွဲပြားပြား နားလည်အောင် ဖြေရှင်းပြပါဦးလို့ ထပ် မေးတယ်။

ဒီအခါ အရှင် ပုဏ္ဏ မန္တာနီပုတ္တ မထေရ်က ''အရှင်ဘုရား အကျင့်သီလ အထူး စင် ကြယ်ခြင်းကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ခဲ့ပါလျှင် စွဲယူမှု ဥပါဒါန်နှင့် အတူတကွဖြစ်တဲ့ တရားကို စွဲယူမှုမရှိ၊ ထက်ဝန်းကျင် ငြိမ်းအေးတဲ့ အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ရာသို့ ရောက်ပါလိမ့်မယ်၊ စိတ်သမာဓိ အထူး စင်ကြယ် ခြင်းကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ခဲ့ပါလျှင် စွဲယူမှု ဥပါဒါန်နှင့်တကွ ဖြစ်တဲ့တရားကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ရာသို့ ရောက်ပါလိမ့်မယ်၊ အမြင် အထူးစင်ကြယ်ခြင်းကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ခဲ့ပါလျှင် စွဲယူ မှု ဥပါဒါန်နှင့်တကွ ဖြစ်တဲ့တရားကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ရာရောက် ပါလိမ့်မယ်၊ ယုံမှားခြင်းကို လွန်မြောက်မှုဉာဏ် အထူးစင်ကြယ်ခြင်းကို အနု ပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ခဲ့ပါလျှင် စွဲယူမှု ဥပါဒါန်နှင့်တကွ ဖြစ်တဲ့တရားကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ရာသို့ ရောက်ပါလိမ့်မယ်၊ မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင့် အထူး စင်ကြယ်ခြင်း (မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ) ကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ခဲ့ပါလျှင် စွဲယူမှု ဥပါဒါန်နှင့်တကွ ဖြစ် သော တရားကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ရာသို့ ရောက်ပါ လိမ့်မယ်၊ အကျင့် ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) ကို အနု ပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ခဲ့ပါလျှင် စွဲယူမှုဥပါဒါန်နှင့်တကွ ဖြစ်တဲ့တရားကို အနုပါဒါ ပရိနိဗ္ဗာန်လို့ ပညတ်ရာသို့ ရောက်ပါလိမ့်မယ်၊ အကယ်၍ ဒီဝိသုဒ္ဓိ ၇–ပါးကို ကြဉ်ဖယ်ပြီး အနုပါဒါ ပရိနိဗ္ဗာန်ဟာ ဖြစ်တယ်ဆိုရင်လဲ ပုထုဇဉ် ဘဝနှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်လို့ ဆိုရာသို့ ရောက်ပေလိမ့်မယ်၊

ဒါကြောင့် စွဲလမ်းမှု မရှိသော ထက်ဝန်းကျင် ငြိမ်းအေးမှု အနုပါဒါ ပရိနိဗ္ဗာန် ဆိုတာဟာ ဝိသုဒ္ဓိ ၇-ပါးလဲ မဟုတ်ပါဘူး၊ ဝိသုဒ္ဓိ ၇-ပါးကို ကြဉ်ဖယ်လို့လဲ မဖြစ်နိုင်ပါဘူး၊ ဒီနေရာမှာ အနက်အဓိပ္ပာယ် ပေါ်လွင် ထင်ရှားအောင် ဘုရားပြီး လျှောက်ထားပါ့မယ်။

'ဥပမာကတော့ ပသေနဒီ ကောသလမင်းကြီးဟာ သာဝတ္ထိပြည်မှာနေစဉ် သာကေတမြို့မှာ တစ်စုံတစ်ရာ အဆောတလျင် ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လာတယ်၊ ဒီအခါမှာ ပသေနဒီ ကောသလမင်းကြီးကို သာဝတ္ထိပြည်က သာကေတမြို့အရောက် အဆောတလျင်ဆောင်ယူသွားဖို့အတွက် သာဝတ္ထိပြည်နှင့်သာကေတမြို့အကြား မြင်းယာဉ်ကတဲ့ ရထားခုနစ်စီးတို့ကို ရှေးရှု တည်ထားစေရပါတယ်၊ ရှေးဦးစွာ ပသေနဒီ ကောသလမင်းကြီးဟာ နန်းဝင်းတံခါးကထွက်ပြီး မြင်းယာဉ်ကတဲ့ ပထမရထားကို တက်စီးပါတယ်၊ ပထမ ရထားဟာ မင်းကြီး တက်စီးပြီးသည်နှင့်တစ်ပြိုင်နက် အလျင်အမြန် ထွက်ခွာ သွား လိုက်တာ မကြာမီ ဒုတိယရထားဆီ ဆိုက်ရောက်သွားတယ်၊ ဒုတိယရထားဆီရောက်တော့ ပထမရထားကိုစွန့်၊ ဒုတိယရထားကိုစီးပြီး ခရီးနှင်ပြန်တော့ မကြာမီ တတိယရထားဆီ ရောက်ပါတယ်၊ တတိယရထားဆီရောက်တော့ ဒုတိယရထားကို စွန့်၊ တတိယရထားကိုစီးပြီး ခရီးနှင်ပြန်တော့ မကြာမီ စတုတ္ထရထားဆီရောက်တယ်၊ စတုတ္ထ ရထားဆီရောက်တော့ တတိယရထားကိုစွန့်၊ စတုတ္ထရထားပေါ်တက်စီးပြီး ခရီးနှင်ပြန်တယ်၊ မကြာမီ ပဉ္စမရထားဆီရောက်တော့စတုတ္ထရထားကိုစွန့်၊ ပဉ္စမရထားကိုစီးပြီး ခရီးနှင်ပြန်တယ်၊ မကြာမီ ဆဋ္ဌမရထားဆီရောက်တော့ ပဉ္စမရထားကိုစွန့်၊ ဆဋ္ဌမရထားကိုစီးပြီး ခရီးနှင်ပြန်ရာ မကြာမီ သတ္တမရထားဆီ ရောက်ပါတယ်၊ သတ္တမရထားဆီရောက်တော့ ဆဋ္ဌမရထားကို စွန့်၊ သတ္တမရထားပေါ်တက်စီးပြီး ခရီးနှင်ပြန်ရာ သတ္တမ ရထားဖြင့် သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်ပါသတဲ့။

သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်တော်မူလာတဲ့ ပသေနဒီ ကောသလမင်းကြီးကို ချစ်ကျွမ်းဝင်တဲ့ ဆွေမျိုးသားချင်းတို့က အို-မင်းမြတ် သင် မင်းမြတ်ဟာ ဤမြင်းရထားဖြင့် သာဝတ္ထိပြည်မှ သာကေတမြို့နန်းတွင်း တံခါးသို့ ကြွရောက်တော်မူလာပါသလားလို့ မေးကြတယ်၊ ဒီလိုမေးခဲ့လျှင် ကောသလမင်းကြီးဟာ ဘယ်လိုဖြေမှ ကောင်းစွာဖြေကြားခြင်း ဖြစ်ပါ့မလဲ

ဘုရားလို့ အရှင်ပုဏ္ဏက အရှင်သာရိပုတ္တရာကိုပြန်လည်မေးမြန်းလိုက်တယ်၊ အရှင်သာရိပုတ္တရာက ငါ့ရှင် သာဝတ္ထိပြည်နှင့် သာကေတမြို့အကြား ရထား ၇ စီးကို အဆင့်ဆင့်စီးပြီး သာကေတမြို့နန်းတွင်းတံခါးသို့ ရောက်ခဲ့တယ်လို့ ဖြေကြားလျှင် ကောင်းစွာဖြေကြားခြင်းဖြစ်ပါလိမ့်မယ်လို့ ဖြေတော်မူတယ်၊ ဒီလိုဖြေကြားတော့ အရှင့်ပုဏ္ဏမထေရ်က အရှင်ဘုရား ဤဥပမာအတိုင်း သီလ အထူးစင်ကြယ်ခြင်းဆိုတဲ့ "သီလဝိသုဒ္ဓိ"ဟာ စိတ်သမာဓိ အထူးစင်ကြယ်ခြင်း "စိတ္တဝိသုဒ္ဓိ" အကျိုးရှိပါတယ်၊ စိတ်သမာဓိ အထူးစင်ကြယ်ခြင်းဟာ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း "ဒိဋ္ဌိဝိသုဒ္ဓိ" အကျိုးရှိပါတယ်၊ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိဟာ ယုံမှားခြင်းကို လွန်မြောက်မှု ဉာဏ်အထူးစင်ကြယ်ခြင်း "ကင်္ခါဝိတရဏ ဝိသုဒ္ဓိ" အကျိုးရှိပါတယ်၊ ယုံမှားခြင်းကိုလွန်မြောက်မှု ဉာဏ်အထူးစင်ကြယ်ခြင်း "ကင်္ခါဝိတရဏ ဝိသုဒ္ဓိ"ဟာ မဂ် ဟုတ်သည်မဟုတ်သည်၌ ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" အကျိုးရှိပါတယ်၊ မဂ် ဟုတ်သည်မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟာ အကျင့်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းဆိုတဲ့ "ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ" အကျိုးရှိပါတယ်၊ အကျင့်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိဟာ မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်းဆိုတဲ့ "ဉာဏဒဿန ဝိသုဒ္ဓိ"အကျိုးရှိပါတယ်၊ မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်းဟာ စွဲလမ်းမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း "အနုပါဒါ ပရိနိဗ္ဗာန်" အကျိုးရှိပါတယ်၊ ဤထက်ဝန်းကျင်ငြိမ်းအေးခြင်း "အနုပါဒါ ပရိနိဗ္ဗာန်" အကျိုးလိုလားတဲ့ အတွက် တပည့်တော်ဟာဘုရားရှင်ရဲ့သာသနာတော်တည်းဟူသောအရိပ်အောက်မှာ မြတ်သောအကျင့်ကိုကျင့်ခြင်းဖြစ်ပါတယ်လို့ အရှင်ပုဏ္ဏမထေရ်က ဖြေကြားတော်မူပါတယ်။

ယခု အမေးအဖြေ စကားရပ်များကို အကျဉ်းချုံးလိုက်ပါလျှင် ဗုဒ္ဓမြတ်စွာသာသနာတော်အတွင်းမှာမိမိတို့ရဲ့သဒ္ဓါအစွမ်း၊ဉာဏ်အစွမ်းရှိသလောက် ကုသိုလ်တရား ပွားများအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့လိုလားချက်ဟာ ယခု အရှင်ပုဏ္ဏမထေရ်ရဲ့ လိုလားချက်နှင့်အတူ စွဲလမ်းမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးချမ်းသာတဲ့ "အနုပါဒါ ပရိနိဗ္ဗာန်" တရားဖြစ်ကြတယ်၊ ဒါပေမယ့် ထက်ဝန်းကျင် ငြိမ်းအေးချမ်းသာတဲ့ နိဗ္ဗာန်တရားဆိုတာ စကားပြောတတ်ရုံမျှနှင့်လည်း မဖြစ်ပေါ်လာဘူး၊ ကြံစည်တွေးတောတတ်ရုံမျှနှင့်လဲ မဖြစ်ပေါ်

လာဘူး၊ ဤ ၇–ပါးသော ဝိသုဒ္ဓိတရားများကို အဆင့်ဆင့်ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်မှသာ မိမိတို့သန္တာန်မှာ ဖြစ်ပေါ်လာနိုင်ပါတယ်၊ ဒါ့ကြောင့် အချုပ်စကား ပြောရလျှင် သူသူငါငါ သတ္တဝါအနန္တတွေဟာ အသီးကိုတော့ စားချင်ကြသူတွေဖြစ်တယ်၊ အသီးကိုစားချင်ရင် အပင်တော့ စိုက်ကြရလိမ့်မယ်၊ အပင်စိုက်မယ်ဆိုရင်လဲ ရှေးဦးစွာ မြေကိုပြုပြင်ခြင်း၊ မြေဩဇာချခြင်း၊ ထွန်ယက်ခြင်း၊ မျိုးစေ့ချခြင်း၊ ခြံကာခြင်း၊ ရေတွင်းတူးခြင်း၊ ရေထုတ်ခြင်း၊ စတဲ့အလုပ်တွေကို မလုပ်ချင်ရင် မဖြစ်ဘူး၊ ပုဗ္ဗကိစ္စဖြစ်တဲ့ မြေပြုပြင်ခြင်းစတာတွေကို ပြုလုပ်ပြီးမှ အပင်ဆိုတာ ဖြစ်ပေါ်လာတယ်၊ အပင်ဖြစ်ပေါ်အောင်မြင်ပါမှ အသီးဆိုတာ ဖြစ်ပေါ်လာပါတယ်။

အသီးကိုသာစားချင်တယ် ပုဗ္ဗကိစ္စတွေကိုတော့ မလုပ်ချင်ဘူးဆိုလျှင် ကိုယ်စိုက်ထားတဲ့အပင်က အသီးကိုတော့ စားရမှာမဟုတ်ဘူး၊ သူတစ်ပါး စိုက်ထားတဲ့ အပင်က အသီးကို ခိုးစားမှ ဖြစ်လိမ့်မယ်၊ သူတစ်ပါးအပင်က အသီးကို ခိုးစားရင် အဲဒီအသီးဟာ ကိုယ်ပိုင်အသီးမဟုတ်တဲ့အတွက်အဆိပ်ဖြစ်တယ်၊ အဆိပ်ဖြစ်တယ်ဆိုတာက သူတစ်ပါးပစ္စည်း ခိုးစားတဲ့အတွက် ပစ္စုပ္ပန်မှာလဲ မင်းဘေးစတဲ့ အပြစ်ဖြစ်တယ်၊ သံသရာမှာလဲ အပါယ်ဘေးဖြစ်တယ်လို့ဆိုလိုရင်းဖြစ်တယ်။ ဒီနေရာ ကျီးကန်းကို ဥပမာပေးရမှာပဲ၊ ကျီးကန်းဟာ လူတွေလုပ်ကိုင်ထားတဲ့ အစာအဟာရကို ခိုးစားတတ်တယ်၊ သူတစ်ပါးဟာ ခိုးစားရတဲ့အတွက် ကျီးကန်းရဲ့စိတ်ဟာမငြိမ်သက်ဘူး၊ စိတ်မငြိမ်သက်တဲ့အတွက်စားတဲ့အစာအာဟာရဟာ မကျေညက်ဘူး၊ မကျေညက်တဲ့အတွက် ကျီးကန်းရဲ့အသားဟာ မဆူဖြိုးဘူး၊ ကျီးကန်းမှာ အဆီမရှိဘူး၊ ဒီဥပမာလိုပါပဲ၊ အလုပ်တော့ မလုပ်ချင် အကျိုးကျမှ ခံစားချင်တယ်ဆိုရင် ကိုယ်ပိုင်အသိနဲ့သိတဲ့ ဖလအကျိုးကိုတော့ ခံစားရမှာမဟုတ်ဘူး၊ တကယ်စစ်မှန်တဲ့အရိယာအဖြစ်ကိုတော့ရောက်မှာမဟုတ်ဘူး၊ အရိယာအယောင်ဆောင်တဲ့ အရိယာအတုမျှသာ ဖြစ်ဖို့ရှိပါတယ်၊ ဒါကြောင့် တကယ်စစ်မှန်တဲ့အရိယာဖြစ်ပြီး စွဲလမ်းခြင်းမရှိသော ထက်ဝန်းကျင် ငြိမ်းအေးချမ်းသာတဲ့ အနုပါဒါ ပရိနိဗ္ဗာန်ကို ခံစားလိုပါလျှင် ရှေးဦးစွာ သီလဝိသုဒ္ဓိဆိုတဲ့ မိမိရဲ့အကျင့်သီလ အထူးစင်ကြယ်အောင်အားထုတ်ကြရမယ်တဲ့။

သီလအကျင့် စင်ကြယ်ပြီးလျှင် ဒုတိယ စိတ္တဝိသုဒ္ဓိတဲ့၊ နောက်ကျိနေတဲ့ မိမိရဲ့ စိတ်ဓာတ်စင်ကြယ်သန့်ရှင်းအောင် ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊

အနန္တသတီဆယ်ပါး၊ ဖြဟ္မဝိဘာရတရားလေးပါး၊ အာဟာရေပဋိကူလသညာတစ်ပါး၊ စတုဓာတုပဝတ္ထာန်တစ်ပါး၊ အာရုပ္ပလေးပါး၊ ပေါင်း လေးဆယ်သော သမထကမ္မဋ္ဌာန်းတရားများကို ကြိုးစားပွားများ အားထုတ်ကြရမယ်။ သမထတရားပွားများလို့ စိတ်ဓာတ်သန့်ရှင်း စင်ကြယ်ခဲ့လျှင် တတိယ ဒိဋ္ဌိဝိသုဒ္ဓိတဲ့၊ ပညာတ်အမြင်ကင်းစင်ပြီး ပရမတ်ဉာဏ်အမြင် ပေါက်အောင် ဒါကတော့ ရုပ်၊ ဒါကတော့ နာမ်ဆိုတာကို သိအောင် လေ့လာကြရမယ်၊ ရုပ်–နာမ်ကို သိပြီးတဲ့နောက် စတုတ္ထ ကင်္ခါဝိတရဏဝိသုဒ္ဓိတဲ့။ ရုပ်နာမ်အပေါ် ယုံမှားခြင်း ကင်းအောင် ရုပ်နာမ်ရဲ့အကြောင်းတရားကို သိအောင် အားထုတ်ကြရမယ်တဲ့၊ ဘာကြောင့် ရုပ်နာမ်ရဲ့အကြောင်းကို သိအောင် အားထုတ်ရတာတုံးဆိုလို့ရှိရင် ရုပ်နာမ်ရဲ့အကြောင်းကို သိအောင် အားမထုတ်ခဲ့လျှင် ဒီရုပ်ဒီနာမ်ဟာ သူဖြစ်ချင်သလို ဖြစ်နေတာပဲလို့ ထင်မြင်ယူဆချင်လဲ ထင်မြင်ယူဆနေလိမ့်မယ်၊ ဒီလိုမှမဟုတ် ဒီရုပ်နှင့်ဒီနာမ်ကို ဖြဟ္မာတွေ နတ်ဘုရားတွေက ဖန်ဆင်းလို့ ဖြစ်တာပဲလို့ ထင်ချင်လှဲ ထင်နေလိမ့်မယ်၊ လွန်ခဲ့တဲ့အတိတ်ဘဝက ဒီရုပ်နာမ်တွေ ဖြစ်ဖူးသလား၊ နောင်ကိုကော ဖြစ်ဦးမှာလား စတဲ့ ယုံမှားမှုတွေ ဖြစ်ပေါ်လာပေလိမ့်မယ်၊ အဲဒီလို ဖြစ်ပေါ်လာခဲ့လျှင် ရုပ်နာမ်အပေါ် လက္ခဏာတင်ဖို့ရာ မခိုင်မာဘူး၊ ရုပ်နာမ်အပေါ် လက္ခဏာမတင်နိုင်ရင် ဝိပဿနာရှုလို့ မဖြစ်ဘူး၊ ဝိပဿနာမရှုနိုင်ရင်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတာလဲ မဖြစ်ပေါ်နိုင်ဘူး၊ ဒါကြောင့် ရုပ်နာမ်တို့ရဲ့ အကြောင်းကို သိအောင် အားထုတ်ရတယ်။

ရုပ်နာမ်ရဲ့အကြောင်းကို သိခဲ့ပါလျှင်

နဟေတ္ထ ဒေဝေါ ဖြဟ္မာ ဝါ၊ သံသာရဿတ္ထိ ကာရကော၊
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။

တွေ–ဤ ရုပ်နာမ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပေါ်၍နေရာ၌၊ သံသာရဿ–အဆက်မပြတ် ဖက်စပ်တို့ပြန် ရုပ်နာမ်ခန္ဓာ သံသရာကို၊ ကာရကော–မဖြစ်ဖြစ်အောင် တည်ထောင်ဖန်ဆင်းနိုင်သော၊ ဒေဝေါ ဝါ–ကျေးဇူးကိုတင် ဂုဏ်အင်ကိုမှတ် ပျပ်ဝပ်ရှိခိုး လွန်မြတ်နိုးဖို့ ဗိဿနိုးနတ်မင်းကြီးသည်လည်းကောင်း၊ ဖြဟ္မာ ဝါ–ကမ္ဘာကြီးကို စသည်ဆိုသော ထာဝရသခင်

အရှင် ဗြဟ္မာကြီးသည်လည်းကောင်း၊ နှ ဟိ အတ္တိ-ရှေ့နောက် ပေါင်းလစ် အကြောင်းစစ်က စင်စစ်ကေန် မရှိရှိးအမှန်ပင်တည်း၊ သုဒ္ဓဓမ္မာ—အနှစ်သာရ အတ္တမဖက် သက်သက်သော ရုပ်နာမ်တရားအစုတို့သည်၊ ဟေတုသမ္ဘာရပစ္စယာ-အကြောင်း အဆောက်အဦ လောက်လုံသိုက်မြိုက် တိုက်ဆိုင်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင်၊ ပဝတ္တန္တိ-အများမျက်မြင် အထင်အရှား ဖြစ်ပွား ပေါ်ပေါက်ကြရပေကုန်သတည်း။

ဒီဂါထာတော်မှာ ဆိုတဲ့အတိုင်း ရုပ်ရဲ့အကြောင်း နာမ်ရဲ့အကြောင်းကို ကောင်းကောင်းကြီး သိခဲ့ပါလျှင် ဒီရုပ်နှင့် ဒီနာမ်ဟာ ဘယ်နတ်၊ ဘယ်ဗြဟ္မာ ဘယ်ထာဝရကမှ ပြုလုပ်လို့ ဖြစ်ပေါ်လာတာ မဟုတ်ဘူး၊ ရုပ်တရားဟာ ကံ-စိတ်-ဥတု-အာဟာရဆိုတဲ့ အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတာ ဖြစ်တယ်၊ နာမ်တရားဟာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဝတ္ထု၊ ဒွါရ၊ အာရုံ၊ ယောနိသော မနသိကာရ၊ အယောနိသော မနသိကာရ စသော အကြောင်းများကြောင့် ဖြစ်ပေါ်လာတယ် ဆိုတာကို လယ်ပြင်ဆင်သွားသလို ထင်ရှားစွာ သိမြင်လာပါလိမ့်မယ်၊ အဲဒီလို ရုပ်ဖြစ်ပေါ်ခြင်းရဲ့ အကြောင်း၊ နာမ်ဖြစ်ပေါ်ခြင်းရဲ့ အကြောင်းတရားတို့ကို သိခဲ့လျှင် ရုပ်နာမ်အပေါ် သို့လော သို့လော တွေးတောယုံမှားမှု ကင်္ခါမှ လွန်မြောက်ပြီး ဉာဏ်အထူး စင်ကြယ်ခြင်းရှိတဲ့ အတွက် ကင်္ခါဝိတရဏဝိသုဒ္ဓိ အဆင့်ကို ဆိုက်ရောက်ပြီလို့ ခေါ်ရတယ်၊ ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ အဆင့်ဟာ အမှန်တော့ ဝိပဿနာနယ်ထဲကို မဆိုက်ရောက်သေး ပါဘူး၊ ဒါပေမယ့် ဒီအဆင့်ကို ရောက်ခဲ့လျှင် ဉာဏ်အမြင် အယူအဆ မှားယွင်း ခြင်း ဆိုတဲ့ မိစ္ဆာဒိဋ္ဌိကိုလဲ ကျော်လွန်ခဲ့ပြီ၊ ရုပ်နာမ်အပေါ် သို့လော သို့လော တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာကိုလဲ ကျော်လွန်ခဲ့ပြီ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ကျော်လွန်ခဲ့ပြီးလျှင် 'ဧတ္တ ပန သောတာပတ္တိမဂ္ဂ ဘာဝေတွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာနေန ပတိနာ ပါယဂမနေ သတ္တက္ခတ္တု ပရမော သောတာပန္နော နာမပေါတိ'' လို့ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ပြဆိုတော်မူတဲ့အတိုင်း ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွာခြင်းကြောင့် အပါယ်လေးပါးကို ဘယ်သို့သောအခါမျှ မကျရောက်တဲ့ သောတာပန်ပုဂ္ဂိုလ်လို့ ခေါ်ဆိုထိုက်နေပြီ၊ သို့သော် ဝိပဿနာ နယ်တွင်း လုံးဝ မဝင်ရောက်ရသေးတဲ့အတွက် အရိယာအစစ် မဟာသောတာပန် ကြီးလို့တော့ မခေါ်နိုင်သေးဘူး။ သောတာပန်အယ်စား စူဠသောတာပန်လို့ တော့ ခေါ်ဆိုထိုက်ပြီလို့ ကျမ်းဂန်များမှာ ပြဆိုပါတယ်။

စူဠသောတာပန်ဟာ ယခုဘဝ တစ်မဂ်တစ်ဖိုလ် မရစေကာမူ နောင်ဘဝမှာ သေချာပေါက်နီးနီး မဂ်ဖိုလ် ရနိုင်ခွင့်ရှိကြောင်းကိုလဲ ကျမ်းဂန်များမှာ ဖွင့်ပြထားကြပါတယ်၊ ဒါကြောင့် ရခဲတဲ့ လူ့ဘဝကိုရလို့ ကြုံခဲတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့် ကြုံတွေ့ရတဲ့အခိုက် အနည်းဆုံး စူဠသောတာပန်အဆင့်လောက် ရောက်အောင်တော့ သူရောငါပါ ကြိုးစားအားထုတ်သင့်ကြပါတယ်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုတဲ့ ရုပ်နာမ်တို့ရဲ့အကြောင်းကို သိမ်းဆည်းခြင်း စတုတ္ထရထားက လွန်မြောက်ခဲ့လျှင် ပဉ္စမမြောက် တက်စီးမှမယ့် ရထားက မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိတဲ့၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဆိုတာကတော့ ဝိပဿနာနယ်ထဲကို ဝင်သွားပြီ၊ ဒါကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿန–ဝိသုဒ္ဓိကိုသိမြင်နိုင်ဖို့အတွက် ဝိပဿနာဉာဏ် (၁၀) ပါးဆိုတာကို အကျဉ်းချုပ်ပြောပြရဦးမယ်။

ဝိပဿနာဉာဏ် ဆယ်ပါးဆိုတာက–(၁) သမ္မသနဉာဏ် (၂) ဥဒယဗ္ဗယဉာဏ် (၃) ဘင်္ဂဉာဏ် (၄) ဘယဉာဏ် (၅) အာဒီနဝဉာဏ် (၆) နိဗ္ဗိဒါဉာဏ် (၇) မုစ္စိတုကမျတာဉာဏ် (၈) ပဋိသင်္ခါဉာဏ် (၉) သင်္ခါရုပေက္ခာဉာဏ် (၁၀) အနုလောမဉာဏ်ရယ်လို့ မဂ်ဖိုလ်ဆိုတဲ့ လောကုတ္တရာနယ်ကို မရောက်ခင် လောကီဝိပဿနာဉာဏ်ဆယ်ပါးရှိတယ်၊ အဲဒီဉာဏ်ဆယ်ပါးကို အခုအတိုချုပ် ပြောပြပါ့မယ်။

ဒိဋ္ဌိဝိသုဒ္ဓိအဆင့်မှာ ငါ–သူတစ်ပါး–ယောကျ်ားမိန်းမစတဲ့ ပညတ်အဆင့်အတန်းကို ကျော်လွှင်းပြီး ငါ–သူတစ်ပါး–ယောကျ်ားမိန်းမ မဟုတ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာများသာပဲဆိုတာကို သိခဲ့ပြီ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်မှာ ထို ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ ဘာကြောင့် ဖြစ်တယ်ဆိုတာကိုလဲ သိခဲ့ပြီ၊ ယခု တစ်ဆင့်တက်လိုက်တော့ အကြောင်းကြောင့်ဖြစ်ပေါ်လာတဲ့ ဒီရုပ်နာမ်ခန္ဓာတွေဟာ မိမိတို့ထင်သလို မြဲမြံခိုင်ခံ့တဲ့ နိစ္စတရားတွေမဟုတ်၊ မမြဲသောမခိုင်ခံ့

သော ဖြစ်ပြီးလျှင် ပျက်နေသောအနိစ္စတရားပဲလို့ မမြဲသောအခြင်းအရာကို အဖန်ဖန်မြင်အောင်ရှုရမယ်၊ ဒီရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ ဖြစ်ခြင်းဘေး၊ ဖြစ်ပြီးနောက် ပျက်သွားတဲ့ဘေး၊ ရင့်ရော်ယိုယွင်းလာတဲ့ဘေး၊ ကျင်နာ ကိုက်ခဲမှုတွေ ဝိုင်းအုံနေတဲ့ဘေး၊ ဤသို့စသော ကြောက်လန့်ဖွယ်ရာဘေး ဟူသောအကြောင်းကြောင့် ချမ်းသာသော တရားများမဟုတ်၊ ဆင်းရဲသော ဒုက္ခအစုအပုံတွေသာဖြစ်တယ်လို့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ရဲ့ ဆင်းရဲသောအဖြစ်ကို အဖန်ဖန် အထပ်ထပ်မြင်အောင်ရှုရမယ်၊ ငှက်ပျောတုံးမှာ အနှစ်မရှိတဲ့အတွက် ငှက်ပျောတုံးဟာ ခိုင်မာမှုမရှိသလို၊ ရေမြှုပ်မှာ အနှစ်မပါတဲ့အတွက် ခိုင်မာမှု မရှိသလို၊ တံလျှပ်မှာ အနှစ်မပါတဲ့အတွက် ခိုင်မာမှုမရှိသလို၊ ဒီရုပ်ခန္ဓာ နာမ် ခန္ဓာမှာလဲ မဖေသော မပျက်စီးသောအားဖြင့် ခိုင်မာသော နိစ္စသာရဆိုတဲ့ အနှစ်လဲမပါဘူး၊ လူဒသလူဖြစ်၊ ခွေးသေခွေးဖြစ် အဖြစ်အားဖြင့် ခိုင်မာ သော ဓုဝသာရဆိုတဲ့ အနှစ်လဲမပါဘူး၊ ဣဿရ အမည်ရတဲ့ ထာဝရဘုရား က ထည့်ပေးလိုက်တဲ့ ခန္ဓာပျက်သော်လဲ အတ္တကတော့မပျက်၊ ဘဝအဆက် ဆက် လိုက်ပါတယ်လို့ ထင်နေကြတဲ့ အတ္တသာရဆိုတဲ့ အနှစ်လဲမပါဘူး၊ ဤသို့အားဖြင့် ဒီရုပ်ခန္ဓာ နာမ်ခန္ဓာမှာ "နိစ္စသာရ၊ ဓုဝသာရ၊ အတ္တသာရ" ဆိုတဲ့ အနှစ်သာရ လုံးဝမပါတဲ့အတွက် ဒီရုပ်ခန္ဓာ နာမ်ခန္ဓာဟာ အတ္တမဟုတ် သော အနတ္တအစစ်ပဲဆိုတာကို အဖန်ဖန်အထပ်ထပ် မြင်အောင်ရှုရမယ်။

ဒီလို အနိစ္စ ဒုက္ခ အနတ္တဖြင့် အဖန်ဖန် အထပ်ထပ် သုံးသပ်တတ်တဲ့ ဉာဏ်ကို "သမ္မသနဉာဏ်" လို့ ခေါ်ဆိုတယ်၊ သမ္မသနဉာဏ်အဆင့်မှာ ရုပ်နာမ် တရားတို့ရဲ့ ဖြစ်တည်ပျက်–ဥပါဒ်၊ ဌီ၊ ဘင် သုံးချက်ကို ဉာဏ်မှာ ထင်အောင် ဆင်ခြင်ရတယ်။ သမ္မသနဉာဏ်ဖြင့် လက္ခဏာရေးသုံးပါးတင်ပြီး ဆင်ခြင် သုံး သပ်လိုက်တဲ့အခါမှာ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေရဲ့ ဖြစ်တည်ပျက် သုံးချက်ကို ဉာဏ် ထဲမှာ ထင်မြင်လာတယ်၊ ထင်မြင်လာတဲ့ ဖြစ်တည်ပျက် သုံးချက်ကို ဆက် လက် ရှုလိုက်တဲ့အခါ ရှုရင်း ရှုရင်း ဖြစ်သွားတာကို မြင်ရတယ်၊ ဖြစ်ပြီးတည် နေတဲ့ (ဌီ)ကို မမြင်တော့ဘူး၊ ဒီလို အဖြစ်နဲ့အပျက်မျှကိုသာမြင်တဲ့ ဉာဏ်ကို တော့ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်ရတယ်၊ ပျက်ပုံကို မျက်ဝါးထင်ထင် မြင်လာတဲ့ အခါမှာ စိတ်ဓာတ်အတွင်း ဝင်အောင်းနေတဲ့ ကိလေသာ အညစ် အကြေး တွေဟာ တဖြည်းဖြည်း ကင်းဝေးသွားတယ်၊ ကိလေသာတွေ ကင်းဝေးသွား သလောက် စိတ်ဓာတ်ဟာလဲ ကြည်လင်တောက်ပလာတယ်၊ အဲဒီလို ကြည်လင်

ဟောက်ပလာတဲ့အတွက် ရှေးက မကြုံဖူးတဲ့ တရားထူးကြီး ဆယ်မျိုးနဲ့ ကြုံတွေ့လာခဲ့တတ်တယ်၊ တရားထူးကြီး ဆယ်မျိုးဆိုတာက-

(၁) ဩဘာသဆိုတဲ့ အရောင်အဝါ ကိုယ်က ထွက်လာတတ်တယ်။

(၂) ပီတိဆိုတဲ့ မကြုံဖူးတဲ့ နှစ်သက်ခြင်းမျိုး ဖြစ်ပေါ်လာတတ်တယ်။

(၃) ပဿဒ္ဓိဆိုတဲ့ ကိုယ်စိတ်နှစ်ပါး ထူးထူးခြားခြား ငြိမ်းအေးလာတတ်တယ်။

(၄) အဓိမောက္ခဆိုတဲ့ ကမ္မဋ္ဌာန်းအပေါ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရား ဖြစ်ပွားလာတတ်တယ်။

(၅) ပဂ္ဂဟဆိုတဲ့ ဝိပဿနာစိတ်ကို နောက်မဆုတ်နိုင်အောင် အားပေးချီးမြှောက်တတ်တဲ့ လုံ့လဝိရိယမျိုး ဖြစ်ပေါ်လာတတ်တယ်။

(၆) သုခဆိုတဲ့ တစ်ကိုယ်လုံး ချမ်းမြနေတဲ့ သုခဝေဒနာမျိုးလဲ ဖြစ်ပေါ်လာတတ်တယ်။

(၇) ဉာဏဆိုတဲ့ ဝရဇိန်လက်နက် မိုးကြိုးစက်လို၊ သွက်လက်လျင်မြန် အမြင်သန်တဲ့ ဝိပဿနာဉာဏ်မျိုးလဲ ဖြစ်ပေါ်လာတတ်တယ်။

(၈) ဥပဋ္ဌာနဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံအပေါ် စွဲမြဲစွာ တည်ထားခဲ့တဲ့ သတိတရားမျိုးလဲ ဖြစ်ပေါ်လာတတ်တယ်။

(၉) ဥပေက္ခာဆိုတဲ့ ဖြစ်မှုပျက်မှုသဘောတွေ ဉာဏ်မှာ အလွန်ထင်နေလေတော့ ဖြစ်ပျက်ကို အထူး မရှုတော့ဘဲ အလယ်အလတ် ရှုနေရုံမျှနှင့် ဖြစ်ပျက်အစဉ် မြင်နိုင်တဲ့ ဥပေက္ခာတရားမျိုးလဲ ဖြစ်ပေါ်လာတတ်တယ်။

(၁၀) နိကန္တိဆိုတဲ့ ဒီဝိပဿနာ ဉာဏ်အမြင်အပေါ် သဘောကျနှစ်သက်နေတတ်တဲ့ သိမ်မွေ့သော တဏှာမျိုးလဲ ဖြစ်ပွားပြီး နေတတ်တယ်။

ဒီဆယ်ချက်သော တရားထူးများဟာ ဝိပဿနာကို တက်အောင်လုပ်တဲ့
၁၀ တရားများမဟုတ်ဘဲ ပျက်အောင်လုပ်တဲ့ ဝိပဿနာညစ်ညူးကြောင်းတရားများ

ဖြစ်ကြတယ်၊ ဒါကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းက ဒီတရားဆယ်ပါးကို (ဝိပဿနုပက္ကိလေသတရား) လို့ အမည်ပေးထားတယ်၊ ဒီတရားဆယ်ပါး ဖြစ်ပေါ်လာခဲ့လျှင် မူလထင်မြင်ပြီး အဖြစ်အပျက်တရားဟာ မှေးမှိန်သွားတတ်သေးတယ်၊ အကယ်လို့ မှေးမှိန်သွားရင် ပြန်လည်ထင်ရှားလာအောင် ဥဒယဗ္ဗယဉာဏ်ဖြင့် အဖြစ်အပျက်တရားကို ပွားများအားထုတ်ပေးရလိမ့်ဦးမယ်တဲ့။

ဒီဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာတဲ့ အချိန်မှာ ဝိပဿနာရဲ့ ညစ်ညူးကြောင်း ဘေးရန်ဆယ်ပါးပေါ်ခဲ့လျှင် ရှေးကမကြုံဖူးတာကြုံရတဲ့အတွက် ဒီဘေးရန်တွေကို အရိယမဂ်လို့ အထင်လွဲတတ်တယ်၊ ဒီအခါမှာ ဒါဟာ မဂ်မဟုတ်ဘူး၊ အားထုတ်မြဲ ဝိပဿနာသာ မဂ်ရကြောင်း လမ်းကြောင်းမဂ်ဖြစ်တယ်လို့ မဂ်ဟုတ်သည် မဟုတ်သည်ကို မျက်စိဖြင့် မြင်သလိုမြင်တတ်တဲ့အတွက် ဒဿနလို့ ခေါ်တယ်၊ ဝိပဿနာညစ်ညူးကြောင်း ဘေးရန်တို့က စင်ကြယ်တဲ့အတွက် ဝိသုဒ္ဓိလို့ခေါ်တယ်။ ဒါကြောင့် မဂ်ဟုတ်သည် မဟုတ်သည် ပိုင်းခြားသိနိုင်တဲ့ စင်ကြယ်ခြင်းကို မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိလို့ ခေါ်ဆိုပါတယ်။

မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိဟာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိတည်းဟူသော စတုတ္ထရထားက တစ်ဆင့်ကူးပြောင်းလာတဲ့အတွက် ဤရထဝိနီတသုတ်တော်မှာ ပဉ္စမရထားလို့ ခေါ်ဆိုရတယ်၊ ပဉ္စမရထားဖြစ်တဲ့ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိအတွင်းမှာ ဩဘာသစတဲ့ ကိလေသာတွေ နှောင့်ယှက်မှုကြောင့် ဝိပဿနာ အဆုံးမသတ်သေးဘူး၊ လမ်းခုလတ်မှာ ဝိပဿနာရပ်နေတယ်၊ ဒါကြောင့် ဝိပဿနာတက်လာအောင် ရှေ့ဆက်ပြီး အားထုတ်ရပြန်တယ်။

ဥဒယဗ္ဗယဉာဏ်က ရှေ့ဆက်တော့ ဘာဉာဏ်ရှိသေးသလဲ၊ ဘင်္ဂဉာဏ်ရှိနေတယ်၊ ဒါကြောင့် ဘင်္ဂဉာဏ်ဖြစ်ပုံကို ဆက်လက်ဖော်ပြဦးမယ်၊ ဥဒယဗ္ဗဉာဏ်အဆင့်မှာ ဝိပဿနာရှုနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ရုပ်ခန္ဓာတွေ ဖြစ်လာတာကို ဉာဏ်မှာထင်မြင်တယ်၊ ပျက်သွားတာကိုလဲ ဉာဏ်မှာထင်မြင်တယ်။ အဲဒီလိုအဖြစ်ရော အပျက်ပါ မြင်ထင်တဲ့အခါမှာ အဖြစ်အပျက်တွေက အလွန်လျှင်မြန်လွန်းတယ်၊ အလွန်လျှင်မြန်လွန်းနေတဲ့အတွက် အဖြစ်ရော အပျက်ပါ နှစ်ပါးစုံနောက်ကို ဉာဏ်ကမလိုက်တော့ဘူး၊ အဖြစ်ကိုလွှတ်ပြီး အပျက်ဘက်ကိုသာ ဉာဏ်ကလိုက်သွားတယ်။

ဆိုလိုတာက ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ရဲ့အဖြစ်ကို အာရုံမပြု မရှုတော့ဘဲ အပျက်ကိုသာရှုမိနေတယ်၊ ယောဂီရဲ့ဉာဏ်မှာ အဖြစ်ကိုမမြင်ဘဲ အပျက်ကိုချည်းသာ ထင်မြင်နေတယ်၊ လောကဥပမာအားဖြင့် မိုးရေထိလို့ ရေပွက်ကလေးတွေ ဖြစ်လာတာကိုမြင်တယ်၊ ထို့နောက် နောက်မိုးပေါက်တစ်ခုက ဆက်ချလိုက်လို့ ပထမရေပွက်ကလေး ပေါက်ကွဲပျက်စီးသွားတာကိုလဲမြင်တယ်၊ ပထမရေပွက် ပျက်စီးပြီး ထိုပထမရေပွက်နေရာမှာ ဒုတိယရေပွက်တစ်ခု ထပ်ဖြစ်တာကိုလဲ မြင်တယ်၊ နောက် ဒုတိယရေပွက်ပျက်သွားတာကိုလဲ မြင်တယ်၊ ဒီလိုကြည့်နေရင်း မိုးက အဆက်မပြတ်ရွာချ၊ မိုးရေထိတိုင်း ရေပြင်မှာ ရေပွက်ကလေးတွေ ဖြစ်၊ ဖြစ်တိုင်းသောရေပွက် နောက် မိုးပေါက်နှင့် ထိလို့ပျက်နှင့်၊ ရေပွက် အဖြစ်အပျက်တွေကိုကြည့်ရင်း ကြည့်ရင်း ကြာတော့ ရေပွက်ဖြစ်တာကို အာရုံမပြုမိတော့ဘဲ ပျက်တာ ပေါက်ကွဲသွားတာတွေကိုသာ မြင်ရတော့သလို ရုပ်နာမ် အဖြစ်အပျက်ကို ရှုနေတဲ့ ယောဂီဉာဏ်မှာလဲ ရုပ်တရား၊ နာမ်တရားတွေရဲ့ အဖြစ်ကို မမြင်တော့ဘဲ အပျက်တွေကိုသာ ထင်မြင်လာပါတယ်၊ ဒါကြောင့် ဘင်္ဂဉာဏ်နှင့်ပတ်သက်ပြီး ကမ္မဋ္ဌာန်းပိုင်း ဘာသာဋီကာမှာ—

သင်္ခါရာ မေ ပုဗ္ဗုဠံဝ၊ ဘိဇ္ဇရေ ဘိဇ္ဇရေ ခဏံ။
ပဿတော့ဝံ ဘင်္ဂဉာဏံ၊ ဇာတံ တတိယယောဂိနော –

လို့ ဖွင့်တော်မူတယ်။

ဣမေ သင်္ခါရာ–ရုပ်နာမ်နှစ်ပါး ဤသင်္ခါရတရားတို့သည်၊ ပုဗ္ဗုဠံဝ– ရေပြင်အထက် မိုးရေပွက်တို့ အပျက်လျင်မြန် ပုံသဏ္ဌာန်သာလျှင်၊ ခဏံ–ရုတ်တရက်မျှ တစ်ခဏချင်း၊ ဘိဇ္ဇရေ ဘိဇ္ဇရေ–အဆက်မပြတ်၊ တပျက်တည်းပျက်တတ်ကုန်စွတကား။ ဧဝံ ပဿတော–ဤသို့လျှင် အပျက်မြင်အောင် ဆင်ခြင်ပွားများ၍နေသော၊ တတိယ ယောဂိနော–တတိယအဆင့် ဉာဏ်ကုန်လှင့်၍ အသင့်ကြိုးကုတ် အားထုတ်သော ယောဂီပုဂ္ဂိုလ်၏၊ ဘင်္ဂဉာဏ်–အဖြစ်တွေပျောက် အပျက်ရောက်သော မျက်မှောက်မြင်ဟန် ဘင်္ဂဉာဏ်သည်၊ ဇာတံ–ဒုက္ခခပ်သိမ်း ဝဋ္ဋဇာတ်ငြိမ်းဖို့၊ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍လာလေသည်။

ဤဂါထာတော်အရ ဥဒယဗ္ဗယဆိုသည့် ဒုတိယဉာဏ်အဆင့်မှာ ရုပ်တရား နာမ်တရားတို့၏ အဖြစ်အပျက်နှစ်ပါးစုံကို အာရုံထင်ထင် ရှုမြင်ရာမှ အဖြစ်ကို

လွှတ်ပြီး ရုပ်နာမ်တွေ၏ အပျက်ကိုသာ ထပ်ပြန်တလဲ ရှုမြင်နေရသည့် ဉာဏ် အဆင့်ကို တတိယဘင်္ဂဉာဏ်အဆင့်လို့ မှတ်သင့်ကြပါတယ်။

ရုပ်နာမ်အပျက်တွေကိုသာ မြင်နေတဲ့ ဘင်္ဂဉာဏ်ကတစ်ဆင့် တက်ခဲ့လျှင် ဘယဉာဏ်ကို ဆိုက်ရောက်လာတယ်၊ ဘယဉာဏ် ဆိုက်ရောက်လာပုံက ဒီလိုတဲ့။ ချမ်းသာမှုကို လိုလားတဲ့ပုဂ္ဂိုလ်ဟာ ခြသေ့်၊ သစ်ကျားသားရဲများ ခိုအောင်းရာ တောအုပ်ကိုမြင်လျှင် ဒီအရပ်ဟာ ကြောက်လန့်ဖွယ်အရပ်လို့ ထင်မှတ်သလို ဘင်္ဂ ဉာဏ်ဖြင့် ရုပ်နာမ်အပျက်တွေကို မြင်ရတဲ့အခါ ဒီရုပ် ဒီနာမ်တရားတွေဟာ ရှေး ကလဲ ပျက်ခဲ့လှပြီ၊ ယခုလဲ ပျက်ဆဲ နောင်လဲကေန် ပျက်မှာတွေပါကလား၊ ဒီရုပ် ဒီနာမ်တွေဟာ ဘယ်မှာ ချစ်စရာ ခင်စရာ စုံမက်စရာရှိသလဲ၊ ကြောက်စရာတွေ ချည်းပါကလားလို့ ရုပ်နာမ်ကို ကြောက်ရွံလာတယ်၊ ကြောက်စရာရန်ရှာတတ်တဲ့ သူခိုးဓားပြနှင့်အတူ ခရီးမသွားဝံ့သလို ရုပ်နာမ်နှင့်အတူ သံသရာခရီးသွားရမှာ ကြောက်ရွံလာတယ်၊ ဒီလို ရုပ်နာမ်အပေါ် ကြောက်ရွံလာတဲ့ ဉာဏ်ကို 'ဘယ' ဉာဏ်ကို ခေါ်ရတယ်။

ရုပ်နာမ်ကိုကြောက်တဲ့ ဘယဉာဏ်ဖြစ်ပေါ်ခဲ့လျှင် ရုပ်နာမ်ဟာ ကောင်း ကျိုးပေးတတ်တဲ့တရားမဟုတ်ဘူး၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစတဲ့ ဆိုးကျိုး ကိုသာ ပေးတတ်တဲ့တရားလို့ ရုပ်နာမ်အပေါ်အပြစ်မြင်တဲ့ "အာဒီနဝဉာဏ်" ဆိုတာလဲ ပေါ်လာတယ်၊ ရုပ်နာမ်အပေါ် အပြစ်မြင်တဲ့ အာဒီနဝဉာဏ်ပေါ်ခဲ့ လျှင် လောကဥပမာအားဖြင့် လင်နှင့်မယားဟာ တစ်ယောက်အပေါ် တစ် ယောက်အပြစ်မမြင်ချစ်ခင်မှသာ အတူတွဲလို့ဖြစ်တယ်၊ တစ်ယောက်အပေါ် တစ် ယောက်က အပြစ်မြင်ခဲ့လျှင် ချစ်ခင်တဲ့ စိတ်တွေပြယ်ပြီး လင်အပေါ် မယား အပေါ် ငြီးငွေ့တဲ့ စိတ်တွေဖြစ်ပေါ်လာတတ်သလို ရုပ်နာမ်အပေါ်အပြစ်မြင်တဲ့ အာဒီနဝဉာဏ်ပေါ်ခဲ့လျှင် အာဒီနဝဉာဏ်ရဲ့ အခြားမဲ့မှာ ရုပ်နာမ်အပေါ် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဆိုတာလဲ ပေါ်ခဲ့တော့တာပါပဲ၊ လင်ဟာ မယားကို ငြီးငွေ့ရင်၊ မယားဟာ လင်ကိုငြီးငွေ့ရင် ဒီလင် ဒီမယားဟာ အတူနေလို့မဖြစ် တော့ဘူး၊ အတူနေလို့မဖြစ်ရင် တစ်ယောက်လက်ကတစ်ယောက် လွတ်အောင် ကွာရှင်းကြတဲ့ ဥပမာလို ရုပ်နာမ်အပေါ် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်ခဲ့လျှင် နိဗ္ဗိဒါဉာဏ်ရဲ့ အခြားမဲ့မှာ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့က လွတ်ထွက်လိုတဲ့ မုစ္စိတုက

မျှတာဉာဏ်ဆိုတာလဲ ထင်ရှားဖြစ်ပေါ်ခဲ့တော့တာပဲ၊ ဒါကြောင့် ကမ္မဋ္ဌာန်း ပိုင်းဘာသာ ဋီကာမှာ—

ဘယတော ပဋ္ဌာနေ နေဝ၊ အာဒီနဝံ စ ဇာနတော။
နိဗ္ဗိန္ဒတော သင်္ခါရေသု၊ ဇာတာ မုဉ္စိတုကမျတာ။

လို ဖွင့်ပြတော်မူထားပါတယ်။

သင်္ခါရေသု-ရုပ်နာမ်နှစ်ပါးသင်္ခါရတရားတို့၌၊ ဘယတော ပဋ္ဌာနေ နေဝ- ကြောက်ဖွယ်ခန်းတော'မျိုးဟု စွဲစွဲဆင်ခြင် ထင်မြင်နေခြင်းကြောင့်သာလျှင်၊ အာဒီနဝံ-ပြော၍မကုန် ဖြစ်မျိုးစုံကို၊ ဇာနတော စ-သိမြင်သောဉာဏ် ထက် သန်သောသူလဲဖြစ်ပေထသော၊ နိဗ္ဗိန္ဒတော စ—ငြီးငွေ့သောဉာဏ် ထက်သန်သော သူလဲ ဖြစ်ပေထသော၊ •ယောဂီနော--ငါးကြိမ် ခြောက်ကြိမ် ဉာဏ် ဝရဇိန်ဖြင့် အရှိန်ထက်မြက် ဆက်လက်အားထုတ်သော ပုဂ္ဂိုလ်၏၊ မုစ္စိတုက မျတာ-သင်္ခါရစက် သံသရာဘက်မှ လွတ်ထွက်လိုဟန် ထက်မြက်သောဉာဏ် သည်၊ ဇာတာ-ဒုက္ခခပ်သိမ်း ဝဋ်ဇာတ်ငြိမ်းဖို့ ကိန်းအားလျော်စွာ ဖြစ်ပေါ်၍ လာပေသတည်း။

ဒီဂါထာက ရုပ်နာမ်အပေါ် ကြောက်ရွံ့တဲ့ ဘယဉာဏ် ဖြစ်ပေါ်ခဲ့လျှင် ဘယဉာဏ်ရဲ့ အခြားမဲ့မှာ ရုပ်နာမ်ကိုအပြစ်မြင်တဲ့ အာဒီနဝဉာဏ်၊ ရုပ်နာမ် အပေါ် ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်၊ ရုပ်နာမ်မှလွတ်မြောက်လိုတဲ့ မုစ္စိတုကမျတာ ဉာဏ်များ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာပုံကိုပြဆိုတဲ့ ဂါထာဖြစ်တယ်၊ ရုပ်နာမ်က လွတ်မြောက်လိုတဲ့ မုစ္စိတုကမျတာဉာဏ်ဖြစ်ပြီးလျှင် အဲဒီယောဂီဟာ ရုပ်နာမ်က လွတ်သွားပြီဆိုတော့ လွတ်မြောက်လိုရုံသာ ဖြစ်သေးတာ၊ တကယ်တော့ မလွတ်မြောက်သေးပါဘူး၊ မလွတ်မြောက်ရုံမက ရုပ်နာမ်အပေါ်မှာပင် အနိစ္စ ဒုက္ခ အနတ္တလို့ထပ်ပြီး ဝိပဿနာရှုရပါသေးတယ်။ ဒီလိုရုပ်နာမ်အပေါ်ထပ်ပြီး ဝိပဿနာ ရှုတဲ့ဉာဏ်ကို ပဋိသင်္ခါဉာဏ်လို့ ခေါ်ရတယ်၊ ရုပ်နာမ်ကိုကြောက် တယ်၊ရုပ်နာမ်ကိုငြီးငွေ့တယ်၊ရုပ်နာမ်က လွတ်မြောက်လိုတယ်ဆိုပြီး ဘာကြောင့် ရုပ်နာမ်အပေါ် ဝိပဿနာ ထပ်ရှုနေရသေးတာဘုံးဆိုလျှင် ဒီပဋိသင်္ခါဉာဏ်ဖြင့် ရုပ်နာမ်တွေကို ထွန့်လွှတ်တော့မယ်၊ သို့သော် သာမညစွန့်လွှတ်လိုက်လျှင် ဘဝ

များစွာ သံသရာက ယူဆစွဲလမ်းလာတဲ့ ဒီရုပ်နာမ်ဟာ မြဲတယ်ဆိုပြီး နိစ္စတရား၊ ဒီရုပ်နာမ်ဟာ ချမ်းသာတယ်လို့ထင်ခဲ့တဲ့ သုခတရား၊ ဒီရုပ်နာမ်ဟာ ခိုင်မာတယ်လို့ ယူဆခဲ့တဲ့ အတ္တတရားတွေဟာ မကြာမီ ပြန်လည်ပေါ်ခဲ့ဘတ်သေးတယ်၊ ဒါကြောင့် ရုပ်နာမ်ခန္ဓာအပေါ် တပ်တဲ့ တဏှာတရားကို စွန့်လွှတ်ခါနီးမှာ ရုတ်တရက်မလွှတ်သေးဘဲ ကြပ်ကြပ်နှိပ်နာသွားအောင် ရုပ်နာမ်အပေါ် ဝိပဿနာ ထပ်ပြီး ရှုရပါတယ်။

ဒီနေရာမှာ ဥပမာနှင့်ပြရရင် တံငါသည်တွေ ဆောင်းနှင့်အုပ်ပြီး ငါးဖမ်းတာ မြင်ဖူးကြပါလိမ့်မယ်၊ တံငါသည်တစ်ယောက်ဟာ အင်းရေတိမ်တိမ်မှာ ဆောင်းနှင့်အုပ်ပြီး ငါးဖမ်းတော့ ဆောင်းကို ငါးထိုးတဲ့အတွက် ငါးတော့ မိနေပြီ၊ တော်တော်ကြီးတဲ့ငါးနှင့်တူတယ်လို့ ဆောင်းပေါက်က လက်လျှိုပြီး ရေထဲမှာ ငါးကို စမ်း ဖမ်းလိုက်တယ်၊ ကံတော်ကံငြား ရေထဲက ငါးကြီးရဲ့ လည်ပင်းကို သေသေချာချာညှစ်မိတော့ ဟောဟော-အင်မတန်ကြီးတဲ့ ငါးလမြွေ ကြီးနဲ့တူတယ်၊ ကော်တာပဲကွလို့ ဝမ်းသာအားရနှင့် ရေထဲက ဖော်ထုတ်ပြီး ကြည့်လိုက်တယ်၊ လား လား သူဖမ်းမိတဲ့အကောင်ဟာ သူထင်တဲ့ငါး မဟုတ်ဘဲ အင်မတန် ကြောက်စရာကောင်းတဲ့ မြွေဟောက်ကြီးဖြစ်နေတာကို တွေ့ရတယ်၊ ဒီတော့ အံမယ်လေး အံမယ်လေး ငါ့မှာ ငါးများလားလို့ ဝမ်းသာနေလိုက်ရတာ၊ လက်စသတ်တော့ မြွေဆိုးကြီးပါလား ဘယ်သို့လုပ်ရပါ့မယ်၊ သာမညလွှတ်ပစ်လိုက်ရင် ငါ့လက်ကို ပြန်ကိုက်မှာ သေချာတယ်၊ ဒါကြောင့် ပြန်မကိုက်နိုင်အောင် မြွေကို နှိပ်နာအောင်လုပ်မှ တော်မယ်လို့ မြွေကြီးကို ရုတ်တရက် မလွှတ်ပေးဘဲ မြွေရဲ့လည်ပင်းကို အတင်းညှစ်လိုက်တယ်၊ အတင်းညှစ်လို့ မြွေကြီး အတော် ပျော့ခွေကျသွားမှ သွားရော့ဟဲ့ အကောင်ကြီးဆိုပြီး အဝေးကို လွှင့်ပစ်လိုက်ပါသတဲ့။

ဒီဥပမာအတိုင်းပါပဲ၊ ရုပ်တရား နာမ်တရားကို ကိုယ်က နိစ္စ သုခ အတ္တလို့ ထင်ပြီး အင်မတန်ချစ်ခင်ခဲ့ဘာ၊ ခုမှသာမညစွန့်ပယ်ပစ်လိုက်လျှင် အဲဒီ နိစ္စ သုခ အတ္တတရားက ကိုယ့်ကိုပြန်ပြီး ကိုက်သိမ့်ဦးမယ်၊ နိစ္စ သုခ အတ္တတရား မိမိကို ဘယ်တော့မှ ပြန်မကိုက်နိုင်အောင် 'ပဋိသင်္ခါဉာဏ်'ဖြင့် ရုပ်နာမ်အပေါ် အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာထပ်ရှုခြင်း ဖြစ်ပါသည်တဲ့၊ ပဋိသင်္ခါဉာဏ်ဖြင့် ရုပ်နာမ် အပေါ် ဝိပဿနာထပ်ရှုပြီး ရုပ်နာမ်အပေါ် တပ်မက်ဘဲ့တဏှာအားလျော့

သွားပြီးတဲ့နောက် ရုပ်နာမ်တို့ရဲ့အပေါ် ဘယ အာဒိနဝစသည် မရှုတော့တဲ့ လျစ်လျူရှုနိုင်တဲ့ ဉာဏ်ကို 'သင်္ခါရုပေက္ခာဉာဏ်'လို့ ခေါ်တယ်၊ သင်္ခါရုပေက္ခာဉာဏ်ဟာ သင်္ခါရခေါ်တဲ့ ရုပ်နာမ်အပေါ် ဥပေက္ခာ ပြုတာဆိုလို့ ရုပ်နာမ်အပေါ် လုံးလုံး အာရုံမပြုတော့ဘူးလို့တော့ မမှတ်ရဘူး၊ ရုပ်နာမ်အပေါ်တော့ အာရုံပြုသေးတာပဲ၊ သို့သော်လဲ ရုပ်နာမ်ကို ရှေးကလို နှစ်သက်သာယာခြင်းလဲ မရှိတော့ဘူး၊ ရှေးကလို ကြောက်မက်ဖွယ်လိုလဲ အာရုံမပြုတော့တဲ့ အလယ်အလတ်မျှ ရှုနေခြင်းကို သင်္ခါရုပေက္ခာဉာဏ်လို့ ဆိုလိုတယ်။

သင်္ခါရုပေက္ခာဉာဏ်က တစ်ဆင့်တက်ခဲ့လျှင် မဂ်ဖိုလ်ရောက်တော့မယ်၊ ဒါကြောင့် အသက်မဂ်ဥ္ဆုံရလတ္တံသော ဗောဓိပက္ခိယတရားအား လည်းကောင်း၊ ဥဒယဗ္ဗယစသော အောက်ဉာဏ်ရှစ်ပါးအားလည်းကောင်း၊ လျော်သောကြောင့် ဒီဉာဏ်ကို 'အနုလောမဉာဏ်'လို့ ခေါ်ဆိုရပါတယ်၊ ဒီနေရာမှာ 'အနုလောမဉာဏ်' ဖြစ်ပေါ်လာပုံကို ကျမ်းများမှာ ဒီလို ဖွင့်ပြကြပါတယ်။ သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရဆိုတဲ့ ရုပ်တရား နာမ်တရားတို့ကို အလယ်အလတ်အားဖြင့် ဝိပဿနာရှုဖန်များတဲ့အခါ ယောဂီစိတ်ဓာတ်ဟာ ရုပ်နာမ်တို့ကို အာရုံမပြုလိုတော့ဘဲ ရုပ်နာမ်တို့က တွန့်ဆုတ်ပြီး ရုပ်နာမ်တို့ရဲ့ ကင်းရာ နိဗ္ဗာန်ဆီကို စိတ်ညွှတ်လာခဲ့ပါသတဲ့၊ ဒါပေမယ့် သင်္ခါရုပေက္ခာ ဉာဏ်အခိုက်မှာ မဂ်ဖိုလ်တို့ကို မရသေးတဲ့အတွက် ယောဂီရဲ့စိတ်ဓာတ်က နိဗ္ဗာန်ဆီကို ညွှတ်ကိုင်းရှာဖွေရင်း ရုပ်နာမ်ကိုပင် အာရုံပြုနေရပါသေးသတဲ့။

ဥပမာမှာ ယခုကဲ့သို့ စက်ခေတ်မဟုတ်သေးတဲ့ ရှေးအခါက ကုန်သည်တွေဟာ ရွက်လှေကြီးတွေနှင့် သမုဒ္ဒရာကို ဖြတ်ကူးကြရသတဲ့၊ အဲဒီတုန်းက ကုန်သည်တွေဟာ လှေပေါ်မှာ ကျီးငှက်ကို ဆောင်ယူသွားပြီး၊ ကမ်းမမြင်ရတဲ့ အခါ ကမ်းမည်သည့်ဘက်မှာ နေသည်ဆိုတာ သိရအောင် လှေကြီးပေါ်က ကျီးငှက်ကို လွှတ်ကြသတဲ့၊ လွှတ်လိုက်တဲ့ ကျီးဟာ လမ်းကိုပျံသန်းရှာဖွေရင်း ကမ်းကို မမြင် မတွေ့ရင် လှေကြီးရဲ့ရွက်တိုင်ဖျား လာနားသတဲ့၊ အမောပြေရင် ရွက်တိုင်ဖျားက ထ,ပျံပြီး ကမ်းကို ရှာပြန်တယ်၊ မမြင်ရသေးရင် ပျံ လာ ပြီး ရွက်တိုင်ထိပ်ဖျားမှာ နားပြန်တယ်၊ ကမ်းကိုမြင်တဲ့အခါမှာတော့ လှေကြီးဆီ ပြန်မလာတော့ဘဲ တစ်ဟုန်ထိုး ကမ်းအရောက် ပျံတော့တာပါပဲတဲ့၊ ဒီဥပမာ အတိုင်း ယောဂီရဲ့စိတ်ဟာလဲ နိဗ္ဗာန် မမြင်သေးသမျှ ရုပ်နာမ်ကို အာရုံပြုကာ

နိဗ္ဗာန်ကို ရှာဖွေနေတယ်၊ နိဗ္ဗာန်မြင်လောက်တဲ့ ဉာဏ်အဆင့် ရောက်ခဲ့တော့ ပရိကံ၊ ဥပစာ၊ အနုလုံလို့ "အနုလောမဉာဏ်" ပေါ်လာတယ်၊ ထို့နောက် ဂေါတြဘူဖြင့် နိဗ္ဗာန်ကို အာရုံပြုပြီး မဂ်ဖိုလ်ရောက်အောင် တိုးတက်ခဲ့တော့တာပါပဲတဲ့။ ဥဒယဗ္ဗယဉာဏ်ကစပြီး ယခု အနုလောမဉာဏ်တိုင်အောင် အဆင့်ဆင့် တိုးတက်လာတဲ့ ဝိပဿနာဉာဏ်ကိုးပါးကို "ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ" လို့ ခေါ်ဆိုပါတယ်။

ဒါကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာ....

> တထာ ပရိဗန္ဓဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယဉာဏာဒေါ ပဋ္ဌာယ ယာဝါနုလောမာ တိလက္ခဏံ ဝိပဿနာပရမ္ပရာယ ပဋိပဇ္ဇန္တဿ နဝဝိပဿနာ ဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ–

လို့ ပြဆို ထားပါတယ်။

တထာ–ထိုဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့်၊ ပရိဗန္ဓ ဝိမုတ္တဿ–ဘေးရန်တို့မှ လွတ်ပြီးသော၊ တဿ–ထိုယောဂီပုဂ္ဂိုလ်၏၊ သန္တာနေ– သန္တာန်၌ ဥဒယဗ္ဗယဉာဏာဒေါ–ရုပ်နာမ်တို့၏ အဖြစ်အပျက်နှစ်ပါးကိုမြင်သော ဥဒယဗ္ဗယ ဉာဏ်မှ၊ ပဋ္ဌာယ–စ၍၊ ယာဝါနုလောမာ–အနုလောမတိုင်အောင်၊ တိလက္ခဏံ–လက္ခဏာယာဉ်သုံးပါးသို့၊ အာရောပေတွာ–တင်၍၊ ဝိပဿနာ ပရမ္ပရာယ–ဝိပဿနာဉာဏ် အဆက်ဆက်အားဖြင့်၊ ပဋိပဇ္ဇန္တဿ–လွန်စွာ ကြိုးကုတ်အားထုတ်သည်ရှိသော်၊ နဝ–ကိုးပါးကုန်သော၊ ဝိပဿနာဉာဏာနိ–ဝိပဿနာဉာဏ်တို့သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ နာမ–အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်သော ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိမည်၏ တဲ့။

ဒီပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိဟာ ရထဝိနီတ သုတ္တန်ဒေသနာတော်ရဲ့ ဥပမာအရ ခြောက်ခုမြောက်တဲ့ ဆင့်ရထားဖြစ်တယ်လို့ မှတ်ကြရမယ်။

ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဆိုတဲ့ ခြောက်ခုမြောက်ရထားက ကျော်လွန်ခဲ့ရင် နောက်ဆုံးဖြစ်တဲ့ ဉာဏဒဿန ဝိသုဒ္ဓိဆိုတဲ့ရထားကို ရောက်တော့တာပါပဲ။

ဉာဏဒဿန ဝိသုဒ္ဓိဆိုတာ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းကို ဆိုလိုပါတယ်၊ ဉာဏ်အမြင် အထူး စင်ကြယ်တယ်ဆိုတာလဲ မိမိတို့ သန္တာန်မှာ လောကုတ္တရာ မဂ်ဉာဏ် ဖြစ်ပေါ်လာတာကို ဆိုပါတယ်၊ ဒါကြောင့် အဘိဓမ္မတ္ထ သင်္ဂဟ ကျမ်းမှာ–

ဆဗ္ဗိသုဒ္ဓိက မေနေဝံ၊ ဘာဝေတဗ္ဗော စတုဗ္ဗိဓော။
ဉာဏဒဿန ဝိသုဒ္ဓိ၊ နာမ မဂ္ဂေ ပဝုစ္စတိ–

လို့ ပြဆိုထားပါတယ်။

ဧဝံ–ဤသို့ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ ဆဗ္ဗိသုဒ္ဓိကမေန–ခြောက်ပါးသော ဝိသုဒ္ဓိအစဉ်အားဖြင့်၊ ဘာဝေတဗ္ဗော–ဖြစ်စေထိုက်သော၊ စတုဗ္ဗိဓော–လေးပါး ရှိသော၊ မဂ္ဂေ–မဂ်ကို၊ ဉာဏဒဿန ဝိသုဒ္ဓိနာမ–ဉာဏဒဿနဝိသုဒ္ဓိမည်၏ဟူ၍၊ ပဝုစ္စတိ–ဆိုအပ်၏ တဲ့။

ဤဂါထာတော်အရ သီလဝိသုဒ္ဓိစသော ၆-ပါးသော ဝိသုဒ္ဓိတရားများ ကို အစဉ်အတိုင်း ပွားများအားထုတ်ပြီးနောက် ဖြစ်ပေါ်လာတဲ့ သောတာ ပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိ၊ အရဟတ္တမဂ် လေးပါးသောမဂ် တရားတို့ကို ကိလေသာတို့မှ စင်ကြယ်ပြီး သစ္စာလေးပါးတို့ကို တိုက်ရိုက်သိတတ် တဲ့အတွက် "ဉာဏဒဿန ဝိသုဒ္ဓိ"လို့ ခေါ်ပါသတဲ့၊ ဒီနေရာမှာ နောက်ဆုံး ရထားနှင့်တူတဲ့ ဉာဏဒဿန ဝိသုဒ္ဓိတည်းဟူသော မဂ်ဉာဏ် ဖြစ်ပေါ်လာပုံကို နည်းနည်းလောက် ပြောပြပါဦးမယ်။

ဤသို့ ပြဆိုပြီးခဲ့တဲ့ ဝိသုဒ္ဓိအစဉ်ဖြင့် ကျင့်ကြံ ကြိုးကုတ်ပွားများ အား ထုတ်တဲ့ ယောဂီပုဂ္ဂိုလ်သန္တာန်မှာ ဝိပဿနာဉာဏ်ရဲ့ ရင့်သန်ခြင်းကို အစွဲအမှီပြု ပြီး အပ္ပနာခေါ်တဲ့ မဂ်ဉာဏ် ဖြစ်ပေါ်လာတော့မယ်ဆိုရင် မိမိတို့စိတ်အစဉ်ဟာ အဘိဓမ္မာအခေါ်အားဖြင့် ဘဝင်ကျရာက ဘဝင်လှုပ်လာတယ်၊ ဘဝင်လှုပ်ပြီး ဘဝင် အလျဉ်ပြတ်သွားတယ်၊ ဘဝင်ပြတ်သွားပြီး မနောဒွါရမှာ အာရုံကို ဆင်ခြင်တဲ့ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်လာတယ်၊ မနောဒွါရာဝဇ္ဇန်းရဲ့ အခြားမဲ့ မှာ နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးဘဲ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာသုံးပါး အနက် တစ်ပါးပါးကို အာရုံပြုပြီး ထက်မြက်တဲ့ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဥပစာ၊

အနုလုံဆိုတဲ့ အမည်နှင့် ဝိပဿနာစိတ် နှစ်ကြိမ်ဖြစ်တယ်၊ နုံ့တဲ့မန္ဒပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် ပရိကံ၊ ဥပစာ၊ အနုလုံဆိုတဲ့အမည်နှင့် ဝိပဿနာစိတ် သုံးကြိမ် ဖြစ်တယ်၊ အနုလုံရဲ့နောက်မှာ ဂေါတြဘူစိတ်ဟာ နိဗ္ဗာန်ကို အာရုံပြုပြီး တစ်ကြိမ်ဖြစ်တယ်၊ ဂေါတြဘူစိတ်ရဲ့ အခြားမဲ့မှာ မဂ်စိတ်ဟာ ဒုက္ခသစ္စာကို ပိုင်းခြား သိ ခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း။ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ဖြစ်စေခြင်းရဲ့ အစွမ်းဖြင့် အပ္ပနာဝီထိသို့ သက်ရောက်ပါသတဲ့၊ မဂ်စိတ်တစ်ကြိမ် ဖြစ်ပြီးတဲ့နောက် တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ်သုံးကြိမ်၊ မန္ဒပုဂ္ဂိုလ် ဖြစ်လျှင် ဖိုလ်စိတ်နှစ်ကြိမ်ဖြစ်ပြီး ဘဝင်ကျတော့တာပဲ။

> သောတာပတ္တိ ဖိုလ်စိတ်ကျပြီးလျှင် သောတာပန်ပုဂ္ဂိုလ်၊
> သကဒါဂါမိ ဖိုလ်စိတ်ကျပြီးလျှင် သကဒါဂါမ်ပုဂ္ဂိုလ်၊
> အနာဂါမိ ဖိုလ်စိတ်ကျပြီးလျှင် အနာဂါမ်ပုဂ္ဂိုလ်၊
> အရဟတ္တ ဖိုလ်စိတ်ကျပြီးလျှင် အရဟတ္တ ဖိုလ်ပုဂ္ဂိုလ်–
>
> လို့ ခေါ်ကြရပါတယ်။

ဒီလို မဂ်ပုဂ္ဂိုလ် ဖိုလ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားလျှင် အရှင်ပုဏ္ဏမထေရ် အလိုရှိတဲ့ 'အနုပါဒါပရိနိဗ္ဗာန်' ဆိုတဲ့ စွဲလမ်းခြင်းမရှိသော ယက်ဝန်းကျင် ငြိမ်းအေးချမ်းသာမှုဟာ မုချဖြစ်လာတော့တာပဲ။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များ ဆုတောင်းပတ္ထနာပြုနေကြတဲ့ စွဲလမ်းမှုမရှိ ယက်ဝန်းကျင် ငြိမ်းအေးချမ်းသာတဲ့ နိဗ္ဗာန်ဆိုတာဟာ အလိုအလျောက် ပေါ်ပေါက် လာတတ်တဲ့ တရားမျိုးလည်း မဟုတ်ဘူး။ စာပေပရိယတ္တိတတ်ကျွမ်းယုံမျှနှင့် ထိတွေ့ရရှိနိုင်တဲ့ တရားမျိုးလည်း မဟုတ်ဘူး။ စိတ်ကူးကြံစည်ရုံမျှ (ဝိတက်)ဖြင့် မျက်မှောက်ပြုနိုင်တဲ့ တရားမျိုးလည်း မဟုတ်ဘူး။

ရထား(၇)စီး ဥပမာပြထားတဲ့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိဆိုတဲ့ (၇)ပါးသော ဝိသုဒ္ဓိတရားတို့ကို အဆင့်ဆင့် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပါမှ ရရှိမျက်မှောက်ပြုနိုင်တဲ့ တရားမျိုး ဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာရဲ့ ဆင်းရဲတဲ့ အခြင်းအရာတွေကို မြင်ထားတဲ့ သူတော်ကောင်းများဟာ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ တဏှာဥပါဒါန်တို့ရဲ့ ငြိမ်းအေးရာနိဗ္ဗာန်ကိုအမှန်လိုချင်ပါလျှင် အကျင့်သီလအတူးစင်ကြယ်ခြင်း

ဆိုတဲ့ သီလဝိသုဒ္ဓိကို အဦးအစထားပြီး (၇)ပါးသောဝိသုဒ္ဓိတရားတို့ကို အဆင့်ဆင့် ကြိုးစားပွားများအားထုတ်သင့်တယ်လို့ မှတ်ကြရမယ်။


မန္တာနီပုဏ္ဏေးမရဲ့သားတော်ရတနာဖြစ်တဲ့ 'ဓမ္မကထိကဧတဒဂ်ရ' အရှင်ပုဏ္ဏ မထေရ်မြတ်က ဝိသုဒ္ဓိ(၇)ဆင့်ကို ယခုလိုရထား(၇)စင်းနှင့် ဥပမာပေးပြီး ဖြေကြားတော်မူလိုက်တဲ့အခါ၊ အရှင်သာရိပုတ္တရာ မထေရ်ကြီးဟာ အင်မတန် နှစ်သက်ဝမ်းမြောက်တော်မူသွားတယ်၊ ဒါကြောင့် အရှင်သာရိပုတ္တရာမထေရ် မြတ်က ငါ့ရှင်–ငါ့ရှင်ရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ၊သီတင်းသုံးဖော်များက ငါ့ရှင်ကို ဘယ်လိုသိကြပါသလဲလို့ မေးတော်မူတယ်၊ ' အရှင်ပုဏ္ဏမထေရ်က အရှင်ဘုရား တပည့်တော်ရဲ့နာမည်ကို ပုဏ္ဏလို့ခေါ်ပါတယ်၊ တပည့်တော်ရဲ့ မတ်တော်ကြီးဟာ မန္တာနီ အမည်ရှိတဲ့အတွက် သီတင်းသုံးဖော်များက တပည့်တော်ကို မန္တာနီပုဏ္ဏေးမရဲ့သားလို့ သိကြပါတယ်လို့ ဖြေဆိုပါတယ်၊ ဒီအခါ အရှင်သာရိပုတ္တရာက ငါ့ရှင်–အံ့ဖွယ်ကောင်းပေစွ၊ မဖြစ်ဖူးမြဲ၊ ထူးကဲစွာ ဖြစ်ပေစွ၊ ဘုရားသခင်ကိုယ်တော့်တိုင် ဖြေကြားလိုက်သလို အရှင်မြတ်ဟာလဲ အလွန် နက်နဲခက်ခဲတဲ့ပြဿနာတို့ကို ကောင်းစွာ ဉာဏ်သက်ဝင်ပြီး ဖြေစွမ်းနိုင်တော်မူတယ်၊ မန္တာနီ၏သားတော်ရတနာဖြစ်သော အရှင်မြတ်ကဲ့သို့သော ပုဂ္ဂိုလ်ထံ၌ ဆည်းကပ်ရခြင်းဟာ လွန်စွာနှစ်သက်ဖွယ်ကောင်းတဲ့အတွက် ဆည်းကပ် ရကျိုးနပ်ပေစွ၊ အကယ်၍ အရှင်ကဲ့သို့သောပုဂ္ဂိုလ်မြတ်ကို ဦးခေါင်းပေါ် တင်ပြီး ရှုမြင်ခြင်းငှာ ဆည်းကပ်ခြင်းငှာ ရငြားအံ့၊ အလွန်ကောင်းသော ကြောင့်ရခြင်းဖြစ်၍ အရတော်တယ်လို့ ဆိုထိုက်ပါတယ်အရှင်ဘုရား–လို့ အရှင် သာရိပုတ္တရာက ချီးမွမ်းစကား ပြောကြားပါသတဲ့၊ ဒီတော့ အရှင်ပုဏ္ဏက အရှင်ဘုရားက တပည့်တော်ကိုချီးမြှောက်လိုက်ဘာ ကမ်းကုန်အောင် ချီးမြှောက် လိုက်တော့တာပါပဲ၊ အရှင်ဘုရားကိုလဲ တပည့်တော်က ပြန်ပြီး လျှောက်ထား ပါရစေ၊ အရှင်ဘုရားရဲ့အမည်တော်ကော ဘယ်လိုခေါ်ပါသလဲ၊ သီတင်း သုံးဖော်တို့က အရှင်ဘုရားကို ဘယ်လိုများသိကြပါသလဲလို့ ပြန်မေးသတဲ့၊ အရှင် အရှင်သာရိပုတ္တရာက ငါ့ရှင်–တပည့်တော်ရဲ့အမည်ကို ဥပတိဿလို့ ခေါ်ကြပါ တယ်၊ တပည့်တော်ရဲ့ မယ်တော်ကြီးက သာရိပုဏ္ဏေးမဖြစ်တဲ့အတွက် သီတင်း သုံးဖော်တို့က တပည့်တော်ကို သာရိပုတ္တရာလို့ သိကြပါတယ်လို့ ပြန်လည် ဖြေ ကြားပြန်ပါသတဲ့။

ဒီလိုပြန်ဖြေတော့ အရှင်ပုဏ္ဏမထေရ်က အရှင်ဘုရား–မြတ်စွာဘုရားနှင့် တူတော်မူတဲ့ အဂ္ဂသာဝကကြီးနှင့် အတူထိုင်ပြီး တိုင်ပင်နှီးနှောရပါလျက်

အရှင်သာရိပုတ္တရာမှန်း တပည့်တော်မသိခဲ့ပါဘူး၊ အကယ်၍များ စောစောက သိခဲ့ပါလျှင် တပည့်တော်ဤမျှလောက် ပြောဆိုမိမည်မဟုတ်ပါဘူး၊အရှင်ဘုရား အံ့သြဖွယ်ကောင်းပေစွ၊မဖြစ်စဖူး ထူးကဲစွာဖြစ်ပေစွ၊ ဘုရားရှင်ကိုယ်တော်တိုင် မေးမြန်းတော်မူသလို အရှင်မြတ်လဲ အလွန်နက်နဲတဲ့ ပြဿနာတို့ကို သက်ဝင်ပြီး မေးတော်မူနိုင်ပါပေတယ်။

အရှင်မြတ်နှင့် အတူတကွ ပြောဟောရခြင်း၊ အရှင်မြတ်ကို ဖူးတွေ့ရခြင်း၊ ဆည်းကပ်ရခြင်းဟာ တပည့်တော်အဖို့ အရတော်ပေစွ၊အကယ်၍ အရှင်မြတ်ကို ဦးခေါင်းပေါ်မှာတင်ပြီး မပြတ်ရှုမြင်ခြင်းကို ရငြားအံ့၊ မပြတ် ဆည်းကပ် ခြင်းကို ရငြားအံ့၊ အလွန်ကောင်းသောကြောင့် ရခြင်းဖြစ်၍ အလွန် အရ တော်တယ်လို့ ဆိုလိုက်လှပါတယ်အရှင်ဘုရားလို့ လျှောက်ထားပါသတဲ့။

ဤသို့ဖြင့် ရဟန္တာကြီးနှစ်ပါးတို့ အချင်းချင်း ကောင်းစွာ မေး–ဖြေ ဟောပြောကြတဲ့တရားကို ဘုရားဟောနှင့် လုံးဝတူညီတဲ့အတွက် သင်္ဂါယနာတင် သံဃာတော်အရှင်မြတ်က ‘ရထဝိနီတသုတ်’ဆိုသည့် အမည်ဖြင့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ်မှာ ထည့်သွင်း သင်္ဂါယနာ တင်တော်မူကြတယ်၊ ရထား(၇)စင်းလျှင် ဥပမာရှိသော ဤရထဝိနီတသုတ္တန် ဒေသနာတော်ကို ကောင်းစွာမှတ်သားနာကြားကြရတဲ့ ဒါယကာ ဒါယိကာမအပေါင်း သူတော် ကောင်းတို့ဟာလဲ (၇)စင်းသော ရထားနှင့်တူသော ဝိသုဒ္ဓိ(၇)ပါးတို့ကို အဆင့်ဆင့် ကြိုးစားပွားများ အားထုတ်နိုင်ကြကုန်သည်ဖြစ်၍ စွဲလမ်းခြင်း မရှိ သော ထက်ဝန်းကျင် ငြိမ်းအေးချမ်းသာသော နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက်ထင်ထင် မြင်တွေ့ခံစားနိုင်ကြပါစေကုန်သတည်း။



# ရဋ္ဌပါလ သုတ်

## နိဒါန်း

အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုတ္ထနိပါတ်၊ ပုဂ္ဂလဝဂ်၊ ဥဂ္ဃဋိတညူသုတ်၌-

(၁) အကျဉ်းပြကာမျှဖြင့်တရားတော်ကို သိသော ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊

(၂) အကျယ်ပြမှ တရားကိုသိသော ဝိပဉ္စိတညူပုဂ္ဂိုလ်၊

(၃) ဥဒ္ဒေသစသည် ဆောင်၍ပြမှ တရားကိုသိသော နေယျပုဂ္ဂိုလ်၊

(၄) ပုဒ်မျှသာ အတိုင်းအရှည်ရှိသော (ပရိယတ္တိ စာပေအသိမျှသာ သိ၍ ဤဘဝ၌ ဈာန်မဂ်ဖိုလ်မရလိုက်သော) ပဒပရမပုဂ္ဂိုလ်၊

ဟူ၍ ပုဂ္ဂိုလ်လေးပါး ဘုရားရှင် ဟောတော်မူပါသည်။

ထို ပုဂ္ဂိုလ် ၄-ပါး အနက် ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူပုဂ္ဂိုလ်တို့သည် တရားတော်ကို နာယူစဉ် သစ္စာလေးပါးကို ထိုးထွင်းသိ၍ ခဏချက်ချင်း မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြပါသည်။ ထိုပုဂ္ဂိုလ်မျိုးကား ဉာဏ်အလွန် ထက်မြက်သည့်အပြင် ပါရမီအဟုန်ရင့်ကျက်ပြီး ပုဂ္ဂိုလ်များဖြစ်၍ မဂ်ဖိုလ် မရမီ အတွင်း မသေနိုင်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါသည်။ ရင့်ကျက်သော သရက်သီးသည် လေမိုးကြောင့်လည်း မကြွေ၊ လူစသည်တို့ကလည်း မခြွေဘဲ အမှန်ရင့်မှည့်သောအခါမှ ကြွေကျရသကဲ့သို့ ဖြစ်ပါသည်။

ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးသည် ဤသို့ထူးခြားရင့်ကျက်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ခြင်းကြောင့် မဂ်ဖိုလ်ရသည်နှင့် တစ်ပြိုင်နက်-

(၁) အကြောင်းကြောင့် ဖြစ်ပေါ်လာသော 'အကျိုးတရားစုနိဗ္ဗာန်၊ သဒ္ဒါ၏အနက်၊ ဝိပါကစိတ်၊ ကြိယာစိတ်' ဤတရားငါးပါး၌ ထိုးထွင်းသိနိုင်စွမ်းသော အတ္ထပဋိသမ္ဘိဒါဉာဏ်၊

(၂) အကျိုးကို ဖြစ်စေတတ်သော အကြောင်းတရားစု 'အရိယာမဂ် ၄ ပါး၊ ပါဠိအစဉ်၊ ကုသိုလ်၊ အကုသိုလ်'၌တရား ငါးပါး အစုသို့ ထိုးထွင်း၍ သိနိုင်စွမ်းသော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊

(၃) အတ္ထ ၅-ပါး၊ ဓမ္မ ၅-ပါး နှင့် ဆိုင်ရာ ဆယ်ပါးသောတရား၌ ထိုးထွင်း၍ သိနိုင်စွမ်းသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊

(၄) ဆိုအပ်ခဲ့ပြီးသော ပဋိသမ္ဘိဒါ ၃-ပါ တို့ကို ပိုင်းခြားဝေဖန်၍ သိစွမ်းနိုင်သော ပဋိဘာန် ပဋိသမ္ဘိဒါဉာဏ်(ပဋိသံဒ္ဓ၊ပအုပ်-၈)

ဤ လေးပါးသော ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်သောကြောင့် ပဋိသမ္ဘိဒါ ပတ္တ ပုဂ္ဂိုလ်များဟု ခေါ်ဆိုကြရပါသည်။

ထိုပုဂ္ဂိုလ်ထူးများသည် အလွန်ထက်မြက်သော ဉာဏ်ကြီးရှင်များ ဖြစ်ကြ၍ ဗုဒ္ဓသာသနာတော်အတွင်း အချင်းခပ်သိမ်းရှိနိုင်သော ပုဂ္ဂိုလ်များ မဟုတ်ပါချေ။ ဒီဃနိကာယ အလိုအားဖြင့်လည်းကောင်း၊ ဝိနယနှင့် အင်္ဂုတ္တရနိကာယ အလိုအားဖြင့် လည်းကောင်း သာသနာတော်ခေတ် နှစ်ပေါင်း တစ်ထောင် အတွင်း၌သာ ဖြစ်ထွန်းနိုင်သော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါသည်။

သာသနာတော် ၂၀၀၀-ကျော်လာသော ဤနေ့သည်ကား ပဋိသမ္ဘိဒါပတ္တ ဖြစ်ထွန်းနိုင်သော ခေတ်မဟုတ်ပါ။ ဆဠဘိညရဟန္တာ၊ တေဝိဇ္ဇာက ရဟန္တာ၊ သုက္ခဝိပဿက ရဟန္တာများ ဖြစ်ပေါ်နိုင်သေးသော နေယျခေတ်သာ ဖြစ်ပါသည်။

နေယျပုဂ္ဂိုလ်သည် ဉဃဋိတညူ-ဝိပဉ္စိတညူ ပုဂ္ဂိုလ်များကဲ့သို့ တရားနာရုံကာမျှ တခဏသင်ယူကာမျှဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ပါ။ ဘုရားတော်သာသည့်အတိုင်း အင်္ဂါ(၄)ပါးနှင့် ပြည့်စုံသော လုံ့လဝီရိယဖြင့် ခနေမနား ကြိုးစားအားထုတ်မှသာ မဂ်ဖိုလ်နိဗ္ဗာန်ကို ကောင်းပြုနိုင်ပါသည်။

လေးပါးသော လုံ့လဝီရိယဖြင့် ကြိုးစားပါသော်လည်း ရက်ပေါင်း ည်မျှကြာအောင် အားထုတ်ပါမှ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါမည်နည်းဟူသော ဒေက ပုဂ္ဂိုလ်တို့၏ အမေးကို ဤရဋ္ဌပါလသုတ်တော်က အဖြေပေးထားပါ သည်။

ရောဂါစွဲကပ်နေသော ပုဂ္ဂိုလ်တစ်ယောက်သည် ရောဂါပျောက်ကင်းအောင် ရက်ပေါင်းမည်မျှ ဆေးဝါးမှီဝဲရပါမည်နည်းဟု မေးမြန်းအံ့၊ အဖြေကား ရောဂါမပျောက်မခြင်း ဆေးဝါးမပြတ် မှီဝဲရမည်ဟု ဖြေဆိုရပါမည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ တစ်ခါတစ်ရံ ဘာမျှ မပြောပလောက်သော ပွေးရောဂါ ကျရောက်တတ်ပါသည်။ ပွေးရောဂါကို ဘာမျှမပြောပလောက်သော ရောဂါဟု ဆိုသော်လည်း တကယ် ဆေးကုသောအခါ ရက်ပေါင်းလပေါင်းများစွာ ဆေးလိမ်းခြင်း, ဆေးစားခြင်းတို့ကို ပြုမှသာ ပျောက်ကင်းပါသည်။ ဝမ်းတွင်း၌ဖြစ်သော အသည်းနာ,အူနာ စသော ရောဂါများအတွက်မူကား ပြောဖွယ်ရာ မလိုပါ။

ထို့အတူ အကုသိုလ်နာကို ကုရာ၌ တစ်ရက်တစ်လမျှနှင့် ပျောက်ကင်းရန် တရားဆေးစားဖို့ အလွန်ခက်လှပါသည်။ တရားဆေးသည် အကုသိုလ်နာကို ကေန်ပျောက်နိုင်သောဆေးကား မှန်ပါသည်။ သို့ရာတွင် တစ်အောင့် တစ်ခဏစားရုံဖြင့်ကား အကုသိုလ်နာပျောက်မည် မဟုတ်ပါ။

ရဋ္ဌပါလထေရ်သည် တေဒဂ်ရ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။ သို့သော်မထေရ်သည် နေယျပုဂ္ဂိုလ်မျှသာဖြစ်သောကြောင့် အဘယ်မျှလောက်ကြာအောင် ပြင်းပြင်းထန်ထန် ဆေးစားရသည်ကို ဖတ်ကြည့်လျှင် သိနိုင်ပါသည်။

ယနေ့ခေတ်ကား နေယျခေတ်ပါတည်း။ နေယျပုဂ္ဂိုလ်သည် မဂ်ဖိုလ်ကို အမှန်တကယ်လိုချင်ကျင့်လျှင် တစ်မဂ်တစ်ဖိုလ်ရနိုင်ခွင့် ရှိပါသည်။ သို့သော် သိလျှင်ပြီးတာဘဲဟု သမံကာလျှံကာ, အားထုတ်ရုံမျှဖြင့်ကား ရနိုင်မည် မဟုတ်ပါ။ ဤအကြောင်းကို သိ၍ အရှင်မဟာရဋ္ဌပါလကို အားကျစိမ့်သောငှာ ဤရဋ္ဌပါလသုတ် တရားတော်ကို ဖော်ပြအပ်ပါသည်။

ရှင်မဟာရဋ္ဌပါလကို အားကျ၍ မိမိတို့သန္တာန်၌ ခိုအောင်းပြီးလျှင် ဘဝပေါင်း များစွာ မိမိတို့အား ညှဉ်းပန်းနှိပ်စက်နေသော အကုသိုလ်တရားတို့ကို မဆုတ်နစ်သော လုံ့လတရားဖြင့်ပယ်ရှားကာ ကြိုးစား အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။ ။

## ရဋ္ဌပါလ သုတ်–တရားတော်

အဝုဝေါ် လောကော အတာဏော၊ အဿကော စ အတိတ္တကော။
စတ္တာရောတိ ဓမ္မုဒ္ဒေသာ၊ ဥဒ္ဒိဋ္ဌာဒိစ္စဗန္ဓုနာ....

လောကော–သတ္တဝါအပေါင်းသည်၊ အဝုဝေါ်-မြဲမြံခိုင်ခံ့တည်တံ့သော သဘောမရှိ။ လောကော–သတ္တဝါ အပေါင်းသည်၊ အတာဏော–ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာမရှိ။ လောကော–သတ္တဝါအပေါင်းသည်၊ အဿကော စ–ကိုယ်ပိုင်ဥစ္စာဟူ၍ မြူမျှလဲမရှိ။ လောကော–သတ္တဝါ အပေါင်းသည်၊ အတိတ္တကော–အားရခြင်း, ရောင့်ရဲခြင်း, တင်းတိမ်ခြင်းလဲမရှိ။ ဣတိ–ဤသို့၊ ဓမ္မုဒ္ဒေသာ–ဓမ္မုဒ္ဒေသတို့ကို၊ စတ္တာရောတိ–၄–ပါးတို့ဟူ၍၊ အာဒိစ္စဗန္ဓုနာ–နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဥဒ္ဒိဋ္ဌာ–သရုပ်အားဖြင့် ထင်ရှားပြသတော်မူပါပေသတည်း။

ယခုရွတ်ဆိုခဲ့တဲ့ဂါထာက ဓမ္မုဒ္ဒေသတရား ၄-ပါးတို့ကို အကျဉ်းဖွဲ့ဆိုထားတဲ့ ရတနာဂါထာဖြစ်တယ်၊ ဓမ္မုဒ္ဒေသဆိုတဲ့ ပုဒ်ကို သဒ္ဒါပုဒ်ဖြတ်လိုက်တော့ ဓမ္မ+ဥဒ္ဒေသလို့ဖြစ်ခဲ့တယ်၊ ဓမ္မ–ဆိုတာက ဘုရားရှင် ၄၅–ဝါကာလပတ်လုံး ဟောကြားပြသတော်မူခဲ့တဲ့ ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့်ကိုးတန်၊ ဓမ္မက္ခန္ဓာတော်ပေါင်း–ရှစ်သောင်း လေးထောင်သော တရားတော်တို့ကို ဓမ္မ–လို့ဆိုလိုတယ်။ ဥဒ္ဒေသဆိုတာက–အကျဉ်းချုံးခြင်းလို့ ဆိုလိုတယ်။

ဘုရားရှင်ရဲ့ တရားအားလုံးကို အကျဉ်းချုံးလိုက်ရင် ယခုရွတ်ဆိုခဲ့တဲ့ အနက် ၄–ပါးမျှသာ ထွက်ပေါ်လာခဲ့ပါသတဲ့။ ဒါကြောင့် အဝုဝ, အတာဏ, အဿက, အတိတ္တက–လို့ဆိုရတဲ့ ဒီတရား၄–ပါးကို ဓမ္မုဒ္ဒေသတရား လေးပါးရယ်လို့ (မဇ္ဈိမပဏ္ဏာသ)ပါဠိတော်မှာ သင်္ဂါယနာတင်ထားတယ်။ ဒီနေရာမှာ ဓမ္မုဒ္ဒေသတရား ၄-ပါးကို ဖော်ထုတ်ညွှန်ပြတော်မူတဲ့ ရဋ္ဌပါလ မထေရ်မြတ်ရဲ့ အကြောင်းကို ဦးစွာ ပြောပြပါဦးမယ်။

ရဋ္ဌပါလဆိုတာ–လူ့ဘဝက ပစ္စည်းဥစ္စာ အင်မတန် ချမ်းသာကြွယ်ဝတဲ့ ထုလ္လကောဋ္ဌိကနိဂုံး သူဌေးကြီးတစ်ဦးရဲ့ သားရတနာ ဖြစ်ခဲ့တယ်။

အခါတစ်ပါး ဘုရားရှင်ဟာ များစွာသော ရဟန်းသံဃာများခြံရံတော်မူပြီး ကုရုတိုင်းအတွင်း ဒေသစာရီကြွချီတော်မူတဲ့အခါ ထုလ္လကောဋ္ဌိကဆိုတဲ့ နိဂုံးကြီးကို ဆိုက်ရောက်တော်မူတယ်။

ထုလ္လကောဋ္ဌိကဆိုတာ ထိုစဉ်ကာလက တစ်နှစ်ပတ်လုံး ကောက်ပင်များ ရှိတဲ့အတွက် အလွန်စည်ပင်တယ်၊ ဝပြောတယ်၊ ကျီကျများမှာ စပါးအမြဲ ပြည့်နေတယ်၊ ဒါကြောင့် (ထုလ္လကောဋ္ဌ ပရိပုဏ္ဏ ကောဋ္ဌာဂါရ) ပြည့်စုံတဲ့ စပါးကို ဥစ္စာတိုက် ဘဏ်တိုက်များမှာရှိတဲ့အတွက် ထုလ္လကောဋ္ဌိကဆိုတဲ့ အမည်ကို ရပါသတဲ့၊ ဘုရားရှင် ထုလ္လကောဋ္ဌက နိဂုံးကို ဆိုက်ရောက်တော် မူလာတယ်ကြားတော့ ထုလ္လကောဋ္ဌိက ရွာသားအမျိုးသား၊ အမျိုးသမီး တွေဟာ လှုပ်လှုပ်ရွရွဖြစ်လာကြတယ်။

"မိတ်ဆွေတို့—သာကီဝင်မင်းမျိုးက ရဟန်းပြုတော်မူခဲ့တဲ့ သာကီဝင် မင်းသား ရဟန်းဂေါတမဟာ ကုရုတိုင်းအတွင်း ဒေသစာရီလှည့်လည်ရင်း ငါတို့နေရာ ထုလ္လကောဋ္ဌိက နိဂုံးကို ဆိုက်ရောက်တော်မူလာသတဲ့၊ ထိုအရှင် ဂေါတမရဲ့ ကောင်းတဲ့ကျော်စောသံဟာ ဒီလို ပျံ့နှံ့ထွက်နေတယ်၊ ထိုအရှင် ဂေါတမဟာ ပူဇော်အထူးကို ခံယူထိုက်တဲ့အတွက် အရဟံ မည်တော်မူသတဲ့။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်ကန်စွာ သိတော်မူတဲ့ အတွက် သမ္မာသမ္ဗုဒ္ဓ မည်တော်မူသတဲ့။ အသိဉာဏ်ပညာနှင့် အကျင့်စရဏတရား ပြည့်စုံ တော်မူတဲ့အတွက် ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူသတဲ့။ ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ အတွက် သုဂတ မည်တော်မူသတဲ့။ လောက ၃-ပါးကို သိတော်မူတတ်တဲ့အတွက် လောကဝိဒူ မည်တော်မူသတဲ့။ ဆုံးမနိုင်သူကို အတု မရှိအောင် ဆုံးမတော်မူနိုင်တဲ့အတွက်ကြောင့်လဲ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူသတဲ့။ လူ နတ်တို့ရဲ့ ဆရာအစစ် ဖြစ်တော်မူတဲ့ အတွက်ကြောင့်လဲ သတ္ထာဒေဝမနုဿာနံ မည်တော်မူသတဲ့၊ သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင်လဲ သိ၍ သူတစ်ပါးကိုလဲ သိစေတတ်တော်မူနိုင်တဲ့ အတွက်ကြောင့်လဲ ဗုဒ္ဓ မည်တော် မူသတဲ့။ ဘုန်းတန်ခိုးအင်မတန် ကြီးမားတော်မူတဲ့အတွက်ကြောင့်လဲ ဘဂဝါ မည်တော်မူသတဲ့။

ဒီဂုဏ်တော် ၉-ပါးနဲ့ ပြည့်စုံတော်မူတဲ့ ဂေါတမမြတ်စွာဘုရားဟာ နတ်လူဗြဟ္မာနဲ့တကွသော လောကကြီးကို ကိုယ်တိုင်ထူးတဲ့ဉာဏ်ဖြင့် သိတော်

မူတယ်။ သိတော်မူတဲ့အတိုင်း လောကကြီးကို မျက်မှောက်ပြုပြီး တရား ဟော တော်မူသတဲ့။ ရှင်တော်ဂေါတမရဲ့ တရားဟာလဲ အစ–အလယ်–အဆုံး ၃–ပါး သော ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသတဲ့။ ဒီလိုပုဂ္ဂိုလ်ထူးကို မြင်ဖူးရခြင်းဟာ အင်မတန် ကံကောင်းတယ်၊ လာကြ သွားကြစို့၊ ရှင်တော်ဂေါတမကို ဖူးမြော် ချေကြစို့လို့''တစ်ဦးကိုတစ်ဦး တိုက်တွန်းနှိုးဆော်ပြီး ဘုရားရှင် သီတင်းသုံးရာ ဌာနကို အစုလိုက် အဖွဲ့လိုက် ဘုရားဖူး သွားရောက်ကြတယ်။

ရဋ္ဌပါလ သူဌေးသားဟာလဲ ထုလ္လကောဋ္ဌိက ရွာသားများနှင့်အတူ ဘုရားဖူးလိုက်ပါလာခဲ့တယ်၊ ဘုရားရှင်ထံပါးရောက်ကြတော့ တချို့က ဘုရား ရှင်ကို ရှိန်းပြီး သင့်တင့်တဲ့နေရာမှာ ထိုင်ကြတယ်၊ တချို့က မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုနေကြတယ်၊ တချို့က မိမိတို့ရဲ့ အမျိုးအနွယ်ကို ပြောကြားပြီး သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ ထိုင်ကြတယ်၊ တချို့ကတော့ တိတ်တဆိတ်ထိုင်ပြီး ဘုရားရှင်ကို အကဲခတ်နေ ကြတယ်။

ဘုရားရှင်ကလဲ လာရောက်ဖူးမြော်ကြတဲ့ ထုလ္လကောဋ္ဌိကရွာသား အမျိုး သားများကို တရားဓမ္မ ဟောညွှန်ပြသ ဆိုဆုံးမတော်မူတယ်။ ရဋ္ဌပါလ သတို့ သားဟာ ဘုရားရှင်ဟောတဲ့ တရားတော်ကို ရိုသေစွာစူးစူးစိုက်စိုက် နာယူရင်း ဒီလိုအကြံ ဖြစ်လာသတဲ့။

"ငါဟာ ဘုရားရှင် ဟောတော်မူတဲ့တရားကို ထိုက်သည့်အားလျော်စွာ သိတယ်၊ ပွတ်သစ်စ ခရုသင်းကဲ့သို့ သန့်ရှင်းစင်ကြယ်တဲ့ ဒီတရားတော်ကို ကာမဂုဏ် အညစ်အကြေးတွေနှင့် လူးလဲနေတဲ့ လူ့ဘောင်နေသူဟာ–ကျင့်ဖို့ရာ မလွယ်ကူဘူး၊ ငါဟာ ဆံမုတ်ဆိတ်တို့ကို ပယ်ပြီး ဖန်ရည်ဆိုးတဲ့အဝတ်ကို ဝတ် ရုံပြီး လူ့ဘောင်က ရဟန်းဘောင်သို့ ဝင်ရောက်ရလျှင် ကောင်းမှာပဲ''လို့ ဒီလို အကြံ ဖြစ်လာသတဲ့။

ဒီလိုအကြံ ဖြစ်လာတဲ့အတွက် ထုလ္လကောဋ္ဌိကရွာသားများ တရားနာပြီး အသီးသီး ပြန်ကြသော်လဲ ရဋ္ဌပါလ သူဌေးသားကတော့ မပြန်ဘဲ ဘုရားရှင်ထံ ပါး ချဉ်းကပ်ပြီး–

''အရှင်ဘုရား–တပည့်တော်ဟာ ဘုရားရှင်ဟောတော်မူတဲ့ တရားတော်ကို ထိုက်သည့်အားလျော်စွာ သိပါတယ်၊ ထိုသို့သိတဲ့အတိုင်း လူ့ဘောင်မှာ နေတဲ့သူဟာ စင်စစ် ပြည့်စုံစင်ကြယ်ပြီး ခရုသင်းပွတ်သစ်စနှင့် တူတဲ့ ဒီအကျင့်ကို ကျင့်ဖို့ရာ မလွယ်ကူပါဘူး၊ ဒါကြောင့် အရှင်ဘုရား ဟောတော်မူတဲ့တရားတော်ကို အပြည့်အစုံကျင့်နိုင်အောင် လူ့ဘောင်က ရဟန်းဘောင်သို့ ဝင်ရောက်လိုပါတယ်၊ တပည့်တော်ကို ရဟန်းပြုပေးတော်မူပါ'' လို့ လျှောက်သတဲ့၊ ဒီအခါ ဘုရားရှင်က–

''ရဋ္ဌပါလ၊ သင့်ကို သင်ရဲ့ အမိအဘတို့က ရဟန်းပြုခွင့် ပေးပြီးကြပြီလား'' လို့ မေးတော်မူတယ်၊ ရဋ္ဌပါလက ''မှန်ပါ–မိဘများကို ဒီအကြောင်း မပြောပြရသေးပါဘူး ဘုရား''လို့ လျှောက်ထားတော့ ဘုရားရှင်က–

''ရဋ္ဌပါလ၊ မြတ်စွာဘုရားတို့က မိဘခွင့်မပေးတဲ့သားကို ရဟန်းပြုခွင့် ပေးတော် မမူကြဘူး''လို့ မိန့်တော်မူတယ်။

ရဋ္ဌပါလက ''အရှင်ဘုရား–တပည့်တော်ဟာ ရဟန်းပြုရန်အတွက် မိဘနှစ်ပါးတို့က ခွင့်ပေးအောင် ပြုပါ့မယ်ဘုရား'' လို့ လျှောက်ထားပြီး အိမ်ပြန်သွားတယ်၊ အိမ်ရောက်တော့ မိဘနှစ်ပါးထံ ချဉ်းကပ်ပြီး–

'မိခင် ဖခင်တို့၊ကျွန်တော်ဟာယခု ဘုရားရှင် တရားဟောတာကို နာခံပြီးလာခြင်းဖြစ်ပါတယ်၊ဘုရားရှင်ရဲ့ တရားတော်ဟာ ပွတ်သစ်စ ခရုသင်းလို အလွန်သန့်ရှင်း စင်ကြယ်ပါတယ်၊ဒီလောက် သန့်ရှင်းစင်ကြယ်တဲ့ တရားကို ကိလေသာအညစ်အကြေးကြားမှာ တည်နေရတဲ့ လူသားတစ်ယောက်ဟာ အပြည့်အစုံဖြည့်ကျင့်ဖို့ မလွယ်ပါဘူး၊ ကျွန်တော်ဟာ ဘုရားရှင်ရဲ့ တရားတော်ကို တကယ်ကျင့်ချင်ပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ရဟန်းပြုခွင့်ပေးကြပါ' လို့ ခွင့်တောင်းပါသတဲ့၊ ဒီလိုခွင့်တောင်းတော့ မိဘနှစ်ပါးတို့က–

'ချစ်သား ရဋ္ဌပါလ၊ သင်ဟာ ငါတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်တယ်၊ တစ်ဦးတည်းသောသားဖြစ်လို့ အင်မတန်ချစ်ပြီး ချစ်သားကို ချမ်းချမ်းသာသာထားခဲ့ကြတယ်၊ ချစ်သားဟာ ဘာဆင်းရဲကိုမျှ သိသူမဟုတ်ဘူး၊ မျက်စိတစ်လုံးထဲရှိတဲ့သူဟာ ဒီမျက်စိတစ်လုံး အဆုံးမခံနိုင်သလို အမေတို့အဖေတို့လဲ တစ်ဦးတည်းသော ချစ်သားကို ရဟန်းပြုခွင့် မပေးနိုင်ဘူး။

အကယ်၍ သေမင်းခွဲလို့ ကွဲရလျှင်တောင် လုံးဝမတတ်သာလို့ ခွဲကြရမှာ ဖြစ်တယ်၊ အသက်ရှင်နေတဲ့ ငါ့သားကို အမေတို့အဖေတို့ ဘယ်လိုခွဲနိုင်ပါ့မလဲ အမေတို့အဖေတို့ကို သနားပါဦး၊ ချစ်သား ရဟန်းမဝတ်ပါနဲ့' -လို့ပြော ကြတယ်။ ဒါပေမယ့် ရဋ္ဌပါလကို ပြောမရဘူး၊ ရဋ္ဌပါလဟာ ထပ်ကာထပ်ကာ ရဟန်းပြုခွင့်ကို တောင်းတယ်။ နောက်ဆုံးဘယ်လိုမှ ခွင့်တောင်းလို့မရတော့—

'ငါ့အဖေ၊ ငါ့အမေများဟာ ငါ့ကို တကယ်ချစ်ကြတာ မဟုတ်ပါဘူး၊ ငါ့ကိုနှစ်ကြတာ၊ သံသရာဝဋ်ထဲက မထွက်နိုင်အောင် ဆွဲနှစ်နေကြတာဖြစ်တယ်၊ ဘုရားရှင်ကလဲ မိဘက ခွင့်မပေးလျှင် ရဟန်းပြုခွင့် မပေးဘူးတဲ့၊ ငါကလဲ ရဟန်းမပြုဘဲ မနေနိုင်ဘူး၊ ဒါကြောင့် မိဘနှစ်ပါးတို့က ရဟန်းပြုခွင့် မပေးသမျှ ဟောဒီမြေကြီးပေါ်က ငါမထဘူး၊ အစာအာဟာရလဲ ငါမစားတော့ဘူး၊ ရဟန်းပြုခွင့်မပေးသမျှ ဟောဒီမြေကြီးပေါ်မှာဘဲ ငါသေခံမယ်၊ ငါ့ဘဝမှာ သေခြင်း(သို့မဟုတ်)ရဟန်းပြုခြင်း ဒီ၂-ပါးသာရှိတယ်၊ အခြားဘာမျှမရှိဘူး' လို့ပြောကာ မြေကြီးပေါ်မှာအိပ်ပြီး ဆန္ဒပြပါသတဲ့။

ဒါပေမယ့် မိဘနှစ်ပါးတို့က ခွင့်မပြုကြဘူး၊ 'ချစ်သားရဋ္ဌပါလ-သင်ဟာ ငါတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်တယ်၊ သင်ချစ်သားကို ငါတို့မခွဲနိုင်ဘူး၊ ငါတို့ သေသော်မှ အလိုမရှိဘဲ သင်ချစ်သားနှင့်ခွဲကြရမယ်၊ အသက်ရှင်နေတဲ့ သင်ချစ်သားကို ငါတို့ဘယ်မှာခွဲနိုင်မလဲ၊ ချစ်သား-ထပါ၊ စားပါ စားပါ၊ သောက်လဲ သောက်ပါ၊ စားသောက်ပျော်ပါးကာ ကာမဂုဏ်တွေကိုခံစားပြီး ကောင်းမှု ကုသိုလ်တွေ ချစ်သား ပြုချင်သလောက်ပြုပါ၊ ရဟန်းတော့ မပြုလိုက်ပါနဲ့'လို့ မိဘနှစ်ပါးတို့က ဆိုကြပါသတဲ့၊ ဒါပေမယ့် ရဋ္ဌပါလကတော့ ဘာမျှပြန်မပြော တော့ဘူး၊ သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်း အစာငတ်တိုက်ပွဲဝင်ခဲ့တယ်၊ ဒီလိုနဲ့အစာ ငတ်တိုက်ပွဲဝင်လိုက်တာ ၃—၄ ရက် လွန်မြောက်လာပါတယ်၊ ၃-၄ ရက် အစာ မစားတော့ အားတော်အားပျော့သွားပြီ။

မိဘနှစ်ပါးကလဲ ဘယ်လိုမှ ပြောမရတော့ ရဋ္ဌပါလရဲ့သူငယ်ချင်းများကို ခေါ်ပြီး မင်းတို့သူငယ်ချင်းကို ကြည့်ပြောကြပါဦး၊ အမေတို့ အဖေတို့တော့ ခက်တော့တာပဲလို့ မျက်ရည်လည်ရွဲနှင့် တောင်းပန်ရှာကြသတဲ့။ ဒီအခါ— သူငယ်ချင်းများက ရဋ္ဌပါလထံ ချဉ်းကပ်ကြပြီး—

'မိတ်ဆွေ–ထပါ၊ သင့်မိဘ နှစ်ပါးဟာ အင်မတန် ဆင်းရဲနေကြရှာပြီး မိဘနှစ်ပါးကို ဆင်းရဲအောင်မလုပ်ပါနှင့်၊ နောက်ကျမှသက်နှိုးဝတ်ချင် ဝတ်တာပေါ့၊ ခုတော့ မိဘ နှစ်ပါးရဲ့အလိုကိုလိုက်ပြီး စားပါ၊ သောက်ပါဦး' လို့ပြောကြသတဲ့။

ဒါပေမယ့်–ရဋ္ဌပါလက သူ့ရဲ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူး၊ မြေကြီးပေါ်မှာပဲ အိပ်မြဲအိပ်နေသယ်၊ ဒီတော့ ရဋ္ဌပါလရဲ့ သူငယ်ချင်းများက ရဋ္ဌပါလရဲ့ အမိအဘဖြစ်ကြတဲ့ သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ထံ ချဉ်းကပ်ပြီး–

'အို–အမေတို့၊ အဖေတို့၊ ရဋ္ဌပါလဟာ အခင်းမရှိတဲ့ မြေပေါ်မှာ ညှိုးနရာဌ်သာ ငါ့အား သေခြင်းသော်လည်းကောင်း၊ ရဟန်းပြုခြင်းသော်လည်းကောင်း ဖြစ်ရမယ်လို့ အားကြီးသောဇွဲနှင့်အိပ်နေတယ်၊ ဒီလိုဆိုရင် ရဋ္ဌပါလဟာ အသေခံဖို့ ဆုံးဖြတ်ထားတာဖြစ်နေပြီ၊ ဒီတော့–ရဋ္ဌပါလကို သေတာပဲကြည့်မလား၊ ရဟန်းပြုခွင့်ပဲ ပေးမလား၊ အမေတို့–အဖေတို့ ဆုံးဖြတ်ကြပါ၊ သေတာနှင့်စာလျှင် ရဟန်းပြုတာက သင့်တော်ပါလိမ့်ဦးမယ်၊ သေလျှင် ခင်ဗျားတို့သားကို နောင်အခါ မြင်တွေ့ရဖို့မရှိတော့ဘူး၊ ရဟန်းဝတ်ခွင့်ပေးခဲ့လျှင် တစ်ခါတစ်ရံ ရဟန်းဘဝမှာနေတဲ့ ရဋ္ဌပါလကို မြင်ချင်မြင်နိုင်သေးတယ်၊ အကယ်၍ရဋ္ဌပါလဟာ ရဟန်းဘဝမှာ မပျော်လို့ လူထွက်သာလျှင်လဲ ဒီအိမ်မှတပါး အခြားသွားနေစရာမရှိပါဘူး၊ ဒါကြောင့် ရဋ္ဌပါလကို ရဟန်းပြုခွင့် ပေးလိုက်ကြတာ ကောင်းပါလိမ့်မယ်' လို့ ပြောဆိုကြသတဲ့။

ဒီအခါ ရဋ္ဌပါလရဲ့အမိအဘတို့က 'ကိုင်း–သူဒီလောက် စိတ်သန်နေရင်လဲ အမေ့တို့အဖေတို့ မတားမြစ်ကြတော့ပါဘူး၊ ရဟန်းပြုခွင့်ပေးပါ့မယ်၊ သို့သော်လဲ ရဟန်းပြုတဲ့နောက်–အခါတဲ့ စုပ်စမြုပ်စ ပျောက်မသွားဘဲ တစ်ခါတစ်ရံ မိဘများထံလာရောက်မျက်နှာပြပါဦး၊ အဲဒီလိုတစ်ခါတရံ လာရောက်မျက်နှာပြမယ်ဆိုရင် အမေ့တို့အဖေတို့ ခွင့်ပြုပါတယ်' ဆိုပြီး ရဟန်းပြုခွင့် ပေးလိုက်ကြတယ်။

မိဘများဆီက အခွင့်ရတော့ ရဋ္ဌပါလဟာ ပျော်ရွှင်စက်မျော မြေပြင်ကယ့်ပြီး အစား အစာများကို စားသကဲ့၊ ဒီနောက် ကိုယ်ကို အားရှိစေပြီး မိဘနှစ်ပါးကို ရှိခိုးသစွာ ရှိခိုးဟာယ်၊ သားဖြစ်သူက ရှိခိုးတော့ မိဘနှစ်ပါးတို့

က ဂမ်းနည်းပက်လက်နှင့် ငိုကြွေးဘယ်။ ရဋ္ဌပါလဟာ ငိုယိုနေကြတဲ့ မိဘ အဆွေအမျိုး သားမယားများကို စွန့်ပစ်ခဲ့ပြီး ဘုရားရှင်ထံတော်မှာ ရဟန်း ဝတ်ခဲ့တယ်၊ သူရဟန်းဝတ်ပြီး လခွဲလွန်တဲ့အခါ ဘုရားရှင်ဟာ ထုလ္လကောဋ္ဌိက နိဂုံးက သာဝတ္ထိပြည်ကို ဒေသစာရီ ကြွချီတော်မူပြန်တယ်။ ရဋ္ဌပါလလဲ ဘုရားရှင် ကြွတော်မူရာ သာဝတ္ထိပြည်ကို လိုက်ပါသွားတယ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ရောက်တော့ ရှင်ရဋ္ဌပါလက ကြံတော်မူတယ်။

"ငါဟာ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွား၊ ပေါ့ပေါ့နေ၊ ပေါ့ပေါ့သေ လိုတဲ့အတွက် ရဟန်းဝတ်ခဲ့တာ မဟုတ်ဘူး၊ ဘုရားရှင်ရဲ့ တရားတော်ကို လေးလေးနက်နက် အားထုတ်ချင်လွန်းလို့ သင်္ကန်းဝတ်ခဲ့တာဖြစ်တယ်၊ ပေါ့ ပေါ့နေလို့ မဖြစ်ဘူး" လို့ ကြံတော်မူတယ်။ အဲ့ဒီလို ကြံတော်မူပြီး တရား တော်ကို မပြတ်မလတ် လေ့လာကြိုးစား ပွားများအားထုတ်တော် မူခဲ့တယ်၊ ဒါပေမယ့် ရှင်ရဋ္ဌပါလဟာ 'ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူ၊နေယျ၊ ပဒပရမ' ဆိုတဲ့ ပုဂ္ဂိုလ် ၄-ဦးထဲမှာ နေယျပုဂ္ဂိုလ်မျိုးသာ ဖြစ်သတဲ့။ နေယျပုဂ္ဂိုလ်မျိုးသာဖြစ်လို့ ဥဂ္ဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်တို့လို ဉာဏ်အလွန် မထက်မြက်ဘူး၊ ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များဟာ ဉာဏ်အလွန်ထက်မြက်ဘယ်၊ ဘုရားရှင်ရဲ့ တရား သံကို နာခံရုံနှင့် ရဟန္တာဖြစ်နိုင်ကြတယ်၊ ရဋ္ဌပါလမထေရ်ကတော့ နေယျ ပုဂ္ဂိုလ်အမျိုးအစားမို့ တရားနာရုံနှင့် အကျွတ်တရား မရဘူး၊ သာမည ကျင့်ရုံနှင့် တရားမရဘူး၊ မမေ့မလျော့ ၁၂-နှစ်ကြာအောင် ပြင်းထန်စွာ အားထုတ်ပြီးမှ ရဟန္တာအဖြစ်ကို ဆိုက်ရောက်ပါသတဲ့။

ဒီအကြောင်းကို မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ-

> နေယျပုဂ္ဂလောတိ အယမာယသ္မာ တသ္မာ ပုညဝါ အဘိနီဟာရ
> သမ္ပန္နောပိ သမာနော၊
> 'အဋ္ဌအဋ္ဌေဝ အရဟတ္တံ သာမာ ... ကဓောန္တ ... ပိ
> ... ဒသံ မောဃေ အရဟတ္တံ ပါပုဏိ-'

လို့ပြဆိုထားပါတယ်။

ဒါကြောင့် ရှင်ရဋ္ဌပါလဟာ လွန်ခဲ့တဲ့ ကမ္ဘာတစ်သိန်းလက်ထက်က ပဒုမုတ္တရာ ဘုရားရှင်ရဲ့ ထံတော်အောက်မှာ နောင်အခါ ဂေါတမဘုရား လက်ထက် သဒ္ဓါပဗ္ဗဇိတ တေဒဂ်ရ ရဟန္တာဖြစ်လိမ့်မယ်–လို့ ဗျာဒိတ်တော်ရ ဘုန်းနှင့်သမ္ဘာ ထက်ကြပ်ပါလာသူ ဖြစ်ပါလျက် ဒီယနေ့ ရဟန္တာဖြစ်လိမ့်မယ်၊ ဒီယနေ့ ရဟန္တာဖြစ်လိမ့်မယ်လို့ ရဟန်းတရားကို ကြိုးစားခဲ့ရာမှာ ၁၂–နှစ်တိုင်မှ အရဟတ္တဖိုလ် တည်ဘယ်–လို့ ဆိုလိုပါတယ်။ ရှင်မဟာ ရဋ္ဌပါလဟာ ဖွဲ့ဘ ရင်ခွင်က ထွက်လာခဲ့တာဟာ ယခု ၁၂–နှစ် ကြာသွားပြီ၊ ဒါပေမယ့် ရဟန်းကိစ္စ မပြီးသေးလို့ မပြန်ခဲ့ဘူး၊ ယခု ရဟန်းကိစ္စ ပြီးသွားပြီ၊ ဒါကြောင့် သူ့ ပဋိညာဉ်အတိုင်း ဘုရားရှင်ကို ပန်ကြားပြီး မိဘနှစ်ပါးကို မျက်နှာပြဖို့ ထုလ္လကောဋ္ဌိက နိဂုံးကို ပြန်ကြွလာခဲ့တယ်၊ ထုလ္လကောဋ္ဌိက နိဂုံးရောက်တော့ အိမ်ကို မကြွဘူး၊ နိဂုံးရဲ့အနီးမှာ တည်ရှိတဲ့ ကောရဗျမင်းရဲ့ မိဂစီရ ဥယျာဉ်မှာ သီတင်းသုံးတော်မူတယ်။

ဥယျာဉ်မှာ သီတင်းသုံးတော်မူပြီး နံနက်ဆွမ်းခံချိန်ရောက်တော့ သင်္ကန်းရုံပြီး ထုလ္လကောဋ္ဌိကရွာတွင်းကို ဆွမ်းခံကြွဘယ်၊ ဒါပေမယ့် ထုလ္လကောဋ္ဌိကရွာနှင့် ၁၂–နှစ်ခွဲ ကွဲကွာနေလေတော့ ရွာသူရွာသားတွေကလဲ မမှတ်မိကြဘူး၊ ဆွမ်းခံရင်း မိဘရဲ့အိမ်ရှေ့မှာ ဆွမ်းခံရပ်တယ်။ ဒီအခါမှာ ဖခင်သူဌေးကြီးက အလယ်မုခ်ဦးမှာ ဆံရှင်းနေသတဲ့၊ ဒါပေမယ့် သားကို မမှတ်မိဘူး၊ သာမန် ရဟန်းတစ်ပါးပဲလို့ ထင်ပြီး “ဒီရဟန်းယုတ်ခတွေဟာ ငါ ချစ်တဲ့သားကို ဆောင်ယူသွားကြတယ်” လို့ အခဲမကြေ ဖြစ်နေလို့ ဘာဆွမ်းမှ မလောင်းလိုက်ဘဲ ဆဲရေးမြည်တွန်ပြီး လွှတ်လိုက်သတဲ့။

အမှန်ကတော့ ရှင်ရဋ္ဌပါလကသာ ဗုဒ္ဓရဲ့သားတော်စစ် ရဟန္တာဖြစ်နေတယ်၊ မိခင်ဖခင်တို့ကတော့ ဗုဒ္ဓကို မယုံကြည်ကြတဲ့ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေရှာကြတယ်။ ဒါကြောင့်မို့ သားရဟန်းကို ဘာမျှ မလောင်းလှူလိုက်ကြခြင်း ဖြစ်တယ်။ ရှင်ရဋ္ဌပါလဟာ မိဘရဲ့ထံက ကန်တော့ဆွမ်းကိုမျှ မရ၊ ဆဲရေးခြင်း ကိုသာ ခံရတော့ အိမ်ရှေ့က ထွက်ခွာအလာမှာ ရှင်ရဋ္ဌပါလရဲ့ မိဘများ အိမ်က ကျွန်မ ဘစ်ယောက်ဟာ သိုးနေတဲ့ မုန့်များကို စွန့်ပစ်လိုတဲ့အတွက် မုန့်သိုး တွေ ခွက်နှင့်ထည့်ပြီး ထွက်အလာနှင့် ငင်ဆိုင်ကြုံတွေ့တယ်၊ ဒီအခါ ရဋ္ဌပါလက “နှမ–မုန့်တွေကို စွန့်ပစ်မယ်သို့သား၊ စွန့်ပစ်မှာဖြစ်လျှင် တခြားမှာ မပစ်

ပါနှင့်၊ ငါ့သပိတ်ထဲ ပစ်ပါ'' လို့ ပြောသတဲ့၊ ကျွန်မကလဲ ရှင်ရဋ္ဌပါလရဲ့ အသံကို ကြားတော့ မျက်နှာကို မော်ကြည့်လိုက်ဘယ်။ ''အလို-ဒါဟာ ငါတို့ရဲ့ အရှင် ရဋ္ဌပါလများလား။ ဟုတ်တယ်၊ အသံလဲတူတယ်၊ ရုပ်လဲတူတယ်၊ တို့ အရှင် ရဋ္ဌပါလပဲ ဖြစ်ရမတ်'' လို့ ဆုံးဖြတ်ပြီး မုန့်သိုးကို သပိတ်ထဲ ကပျာကယာ လောင်းထည့်လိုက်တယ်၊ ပြီးဘော့ သူဌေးကတော်ကြီးထံ ပြေးသွားပြီး—

''အရှင်မ၊ အရှင့်မရဲ့သား ရဋ္ဌပါလ ကြွလာတယ်၊ မုန့်သိုးတွေ သူ့ ခွက်ထဲ ထည့်ပေးရမယ်ဆိုလို့ ခုပဲ ကျွန်မ ထည့်ပေးခဲ့ရတယ်'' လို့ မောကြီး ပန်းကြီး ပြောသတဲ့။ ဒီတော့ သူဌေးကတော်ကြီးက ''ဟေ-ဟုတ်လား၊ ငါ့သား ဟုတ်ရိုးမှန်ရင် နင့်ကို ကျွန်မဘဝက ခွင့်လွှတ်မယ်၊ လာ သူ့ အဖေဆီ အကြောင်းပြောရအောင်ချည်းစို့'' လို့ ပြီး သူဌေးကြီးထံ ပြေးလာကြတယ်၊ သူဌေး ကြီးထံ ရောက်တော့ ''တော့သား လာသတဲ့၊ ခုပဲ အိမ်ရှေ့က ကြွသွားသတဲ့၊ သွားပါ—သားနောက်ကို မြန်မြန်လိုက်ပြီး ခေါ်ခဲ့ပါ'' လို့ ပြောသတဲ့။

သူဌေးကြီးလဲ ''ဟင်-စောစောက ငါမြင်လိုက်တဲ့ ရဟန်းဟာ ငါ့သား ထင်ရဲ့ကော၊ မဖြစ်ဘူးကွာ-လိုက်မှ'' လို့ ဆိုပြီး သားသွားရာနောက်ကို အမြန် လိုက်သွားတယ်။ ဒီအချိန်မှာ အရှင်ရဋ္ဌပါလဟာ ဇရပ်တစ်ဆောင်ရဲ့နံရံကိုမှီပြီး မုန့်သိုးများကို ဘုဉ်းပေးတော် မူနေပါသတဲ့။ ခမည်းတော် သူဌေးကြီးဟာ သားရဟန်း မုန့်သိုးတွေ ဘုဉ်းပေးနေတာမြင်တော့ အရှင်ရဋ္ဌပါလရဲ့ထံပါး ချဉ်းကပ်ပြီး ''ချစ်သား ရဋ္ဌပါလ—ဘယ့်နှယ် မုန့်သိုးတွေ စားနေတာတုံး၊ ကိုယ့်အိမ် ကိုယ့်ယာရှိရက်နှင့် ကိုယ့်အိမ်မလာဘဲ နေတာ အံ့တယ်၊ လာပါ- အိမ်သွားကြစို့'' လို့ ပြောသတဲ့။

ဒီအခါ အရှင်ရဋ္ဌပါလက ''ဒါယကာကြီး—ရဟန်းဖြစ်တဲ့ ငါတို့အား ဘယ်မှာ အိမ်ရှိပါ့မလဲ၊ ဒါယကာကြီး-ငါတို့မှာ အိမ်မရှိဘူး၊ ဒါယကာကြီးရဲ့ အိမ်ကိုတော့ ရောက်ခဲ့ပြီးပါပြီ၊ ဒါပေမယ့် ဒါယကာကြီးရဲ့အိမ်က ကန်တော့ ဆွမ်းဘောင် မရခဲ့ပါဘူး၊ မြည်တွန်တောက်တီး ဆဲရေးခြင်းကိုသာ ရခဲ့တယ်'' လို့ ပြန်ပြောတယ်၊ ဒီတော့ ခမည်းတော်ကြီးက ''ချစ်သား ရဋ္ဌပါလ—စကား များမနေနှင့်၊ လာ—အိမ်ကို သွားကြစို့၊ ဒီမုန့်သိုးတွေ ပစ်ထားခဲ့ပါ၊ အိမ် ကျမှ ဆွမ်းစားတာပေါ့'' လို့ ပြောသတဲ့။ အရှင်ရဋ္ဌပါလက ''ဒါယကာကြီး-

တော်ပြီ၊ ဒီနေ့ ဆွမ်းကိစ္စ ပြီးပြီ'' လို့ ပြန်ပြောတော့ သူဌေးကြီးက ''ချစ်သား ရဋ္ဌပါလ–ဒီကနေ့ ဆွမ်းကိစ္စပြီးရင် နက်ဖြန်အတွက် ဆွမ်းကို လက်ခံပါ၊ ချစ်သားကို ဆွမ်းကျွေးပါရစေ'' လို့ လျှောက်တယ်။ အရှင်ရဋ္ဌပါလကလဲ ခမည်းတော်ရဲ့ဆွမ်းကို ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံတော်မူတယ်။

အရှင်ရဋ္ဌပါလ ဆွမ်းလက်ခံကြောင်းသိတော့ ခမည်းတော်ကြီးဟာ အိမ်ကို ပြန်သွားပြီး ဆွမ်းကပ်မယ့်နေရာမှာ ကြီးစွာသော ရွှေပုံငွေပုံကို ပြုစေတယ်၊ ပြီးတော့မှ ရွှေပုံငွေပုံကြီးကို ဖျာနဲ့အုပ်ထားပြီး အရှင်တုံးက ရဋ္ဌပါလရဲ့ မယားဟောင်းများ ဖြစ်ကြတဲ့ ချွေးမတွေကို ''ချွေးမတွေ လာကြ၊ နက်ဖြန် နင်တို့လင် ဖြစ်ဖူးတဲ့ ရဋ္ဌပါလဟာ ဒီကို ဆွမ်းစားကြွလာလိမ့်မယ်၊ သူမြင်ရင် သဘောကျလောက်အောင် နင်တို့ လှလှပပ ဆင်ပြင်ထားကြ'' လို့ မှာထားသတဲ့။

နောက်တစ်နေ့ရောက်တော့ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေ ပြင်ဆင်ပြီး အရှင်ရဋ္ဌပါလကို ဆွမ်းဘုဉ်းပေး ပင့်ခဲ့တယ်။ အရှင် ရဋ္ဌပါလ ဆွမ်းစားမည့် နေရာမှာ ထိုင်တော့ ခမည်းတော်ကြီးက ရွှေပုံငွေပုံကြီးကို ဖွင့်ပြပြီး–

''ချစ်သား ရဋ္ဌပါလ၊ ဒီရွှေပုံငွေပုံဟာ ချစ်သားရဲ့ မိခင်ဘက်ကပါတဲ့ မိန်းမသုံး ဥစ္စာမျှသာ ရှိသေးတယ်၊ အဖေ့ဘက်က ဥစ္စာတွေလဲ တခြားရှိသေးတယ်၊ ဘေးဘိုးက ဆင်းသက်လာတဲ့ ဥစ္စာတွေလဲ အများကြီး ရှိသေးတယ်။ ချစ်သား ရဋ္ဌပါလ–လူထွက်ပါ၊ လူထွက်ပြီး ဒီ ရွှေတွေငွေတွေနဲ့ စည်းစိမ်လဲ ခံစားပါ။ ကောင်းမှုကုသိုလ်လဲ ပြုပါ'' လို့ ပြောဆိုသတဲ့၊ ဒီအခါ အရှင် ရဋ္ဌပါကလ ''ဒကာကြီး–ခင်ဗျားဟာ ကျုပ်စကားကို နားထောင်မယ်ဆိုရင် စကားတစ်ခွန်းတော့ ပြောချင်ပါတယ်'' လို့ ဆိုသတဲ့။ ခမည်းတော်က ''ချစ်သား ရဋ္ဌပါလ–ပြောပါ၊ အဖေ နားထောင်ပါမယ်'' လို့ ဆိုတော့ အရှင်ရဋ္ဌပါလက ''ဒကာကြီး–ဒီ ရွှေတွေငွေတွေကို လှည်းတွေပေါ်မှာတင်ပြီး ဂင်္ဂါမြစ်လယ် ရေအယဉ်မှာ ပစ်ချလိုက်ပါ၊ ဘာကြောင့်လဲဆိုတော့ ဒီဥစ္စာတွေ ရှိနေရင် ဒီဥစ္စာတွေအတွက် ကြောင့်ကြရ ပူဆွေးရနှင့် ပြင်းစွာပူပန်မှုတွေ ဖြစ်နေ တတ်တယ်၊ ဒါတွေရှိရင် အဲဒီ ဆင်းရဲပင်ပန်းတွေ ရှိမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ဂင်္ဂါမြစ်ရေလယ်မှာသာ သွန်ပစ်လိုက်ပါ'' လို့ ပြောသတဲ့။

ရွှေငွေပြပြီး အပါဆွဲမယ်ဆိုတဲ့ ခမည်းတော်ကြီး ပက်လက်လန်သွားရှာတာပေါ့၊ ဒီအခါ မယားဟောင်းများက ရှင်ရဋ္ဌပါလရဲ့ ခြေထောက်ကို ကိုင်ပြီး "အရှင့်သား–အရှင့်သား ရဟန်းပြုနေတာဟာ နတ်သမီးကို လိုချင်လို့လား၊ အရှင့်သားလိုချင်တဲ့ နတ်သမီးက အဘယ်တော်ချောသလား၊ ဘယ်လိုများ နေပါသလဲ" လို့ မေးကြသတဲ့။ ဒီတော့ အရှင်ရဋ္ဌပါလက "တစ်မိဝမ်းတွင်း အတူဆင်းသက်ခဲ့သို့ ချစ်ခြင်းရှိကြတဲ့ နှမတို့– ငါ ရဟန်းဝတ်တာဟာ နတ်သမီးလိုချင်လို့ မဟုတ်ဘူး၊ ရပ်နာမ်ရဲ့ ငြိမ်းအေးမှုကို အလိုရှိလို့ ရဟန်းပြုတာ ဖြစ်တယ်" လို့ ပြန်ပြောသတဲ့။ အရှင်ရဋ္ဌပါလက မယားဟောင်းများကို တစ်အူတုံဆင်း နှမရင်းတို့လို့ ခေါ်လိုက်တော့ မယားဟောင်းတွေက သူတို့ကို နှမခေါ်ရမလားလို့ ဝမ်းနည်းပက်လက် ဖြစ်သွားရှာကြပါသတဲ့။

ဒီအခါ အရှင်ရဋ္ဌပါလက ခမည်းတော်ကြီးကို 'ဒကာကြီး၊ ဆွမ်းကပ်မှာ ဖြစ်လျှင် ဆွမ်းကပ်ပါ၊ ဥစ္စာ၊ မိန်းမထွေထွေပြပြီးတော့ဖြင့် ကျုပ်ကို မနှိပ်စက်ပါနှင့်တော့လို့ ပြောသတဲ့၊ ဒီအခါမှ ခမည်းတော်နှင့် မယ်တော်တို့က ဆွမ်းခဲဘွယ်ဘောဇဉ်များကို ကောင်းမွန်စွာ ပြင်ဆင်ပြီး ကျွေးမွေးကြတယ်။ ဆွမ်းစားပြီးတဲ့အခါ အရှင်ရဋ္ဌပါလဟာ ထိုင်ရာက ထတော်မူပြီး–

၁။ ပဿ စိတ္တီကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံဌိတိ။
၂။ ပဿ စိတ္တီကတံ ရူပံ၊ မဏိနာ ကုဏ္ဍလေန စ။
အဋ္ဌိတစေန ဩနဒ္ဓံ၊ သဟ ဝတ္ထေဘိ သောဘတိ။
၃။ အလတ္တက ကတာပါဒါ၊ မုခံ စုဏ္ဏကမက္ခိတံ။
အလံ ဗာလဿ မောဟာယ၊ နော စ ပါရဂဝေသိနော။
၄။ အဋ္ဌာပဒ ကတာကေသာ၊ နေတ္တာ အဉ္ဇနမက္ခိတာ
အလံ ဗာလဿ မောဟာယ၊ နော စ ပါရဂ ဝေသိနေ။
၅။ အဉ္ဇနီဝ နဝါ စိတ္တာ၊ ပုတိကာယော အလင်္ကတော၊
အလံ ဗာလဿ မောဟာယ၊ နော စ ပါရဂဝေသိနော။
၆။ ဩဒဟိမိတ ဝါဂုရံ၊ နာသဒါ ဝိကာရံ မိဂေါ၊
ဘုတွာနိဝါပံ ဂစ္ဆာမ၊ ကန္ဒန္တေ မိဂဗန္ဓကေ။

ဆိုတဲ့ ခြောက်ဂါထာတို့ကို ရွတ်ဆိုပြီး အမိအဘနှင့် မယားဟောင်းများကို သိစေပါသတဲ့၊ ဂါထာများရဲ့ အဓိပ္ပာယ်ကတော့–

၁။ ရှုကြည့်စမ်းလော့–ကိုးပေါက်ဒွာရ အနာဝရှိတဲ့ကိုယ်နဲ့၊ အရုပ်ပမာ ဆန်းကြယ်စွာ ဆိုက်ဆောက်ထားပြီး ဇာဖျားကြံစည်အပ်တဲ့ ကျင်နာနှိပ်စက်ခြင်းခံနေရတဲ့ ဒီခန္ဓာကိုယ်ဟာ ဘယ်တော့မျှ အမြဲတည်ခြင်းမရှိဘူး။

၂။ ရှုကြည့်စမ်းလော့–အရိုးကို အရေဖုံးထားတဲ့ ဒီခန္ဓာကိုယ်ဟာ နားတောင်း, ဘယက်, ဒွါဒရာတွေနှင့် အဝတ်တန်ဆာ ဖုံးလွှမ်းထားမှသာ တင့်တယ်သလိုထင်ရတယ်။

၃။ ချိတ်ရည်ဆိုးထား၍ နီမြန်းနေတဲ့ ခြေထောက်များနှင့် နံ့သာ လိမ်းထားတဲ့ ဒီမျက်နှာတွေဟာ လူမိုက်တွေကိုသာ တွေဝေစေနိုင်တယ်၊ နိဗ္ဗာန်ရှာမှီးတဲ့ သူကိုတော့ မတွေဝေနိုင်ကြဘူး။

၄။ ရှစ်မျိုးသော အစုအဖွဲ့တွေနှင့် ဆင်ယင်ထုံးဖွဲ့ထားတဲ့ ဆံပင်တွေနှင့် မျက်ကွင်းဆေး လိမ်းကျံထားတဲ့ မျက်စိတွေဟာလဲ လူမိုက်တွေကိုသာ တွေဝေစေနိုင်တယ်။ နိဗ္ဗာန်ရှာမှီးတဲ့သူကိုတော့ မတွေဝေစေနိုင်ဘူး။

၅။ မျက်စဉ်း ကျည်အဆင်းရှိတဲ့ ဆန်းကြယ်တဲ့တန်ဆာကို ဆင်ယင်ထားတဲ့ ဒီအပုပ်ကောင်ဟာလဲ လူမိုက်တွေကိုသာ တွေဝေစေနိုင်တယ်၊ နိဗ္ဗာန်ရှာမှီး သူကိုတော့ မတွေဝေစေနိုင်ဘူး။

၆။ သားမုဆိုးဟာ ပိုက်ကိုထောင်ထားတယ်၊ သားသမင်ဟာ ပိုက်ကို မထိပါးစေဘဲ အစာကိုစားပြီး သားမုဆိုးကြီး မြည်တမ်းနေစဉ် လိုရာအရပ်ဖဲ့ခွာသွားသလို ငါလဲ ဆွမ်းစားပြီး၍ ငါလိုရာကို သွားသွားတော့မယ်လို့ဆိုတယ်။

ရှင်ရဋ္ဌပါလဟာ ဒီခြောက်ဂါထာတို့ဖြင့် တရားဟောတော်မူပြီး မိဘနှစ်ပါးရဲ့ မျက်မှောက်မှာပင် ကောင်းကင်ကိုပျံတက်ကာ ကောရဗျမင်းရဲ့ မိဂစိရ ဥယျာဉ်အတွင်း ချဉ်းကပ်နေ့သန့်တော်မူပါသတဲ့။

ရှင်ရဋ္ဌပါလဟာ ရိုးရိုးမသွားဘဲ ဘာကြောင့် ပျံတက်ရတာလဲဆိုတော့ သူ့ခမည်းတော်က သူ့ကို အတင်းဖမ်းပြီး လူဝတ်လဲဖို့ စီစဉ်ထားတာကို သိတဲ့ အတွက်ကြောင့်ပါတဲ့။ ဒီအခါ ကောရဗျမင်းက မိဂဝအမည်ရှိတဲ့ ဥယျာဉ်မှူးကို "အချင်းမိဂဝ-မိဂစိရဥယျာဉ်မြေကို ပြင်ဆင်ပါ၊ ဥယျာဉ်မြေကို ကြည့်ရှုရန် ငါထွက်တော်မူမယ်"လို့ မိန့်တော်မူဘယ်။ မိဂဝဥယျာဉ်မှူးလဲ မင်းအမိန့်နှင့် ဥယျာဉ်မြေကို ပြင်ဆင်တဲ့အခါ သစ်ပင်တစ်ပင်ရင်းမှာ နေ့သန့်တော်မူနေတဲ့ အရှင်ရဋ္ဌပါလကို တွေ့ဘယ်၊ တွေ့ဘယ်ဆိုရင်ပဲ ဥယျာဉ်မှူးမှာ အကြံဖြစ်ခဲ့တယ်။ ငါတို့မင်းကြီးဟာ ဒီဒရှင်ရဋ္ဌပါလရဲ့ ဂုဏ်ကျေးဇူးကို မကြာမကြာပြောတယ်၊ ဖူးမြင်တော်မူလိုဟန်ရှိတယ်၊ အရှင်ရဋ္ဌပါလ ရောက်လာတာကို ငါတို့မင်းကြီး မသိသေးဘူး၊ သိအောင် အကြောင်းကြားဦးမှ တော်မယ်လို့ အဲဒီလို အကြံရပြီး ကောရဗျမင်းထံ အရှင်ရဋ္ဌပါလ ဥယျာဉ်တွင်း သီတင်းသုံးနေကြောင်း လျှောက်ထားပါသတဲ့။

ဥယျာဉ်မှူးက လျှောက်ထားတော့ ကောရဗျမင်းက "အချင်းမိဂဝ၊ အရှင်ရဋ္ဌပါလ ရောက်နေတယ်ဆိုရင် ဥယျာဉ်မြေကို မကြည့်လိုတော့ဘူး၊ အရှင်ရဋ္ဌပါလထံကို အဖူးသွားကြစို့"လို့ စီရင်သင့်တဲ့ ခဲဘွယ်ဘောဇဉ်များကို စီရင်စေကာ ကောင်းသည်ထက်ကောင်းတဲ့ယာဉ်ကို စီးပြီး တုလ္လကောဋ္ဌိကနိဂုံးက ကြီးကြပ်တဲ့ မင်းကျက်သရေနှင့် အရှင်ရဋ္ဌပါလကို ဖူးမြော်ဖို့ ထွက်လာခဲ့တယ်၊ ယာဉ်ဖြင့် စီးသင့်သမျှစီးပြီး ဥယျာဉ်အနီး ရောက်တဲ့အခါ ယာဉ်ကဆင်းပြီး ခြေလျင်သာ ပရိသတ်အခြံအရံနှင့် အရှင်ရဋ္ဌပါလရဲ့ ထံပါးကို ချဉ်းကပ်ခဲ့တယ်။

အရှင်ရဋ္ဌပါလထံပါးရောက်တော့ အရှင်ရဋ္ဌပါလနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြတယ်၊ စကားပြောဆိုကြပြီးတော့ ကောရဗျမင်းကြီးက "အရှင်ရဋ္ဌပါလ၊ ဒီဆင်ကုန်းနှီးထက်မှာ စံတော်မူပါ"လို့ လျှောက်ထားတယ်၊ အရှင်ရဋ္ဌပါလက "မင်းကြီး၊ တော်ပါပြီ၊ မင်းကြီးသာထိုင်ပါ၊ ငါ ဒီမှာ ထိုင်စရာရှိပါတယ်"လို့ ပြန်ပြောဘယ်။ ကောရဗျမင်းကြီးဟာ ခင်းထားတဲ့ နေရာမှာ ထိုင်တော်မူပြီး အရှင်ရဋ္ဌပါလကို ဒီလို လျှောက်ထားပါသတဲ့။

"အရှင်ရဋ္ဌပါလ—လောကမှာ ပျက်စီးခြင်းတို့ဟာ လေးမျိုးရှိပါတယ်၊ အဲဒီ ပျက်စီးခြင်းလေးမျိုးနဲ့တွေ့တဲ့ အချို့သောပုဂ္ဂိုလ်ဟာ စိတ်ဓာတ်ကျဆင်းပြီး

လူ့ဘဝက ရဟန်းဘဝကို ဝင်ရောက်သွားတတ်ကြတယ်။ ပျက်စီးခြင်း ၄-မျိုး ဆိုတာက (၁) အိုမှုဆိုတဲ့ပျက်စီးခြင်း၊ (၂) နာမှုဆိုတဲ့ ပျက်စီးခြင်း၊ (၃) စည်းစိမ်ဥစ္စာ ပျက်စီးခြင်းနှင့် (၄) ဆွေမျိုးပျက်စီးခြင်းတို့ ဖြစ်ကြပါတယ်။

အရှင်ရဋ္ဌပါလ–အချို့သောသူဟာ အိုခြင်းတရား နှိပ်စက်ခံရတဲ့အတွက် အခုအခါ ငါဟာ အိုမင်းပြီ။ မရသေးတဲ့ စည်းစိမ်ဥစ္စာကိုရဖို့ ရပြီးတဲ့ စည်းစိမ်ဥစ္စာကို တိုးပွားအောင်ပြုဖို့ မလွယ်တော့ဘူး၊ ငါ့ကို လူအိုဖြစ်လို့ လူတွေက လူရာ မသွင်းချင်ကြဘူး၊ ဒီတော့ လူ့ဘဝမှာနေလို့ ဘာအကျိုးရှိတော့မလဲ၊ လူ့ဘဝကိုစွန့်ပြီး သင်္ကန်းဝတ်မှ တော်မှာပဲလို့ အဲဒီလို အိုမှုဆိုတဲ့ ပျက်စီးခြင်းကြောင့် ရဟန်းပြုတတ်ကြပါတယ်။

အရှင်ရဋ္ဌပါလ– အချို့သောသူဟာ ဖျားခြင်း, နာခြင်း, ရောဂါစွဲခြင်း ဆိုတဲ့ ဗျာဓိတရား နှိပ်စက်တဲ့အတွက် ငါ့မှာ ယခု ရောဂါစွဲနေပြီ၊ ရောဂါသည် ဖြစ်တဲ့ ငါဟာ မရသေးတဲ့စည်းစိမ်ကို ရအောင်, ရပြီးတဲ့စည်းစိမ်ကို တိုးပွားအောင်ပြုလို့ မလွယ်တော့ဘူး၊ ဒီတော့ ငါဟာ လူ့ဘဝကို စွန့်ပယ်ပြီး ရဟန်းပြုမှတော်မှာပဲလို့ အဲဒီလိုနာမှုဆိုတဲ့ ပျက်စီးခြင်းကြောင့် ရဟန်းပြုတတ်ကြတယ်။

အရှင်ရဋ္ဌပါလ–အချို့သော သူကတော့ စောစောတုန်းက စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝသူ ဖြစ်ခဲ့ဘယ်၊ နောင်တော့ တစ်စတစ်စ စည်းစိမ်ဥစ္စာတွေ ပျက်စီးခဲ့တယ်။ ဒီအခါမှာ ထိုသူဟာ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကြောင့် လူ့ဘဝကို အရှုံးပေးပြီး သင်္ကန်းဝတ်သွားတတ်ပါတယ်။

အရှင်ရဋ္ဌပါလ–အချို့သော ပုဂ္ဂိုလ်ကတော့ ရှေးယခင်က အခြံအရံ အဆွေခင်ပွန်းတွေ အတော်ပေါများခဲ့တယ်၊ နောင်အခါတော့ ဆွေမျိုး ညာဘကာ အခြံအရံတွေဟာ တစ်ယောက်ပြီးတစ်ယောက် ကွယ်ပျောက်သေဆုံးခဲ့ကြတယ်၊ အဲဒီလို အခြံအရံဆွေမျိုးများ ပျက်စီးတာကို မြင်တဲ့အတွက် စိတ်ပျက်ပြီး သင်္ကန်းဝတ်သွားတတ်ကြပါတယ်။

အရှင်ရဋ္ဌပါလ–ဘပည့်တော်သိတဲ့ ပျက်စီးခြင်းတရားဟာ ဒီ ၄-မျိုး ဖြစ်တယ်၊ အရှင်ရဋ္ဌပါလဟာ ဒီ ၄-မျိုးသော ပျက်စီးခြင်းနှင့် မကြုံဖူး သေး

ပါဘူး။ အရှင်ဟာ ယခုအခါ ငယ်ရွယ်သူ ဖြစ်ပါတယ်၊ မည်းနက်တဲ့ဆံပင် ရှိပါတယ်၊ ပထမဆိုတဲ့ ကောင်းမြတ်တဲ့အရွယ်မှာ တည်နေပါတယ်၊ ဒါကြောင့် အရှင်ဟာ အိုမှုဆိုတဲ့ ပျက်စီးခြင်းနှင့် မကြုံတွေ့သေးပါဘူး။

အို အရှင်ရဋ္ဌပါလ–အရှင်မှာ ဘာရောဂါမျှ မနှိပ်စက်သေးတဲ့အတွက် နာမှုဆိုတဲ့ ပျက်စီးခြင်းလဲ မရှိပါဘူး၊ ပြီးတော့ ဤထုလ္လကောဋ္ဌိက ရွာမှာ အရှင့်မိဘများဟာ အလွန်ပစ္စည်းဥစ္စာ ချမ်းသာကြသူတွေဖြစ်တယ်၊ သုံးမကုန် ဖြုန်းမကုန်အောင် ချမ်းသာကြတယ်၊ ဒါကြောင့် အရှင်ဟာ စည်းစိမ်ဥစ္စာ ပျက်စီးခြင်းဆိုတာကိုလဲ မတွေ့ဖူးသေးဘူး။

ပြီးတော့ အရှင်တို့အမျိုးဟာ ယခုအထိ အမိရော အဖရော အားလုံး သိုက်သိုက်ဝန်းဝန်း ရှိကြတယ်၊ ဘယ်သူမှ ပျက်စီးတယ်လို့ မကြားဖူးသေးဘူး၊ ဒါကြောင့် အရှင်ဟာ ဆွေမျိုး ပျက်စီးခြင်းမျိုးနှင့် ကြုံတွေ့ဖူးသူလဲ မဟုတ် ပါဘူး။

အရှင် ရဋ္ဌပါလ–တပည့်တော်သိတဲ့ ရဟန်းပြုခြင်းဟာ ဤပျက်စီးခြင်း ၄–ပါး ဖြစ်ပါတယ်၊ ဒီပျက်စီးခြင်း ၄–ပါး အရှင်ဘုရားမှာ မရှိပါဘဲနဲ့ ဘာ အကျိုးကိုမြင်လို့ ဘာအကျိုးကိုသိလို့ လူ့ဘောင်က ရဟန်းဘောင်ကို ဝင်ရောက် တယ်ဆိုတာ တပည့်တော် အင်မတန် သိချင်ပါတယ်။ စွမ်းနိုင်လျှင် အရှင် ဘုရား တပည့်တော်ကို ဖော်ထုတ်မိန့်ကြားတော်မူပါလို့– ကောရဗျမင်းကြီးက လျှောက်ထားတယ်၊ ဒီအခါ အရှင် ရဋ္ဌပါလက "မင်းကြီး သိသင့်တဲ့တရားကို သိပြီး မြင်သင့်တဲ့တရားကို မြင်တော်မူလို့ ပူဇော်အထူးကို ခံယူတော် မူ ထိုက်တဲ့ မြတ်စွာဘုရားဟာ လေးပါးသော တရားအကျဉ်း ဓမ္မုဒ္ဒေသတို့ကို ညွှန်ပြတော်မူ ခဲ့တယ်၊ ငါဟာ အဲဒီဓမ္မုဒ္ဒေသတရားလေးပါးကို သိမြင်လို့, ဓမ္မုဒ္ဒေသတရား လေးပါးကိုသိလို့ လူ့ဘောင်က ရဟန်းဘောင်ကို ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါ တယ်။

မင်းကြီး–ဘုရားရှင် ညွှန်ပြတော်မူတဲ့ ဓမ္မုဒ္ဒေသ တရား–၄ပါး ဆိုတာ က သတ္တဝါမှန်သမျှ အမြဲတည်တာရယ်လို့ မရှိဘူး၊ ငါလဲ တစ်နေ့သော အခါ ပျက်စီးရမှာ အမှန်ပဲလို့ အဲဒီပထမ တရားအကျဉ်း ဓမ္မုဒ္ဒေသကို မြင်လို့ သိလို့ ငါဟာ လူ့ဘဝကို စွန့်ပစ်ပြီး ရဟန်းဝတ်ခဲ့ခြင်းဖြစ်ပါတယ်။

မင်းကြီး–သတ္တဝါအပေါင်းဟာ ခိုကိုးစရာ အားထားစရာ မှီခိုစရာ ဘာမျှမရှိဘူးလို့ ဘုရားရှင်ဟာ ၂–ခုမြောက်ဖြစ်တဲ့ တရားအကျဉ်းဓမ္မုဒ္ဒေသကို ဟောတော်မူတယ် ငါဟာ အဲဒီ ၂–ခုမြောက်ဖြစ်တဲ့ တရားအကျဉ်းဓမ္မုဒ္ဒေသကို သိမြင်လို့ လူ့ဘဝ စွန့်ပြီး ရဟန်းဝတ်ခဲ့ခြင်း ဖြစ်တယ်။

မင်းကြီး–သတ္တဝါအပေါင်းမှာ ကိုယ်ပိုင်ဟူ၍ ဘာမျှမရှိဘူး၊ ကိုယ်ပိုင်တယ်လို့ ထင်တဲ့ ပစ္စည်းတွေကို စွန့်လွှတ်ပြီး သွားကြရလိမ့်မယ်လို့၊ ဘုရားရှင်ဟာ ၃–ခုမြောက်တဲ့ တရားအကျဉ်း ဓမ္မုဒ္ဒေသကို ညွှန်ပြတော်မူခဲ့တယ်၊ ငါဟာ အဲဒီ ဓမ္မုဒ္ဒေသကို သိမြင်ယုံကြည်လို့ လူ့ဘောင်က ရဟန်းဘောင်ကို ဝင်ရောက်ခဲ့ခြင်းဖြစ်တယ်။

မင်းကြီး–အလုံးစုံသော သတ္တဝါတွေဟာ မြဲမြံခိုင်ခံ့တည်တံ့မှုမရှိကြဘူး၊ အိပ်မက်ပမာ ခဏတာမျှသာ ဖြစ်နေကြတယ်၊ အိုခြင်း, နာခြင်း, သေခြင်းဆိုတဲ့ ဘေးရန်အန္တရာယ်ကြုံခဲ့လျှင် ဘယ်သူ့ကိုမျှ အားကိုးစရာ မှီခိုစရာ မရှိကြဘူး၊ ကိုယ်ပိုင်ဥစ္စာဆိုတာလဲ မမိခန္ဓာကိုယ်ကိုသော်မှ မိမိမပိုင်ကြဘူး၊ ဒါပေမယ့် သတ္တဝါတွေဟာ မမြဲတာ မှီခိုစရာမရှိတာ ကိုယ်ပိုင်မရှိတာတွေကို မေ့လျော့ပြီး မြင်မြင်သမျှ–ကြားကြားသမျှတွေကို လိုချင်ကြတယ်၊ အလိုဆန္ဒပြည့်တယ်လို့မရှိကြဘူး၊ ရောင့်ရဲမှုမရှိကြဘူး၊ တဏှာရဲ့ ကျေးကျွန်တွေသာ ဖြစ်နေကြတယ်လို့ သိတော်မူ မြင်တော်မူတဲ့ ဘုရားရှင်ဟာ လေးခုမြောက်ဖြစ်တဲ့ တရားအကျဉ်းဓမ္မုဒ္ဒေသကို ညွှန်ပြတော်မူတယ်၊ ငါဟာ ဘုရားရှင် ညွှန်ပြတော်မူတဲ့ ဤလေးခုမြောက်ဖြစ်တဲ့ ဓမ္မုဒ္ဒေသကို သိမြင်ယုံကြည်လို့ လူ့ဘဝကိုစွန့်ပြီး ရဟန်းဝတ်ခဲ့ခြင်းဖြစ်တယ်လို့ အရှင်ရဋ္ဌပါလက ဓမ္မုဒ္ဒေသတရား ၄–ပါးကို ခွဲခြားပြီး ဟောတော်မူတယ်။

အရှင်ရဋ္ဌပါလက ဓမ္မုဒ္ဒေသတရား ၄–ပါးကို ဒီလိုခွဲခြားပြီး ဟောတော်မူတော့ ကောရဗျမင်းကြီးက "အရှင်ရဋ္ဌပါလ သတ္တဝါတွေဟာ အိုခြင်း သေခြင်းသို့ရောက်ရတယ်၊ အမြဲမတည်ဘူးဆိုတဲ့ ပထမ ဓမ္မုဒ္ဒေသကို နည်းနည်းလောက်ချဲ့ပြီး တပည့်တော်ကို ဟောပြပါဦး" လို့ လျှောက်ထားတယ်၊ ဒီအခါ အရှင်ရဋ္ဌပါလက "မင်းကြီး–သင်မင်းကြီးဟာ အသက်ငယ်ရွယ်စဉ်တုန်းက ဆင်စီးအတတ်, မြင်းစီးအတတ် စတဲ့ အတတ်တွေကို တစ်ဘက်ကမ်းရောက် တတ်

မြောက်တဲ့အတွက် ပေါင်အား လက်ရုံးအား ခန္ဓာကိုယ်စွမ်းအားများဖြင့် ပြည့်ဖြိုးခဲ့ဖူးတယ်မဟုတ်ပါလား'' လို့ မေးတော်မူတယ်။ ကောရဗျမင်းကြီးက ''အရှင်ရဋ္ဌပါလ–ဟုတ်ပါတယ်၊ ငယ်ရွယ်စဉ်က တပည့်တော်ဟာ ပေါင်အား လက်ရုံးအား ခန္ဓာကိုယ်စွမ်းအားနှင့် ပြည့်စုံခဲ့ဖူးပါတယ် ဘုရား'' လို့ လျှောက်ထားတယ်၊ ဒီတော့ အရှင်ရဋ္ဌပါလက ''မင်းကြီး–ယခုကော ရှေးကလိုစွမ်းအားများ ရှိပါသေးရဲ့လား'' လို့ မေးတော်မူတယ်၊ ကောရဗျမင်းကြီးက ''အရှင်ရဋ္ဌပါလ–တပည့်တော်မှာ စွမ်းအားများ မရှိတော့ပါ၊ ယခု တပည့်တော်ရဲ့ အသက် (၈၀) ရှိနေပါပြီ၊ ဒီနေရာ ခြေချမယ်ကြံပါသော်လဲ ကြံတဲ့နေရာကို ခြေမချမိဘဲ အခြားနေရာကို ခြေချမိနေပါပြီ ဘုရား'' လို့ လျှောက်ထားတယ်။

ဒီအခါ အရှင်ရဋ္ဌပါလက ''မင်းကြီး–အိုခြင်းတရား, သေခြင်းတရားဟာ လူအပေါင်းကို ဆောင်တဲ့အတွက် အမြဲမတည်ဘူးဆိုတာ၊ အဲဒါပဲ မင်းကြီး၊ ဒီမမြဲမတည်မှုကိုမြင်တဲ့အတွက် သိတဲ့အတွက် ငါဟာ လူ့ဘောင်မှ ရဟန်းဘောင်ကို ဝင်ရောက်ခဲ့ခြင်းဖြစ်တယ်'' လို့ မိန့်တော်မူတော့ မင်းကြီးက ''အရှင်ဘုရား ရဋ္ဌပါလ သတ္တဝါတွေ အမြဲမတည်ဘူးဆိုတာ ဟုတ်မှန်လှပါတယ်၊ အိုခြင်းတရား, သေခြင်းတရားဟာ သတ္တဝါတွေကို ဆောင်နေတဲ့အတွက် အမြဲမတည်ရှိရိုး မှန်လှပါတယ်ဘုရား'' လို့ ဝန်ခံပြီး ''အိုအရှင်ရဋ္ဌပါလ–တပည့်တော်တို့မင်းများမှာ ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်များရှိကြပါတယ်၊ ဒီတပ်တွေဟာ ဘေးရန်ရှိတဲ့အခါ တပည့်တော်များရဲ့ အားထားမှီခိုရာများ ဖြစ်ကြပါတယ်၊ အရှင်မြတ်အမိန့်ရှိတဲ့ သတ္တဝါများ မှီခိုစရာ အားထားစရာမရှိဘူးဆိုတဲ့ ဒုတိယ ဓမ္မုဒ္ဒေသရဲ့ အဓိပ္ပာယ်ကို တပည့်တော်နားမလည်ပါဘူး။ ဒါကြောင့် ဒုတိယဓမ္မုဒ္ဒေသ အဓိပ္ပာယ်ကိုလဲ အကျယ်ဖွင့်ပြတော်မူပါဘုရား'' လို့ လျှောက်ထားပြန်တယ်။

ဒီအခါ အရှင်ရဋ္ဌပါလက ''မင်းကြီး–သင်မင်းကြီးအား သက်သာရာ မရအောင် နာကျင်ကိုက်ခဲတဲ့ ရောဂါဝေဒနာများ ဖြစ်ဖူးပါသလား'' လို့ မေးတော်မူတယ်။ မင်းကြီးက ''ဖြစ်ဖူးပါတယ်'' လို့ လျှောက်ထားတော့ အရှင်ရဋ္ဌပါလက ''အို မင်းကြီး–ရောဂါ တစ်စုံတစ်ရာဖြစ်ဖူးရင် အဲဒီရောဂါဝေဒနာ သက်သာသွားအောင် ပျောက်ကင်းသွားအောင် အဆွေခင်ပွန်း အခြံအရံ သားချင်းများကို ဝေပေးလို့ဖြစ်ပါသလား'' လို့ မေးတော်မူတယ်၊

မင်းကြီးက "မဖြစ်ပါဘူးဘုရား၊ ကိုယ်ဖြစ်ရင် ကိုယ်ခံရတာပါပဲ" လို့ လျှောက်ထားတော့ အရှင်ရဋ္ဌပါလက "မင်းကြီး–သိတော်မူ မြင်တော်မူတဲ့ ဘုရားရှင်က ဒီသဘောကိုရည်ရွယ်တော်မူပြီး သတ္တဝါတွေမှာ မှီခိုစရာ အားကိုးစရာမရှိဘူးလို့ ဟောတော်မူခြင်းဖြစ်တယ်။ ဒီလိုဟောတော်မူတဲ့ ဒုတိယ ဓမ္မုဒ္ဒေသကိုမြင်လို့ ငါဟာ လူ့ဘောင်က ရဟန်းဘောင်သို့ဝင်ရောက်ခဲ့ခြင်းဖြစ်တယ်" လို့ မိန့်တော်မူတယ်။ ဒီအခါ ကောရဗျမင်းကြီးက "အရှင်ဘုရား ရဋ္ဌပါလ–အံ့ဩဖွယ်ရှိလေစွ၊ မဖြစ်ဖူး မြဲဖြစ်ပါပေစွ၊ သိတော်မူ မြင်တော်မူတဲ့ ဘုရားရှင်ဟာ သတ္တဝါတွေမှာ မှီခိုစရာ အားထားစရာ မရှိဘူးလို့ ဟောတော်မူခြင်းဟာ အလွန်ပင် မှန်လှပါပေတယ် ဘုရား" လို့ ဝန်ခံတော်မူပြီး –

"အရှင်ရဋ္ဌပါလဓမ္မုဒ္ဒေသတရားအကျဉ်း ၂–ပါးကိုတော့ တပည့်တော် အဓိပ္ပာယ်ပေါက်ပါပြီ၊ တတိယ ဓမ္မုဒ္ဒေသကို လျှောက်ထားပါရစေဦး၊ တပည့်တော်မျာ း မင်းမျိုးတွေမှာ မြေမှာမြှုပ်ထားတဲ့ ရွှေငွေတွေ, အပြင်မှာထားတဲ့ ရွှေငွေတွေ, အမြောက်အမြားရှိကြပါတယ်။ သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာမရှိဘူး၊ အလုံးစုံသော ဥစ္စာတွေကို စွန့်ပစ်ပြီးသွားရမယ် ဆိုတာဟာ ဘာကို ဆိုလိုပါသလဲဘုရား" လို့ လျှောက်ထားပြန်တယ်။ ဒီလိုလျှောက်ထားတော့ အရှင်ရဋ္ဌပါလက "မင်းကြီး–အသင်မင်းကြီးဟာ ယခုဘဝမှာ ငါးပါးသော ကာမဂုဏ်ချမ်းသာတွေကို ခံစားနေရတယ်၊ ဒီဘဝက စုတိမနေ သေလွန်ခဲ့ရင် ဒီကာမဂုဏ်တရားတွေကို ဟိုနောင်ဘဝပါအောင် ယူဆောင်သွားလို့ ဖြစ်ပါမလား" လို့ မေးတယ်။ မင်းကြီးက "မဖြစ်ပါဘူးဘုရား၊ စုတိမနေ သေလွန်ခဲ့ရင် ဒီကာမဂုဏ်တရားတွေကို ဒီမှာပဲ ပစ်ထားခဲ့ရမှာ ဖြစ်ပါတယ်ဘုရား" လို့ လျှောက်ထားတယ်၊ ဒီအခါ အရှင်ရဋ္ဌပါလက "မင်းကြီး ဘုရားသခင်ဟာ ဒါကိုရည်ရွယ်တော်မူပြီး 'သတ္တဝါအပေါင်းမှာ ကိုယ်ပိုင်ဥစ္စာ မရှိဘူးလို့ ဟောတော်မူခြင်းဖြစ်တယ်၊ အဲဒီလိုဟောတော်မူတဲ့ တတိယဓမ္မုဒ္ဒေသကို သိတဲ့အတွက် မြင်တဲ့အတွက် ငါဟာ လူ့ဘောင်ကို ပယ်ခွါပြီး ရဟန်းဘောင်သို့ တက်ခဲ့ခြင်း ဖြစ်တယ်" လို့ မိန့်တော်မူတယ်။

ဒီလိုမိန့်တော်မူတော့ ကောရဗျမင်းကြီးက "အရှင်ဘုရား ရဋ္ဌပါလ– သတ္တဝါအပေါင်းမှာ ကိုယ်ပိုင်ဥစ္စာမရှိဘူးဆိုတာ အလွန်မှန်လှပါတယ်ဘုရား"

လို့ ဝန်ခံတော်မူပြီး "အရှင်ဘုရား ရဋ္ဌပါလ–ဘတိယဓမ္မုဒ္ဒေသရဲ့ အဓိပ္ပါယ်ကိုလဲ တပည့်တော် သဘောပေါက်နားလည်ပါပြီ၊ သတ္တဝါတွေဟာ အလိုမပြည့်ကြဘူး၊ ရောင့်ရဲမှုမရှိကြဘူး၊ တဏှာရဲ့ ကျေးကျွန်တွေသာ ဖြစ်ကြတယ်ဆိုတဲ့ စတုတ္ထဓမ္မုဒ္ဒေသရဲ့ အဓိပ္ပါယ်ကိုလဲ ဖွင့်ပြတော်မူပါဦး" လို့ လျှောက်ထားပြန်တယ်။

ဒီလိုလျှောက်ထားတော့ အရှင်ရဋ္ဌပါလက "မင်းကြီး သင်မင်းကြီးဟာ ယခုအခါ အလွန်စည်ပင်ဝပြောတဲ့ ကုရုတိုင်းကြီးကို ဘာမျှ လိုလေ သေးသည် မရှိအောင် စိုးအုပ်နေတယ် မဟုတ်လား၊ သို့သော်လဲ သင်မင်းကြီး အလွန် ယုံကြည်တဲ့ သူလျှိုတွေဟာ အရှေ့–အနောက်–တောင်–မြောက်အရပ်တို့က လာပြီး သင်မင်းကြီးကို လျှောက်ထားကြလိမ့်မယ်၊ အရှင်မင်းမြတ် ကုရုတိုင်းရဲ့ အရှေ့အရပ်, အနောက် အရပ်, တောင်အရပ်, မြောက်အရပ်တွေမှာ စည်ပင်ဝပြောကာ လူဦးရေများပြီး လူမျိုးစုံတစ်ရာပြွမ်းတဲ့နယ်ကြီးတွေ ရှိပါတယ်၊ အဲဒီနယ်ကြီးတွေကို စစ်သည်ဗိုလ်ပါ နည်းနည်းနှင့် သိမ်းယူရင် ရနိုင်ပါတယ်လို့ လျှောက်ထားလာမယ်။ အဲ့ဒီလို လျှောက်ထားလာရင် သင်မင်းကြီး ဘာလုပ်မလဲ လို့ မေးတော်မူတယ်၊ ကောရဗျ မင်းကြီးက "ဒီနယ်ပယ်တွေကို တပည့်တော် သိမ်းပိုက် စိုးအုပ်ရုံပါပဲ ဘုရား" လို့ လျှောက်ထားတယ်၊ အဲဒီလိုလျှောက်ထားတော့ အရှင် ရဋ္ဌပါလက "မင်းကြီး–ဘုရားရှင်ဟာ ဒီသဘောကို ရည်ရွယ်တော်မူပြီး သတ္တဝါတွေဟာ အလိုမပြည့်ကြဘူး၊ ရောင့်ရဲမှု မရှိကြဘူး၊ တဏှာရဲ့ ကျေးကျွန်တွေသာ ဖြစ်တယ်လို့ ဟောတော်မူခြင်းဖြစ်တယ်၊ ဒီလို ဟောတော်မူတဲ့ စတုတ္ထ ဓမ္မုဒ္ဒေသကို သိတဲ့အတွက် မြင်တဲ့အတွက် ငါဟာလူ့ဘောင်ကို စွန့်ပစ်ပြီး ရဟန်းဝတ်ခဲ့ခြင်းဖြစ်တယ်" လို့ ဟောတော်မူတယ်၊ ဒီလို ဟောတော်မူတော့ ကောရဗျမင်းကြီးက "အရှင် ရဋ္ဌပါလ အံ့ဘွယ်ရှိပေစွ၊ မဖြစ်ဖူးမြဲ ဖြစ်ပေစွ၊ သိတော်မူ မြင်တော်မူတဲ့ မြတ်စွာဘုရားဟာ သတ္တဝါတွေဟာ အလိုမပြည့်ကြဘူး၊ မရောင့်ရဲကြဘူး၊ တဏှာရဲ့ ကျေးကျွန်တွေသာ ဖြစ်တယ်ဆိုတာ အလွန် မှန်ကန်လှပါတယ်ဘုရား" လို့ လျှောက်ထားပါသတဲ့။ ဒီအခါ အရှင် ရဋ္ဌပါလမထေရ်က ဓမ္မုဒ္ဒေသ တရားတော်များကို အကျဉ်းချုံးပြီး–

ပဿာမိ လောကေ သဓနေမနုဿေ၊ လဒ္ဓါနဝိတ္တံ န ဒဒန္တိ မောဟာ။
လုဒ္ဓါဓနံ သန္နိစယံ ရရောန္တိ၊ ဘိယျော စ ကာမေ အဘိပတ္ထယန္တိ။

စတဲ့ ဒေသနာများနှင့် ထပ်ဆင့် ဟောတော်မူပြန်ပါတယ်၊ အဲဒီဂါထာ ဒေ
သနာတော်များရဲ့ အဓိပ္ပာယ်က–

၁။ မင်းကြီး လောကမှာ ပစ္စည်းဥစ္စာရှိတဲ့ လူတွေကို ငါမြင်ရသည်
မှာ ရပြီးတဲ့ ဥစ္စာကို ကုန်ခန်းသွားမှာစိုးလို့ မလှူရက် မပေ
ကမ်းရက်ဘဲ လောဘတက်ပြီး သိမ်းဆည်းမှုကိုသာ ပြု နေ ကြ
တယ်၊ ကာမဂုဏ်တွေကိုသာ တိုးပြီး တိုးပြီး တောင့်တ နေ ကြ
တယ်။

၂။ မင်းကြီးကိုယ်တိုင်ပင် မြေပြင်အားလုံးကို စိုးအုပ်ရသူ ဖြစ်ပ
လျက်နှင့် ရောင့်ရဲခြင်းမရှိဘဲ သူတစ်ပါးပိုင်တဲ့ တိုင်းပြည်ကို ရဦ
မယ်ဆိုလျှင် လိုချင်သေးတယ်။

၃။ မင်းပဲဖြစ်ဖြစ် ဆင်းရဲသားပင်ဖြစ်ဖြစ် တပ်မက်မှုမကင်းတဲ့တဏှာ
စိတ်နဲ့ သေကြရတယ်၊ အလိုဆန္ဒပြည့်ဝတယ်ရယ်လို့ မရှိကြဘူး
ကာမဂုဏ်တို့ဖြင့် ရောင့်ရဲမှုဟာ မရှိဘူး။

၄။ လူတစ်ယောက် သေတယ်ဆိုရင် ဆွေမျိုး ညာတကာတွေဟ
ဝန်းဝိုင်းငိုကြွေးကြကာ သင်္ချိုင်းကို ဆောင်ယူပြီး သင်္ဂြိုဟ်လိုက
ကြတယ်။

၅။ သေတဲ့လူမှာ ဘာပစ္စည်းမျှ ပါမသွားဘူး၊ ပစ္စည်း ပါမသွားဝ
အပြင် မီးသင်္ဂြိုဟ်ရင် မီးအရှို့ခံရသေးတယ်၊ တံစူးဝါးနှင့်အထို
ခံရသေးတယ်၊ မြေမြှုပ်ရင်လဲ မြေကြီးတွေနဲ့ဝိုင်းဖို့တာကို ခံ
သေးတယ်၊ မသာပို့လိုက်ကြတဲ့မိတ်ဆွေ အပေါင်းအသင်း ထဲ ‹
သေသူရဲ့ အားထားမှီခိုရာ တစ်ယောက်မျှ မပါလာဘူး။

၆။ မသေခင်က ရှာဖွေစုဆောင်းထားတဲ့ပစ္စည်းတွေကို ကျန်ရစ်‹
အမွေခံတွေက သိမ်းသွားကြတယ်၊ သေရတဲ့ ကိုယ်ကတော့ ‹

အားလျော်စွာ လားရတယ်၊ သားသမီးဖြစ်စေ၊ မယားဇနီး ဖြစ်စေ၊ ဥစ္စာပစ္စည်း ဖြစ်စေ၊ တိုင်းနိုင်ငံဖြစ်စေ ဘယ်ပစ္စည်း မျှ သေသူရဲ့နောက်ကို မလိုက်ကြဘူး။

၇။ အသက်ရှည်အောင်ရယ်လို့ ဥစ္စာပစ္စည်းပေးလို့ မရစကောင်း ဘူး၊ စည်းစိမ်ဘယ်လောက်ချမ်းသာပမယ့် အိုခြင်း တရားကို မတားမြစ်နိုင်ဘူး၊ ပညာရှိများက လူ့သက်တမ်းဟာ အလွန်တို တယ်၊ အမြဲမရှိဘူး၊ ဖောက်ပြန်တတ်တဲ့ သဘောရှိတယ်–လို့ ဆို ကြတယ်။

၈။ လောကမှာ ချမ်းသာကြွယ်ဝသူပဲဖြစ်ဖြစ်၊ ဆင်းရဲမွဲတေသူပဲဖြစ် ဖြစ်၊ သူမိုက်ပဲဖြစ်ဖြစ်၊ ပညာရှိပဲဖြစ်ဖြစ်၊ သေခြင်းတရားကို မလွန်ဆန်နိုင်ကြဘူး၊ တဂ်ရက်ရက်မှာ သေမင်းနှင့် ကေန့်ရင်ဆိုင် တွေ့ကြရလိမ့်မယ်၊ သေမင်းနှင့်တွေ့ချင် မကောင်းမှုတွေ လုပ် ထားတဲ့ လူမိုက်ဟာ တုန်လှုပ်ချောက်ချားတဲ့စိတ်နှင့် သေရာ ညောင်စောင်းမှာ အိပ်ရတယ်၊ ပညာရှိသူတော်ကောင်းကတော့ သေမင်းနှင့် ရင်ဆိုင်တွေ့သော်လဲ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိ ဘူး။

၉။ ဒါကြောင့် ပစ္စည်းဥစ္စာထက် အသိပညာက မြတ်တယ်၊ အဲဒီ အသိပညာနှင့် ကိစ္စအားလုံး ပြီးဆုံးရာ အရဟတ္တဖိုလ်ကို ရနိုင် တယ်၊ မိုက်မဲတွေဝေသူများဟာ ဘဝမဆုံးသေးတဲ့အတွက် ဘဝ ကြီးငယ်တွေမှာ ယုတ်မာမှု အကုသိုလ်ကို ထပ်ပြန်တလဲလဲ ပြုမိ တတ်ကြတယ်။

၁၀။ ဘဝအဆက်ဆက်ကျင်လည်ပြီး အမိဝမ်းတိုက်သို့လည်းကောင်း၊ တမလွန်လောကသို့ လည်းကောင်း ကပ်ရောက် ရတတ်တယ်၊ ပညာမရှိသူရဲ့စကားကို ပညာနည်းသူက ယုံကြည်တတ်ကြတယ်၊ ပညာမရှိသူရဲ့စကားကို ယုံကြည်မိုက်မှားမိတဲ့အတွက် သံသရာ ဆိုတဲ့ ချောက်တွင်းကို အကြိမ်ကြိမ် သက်ဆင်းကြရတတ် တယ်။

၁၁။ ယုတ်မာတဲ့သူခိုးကို မိမိရဲ့အမှုက ညှဉ်းဆဲသလို အကုသိုလ်တရားယုတ်ရှိတဲ့ သတ္တဝါအပေါင်းကိုလဲ မိမိအမှုကပင် ညှဉ်းဆဲတတ်တယ်။

၁၂။ မင်းကြီး—ကာမဂုဏ်တရားတွေဟာ အသွန်ဆန်းကြယ်ကြတယ်၊ သာယာဖွယ်ကိုဆောင်တတ်တယ်၊ မွေ့လျော်ဖွယ်လို့ ထင်တတ်ကြတယ်၊ စိတ်ကိုမွှေနှောက်တတ်ကြတယ်၊ ဒီကာမဂုဏ်တွေရဲ့ အပြစ်ကိုမြင်တဲ့အတွက် ငါ ရဟန်းပြုခဲ့တယ်။

၁၃။ မင်းကြီး—ငယ်ငယ်ကြီးကြီး သစ်သီးများဟာကြွေကြတတ်သလို လူငယ်ပဲဖြစ်ဖြစ် လူကြီးပဲဖြစ်ဖြစ် သေဆုံးတတ်တယ်၊ ကြီးမှ ရဟန်းပြုမယ်ဆိုသူကို သေမင်းကမစောင့်ဘူး၊ ဒါကြောင့် မသေခင်, မနာခင်, မအိုခင် တရားကျင့်ရန် အတွက် ငါ ရဟန်းပြုခဲ့ခြင်းဖြစ်တယ်''လို့ ဆက်လက်ပြီး တရား ဟောတော်မူပါတယ်။

ယခု ဟောခဲ့တဲ့တရားက မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ပါဠိတော်ရာဇဝင်ကလာတဲ့ ရဋ္ဌပါလသုတ္တန်တရားတော်ဖြစ်တယ်။ ဒီရဋ္ဌပါလသုတ္တန် တရားတော်ရဲ့ အဆီအနှစ်က–

အဓုဝေါ လောကော အတာဏော၊
အဿကော စ အတိတ္တကော။
စတ္တာရောတိ ဓမ္မုဒ္ဒေသာ၊
ဥဒ္ဒိဋ္ဌာ ဒိဋ္ဌဗန္ဓုနာ။ လို့ အချီးဂါထာရွတ်ဆိုခဲ့တဲ့အတိုင်း–

၁။ အလုံးစုံသော သတ္တဝါမှန်သမျှဟာ မမြဲဘူး
၂။ အလုံးစုံသော သတ္တဝါတွေမှာ မှီခိုအားထားစရာဘာမှမရှိဘူး။
၃။ အလုံးစုံသော သတ္တဝါတွေမှာ ကိုယ်ပိုင်ဥစ္စာ ဘာမျှမရှိဘူး။
၄။ အလုံးစုံသောသတ္တဝါတွေဟာ ရောင့်ရဲမှုမရှိဘူး။

ဆိုတဲ့ ဓမ္မုဒ္ဒေသတရား(၄)ပါးဖြစ်ပါတယ်၊ ဒီဓမ္မုဒ္ဒေသတရား (၄) ပါးကို သစ္စာဖွဲ့လိုက်လျှင် ရောင့်ရဲမှု မရှိဘူး၊ ရချင်တယ်, လိုချင်တယ်ဆိုတဲ့

တဏှာတရားက သမုဒယသစ္စာ ဖြစ်တယ်၊ သမုဒယသစ္စာ အကြောင်းခံတဲ့ အတွက် ရုပ်နာမ်ဆိုတဲ့ ဒုက္ခသစ္စာဖြစ်တယ်၊ ရုပ်နာမ်ဆိုတဲ့အမည်က ပရမတ္ထအမည် ဖြစ်တယ်၊ ပညတ်အမည်ကတော့ သတ္တဝါပေါ့။ ဒါကြောင့် မရောင့်ရဲမှု၊ ရချင်မှု၊ လိုချင်မှုဆိုတဲ့ သမုဒယကို အကြောင်းခံပြီး သတ္တဝါရယ်လို့ ဖြစ်လာတယ်၊ ဖြစ်လာတဲ့ သတ္တဝါဟာ ပညတ်မျက်စိနဲ့ပဲကြည့်ကြည့် ပရမတ်မျက်စိနဲ့ပဲ ကြည့်ကြည့် မြဲမြံခိုင်ခံ့တည်တံ့တာ မရှိဘူး၊ မှီခိုအားထားစရာမရှိဘူး။

ဒါကြောင့် အလုံးစုံသော ရုပ်နာမ်ဟာ အနိစ္စ–မမြဲဘူး၊ ဒုက္ခ–ဆင်းရဲတယ်၊ အနတ္တ–ကိုယ်ပိုင်တဲ့တရားမဟုတ်ဘူး၊ ရုပ်နာမ်တရားတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိရောဓသစ္စာ တည်းဟူသော နိဗ္ဗာန်တရားသည်သာလျှင် မြဲမြံခိုင်ခံ့တည်တံ့တဲ့တရားဖြစ်တယ်။ ဒုက္ခမှလွတ်ရာ သန္တိသုခဌာနဖြစ်တယ်၊ သန္တိသုခဌာနဖြစ်တဲ့ နိဗ္ဗာန်ကိုရောက်မှ ဒုက္ခခပ်သိမ်းက ကင်းငြိမ်းကြရလိမ့်မယ်။ ဒါကြောင့် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာမှန် ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ရန် အတွက် သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရား မဂ္ဂသစ္စာတို့ကို နေ့စဉ်မခြား ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။



# ဆင်းရဲခြင်း ကင်းလိုသော်

## ဆင်းရဲခြင်းသုံးမျိုး

ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခတရားက ကျမ်းဂန်များမှာ (၁) ဒုက္ခဒု (၂) သင်္ခါရဒုက္ခ (၃) ဝိပရိဏာမဒုက္ခရယ်လို့ ၃-မျိုး ထုတ်ပြကြတယ်၊ အဲ ဒုက္ခ ၃-ပါးအနက် ဒုက္ခဒုက္ခဆိုတာ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ ဆိုလိုတယ်၊ သင်္ခါရဒုက္ခဆိုတာ ရုပ်တရား နာမ်တရားတို့ရဲ့ တည်မြဲမှုမရှိတဲ့ ဒု ကို ဆိုလိုတယ်၊ ဝိပရိဏာမဒုက္ခဆိုတာက ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ကြုံ နေရပါလျက် အဲဒီဆင်းရဲကိုပင် ချမ်းသာတယ်ရယ်လို့ ထင်မြင်နေတဲ့ ဒု မျိုးကို ဆိုလိုတယ်။

ဒီဆင်းရဲခြင်း ၃-မျိုးထဲက သင်္ခါရဒုက္ခဆိုတာ ရုပ်နာမ်တရားတို့ သဘာဝ အဖြစ်အပျက်မျိုးမို့ သာမန်ပုဂ္ဂိုလ်တို့ သိလွယ်တဲ့ ဆင်းရဲမျိုး မဟု ဘူး၊ ဝိပဿနာဉာဏ် ရင့်သန်တဲ့ ပုဂ္ဂိုလ်များမှ သိနိုင်တဲ့ ဆင်းရဲမျိုးဖြစ်တယ်

ဝိပရိဏာမဒုက္ခဆိုတာ စားကောင်းတယ်၊ အိပ်ကောင်းတယ်၊ ေ ကောင်းတယ်၊ ထိုင်ကောင်းတယ်လို့ ပြောင်းပြန် ထင်မြင်နေကြတဲ့ ဆင်းရဲမျ ဖြစ်တယ်၊ ဒီဆင်းရဲမျိုးကိုတော့ ပုထုဇဉ်တွေက ဒုက္ခလို့ မကြင်ကြဘူး၊ သုခ ထင်မြင်နေကြတယ်။ ရှေးက ဆရာတော်ကြီးတစ်ပါးဟာ ဆွမ်းစားတော်မူ အခါ ဒုက္ခဒုက္ခလို့ ညည်းတွားတော်မူတတ်သတဲ့၊ ဒီလိုညည်းတွားတော်မူသံ သူတောင်းစား သောအေးဆိုသူက ကြားတော့ "ဒီလိုဒုက္ခမျိုး သောအေး ခံစမ်းချင်လှတယ်" လို့ ပြောသတဲ့၊ ဆွမ်းစားရတာကို ဆရာတော်ကြီး ဒုက္ခလို့ မြင်တော်မူတယ်၊ ဒါပေမယ့် သူတောင်းစား သောအေးကတော့ ဒုက္ခ မမြင်ဘူး၊ သုခလို့ မြင်တယ်၊ ဒါကြောင့် ဒီဒုက္ခမျိုး သောအေးတို့ ခံချင်စ လှတယ်လို့ ဆိုတာပေါ့၊ ပုထုဇဉ်များက သုခချမ်းသာလို့ ထင်မြင်နေ တရားဟာ အမှန်မှာ ဝိပရိဏာမ ဒုက္ခမျိုး ဖြစ်တတ်ပါသယ်။

ဒုက္ခတရား ၃-မျိုးမှာ သင်္ခါရဒုက္ခနှင့် ဝိပရိဏာမဒုက္ခတို့ဟာ ဉာဏ်နုတဲ့ ပုထုဇဉ်တို့ ဉာဏ်သက်ဝင်ပြီး သိရန်ခက်ခဲတဲ့အတွက် ဒါတွေဟာ ဆင်းရဲတဲ့ ဒုက္ခတရားမဟုတ်ပဲလို့ ဘယ်လိုထောက်ပြပြီး ပြောသော်လဲ ပုထုဇဉ်နဲ့တွေက "ဟုတ်မှလဲ လုပ်ပါကိုယ်တော်" လို့ ပြန်လှန် ပြောင်လှောင်နေကြဦးမှာဖြစ်လို့ အဲဒီ သင်္ခါရဒုက္ခ ဝိပရိဏာမ ဒုက္ခမျိုးကို ဘေးဖယ်ထားပြီး သတ္တဝါတိုင်းက ဆင်းရဲတာ အမှန်ပဲလို့ အသိအမှတ်ပြုထားကြတဲ့ "ဒုက္ခ–ဒုက္ခ" ဆိုတဲ့ အဟုတ် ဆင်းရဲတဲ့ တရားကို သုံးသပ်ပြီး ကြည့်ကြပါဦးစို့။

## အိုခြင်းဆင်းရဲ

သတ္တဝါတွေဟာ အိုတာကို ဆင်းရဲတာမှန်း သိကြပါတယ်၊ အိုတာကို မဆင်းရဲပါဘူးလို့လဲ ပြောမဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သတ္တဝါတွေဟာ အိုမင်းရင့်ရော်လာခဲ့လျှင် ပျိုတုန်းနုတုန်းကလို ဖျတ်ဖျတ်လတ်လတ် မရှိကြတော့ဘူး၊ အိုခြင်းတရား နှိပ်စက်တဲ့အတွက် အားအင်ဗလ နည်းပါးလာခဲ့ကြတယ်၊ ဒီနေရာမှာ ကိုယ်တွေ့ ဇရာတရားဘွဲ့ ကဗျာတစ်ပုဒ်ကို ထုတ်နှုတ်ဖော်ပြပါဦးမယ်။

## ဇရာဘွဲ့ရှစ်ဆယ်ပေါ်တေးထပ်

ရှုတ်တွယ်ယှင်းယို ခွေယိုင်နွဲ့လို့၊ တွေ့မှိုင်သနဲ့ လက်ခြေတုန်၊ နေ
ထိုင်မတဲ့ ရက်တွေကုန်ပြီ၊ သက်မဲ့သေရုံ ကျန်ပါတော့။ အရိုးဂေါက်
ဂေါက် ပိန်နှံတမှိန်ငယ်၊ ပိန်နှံတလိန်လိန် အိုမင်းချေပေါ့နေ့။ [illegible]တီး
[illegible]တွ သွားအရေ၊ သွားကြွေ အားတွေမသန်ပျော့။ စားလေ
ဝါးလေ အန်တအော့နှင့်၊ တန်ပေါ့ မာန်လျှော့ ဇရာကောင်း
တောင်ဝှေးလက်ကိုင် အဖော်နဲ့မို့၊ ကရော်ကချို့ ယောင်တီးယောင်
တောင်ဟောင်။ နုတီးနုတ ပိန်ချောင်ချောင်ငယ်၊ မှိန်တမှောင်မှောင်
အမြင်မှုန်လို့၊ ဘဝင်သွေးက ခုန်ဆွခုန်ဆွနေ့၊ ကြုံမှုကြုံရလေ။ ရင်အုံ
ချိုင့်လို့ ခါးကိုင်းချေပြီ။ နားထိုင်းဝေဝေ ယောင်မှေးမှိုင်လို့ငေး။
ဆံဖြူကြွေနှင့် သုံးမဝင်တယ်၊ မုန်းချင်စဖွယ် လွန်ကောင်းပါလှလေး။

ဒီ ရှစ်ဆယ်ပေါ်တေးထပ်ဟာ ပညာရှင်များ ရေးစပ်ထားခဲ့တဲ့ ကိုယ်တွေ့ဇာရာ တရားတစ်ပုဒ်ပေါ့။ ဒီတေးထပ်ကဗျာကို သေသေချာချာ လေ့လာကြည့်စမ်းပါ၊ ဘယ်လောကမျိုး သံဝေဂ ရစရာကောင်းပါသလဲ။

အိုမင်းရင့်ရော်လာတယ်ဆိုလို့ရှိရင်တဲ့ ငယ်စဉ်ကလို ဟောင့်ဟောင့်မာမာ မဟုတ်ပါဘူး။ လမ်းသွားရင် ခွေတီးခွေယိုင် ဖြစ်လာပြီး လက်ခြေတွေကလဲ အရက်ပြတ်တဲ့ ဗိုးသမားလို ကတုန်ကယင် ဖြစ်လာကုန်ပြီ၊ ကိုယ်ခန္ဓာကိုလဲ ကြည့်ပါဦး၊ အရိုးပေါ် အရေတင်ပြီး အသားအရေများလဲ ရှုံ့တီးရှုံ့တွနှင့် သစ်ငုတ်တို ချောက်ကမ်းပါးက မျောက်မအလား ဖြစ်လာပြီ၊ သွားတွေလဲကြွေကုန်ပြီ၊ အင်အားများလဲ ကုန်ခမ်းနေပြီ၊ အစာစားပြန်တော့လဲ ငယ်ငယ်ကလို ရှတ်ဘရက် အစာမကြေတော့သို့ အော့ချင်အန်ချင် ဖြစ်လာတတ်ပြီ၊ လမ်းသွားလျှင်လဲ ငယ်ကလို တောင့်တောင့်မာမာ မသွားလာနိုင်တော့ဘူး၊ ဟိုယိုင်ဒီလဲ ဖြစ်လာတတ်လို့ တောင်ဝှေးကို အဖော်ပြုနေရပြီ၊ အသိဉာဏ်ကလဲ ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် ယောင်တီးယောင်တောင် နတီးနတ ဖြစ်လာခဲ့ပြီ၊ မျက်စိနှစ်ဘက်မှာလဲ မျက်ရည်တွေကသွက် မျက်ချေးတွေကထွက်နှင့် အမြင်မသန်တော့ဘူး၊ သွားလာလှုပ်ရှားတဲ့ အခါမှာလဲ ဘဝင်သွေးတွေက ခုန်ပြီး မောတဟိုက်ဟိုက် ဖြစ်နေပြီ၊ လူပုံကို ကြည့်လိုက်ရင် ရင်ဘတ်ကြီးက ချိုင့်လို့၊ ခါးကြီးက ကိုင်းလို့ နားကလဲထိုင်းလို့ ဆံပင်တွေကလဲ ဖွေးလို့ လူသွေးလူရာ မဝင်တော့ဘူး။ ဒီတော့ လူအိုကိုမြင်တာနှင့်ပင် "အမယ်လေး အိုရတာဟာ ဆင်းရဲလှပါကလား၊ အိုရမှာ ကြောက်လှချည့်ရဲ့" လို့ လူတိုင်းလူတိုင်း အိုခြင်းဆင်းရဲကို သိကြတယ်၊ ကိုယ်အိုရမှာကိုလဲ ပြေးပြီး ကြောက်ရွံ့တတ်ကြတယ်။

အိုရမှာကို ကြောက်ရွံ့ကြသလိုပါပဲ နာရမှာကိုလဲ ကြောက်ရွံ့တတ်ကြပါတယ်၊ နာရမှာကို ဘာ့ကြောင့် ကြောက်ရွံ့တတ်ကြသလဲဆိုတော့ နာရတာဟာ အိုရတာထက်ပိုပြီး အခံရခက်တယ်၊ အိုရတာထက် ပိုပြီး ဆင်းရဲတယ်၊ ဒီနေရာမှာ အနာရောဂါဘွဲ့ ကဗျာတစ်ပုဒ် ထုတ်ကြည့်လိုက်ပါဦးစို့။

## ဗျာဓိဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်

လူးကာ လှိမ့်ကာ ခွေရို့ပြောင်းပေါ့၊ နေလို့မကောင်း စိတ်မှာ
မရွှင်၊ သေဖို့အကြောင်းထိပ်ပါရာ မြင်တယ်၊ အိပ်ရာပေါ်တွင် မသာကြီး။

ပူလိုက်ပန်းလိုက် နွမ်းဟိုက်ကြုံပြီ၊ ချမ်းခိုက်တုန်တုန် ဗျာဓိသူကစီး။
မျက်စိမှိတ်လျက် အိပ်စက်မပျော်သည်၊ စိတ်ပျက်သနော် တစ်ကိုယ်
တည်း။ ကြွတ်လျက်အော်ကာ ဆိုငိုညည်းမိ၊ ဖိုဖိုအသည်း လှိုက်ကာခုန်။
စားသောက်မဝင် အန်ချင်စိတ်နှင့်၊ သမ္ဗဇဉ်ဟိတ် ရှုတွေးဉာဏ်မထုံ။
ဒေဝဒူတ သူက လှုံ့တယ်၊ မူလရုပ်ပုံ ဘယ်မှာရှိလိမ့်၊ ကွယ်ကာသတိ
ပေ့ဲမူပေ့မူဖြာ၊ သေလှူသေလှူပါ၊ ရွှေဗျာဓိစက် ငြိလျက်လာသော်၊
မချိမသက်သာ ပင်ပန်း ါလှချေလား။ သွေးအစွမ်းတို့ ဘေးဘျမ်းမနိုင်သည်
ခွေနွမ်းယိုင်ယိုင် မရှင်လန်းပါကြချေလား။

ဒီတေးထပ်က နာခြင်းဆိုတဲ့ ကိုယ်တွေ့ဗျာဓိတရား တစ်ပုဒ်ပေါ့၊ လူသား တစ်ဦး ဖျားနာလာခဲ့တယ်ဆိုရင် အိပ်ရာပေါ်မှာ လူးကာလှိမ့်ကာနှင့် ရောဂါရဲ့ ဖိစီးတဲ့ဒဏ်ကို ခံနေရပြီ။ ခန္ဓာကိုယ်ဟာ ပူချင်ရင် ချက်ချင်းပူ, အေးရပြန်ရင်လဲ မခံသာအောင် ခိုက်ခိုက်တုန် အေးလာတယ်၊ ဒီရောဂါဒဏ်သက်သာအောင်ရယ်လို့ မျက်စိကိုငွတ်မှိတ်ပြီး အိပ်ပါသော်လဲ ကိုယ်ကင်သလို အိပ်စက်လို့ မရဘူး၊ ရောဂါရဲ့ နှိပ်စက်မှုကြောင့် မရှက်နိုင်တော့ဘဲ ညည်းလိုညည်း ငိုလိုငို ဖြစ်လာ တယ်၊ အစားအသောက် ဆိုပြန်ရင်လဲ စားရမှာ မဆိုထားနှင့်၊ ဟင်းအနံ့ နံ့တာတောင် အော့ချင်သလို အန်ချင်သလို ဖြစ်နေတယ်၊ ရောဂါကြောင့် ဖြစ် ပေါ်လာတဲ့ ဝေဒနာအပေါ် ဉာဏ်ကလိုက်ပြီး ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း ရှုဆင်ခြင်ဖို့ သင့်ပါသော်လဲ ရောဂါသည်ဟာ ရောဂါရဲ့ဖိစီးမှုကြောင့် ရှုဆင်ခြင်ဖို့ ဉာဏ်က လေးနေတယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းရှုဆင်ခြင်ရမည့်အစား ရောဂါရဲ့ ဒဏ်ချက်ကြောင့် စိတ်မချမ်းမသာ ဖြစ်နေရတယ်၊ ခန္ဓာကိုယ်ဟာလဲ မူလရုပ် ပျောက်ပြီး သူနာရုပ်ကြီး ပေါက်လာပြီ၊ သတိတရားများလဲ လွတ်ကွာလို့နေပြီ၊ ဗျာဓိလို့ ခေါ်ရတဲ့ အဖျားအနာ ရောဂါဝေဒနာ ကပ်ငြိလာတယ်ဆိုရင် ဘယ် လိုမျှ သက်သာရာကို မရ အ ္နန်တရာ ပင်ပန်းလှတယ်၊ ဒါကြောင့် ဗျာဓိဆိုတဲ့ အဖျားအနာ ရောဂါဝေဒနာကို ပုဂ္ဂိုလ်တိုင်း ဆင်းရဲမှန်း သိကြပါတယ်၊ ဆင်းရဲမှန်း သိကြလို့ အဖျားအနာ ရောဂါဝေဒနာ ကပ်ရောက်မှာကို ပုဂ္ဂိုလ် တိုင်း စိုးရိမ်ကြတယ်၊ သတ္တဝါတိုင်း အိုရမှာကို ကြောက်ကြသလို ဖျားနာမှာကိုလဲ ကြောက်ကြတယ်၊ အဲဒါတွေထက် ပိုပိုပြီး ကြောက်ရွံ့ကြရတဲ့ တရားကတော့ မရဏတရားပါပဲ။

## သေခြင်းတရား

မရဏဆိုတာ စုတိပြတ်ကြွေ သေဆုံးတာကို ဆိုလိုတယ်၊ သေဆုံးတယ် ဆိုတာဟာ အဘိဓမ္မာသဘောအားဖြင့် ဘဝင်စိတ်နှင့် အတူတူပါပဲ။ ဘဝင် ဆိုတာ အိပ်ပျော်နေတဲ့စိတ် မေ့မျောနေတဲ့စိတ်ပေါ့၊ သေတယ်ဆိုတာဟာ ဘဝင်စိတ်နှင့် အတူကူမို့ အိပ်ပျော်နေတဲ့ ဘဝင်စိတ်မှာ ဘာမျှနာကျင်ကိုက်ခဲမှု မရှိသလို သေခြင်းတရားဟာလဲ ဘာမျှ ကိုက်ခဲနာကျင်မှု မရှိတဲ့အပြင် အိပ်ပျော်နေခြင်း မေ့မျောနေခြင်းများဟာ နှစ်နှစ်ခြိုက်ခြိုက် ငြိမ်သက်နေသလို သေခြင်းတရားဟာလဲ ငြိမ်သက်အေးမြတဲ့ တရားမျိုး ဖြစ်တယ်၊ ဒါကြောင့် အနောက်တိုင်းစကားပုံမှာ "သေခြင်းတရားသည် မိခင်လက်နှင့် တူ၏" လို့ ဆိုထားတယ်၊ အဓိပ္ပာယ်ကတော့ ကလေးငယ်များဟာ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတို့နှင့် ကြုံတွေ့ကြတဲ့အခါ မိခင်က ချော့မော့ပြီး လက်နှစ်ဘက်နှင့် ပိုက်ပွေ့လိုက်လျှင် ဆင်းရဲမှု ပင်ပန်းမှုများဟာ တဒင်္ဂ ပျောက်ကွယ်ပြီး စိတ်ရဲ့ နှစ်သိမ့်မှုမျိုး ဖြစ်လာတတ်တယ်၊ သေခြင်းတရားဆိုတာဟာလဲ မိခင်ရဲ့ လက်လို ပါပဲတဲ့၊ ဖျားခြင်း နာခြင်း ထိခြင်း ခိုက်ခြင်းစတဲ့ ကိုယ်ဆင်းရဲမှုတွေ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း စတဲ့ စိတ်ဆင်းရဲမှုတွေ ဘယ်လောက် ဖြစ်ပေါ်စေခဲ့တာမှု သေခြင်းတရားတည်းဟူသော မိခင်ရဲ့လက်နှင့် ပိုက်ပွေ့ခြင်းခံရလျှင် ဘဝအတွက် ကြုံတွေ့ရတဲ့ ဆင်းရဲမှုအမျိုးမျိုးတွေဟာ တစ်ခါတည်း ပျောက်ကွယ်ပြီး အိပ်ပျော်သလို ဖြစ်သွားတတ်ပါသတဲ့၊ ဒါကြောင့် သေခြင်းတရားကို "မိခင်လက်နှင့် တူတယ်" လို့ အနောက်တိုင်း စကားပုံမှာ ဆိုထားခြင်း ဖြစ်တယ်။

သေခြင်းတရားဟာ ဒီလောက် နူးညံ့သိမ်မွေ့ခဲ့လျှင် သေခြင်းတရားမှာ ဘာတွေများ ကြောက်စရာ ရှိနေပါသလဲ၊ ကလေးသူငယ်တိုင်း မိခင်ရဲ့ ... ကို တောင်တကြသလို သတ္တဝါတိုင်းလဲ သေခြင်းတရားကို တောင့်တနေကြရမှာပေါ့။ ခုတော့ ဒီလိုမဟုတ်ဘူး၊ သတ္တဝါတိုင်းဟာ သေခြင်းတရားကို အင်မတန် ကြောက်နေကြတယ်၊ ဒီအကြောင်းကို ဘုရားရှင်ကလဲ "သဗ္ဗေ တသန္တိ မစ္စုနော" သတ္တဝါတိုင်း သေခြင်းမှ ကြောက်ရွံ့ကြတယ်လို့ ဟောတော်မူထားတယ်၊ သေခြင်းတရားဟာ မွေ့မွေ့သက်သက် အိပ်စက်ရတာလို့ အင်မတန် ငြိမ်သက်အေးချမ်းပါလျက်နှင့် သတ္တဝါတွေဟာ ဘာကြောင့်များ သေခြင်းတရားကို ကြောက်နေကြတာလဲဆိုရင် သတ္တဝါတိုင်းဟာ ခန္ဓာကိုယ်ကို တပ်မက်တဲ့ တဏှာတရားအားကြီးလို့ပါပဲ။

သေခြင်းတရားဟာ သိမ်မွေ့နူးညံ့သည်ပင် ဖြစ်စေ၊ ကြမ်းတမ်း တမ်း ခက်ထန်သည်ပင်ဖြစ်စေ သူနဲ့ကြုံတွေ့ခဲ့လျှင် ခန္ဓာကိုယ်ကို တပ်မက်တွယ်တာထား လို့ မရတော့ဘူး၊ အပြီးပြတ် စွန့်လွှတ်ကြရတော့တာပါပဲ၊ ခန္ဓာကိုယ်ကိုတောင် စွန့်ပစ်ရတယ်ဆိုတော့ ခန္ဓာကိုယ်နှင့် ဆက်စပ်ပြီး ချစ်မက်ရတဲ့ သားမယား မိဘ ဆွေမျိုး ဥစ္စာအာဏာ တန်ခိုးဆိုတာတွေလဲ မစွန့်ချင်လို့ မနေရတော့ဘူး၊ အားလုံး စွန့်ပစ်ကြရတော့တာပေါ့။

သတ္တဝါတွေ တကယ်ကြောက်နေကြတာက သေခြင်းတရား မဟုတ်ဘူး၊ တဏှာရဲ့အာရုံဖြစ်တဲ့ ခန္ဓာကိုယ်နှင့်တကွ သားမယား ဉာတကာ ပစ္စည်းဥစ္စာ တန်ခိုးအာဏာများကို စွန့်ပစ်ကြရမှာဖြစ်တယ်၊ တဏှာရဲ့အာရုံတွေကို မစွန့်ပယ် ရဘူးဆိုရင် သေရမှာကို ဘယ်သူမှ ကြောက်ရွံ့ကြမှာ မဟုတ်ပါဘူး၊ ခုတော့ သေတယ်ဆိုကတည်းက အင်မတန်ချစ်မြတ်နိုးလှတဲ့ ခန္ဓာကိုယ်ထဲကို တစ်ခါပြန် ဝင်လို့ မဖြစ်တော့ဘူး၊ ချစ်တဲ့အာရုံတွေနှင့်လဲ နောက်တစ်ကြိမ် ဆုံတွေ့ဖို့ မရှိ တော့ဘူး။ ပြီးတော့ သေပြီးတော့ ဘယ်ဘဝဆိုက်ရောက်မယ်ဆိုတာလဲ မသိဘူး၊ ဒါကြောင့် သတ္တဝါတွေဟာ သေရမှာကို အားကြီး အားကြီး ကြောက်နေ ကြခြင်းဖြစ်တယ်။

## ဆင်းရဲခြင်းအကြောင်း

လောကမှာ ဒီလောက် ကြောက်စရာကောင်းတဲ့ အိုခြင်းဆင်းရဲ နာခြင်း ဆင်းရဲ သေခြင်းဆင်းရဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေဟာ ဘာကြောင့် ဖြစ်နေ ကြရတာလဲ၊ ဒီဆင်းရဲမှုတွေမရှိရင် ဘယ်လောက်များ ကောင်းလိုက်ပါမလဲ၊ ခုတော့ ဒီဆင်းရဲတွေဟာ သတ္တဝါတွေကို အမြဲကမ်ပြီး နှိပ်စက်နေကြတယ်၊ သူတို့ကြောင့် သတ္တဝါတွေဟာ အမြဲတထိတ်ထိတ် နေကြရတယ်၊ ထိတ်သာ ထိတ်နေကြတယ်၊ သူတို့ကတော့ မခွာပါဘူး။

ဒါတွေခွာအောင် ဘယ်လိုလုပ်မလဲ၊ ဒါတွေကို ပယ်ခွာလို့ မဖြစ်တော့ ဘူးလားဆိုရင် ဒါတွေ ကင်းကွာသွားအောင်လုပ်လို့ ဖြစ်ပါတယ်၊ လုပ်လို့ဖြစ်ရင် ဘယ်လိုလုပ်ကြမလဲမေးခဲ့ရင် ရှေးဦးစွာ ဒီဆင်းရဲအစုတွေဟာ ဘာကြောင့် ဖြစ်တာလဲဆိုတဲ့ ဆင်းရဲခြင်းရဲ့အပြစ်ကို ရှာကြရမယ်။ ဆင်းရဲခြင်းရဲ့အမြစ်ကို

ရှာသို့တွေ့ခဲ့ရင် အမြစ်ကိုကူးပစ်လိုက်ရုံပေါ့၊ သစ်ပင်ရဲ့အမြစ်ကို တူးပစ်လိုက်ရင် ဆင်းရဲခြင်းမျိုးပြတ်သွားမှာ အမှန်ပါပဲ။ ဒါဖြင့်ရင် ဆင်းရဲခြင်းရဲ့အမြစ်က ဘယ်သူတုံး–ဒီအကြောင်းကိုသိရအောင် ထေရီဂါထာတော်ကလာတဲ့ ဥပစာလာထေရီမဝတ္ထုကို ထုတ်နုတ်ဖော်ပြပါဦးမယ်။

## ဥပစာလာထေရီမ

ဥပစာလာထေရီမဆိုတာ ဘုရားရှင်ရဲ့လက်ယာတော်ရံဖြစ်တဲ့ ရှင်သာရိပုတ္တရာရဲ့ နှမတော်တစ်ပါးဖြစ်တယ်၊ ရှင်သာရိပုတ္တရာဟာ မဂဓတိုင်း နာဠန္ဒမြို့အနီး နာဠကရွာ ဝင်္ဂန္တပုဏ္ဏားကြီးနှင့် ရူပသာရီပုဏ္ဏေးမကြီးတို့ရဲ့ သားရတနာဖြစ်တယ်။ ဝင်္ဂန္တပုဏ္ဏားကြီးနှင့် ရူပသာရီပုဏ္ဏေးမကြီးတို့မှာ သားသမီးပေါင်း ၇–ယောက်ရှိကြတယ်၊ သားသမီး ၇–ယောက်တို့ရဲ့နာမည်များက (၁) ဥပတိဿ (၂) စုန္ဒ (၃) ဥပသေန (၄) ရေဝတရယ်လို့ သားတော်က လေးယောက်၊ (၅) စာလာ (၆) ဥပစာလာ (၇) သီသူပစာလာရယ်လို့ သမီးတော်က သုံးယောက်၊ ပေါင်း ၇–ယောက်ဖြစ်ကြတယ်၊ ဤ၇–ယောက်ထဲက အကြီးဆုံး ဥပတိဿဆိုတာဟာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပါပဲ၊ဒါကြောင့် ဥပစာလာကို ရှင်သာရိပုတ္တရာရဲ့ နှမတော်လို့ ပြောဆိုရခြင်းဖြစ်တယ်။

စာလာ ဥပစာလာ သီသူပစာလာဆိုတဲ့ ညီအစ်မ သုံးယောက်တို့ဟာ သူတို့ရဲ့အစ်ကိုကြီး ဥပတိဿ ရဟန်းဝတ်သွားတော့ "ငါတို့အစ်ကိုကြီးဟာ ကောင်းတဲ့အလုပ်မဟုတ်ခဲ့လျှင် အရှင်ဂေါတမထံတော်မှာ ရဟန်းပြုမှာ မဟုတ်ဘူး၊ အသူဝါဒ ဖြောင့်မှန်ပြီး ကူးကဲမှန်မြတ်လို့သာ ရဟန်းပြုခြင်းဖြစ်ရလိမ့်မယ်၊ ငါတို့လဲ အစ်ကိုကြီးရဲ့ခြေရာကို နင်းပြီး ရဟန်းပြုကြမှ တော်မယ်"လို့ မိခင်ကြီးနှင့်အတူ အခဆွအမျိုးများကိုပါ စွန့်လွှတ်ပြီး ရဟန်းပြုခဲ့ကြတယ်၊ ရဟန်းဖြစ်ကြတဲ့အခါမှာ စာလာထေရီမ၊ ဥပစာလာထေရီမ၊ သီသူပစာလာထေရီမရယ်လို့ သာသနာတော်အတွင်း ထင်ရှားကျော်ကြားတဲ့ ထေရီမများဖြစ်ခဲ့ကြတယ်။

ရှင်သာရိပုတ္တရာရဲ့ နှမတော်များဖြစ်ကြတဲ့ ဒီထေရီသုံးပါးတို့ဟာ ဆိတ်ငြိမ်မှုကို လွန်စွာလိုလားတော်မူကြတယ်၊ ဒါကြောင့် လူသံသူသံ ကင်း

ဆိတ်တဲ့ တောအရပ်ကိုချဉ်းကပ်ပြီးဖိုလသမာပတ်ချမ်းသာကို ခံစားပြီး နေတော်မူတတ်ကြတယ်၊ တစ်ရက်မှာ ဥပစာလာထေရီမဟာ ဇေတဝန်ကျောင်းတော်ရဲ့ အနီးမှာတည်ရှိတဲ့ အန္ဓဝနခေါ်တဲ့ သူကန်းတောကိုဝင်ပြီး သစ်တစ်ပင်ရင်းမှာ ငြိမ်သက်စွာ သီတင်းသုံးနေစဉ် သမာဓိစျာန်တရားကို ပျက်ပြားစေလိုတဲ့ မာရ်နတ်ဟာ ယောကျ်ားပျိုယောင် ဖန်ဆင်းပြီး ဥပစာလာထေရီမရဲ့ထံပါးကို ချဉ်းကပ်လာတယ်၊ အနီးရောက်တော့ မာရ်နတ်က–

''အို–အရှင်မ၊ သင်ဟာ သူတစ်ပါး မြူးတူးပျော်ပါး ကစားနေချိန်မှာ သူတစ်ပါးလို မြူးတူးပျော်ပါးကစားခြင်းမပြုဘဲ ဒီတောထဲဘာလုပ်နေတာလဲ'' လို့ မေးတယ်၊ ထေရီမက ''ငါတရားအားထုတ်နေတယ်''လို့ ပြန်ပြောတော့ မာရ်နတ်က ''ဘာဖြစ်လို့ တရားအားထုတ်နေရတာလဲ''လို့ မေးတယ်၊ ထေရီမက ''ဇာတိကို မနှစ်သက်လို့ တရားအားထုတ်နေခြင်းဖြစ်တယ်''လို့ ပြန်ပြောတယ်။

ဒီတော့ မာရ်နတ်က ''အို–အရှင်မ၊ သင်ဟာ ဘာဖြစ်လို့ ဇာတိကို မနှစ်သက်တာလဲ၊ ဇာတိဖြစ်ပါမှ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေကို ခံစားနိုင်တယ်၊ ဇာတိမဖြစ်လျှင် ကာမဂုဏ်ချမ်းသာက ခံစားလို့ မဖြစ်ဘူး''လို့ ပြောပြီး ဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုက်တယ်။

ကိန္နု ဇာတိ န ရောစေသိ၊
ဇာတော ကာမာနိ ဘုဥ္ဇတိ။
ဘုဥ္ဇာဟိ ကာမရတိယော၊
မာဟု ပစ္ဆာနုတာပိနီ။

အဖွ–အရှင်မ၊ တွံ–သင်ရှင်မသည်၊ ကိံနု–အဘယ်ကြောင့်၊ ဇာတိ–ရုပ်နာမ်အသစ် ဖြစ်ပွားခြင်းကို၊ န ရောစေသိ–မနှစ်သက်ပါသနည်း၊ ဇာတော–ရုပ်နာမ်အသစ် ဖြစ်ပေါ်လာသောသူသည်၊ ကာမာနိ–ကာမဂုဏ်ချမ်းသာတို့ကို ဘုဥ္ဇတိ–သုံးဆောင်ခံစားရ၏။ တွံ–သင်ရှင်မသည်၊ ကာမရတိယော–ကာမဂုဏ် မေလ့အပျော်အမွေ့တို့ကို၊ ဘုဥ္ဇာဟိ–သုံးဆောင်ခံစားပါတော့လော့၊ ပစ္ဆာနုတာပိနီ–နောင်တဖန် ပူပန်ရခြင်းသည်၊ မာ အဟု–မဖြစ်ပါစေလင့်–တဲ့။

မာဂ်န္ဒတ်ရှင်ဆိုတဲ့ ဂါထာအဓိပ္ပာယ်က ရုပ်နာမ်အသစ်ဖြစ်ခြင်းကို ဇာတိလို့ခေါ်တယ်၊ အဲဒီရုပ်နာမ်အသစ် ဖြစ်ပေါ်လာရသူဟာ ဘယ်ဘဝမှာပဲ ရုပ်နာမ်အသစ်ဖြစ်ဖြစ် ဖြစ်ရာဖြစ်ရာဘဝမှာ ကိုယ်နှင့်ထိုက်တန်တဲ့ ကာမဂုဏ်ချမ်းသာကို ခံစားနိုင်တယ်၊ ကာမဂုဏ်ချမ်းသာဆိုတာဟာ သတ္တဝါတွေအတွက် အထွတ်အထိပ်ချမ်းသာဖြစ်တယ်၊ ဒီကာမဂုဏ်ချမ်းသာကို ရုပ်နာမ်ရှိသူမှ ခံစားနိုင်ခွင့်ရှိတယ်၊ ရုပ်နာမ်မရှိသူအတွက် ခံစားနိုင်ခွင့် မရှိဘူး၊ ဒီကာမဂုဏ်ချမ်းသာကို ခံစားဖို့အတွက် ရုပ်နာမ်အသစ်ဖြစ်မှုဟာ အဓိကလိုလားသင့်သော အချက်ဖြစ်ဖြစ်တယ်၊ သို့ပါလျက် သင်ရှင်မဟာ ဘာကြောင့်များ ရုပ်နာမ်အသစ်ဖြစ်ပွားခြင်းကို မနှစ်သက်ပါသလဲ၊ အို–ရှင်မ၊ ရုပ်နာမ်အသစ် ဖြစ်ပွားရခြင်းကို နှစ်သက်စမ်းပါ။ ယခုကဲ့သို့ ရုပ်နာမ်အင်ရှားရှိစဉ် ခံစားသင့်တဲ့ ကာမဂုဏ်ချမ်းသာကို ခံစားစမ်းပါ၊ တရားကျင့်သလိုလို ဘာလိုလိုနှင့် အချိန်ကုန်မခံပါနှင့်၊ နောင်ကျမှ အချိန်ရှိတုန်း ကာမဂုဏ်ချမ်းသာကို ငါမခံစားခဲ့မိပါကလားလို့ နောင်တ မဖြစ်ပါစေနှင့်လို့ ဆိုလိုတယ်။

မာဂ်န္ဒတ်က ဒီလိုကာမဂုဏ် အဆွယ်တရားကို ဟောတော့ ဥပစာလာထေရီမက–

ဇာတဿ မရဏံ ဟောတိ၊
ဟတ္ထပါဒါန ဆေဒနံ။
ဝဓဗန္ဓပရိက္လေသံ၊
ဇာတော ဒုက္ခံ နိဂစ္ဆတိ။

မာရ–ဟယ်မာဂ်န္ဒတ်၊ ဇာတဿ–ရုပ်နာမ်အသစ် ဖြစ်ပွားသောသူအား၊ မရဏံ–အမြဲမနေခန္ဓာကြွေ၍သေရခြင်းတည်းဟူသောဆင်းရဲသည်၊ ဟောတိ–မုချမသွေဖြစ်ရချေ၏။ ဟတ္ထပါဒါနံ–လက်ခြေ တို့၏၊ ဆေဒနံ–အဖြတ်အတောက်ခံရခြင်းတည်းဟူသော ဆင်းရဲသို့လည်း၊ နိဂစ္ဆတိ–ဆိုက်ရောက်ရ၏၊ ဝဓဗန္ဓပရိက္လေသံ အသတ်ခံရခြင်း, အနှောင်အဖွဲ့ခံရခြင်း, စိတ်နွမ်းပြန်းခြင်း, စိတ်ညှိုးညူးခြင်း အစရှိသော ဆင်းရဲခြင်းအမျိုးမျိုးတို့လဲ၊ နိဂစ္ဆတိ–မုချမသွေဆိုက်ရောက်ရချေ၏၊ ဇာတော–ရုပ်နာမ်အသစ် ဖြစ်ပေါ်လာသောသူသည်၊ ဒုက္ခံ–အမျိုးမျိုးသော ဆင်းရဲသို့လဲ၊ နိဂစ္ဆတိ–မုချမသွေ ဆိုက်ရောက်ရချေ၏။

ဥပစာလာ ထေရီမ ပြန်ပြောလိုက်တဲ့ ဒီဂါထာရဲ့အဓိပ္ပာယ်က ''ဟဲ့ – မာရ်နတ်တဲ့၊ အသင်ဟာ ရုပ်နာမ်အသစ်ဖြစ်ပွားခြင်း ဇာတိတရားရဲ့ဂုဏ်တွေကို ဘယ်လိုချီးကျူးပြောဆိုနေသော်လဲ သင်ချီးကျူးပြောဆိုနေတဲ့ ရုပ်သစ် နာမ်သစ် ဖြစ်ပွားလာရခြင်းဇာတိမှာ ဘာမျှ ချီးကျူးစရာမရှိဘူး၊ ဘာကြောင့် လဲဆိုတော့ လောကမှာ အိုရခြင်းဆိုတဲ့ ဆင်းရဲတွေ့၊ နာရခြင်းဆိုတဲ့ ဆင်းရဲတွေ့၊ သေရခြင်းဆိုတဲ့ ဆင်းရဲတွေ့၊ လက်ဖြတ်ခြေဖြတ်ခံရခြင်းဆိုတဲ့ ဆင်းရဲတွေ့၊ အရိုက် အနှက်ခံရခြင်းဆိုဘဲ့ ဆင်းရဲတွေ့၊ အနှောင်အဖွဲ့ခံရခြင်းဆိုတဲ့ ဆင်းရဲတွေ့၊ ဤမှ တစ်ပါးသော ကိုယ်ဆင်းရဲတွေ့ စိတ်ဆင်းရဲတွေ့ဆိုတာ ရှိနေကယ်၊ သတ္တဝါ တွေဟာ ဒီဆင်းရဲတွေနှင့် မကြုံမတွေ့ချင်ကြဘူး၊ ဒီဆင်းရဲတွေကို အင်မတန် ကြောက်ရွံ့ကြတယ်၊ ဒါပေမယ့် ဒီဆင်းရဲတွေကို ရှောင်ကွင်းလို့ မရကြဘူး၊ မပြတ်မလတ် ဒီဆင်းရဲတွေနှင့် တွေ့ထိနေရတယ်။

သတ္တဝါတွေဟာ မတွေ့ချင် မကြုံချင် အင်မတန်ကြောက်ရွံ့တဲ့ ဒီဆင်းရဲ အမျိုးမျိုးနှင့် တိမ်းလို့မရ၊ ရှောင်လို့မရ ဘာကြောင့်တွေ့ကြုံနေရတာလဲဆိုတော့ တခြားကြောင့်မဟုတ်ဘူး၊ အသင်မာရ်နတ်ချီးကျူးပြောဆိုနေတဲ့ ရုပ်သစ်နာမ် သစ်ဖြစ်ပေါ်မှု ဇာတိတရားကြောင့်ပဲ၊ လောကရဲ့အတွင်းမှာ ရုပ်သစ်နာမ်သစ် ဖြစ်ခြင်းဆိုတဲ့ ဇာတိတရားမရှိခဲ့လျှင် အိုခြင်းဆိုတဲ့ဆင်းရဲ၊ နာခြင်းဆိုတဲ့ ဆင်းရဲ၊ သေခြင်းဆိုတဲ့ ဆင်းရဲ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဆိုတဲ့ ဆင်းရဲခြင်းအမျိုးမျိုးဟာ ဘယ်လို ဖြစ်လာနိုင်ပါ့မလဲ၊ တကယ်တော့ ဆင်းရဲခြင်းအမျိုးမျိုးဟာ ရုပ်နှင့် နာမ်ကို စွဲမှီပြီးသာ ဖြစ်ကြရတယ်၊ စွဲမှီပြီးသား ရုပ်နာမ်အသစ်မဖြစ်ခဲ့ရင် ဆင်းရဲဆိုတာဟာလဲ ဖြစ်ပေါ်လို့မလာနိုင်ပါဘူး၊ ဒါကြောင့် ငါဟာ ဆင်းရဲ အမျိုးမျိုးတို့ရဲ့ စွဲမှီရာဖြစ်တဲ့ ရုပ်သစ်၊ နာမ်သစ်ဖြစ်ပေါ်လာမှု ဇာတိတရားကို မနှစ်သက်ဘူး၊ ဇာတိတရားကို မနှစ်သက်လို့ ဇာတိတရား ချုပ်ငြိမ်းအောင် ငါဟာ တရားအားထုတ်နေခြင်းဖြစ်တယ်'' လို့ ဆိုလိုပါတယ်။

ဥပစာလာထေရီမက ဒီလိုပြန်လှန်ပြောဆိုလိုက်တော့ မာရ်နတ်ယုတ်ဟာ ''ငါ့အကြံကို ဒီအရှင်မ သိသွားပါပကော'' လို့ မျှားစွာထိတ်လန့်ပြီး အဲဒီ နေရာက ပျောက်ကွယ်သွက်ပြေးသွားသတဲ့၊ ဥပစာလာထေရီမ မာရ်နတ်ကို ပြောတဲ့ ဒီစကားရပ်ထဲမှာ ဆင်းရဲခြင်းအမြစ် ဆင်းရဲခြင်းရဲ့အကြောင်းတရား ဘာ ပါသွားပြီ၊ ဆင်းရဲခြင်းအကြောင်းမူလကတော့ ဇာတိဆိုတဲ့ ရုပ်နာမ်အသစ် ဖြစ်ပေါ်ခြင်းပါပဲ။

## ရုပ်နာမ်အသစ်ဖြစ်ပြီးသော်

ရုပ်သစ်၊ နာမ်သစ်ဖြစ်ပေါ်လာတယ်ဆိုရင် အဲဒီရုပ်သစ်နာမ်သစ်ဟာ ဖြစ်တဲ့နေရာမှာ ရပ်တည်မနေဘူး။ အခုလဲ ဖြစ်ပြီးရော ဖြစ်ပြီးပြီးချင်း ပျက်သွားပါရော၊ ဒီလို ရုပ်သစ်၊နာမ်သစ်တွေ ဖြစ်လိုက် ပျက်လိုက်၊ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်နေတဲ့ ရုပ်အစဉ် နာမ်အစဉ်ကို လူပဲ နတ်ပဲ ငါပဲ သူပဲ မိန်းမပဲ ယောကျ်ားပဲ ရယ်လို့ အမည်အမျိုးမျိုးတင်ပြီး ခေါ်ဝေါ်နေကြရတယ်၊ ဒါကြောင့် ငါ့သူ တစ်ပါးစတဲ့ သက်ရှိပညတ်တွေ၊ သစ်ပင် တော တောင် ရေမြေအစရှိတဲ့ သက်မဲ့ ပစ္စည်းတွေဟာ မိမိကသာ ဒီဟာတွေဟာ အမြဲတည်တယ်လို့ ထင်ချင်ထင်ရမယ်၊ တရားကိုယ်အစစ်ကတော့ ဘယ်ရုပ်နာမ်တရားမှ အမြဲတည်တံ့နေတာ မရှိဘူး။

ရုပ်နာမ်တရားတွေ ဒီလိုအမြဲမတည်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်သစ် နာမ်သစ်ဟာ မကြာခင် မူလအသွင်က တစ်ပါးသောအသွင်ကို ပြောင်းလဲသွား ကြတယ်၊ မူလ ရုပ်သစ်၊နာမ်သစ်တွေဟာ ပျက်စီးပြီး ရင့်ကျက်လာကြတယ်၊ ဒီလို ရုပ်နာမ်တွေရင့်ကျက်လာတာကို အိုတယ်လို့ ဆိုကြရတယ်၊ ပါဠိလိုတော့ ဇရာလို့ ဆိုကြတယ်၊ ဒီအိုမှုဇရာတရားဟာ အသက်အရွယ်ကြီးမှ ဖြစ်လာတယ်လို့ မထင်နှင့်၊ မူလ ရုပ်သစ် နာမ်သစ်ဖြစ်စကပဲ ရင့်ကျက်မှု အိုခြင်းမှု ရှိလာခဲ့တယ်။

ဒီတော့ ရေပက်ကို စာစေ့တေးနှင့် ပြောရရင် ရုပ်နာမ်အစုတို့တွင် နာမ်တရားဟာ "ဥပ္ပါဒ ဋ္ဌိတိ ဘင်္ဂဝသေန ခဏတ္တယံ ဧကစိတ္တက္ခဏံနာမ" လို့ ဝီထိသင်္ဂဟမှာ ဖော်ပြထားတော်မူတဲ့အတိုင်း ဖြစ်၊ တည်၊ ပျက် ခဏငယ်သုံးချက်မျှသာ အသက်ရှည်တယ်၊ အဲဒီခဏငယ်သုံးချက်အနက် ဖြစ်တဲ့ခဏဟာ နာမ်ဇာတိတဲ့၊ ဖြစ်ပြီးတခဏမျှတည်နေဆဲသာ နာမ်ဇရာပဲ၊ တည်ပြီးချုပ်ပျက်သွားတာဟာ နာမ်မရဏပါပဲ၊ ရုပ်တရားကျတော့ "တာနိပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ" လို့ ဝီထိပိုင်းမှာ ပြဆိုတော်မူတဲ့အတိုင်း နာမ်တရားလောက် အပျက်မမြန်ဘူး၊ နာမ်စိတ္တက္ခဏ ၁၇–ချက် ခဏငယ်ပေါင်း ၅၁–ချက် အထိ အသက်ရှည်တယ်၊ ခဏငယ်နှင့်ချီလျှင် ပထမဦးစွာ ရုပ်သစ်ဖြစ်တယ်၊ ရုပ်သစ်ဖြစ်ပြီး ခဏငယ် ၄၉–ချက်တိုင်အောင် မချုပ်ဘဲ တည်နေသေးတယ်၊ နောက်ဆုံး ဘင်အချိန်ကျမှ ချုပ်သွားတယ်။

ဒီလို ရုပ်တရားတွေဖြစ်ပျက်ရာမှာ ရှေးဦးစွာ ဖြစ်စ ဥပါဒ်ခဏကို ဇာတိလို့ခေါ်တယ်၊ ဖြစ်ပြီး ရင့်သန်ကြီးထွားလာတဲ့ ဌီခဏကို ဇရာလို့ ခေါ်တယ်၊ ပျက်သွားတဲ့ ဘင်ခဏကို အနိစ္စလို့ ခေါ်တယ်၊ အဲဒီလို ရုပ်နာမ်တို့ရဲ့ ဖြစ်ဆဲဇာတိတရား တည်နေဆဲဇရာတရား ပျက်သွားတဲ့အနိစ္စတရားများကို ပုထုဇဉ်အနေစားများ သိဖို့မလွယ်ဘူး၊ ဖုံးကွယ်ပြီးနေတယ်၊ ဒါကြောင့် ပဋိစ္ဆန္နတရားလို့ ဆိုကြတယ်။

အသက်အရွယ်ကြီးမားလို့ သွားတွေကြွေ ပါးရေတွေလိပ် ဆံပင်တွေဖြူ လူချင်းမတူ သူချင်းမျှ အားအင်ပလကျို့ယွင်းလာတာကိုတော့ ဩော်.... ဒီအဘိုးကြီး အိုလှပါပေါ့ ဒီအမယ်ကြီး အိုလှပါပေါ့လို့ လူတိုင်းသိနိုင်တဲ့ အတွက် အပဋိစ္ဆန္နတရားလို့ ဆိုကြရပါတယ်၊ တို့အတူပင် ခန္ဓာကိုယ်အတွင်း မပြတ်ဖလပ် ညှဉ်းဆဲနှိပ်စက်နေတဲ့ ညောင်းခြင်း ညာခြင်း ကိုက်ခြင်း ခဲခြင်း ဆာခြင်း မွတ်ခြင်း ပူခြင်း အေးခြင်း အစရှိတဲ့ ဆင်းရဲတွေဟာ အမှန်စင်စစ် ဗျာဓိတရားတွေပါပဲ၊ ဒါပေမယ့် ထိုင်လို့ညောင်းလျှင် ထလိုက်တယ်၊ ထလို့ ညောင်းလျှင် ထိုင်လိုက်တယ်၊ ကိုက်လျှင်ခဲလျှင် အနှိပ်ခံလိုက်တယ်၊ ဆာမွတ်တော့ စားသောက်လိုက်တယ်၊ ပူတော့ ရေချိုးယပ်ခတ်ပြီး အေးတော့စောင်ခြုံပြီး မီးလှုံလိုက်တယ်၊ ဒီအခါ ခန္ဓာကိုယ်ကိုနှိပ်စက်နေတဲ့ ဗျာဓိအငယ်စားလေးတွေဟာ ပျောက်သွားပြီး ဗျာဓိလို့ မမြင်တဲ့အမြင် ချမ်းသာတရားတွေလို့တောင် ပြောင်းပြန်ထင်မြင်ခဲ့တတ်ပြန်တယ်၊ ဒါကြောင့် ဒီဗျာဓိ အငယ်စားကလေးတွေကို ညဏ်နှင့်သိဖို့ မလွယ်ဘူး၊ ဣရိယာပထတရားက အမြဲ ဖုံးလွှမ်းရတဲ့အတွက်ပဋိစ္ဆန္နဗျာဓိလို့ ခေါ်ဆိုကြရတယ်၊ အနာတ်ဖျားလာ ဟိုလာ ခိုက်လာ မခံသာအောင်ဖြစ်လာတဲ့ အပြားမျိုးအနာမျိုးကျတော့ လူတိုင်းက မဖုံးမကွယ် မြင်သိကြရတယ်၊ ဒါကြောင့်မို့ တကယ်မခံသာအောင် ဖျားတဲ့နာတဲ့ ဗျာဓိတရားကို အပဋိစ္ဆန္နဗျာဓိလို့ ခေါ်ဆိုရတယ်။

ထို့အတူ နာမ်တရားတွေဟာ ဖြစ်ပြီးပြီးချင်း ပျက်သွားတယ်၊ မျက်စိတစ်မှိတ်လေးကအတွင်းမှာ ကုဋေတစ်သိန်းလောက် ဖြစ်ပြီးပျက်ကြတယ်၊ အဲဒီလို ဖြစ်ပေါ်လာတဲ့ နာမ်ရဲ့ဇာတိ ပျက်သွားတဲ့ နာမ်ရဲ့ဘင်ကို ဝိပဿနာခွင်မှာ စိတ်ငြိမ်ငြိမ်ထားပြီး မကြည့်သရှုသာမာန်လူတွေ မမြင်နိုင်ဘူး၊ သန္တတိတရားတွေက အမြဲဖုံးလွှမ်းနေတယ်၊ ဒါကြောင့် ဒီလို အဖြစ်အပျက်မျိုးကို ပဋိစ္ဆန္န

ဇာတိ ပဋိစ္စသမုပ္ပါဒ်မရဏလို့ ခေါ်ဆိုရတယ်၊ ဇာတိတရား ဖြစ်ပွားလာတဲ့ အရာဝတ္ထုမှန်သမျှတွေဟာ သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပဲဖြစ်ဖြစ် အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာတရား၊ ကိုက်ခဲခြင်းဆိုဘဲ့ ဗျာဓိတရား၊ စုတိပြတ်ကြွေ သေလွန်ရခြင်း ဆိုတဲ့ မရဏတရားတွေဟာ မပြတ်မစဲ ထပ်တလဲလဲ နှိပ်စက်နေကြတယ်။

## လူဆိုးကြီး လေးယောက်

ဒီလို ဇာတိ ဇရာ ဗျာဓိ မရဏ တရားတို့ တိုက်စားနှိပ်စက်နေပုံကို ဆရာသခင် အရှင်မြတ်တို့က လူဆိုးကြီးလေးယောက်တို့နှင့် ဥပမာပေးထားတော်မူကြတယ်။

လူတစ်ယောက်မှာ ရန်သူကြီးလေးယောက် ရှိနေသတဲ့၊ ရန်သူကြီးလေးယောက်တို့ဟာ ဒီလူကို နှိပ်စက်ဖို့ အခွင့်အသမ်းကို ရှာနေကြရာမှာ တစ်ရက်တော့ နှိပ်စက်ဖို့အခွင့် ရလာကြတယ်၊ ဒါကြောင့် ဇာတိဆိုတဲ့လူဆိုးကြီးက ရှေးဦးစွာ ထိုသူ့ကိုဖမ်းပြီး တခြားကို ပြေးမလွတ်နိုင်အောင် ခိုင်မာသော ကြိုးဖြင့် တုပ်နှောင်လိုက်သတဲ့၊ အတုပ်အနှောင်ခံထားရတဲ့ ထိုသူ့ကို ဇရာဆိုတဲ့ လူဆိုးကြီးက အားနည်းအောင် သတိမေ့လျော့အောင် ပုပ္ပလိုက်သတဲ့၊ ဇရာလူဆိုးကြီး နှိပ်စက်မှုကြောင့် အားနည်းနေ သတိမေ့လျော့နေတဲ့ ထိုသူ့ကို ဗျာဓိဆိုတဲ့ လူဆိုးက မခံသာအောင် ရိုက်နှက်ထိုးခုတ်ခြင်း ပြုလိုက်သတဲ့။

ဗျာဓိလူဆိုးရဲ့ လက်ချက်ကြောင့် မသက်မသာ ဆင်းရဲနေတဲ့ ထိုသူ့ကို မရဏဆိုတဲ့ လူဆိုးကြီးက ထိုသူမသိအောင် အပါး ချဉ်းကပ်လာပြီး ထက်လှစွာသော သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ချလိုက်ပါသတဲ့၊ ဒီဥပမာရဲ့အဓိပ္ပာယ်က ဇာတိဆိုတဲ့ ပဋိသန္ဓေတည်ခြင်းနေ ဖြစ်ပေါ်လာတဲ့ ပုဂ္ဂိုလ်မှန်သမျှ အိုခြင်းတရား နာခြင်းတရား သေခြင်းတရားများရဲ့ အနှိပ်စက်ကို ကြေန်မုချ ခံရမှာ အမှန်ပဲလို့ ဆိုလိုရင်းဖြစ်ပါတယ်။

ဒီဇာတိဇရာ ဗျာဓိမရဏတို့ရဲ့ နှိပ်စက်မှုကို မိမိတို့ဟာ သိချင်လဲသိကြပေ
လိမ့်မယ်။ မသိချင်လဲ မသိကြဘူးပေါ့၊ သိသည်ပင်ဖြစ်စေ မသိသည်ပင်ဖြစ်စေ
သူတို့ကတော့ ရပ်နားမှုမှာဘဲပြီး အမြဲနှိပ်စက်နေကြတာ အမှန်ပဲ၊ ဒီတရားတေ

မနှိပ်စက် စေရဘူးလို့ လောကအတွင်း တာဝန်ခံယူနိုင်တဲ့ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်မျှ မရှိပါဘူး၊ ဒီအကြောင်းကို ဘုရားသခင်က အင်္ဂုတ္တရစတုက္က နိပါတ် ဗြာဟ္မဏဝဂ်မှာ—

> စတုန္နံ ဘိက္ခဝေ ဓမ္မာနံ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏော ဝါ ဗြာဟ္မဏော ဝါ ဒေဝေါ ဝါ မာရော ဝါ ဗြဟ္မာ ဝါ ကောစိ ဝါ လောကသ္မိံ

စသည်ဖြင့် မိန့်ဆိုတော်မူထားတယ်၊ လောကအတွင်းမှာ ဘုန်းတန်ခိုး အင်မတန်ကြီးမားတဲ့ သမဏပင်ဖြစ်စေ၊ ဗြာဟ္မဏပင်ဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ ဘယ်လိုပုဂ္ဂိုလ်ပင်ဖြစ်စေ အိုတတ်တဲ့တရားကို မအိုစေရလို့ တာဝန်မယူနိုင်ဘူး၊ ဖျားတတ် နာတတ်တဲ့ရား၊ စုတိဖြတ်ကြွေ သေတတ်တဲ့ တရားတို့ကို မဖျားမနာစေရ၊ မသေစေရလို့ တာဝန်ယူနိုင်တဲ့ ပုဂ္ဂိုလ်မရှိဘူးတဲ့။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယား ပြစ်မှားခြင်း၊ မုသားပြောခြင်း၊ သေရည်သေရက် သောက်စားခြင်းတို့ရဲ့ အကျိုးတရားကိုလဲ မဖြစ်ပွားစေရဘူး၊ ငါတာဝန်ယူမယ်လို့ အကုသိုလ်တို့ရဲ့အကျိုးကို တာဝန် ယူနိုင်တဲ့ ပုဂ္ဂိုလ်သည်လည်း ဒီကမ္ဘာလောကကြီးအတွင်းမှာ တစ်ဦးတစ်ယောက်မျှ မရှိပါဘူးတဲ့၊ ဒါကြောင့် ရုပ်နာမ်အသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိတရားပေါ်လာရင် အဲဒီဇာတိရဲ့နောက်မှာ အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာတရား၊ ဖျားခြင်း၊ နာခြင်း ဆိုတဲ့ ဗျာဓိတရား၊ သေဆုံးရခြင်းဆိုတဲ့ မရဏတရားတွေဟာ အပ္ပဋိစ္ဆန္န သဘော အားဖြင့် ဖုံးမရ ကွယ်မရ ရှောင်ဖယ်လို့မရ တော့တွေ့ကြုံရမှာတွေဖြစ်တယ်၊ ပဋိစ္ဆန္နဆိုတဲ့ ဖုံးကွယ်နေတဲ့ ဒုက္ခတွေကတော့ ယခုပဲ ထပ်ပြန်တလဲလဲ တရံမစဲ ဖြစ်နေကြပြီ၊ ဟုတ်သလား မဟုတ်ဘူးလား၊ ခေတ္တလောက် ခန္ဓာကိုယ်အပေါ် သုံးသပ်ကြည့်လိုက်ကြစမ်းပါ၊ ခန္ဓာကိုယ်အတွင်း ယိုယွင်းလာတာတွေ ညောင်း ညာ ကိုက်ခဲလာတာတွေကို မျက်ဝါးထင်ထင် မြင်တွေ့နိုင်ကြပါတယ်။

ခန္ဓာကိုယ်ကို ချဉ်းကပ် နှိပ်စက်နေကြတဲ့ ဒီအိုခြင်းတရား၊ နာခြင်းတရား တွေကို ညာဏ်မှာမြင်ခဲ့ရင် ဘာလုပ်ကြမလဲ၊ ဒီအိုခြင်းတရား နာခြင်းတရားတွေ ဟာ သေခြင်းတရားဆီကို တွန်းပို့နေကြတယ်လို့ တစ်ဆင့်တက်ပြီး မြင်အောင်

ကြည့်လိုက်ပါ၊ ဟုတ်ပါတယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ ကိုယ်မသိတဲ့ ခဏိကမရဏ တရားရဲ့ အနှိပ်အစက်ကိုခံနေရပြီး နောက်ဆုံးတစ်ရက်မှာ ကိုယ်သိကဲ့သမ္မုတိ မရဏဆိုတဲ့ ချောက်တွင်းထဲကို ပြန်လိမ့်ကျတော့မှာပါပဲ၊ မရဏချောက်တွင် ကျဆင်းရက်ကာလ ဝေးသလား၊ မဝေးဘူး၊ နီးနီးကလေးရယ်။

"အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ" ... "အဇ္ဇေဝ သုဝေ၀၊ ခုတော့ဆာပြုံလုန် ယနေ့လား နက်ဖြန်
ရက်မှန်မှန်မသိ။ အနိစ္စလက္ခဏာငယ်၊ သန်ဘက်ခါဆုံးဖြတ်မရှိ" ဂ

သေခြင်းတရားဆိုတဲ့ မရဏတရားဟာ ဒီယနေ့ ကိုယ့်ထံ ရောက်ချ ရောက်လာမယ်၊ သို့မဟုတ် နက်ဖြန်သော်လည်း ရောက်ချင် ရောက်လာတ တယ်၊ မမြဲတဲ့တရားကို နက်ဖြန်သာမယ်၊ သန်ဘက်ခါလာမယ်၊ သို့မဟု ဘယ်တော့ လာမယ်လို့ ဘယ်သူမျှ မသိနိုင်ဘူး၊ ဘယ်သူမျှ မဆုံးဖြ နိုင်ဘူး၊ နေ့မြင် ညပျောက်တဲ့၊ ညမြင် နေ့ပျောက်တဲ့ သေခြင်းတရားဟာ အလွန်ကြောက်စရာကောင်းတယ်၊ သေပြီးတဲ့နောက်တော့ ဘာဖြစ်မလဲ၊ ဘ သူမျှ မသိနိုင်ဘူး၊ ဂတိငါးပါးအနက် ဘယ်ဂတိကို သွားမလဲ၊ နောင်ဘဝမှ ဗုဒ္ဓဘာသာရဲ့ အရိပ်အာဝါသ ကံ၊ ကံရဲ့အကျိုးယုံကြည်မှုကလေးမျှ ရပါဦးမလာ ဒီတော့ မသေခင် ဘာများ လုပ်သင့်ကြပါသလဲ၊ ဒီနေရာမှာ လုပ်သင့်လုပ်ထို တာကို အတုယူဖို့အတွက် မသေရပါသာမှာလာတဲ့ ဥတ္တိယမထေရ်မြတ် အကြောင်းကို ပြောပြဦးမယ်။

ဥတ္တိယမထေရ်

လွန်လေပြီးသော ကိုးဆယ့်လေးကမ္ဘာထက်က သိဒ္ဓတ္ထအမည်တော် ရှိသော သမ္ဗုဒ္ဓရှင်တော်ဘုရား ထင်ရှားဖြစ် ပွင့်တော်မူဖူးတယ်၊ သိဒ္ဓတ္ထမြတ်စွ ဘုရား ထင်ရှားဖြစ် ပွင့်စဉ်ကာလက ဥတ္တိယမထေရ်ရဲ့ အာလောင်းတော်ဟ စန္ဒဘာဂါအမည်ရှိတဲ့ မြစ်ကြီး တစ်ခုရဲ့အတွင်းမှာ ကိုယ်ခန္ဓာ အလွန်ကြီးမား မိကျောင်းသတ္တဝါဖြစ်ခဲ့ဖူးသတဲ့။

မိကျောင်းကြီးဟာ ဘာသာဘာဝ မြစ်တွင်း လှည့်လည် သွားလာရင် မြစ်ကမ်းအနီးမှာ ရပ်တန့်တော်မူနေတဲ့ ဘုရားရှင်ကို မြင်လိုက်သတဲ့ တိရစ္ဆာန်

ဖြစ်သော်လည်း ဘုရားရှင်ရဲ့ မေတ္တာတော်တန်ခိုးကြောင့် မိကျောင်းကြီးဟာ ဘုရားရှင်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ချစ်ခင်တဲ့စိတ် ကြည်ညိုတဲ့စိတ်မျိုး ဖြစ်ပွားလာတယ်၊ ငါဟာ ဘုရားရှင်ကို တစ်ဘက်ကမ်းကို ပို့ဆောင်ပေးရရင် ကောင်းမှာပဲလို့ အကြံဖြစ်လာပြီး ဘုရားရှင် ရပ်တန့်တော်မူရာ ကမ်းစပ်အနီး ချဉ်းကပ်သွားတယ်၊ ကမ်းစပ်ကိုရောက်တော့ ရေထဲက ဦးခေါင်းကိုဖော်ပြီး "အသျှင်ဘုရား မဟာဘုရား၊ တရားရေအိုင် အဟုံသုဝံ–ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရား တပည့်တော်ကို သနားသောအားဖြင့် ကျောပေါ်ကို တက်စီးတော်မူပါ၊ တပည့်တော်သည် အရှင်ဘုရားကို ပို့ဆောင်ပေးပါရစေ"လို့ လျှောက်ထားတော့၊ ဘုရားရှင်လဲ မိကျောင်းကြီးကို သနားတော်မူတဲ့အတွက် မိကျောင်းရဲ့ကျောပေါ်ကို ခြေတော်နှစ်လုံး တင်တော်မူလိုက်တယ်။

မိကျောင်းကျောပေါ် ခြေတော်တင်တော်မူလိုက်သည်နှင့် တပြိုင်နက် မိကျောင်းဟာ ရွှင်သောစိတ် တက်ကြွသောစိတ်တွေ ဖြစ်ပေါ်လာပြီး ပီတိအဟုန်နှင့် နှစ်ဆယက်အား သုတ်ပြီး တစ်ဘက်ကမ်းကို ကူးသွားတယ်၊ တစ်ဖက်ကမ်းရောက်တော့ မိကျောင်းကျောပေါ်က ဘုရားရှင် ဆင်းတော်မူပြီး မိကျောင်းရဲ့စိတ်ကို ဘုရားရှင် ဆင်ခြင်ပြီး ကြည့်တော်မူလိုက်တယ်၊ မိကျောင်းကြီးဟာ ဘုရားရှင်ကို ကူးတို့ကူးပို့ရလို့ စိတ်ဓာတ်ဟာ ရွှင်လန်းပြီး ကြည်လင်နေတာကို မြင်တော်မူတယ်၊ ဒါကြောင့် ဘုရားရှင်က "ဒီမိကျောင်းဟာ ဒီဘဝက စုတေလျှင်ပဲ နတ်ဖြစ်ပေါ်ရမယ်၊ လူနတ်ပျော်စည်းစိမ်ခံစားပြီး ဒုဂ္ဂတိဆိုတဲ့ အပါယ်ကို မလားဘဲ သုဂတိဆိုတဲ့ ဘုံတွေမှာသာ ကျင်လည်ရလိမ့်မယ်၊ ကိုးဆယ့်လေးကမ္ဘာ လွန်မြောက်ပြီး ဂေါတမဘုရားလက်ထက် ရောက်တဲ့အခါ အမြိုက်နိဗ္ဗာန်ကို ဆိုက်ရောက်ရလိမ့်မယ်"လို့ ဗျာဒိတ်စကား မြွက်ကြားပြီး ကြွသွားတော်မူတယ်။

ဥတ္တိယမထေရ်ရဲ့အလောင်းတော်ဟာ ဘုရားရှင်ဗျာဒိတ်စကား မိန့်ကြားတော်မူတဲ့အတိုင်း ကိုးဆယ့်လေးကမ္ဘာတိုင်တိုင် လူ့ဘုံနတ်ဘုံဆိုတဲ့ သုဂတိဘုံတွေမှာသာကျင်လည်ပြီး ကိုးဆယ့်လေးကမ္ဘာအတွင်း သိကြားမင်းဘဝက ခုနစ်ကြိမ်၊ စကြဝတေးမင်းဘဝက သုံးကြိမ်ဖြစ်ခဲ့ရဖူးသတဲ့၊ ယခု ဂေါတမရှင်တော်ဘုရား လက်ထက်ရောက်တော့ သာဝတ္ထိပြည် အညတရပုဏ္ဏားရဲ့သား ဖြစ်လာတယ်၊ နာမည်ကတော့ ဥတ္တိယ-တဲ့။

အချိန်အရွယ်ရောက်လာတဲ့အခါ အခြားသူများလို ကာမဂုဏ်တရားနှင့် ပျော်ပါးလိုတဲ့စိတ်မရှိဘဲ အမြိုက်ချမ်းသာကို ရအောင်ရှာမယ်ဆိုတဲ့ စိတ်ရင်း ကောင်းနှင့် ရှေးဦး စွာ ပရိဗိုဇ်ရဟန်းပြုခဲ့တယ်၊ ပရိဗိုဇ်ဆိုတာ ရဟန်းများလို သင်္ကန်းဝတ်ပြီး လူမှုကိစ္စတွေကို မလုပ်ဘဲ ကုသိုလ်တရားရှာမှီးနေတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်၊ ဒါပေမယ့် ပရိဗိုဇ်ရဟန်းဟာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တော့ မဟုတ်ဘူး၊ သာသနာပ ပုဂ္ဂိုလ်မျိုးသာဖြစ်တယ်၊ ဘုရားရှင် ပွင့်တော်မမူခင်က မဇ္ဈိမတိုက် မှာ ဒီလို ပရိဗိုဇ်ရဟန်းတွေ အတော်များများရှိတယ်၊ ဘုရားပွင့်တော်မူလာပြီး နောက် အချို့သော ပရိဗိုဇ်များလဲ ဗုဒ္ဓသာသနာတော်အတွင်း ဝင်ရောက် လာကြတယ်။

ဥတ္တိယဟာ ပရိဗိုဇ်ဘဝနှင့် လှည့်လည်နေရာက တစ်နေ့တော့ ဘုရားရှင်နှင့် ကြုံတွေ့ခဲ့တယ်၊ အတိတ်ဘဝက ပါရမီမျိုးစေ့ပါလာခဲ့တော့ ဘုရားရှင်နှင့် ကြုံတွေ့ လျှင် ကြုံတွေ့ချင်း ဘုရားရှင်အပေါ် ကြည်ညိုတဲ့စိတ် ဖြစ်လာတဲ့အတွက် ထံတော်ပါးချဉ်းကပ်ပြီး တရားနာယူတယ်၊ တရားတော်နာကြားရတဲ့အခါ သဒ္ဓါတရား ဖြစ်ပွားလာပြီး ဘုရားရှင်ထံမှာ ရဟန်းပြုခွင့်တောင်းတယ်၊ ဘုရားရှင်က ခွင့်ပေးတော့ သာသနာတော်အတွင်း ရဟန်းအဖြစ် ခံယူခဲ့တယ်၊ ရဟန်းဖြစ်တော့လဲ ''ဥတ္တိယမထေရ်''လို့ပဲ ခေါ်ဝေါ်ကြတယ်။

ဥတ္တိယဟာ သာသနာတော်ဝန်ထမ်းရဟန်းတော့ ဖြစ်လာပြီ၊ ဒါပေမယ့် ပရိဗိုဇ်ဘဝနှင့် ထင်ရာမြင်ရာ ကျင့်ကြံလာခဲ့တဲ့ ဗာဟိရစရိုက်အကျင့်တွေက မကုန်ဘူး၊ ''ဝါသနာ ဒုပ္ပမုဉ္စာဝ၊ ဘဝါဘဝံ နုဂစ္ဆံရ''တဲ့၊ ဝါသနာ-အလေ့အကျင့်ဝါသနာကို၊ ဒုပ္ပမုဉ္စာဝ-ဖြေဖြတ်ရန် ခဲယဉ်းလှသည်သာလျှင် တည်း၊ ဘဝါဘဝံပိ-ဘဝကြီးငယ်သို့လဲ၊ အနုဂစ္ဆရေ-အစဉ်လိုက် တတ်ကုန် သည်သာလျှင်တည်း။ အလေ့အကျက် ဝါသနာဆိုတာ စွန့်ဖို့အင်မတန်ခက်တယ်၊ ဒီတစ်ဘဝမျှသာမကဘဲ ဟိုဟို နောက်နောက်ဘဝကိုတောင် လိုက်တတ်ပါသေး သတဲ့၊ ဥတ္တိယမထေရ်ဟာလဲ သာသနာပဗာဟိရ ပရိဗိုဇ်အကျင့်တွေအပေါ် အလေ့အလာက များလာခဲ့တယ်၊ သာသနာတော်အတွင်း ရောက်လာသော်လဲ အဲဒီအလေ့အကျင့်တွေက မကုန်ဘူး၊ ဒါကြောင့် သူ့ရဲ့သီလ သူ့ရဲ့သမာဓိ သူ့ရဲ့ပညာများဟာ မစင်ကြယ်ဘူး၊ သီလ သမာဓိ ပညာ မစင်ကြယ်တဲ့အတွက် မဂ်ဖိုလ်ကို မရဘူး။

သူနှင့်ကျင့်ဖော်ကျင့်ဖက် အခြားရဟန်းတော်များလိုတရားထူးကိုရအောင် မစွမ်းနိုင်ဘူး၊ ဒါကြောင့် ဘုရားရှင်ထံ ချဉ်းကပ်ပြီး သူ့ကို တရားအကျဉ်းမျှ ဟောပြတော်မူပါလို့ လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က—

"ချစ်သား ဥတ္တိယ—ငါဘုရားရဲ့ အဆုံးအမ သာသနာတော်မှာ အကျင့်သီလတရားဟာ အာဒိမူလ ပထမဖြစ်တယ်၊ အာဒိမူလပဌမဖြစ်တဲ့ သီလတရားကို စင်ကြယ်အောင် သုတ်သင်လော၊ သီလစင်ကြယ်နေရင် စိတ်ရဲ့ တည်ကြည်ခြင်း သမာဓိတရား ဖြစ်တယ်၊ သမာဓိတရား ဖြစ်ပွားခဲ့ရင် အမှန်တရားကိုသိခြင်းပညာ ဖြစ်ပွားစေနိုင်တယ်၊ ဒါကြောင့် သီလတရားကို စင်ကြယ်အောင် သုတ်သင်လော" လို့ အကျဉ်းချုပ်ဟောတော်မူတယ်၊ ဒီ ထေရဂါထာ အဋ္ဌကထာမှာ ဘုရားရှင်က—"တသ္မာတိဟ တွံ ဥတ္တိယ အာဒိမေဝ ဝိသောဓေဟိ – ချစ်သား ဥတ္တိယ၊ သင်သည် သာသနာတော်၏ အစမူလဖြစ်သော သီလတရားကိုသာ သုတ်သင်လော့" လို့ အကျဉ်းချုပ် ဟောထားတယ်၊ သီလ သမာဓိ ပညာရယ်လို့ သိက္ခာသုံးပါးရှိရာမှာ သီလသိက္ခာဟာ အလွန်အရေးကြီးတယ်၊ သီလသိက္ခာမပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ အခြေခံတရားပျက်စီးတဲ့အတွက် သမာဓိသိက္ခာ ပညာသိက္ခာများလဲ ပျက်စီးတတ်တယ်၊ သမာဓိသိက္ခာ ပညာသိက္ခာ ပျက်စီးတဲ့ပုဂ္ဂိုလ်ဟာ ယခုဘဝမှာ မဂ်ဖိုလ်ရဖို့အတွက် မျှော်လင့်ချက်မရှိဘူး၊ သီလပြည့်စုံခဲ့လျှင် သမာဓိသိက္ခာ ပညာသိက္ခာတို့ဟာ ထွန်းနေခက်ရပေါ် ဖြစ်ပွားပြီး လာတတ်တယ်။

ဒီနေရာမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကလာတဲ့ မဟာသံဃရက္ခိတမထေရ်၏ အကြောင်းကို ပြောဦးမယ်။

## မဟာသံဃရက္ခိတမထေရ်

မဟာသံဃရက္ခိတဆိုတာ သက်တော် ရှစ်ဆယ် ဝါတော် ခြောက်ဆယ်ရှိတဲ့ မဟာထေရ်ကြီးဖြစ်တယ်။ မဟာသံဃရက္ခိတ မထေရ်ကြီးဟာ ဝါတော် ခြောက်ဆယ်တိုင်အောင် သီလကို အထူးကြိုးစားဖြည့်ကျင့်တော် မူခဲ့သော်လည်း နှောင် ပွင့်တော်မူလတ္တံ့ဖြစ်တဲ့ အရိမေတ္တေယျဘုရားရှင်ကို အလွန်ဖူးမြင်လိုတဲ့စိတ်ကြောင့် ယခုဘဝ ပရိနိဗ္ဗာန် မဝင်စံချင်သေးဘူး ၊ ဒါကြောင့် သီလကိုသာ လုံခြုံအောင် ပြည့်ကျင့်တော်မူပြီး ဝိပဿနာတရားကိုတော့ ပေါက်ရောက်အောင် ပွား

များတော် မမူဘူးတဲ့၊ ဒီလိုနှင့် သက်တော် ကြီးမားပြီး ဝါတော် ခြောက်ဆယ်က ကျော်လွန်တဲ့အခါ ဇရာဆိုတဲ့ အိုခြင်းရဲ့နောက်မှာ ဗျာဓိဆိုတဲ့ နာခြင်း ကပ်ရောက်လာတဲ့အတွက် သေရည္ဘောင်စောင်းမှာ လဲတော်မူပါတယ်၊ ဒီလို လဲတော်မူတဲ့အခါ ဝိုင်းဝန်းပြုစုကြတဲ့ ရဟန်း သံဃာတော်များက "အရှင်ဘုရားဟာ သီလတရား လွန်စွာပြည့်စုံတဲ့ မထေရ်မြတ်ကြီးဖြစ်လို့ အများက အရိယာပုဂ္ဂိုလ်ကြီးလို့ ယူဆနေကြပါတယ်၊ အများယူဆကြတဲ့အတိုင်း အရှင်ဘုရားရဲ့သန္တာန်မှာ လောကုတ္တရာတရားများ ရှိပါသလား" လို့ မေးကြတယ်၊ မထေရ်ကြီးက "ငါ့ရှင်တို့–ငါ့ရဲ့သန္တာန်မှာ လောကုတ္တရာတရား မရှိဘူး" လို့ အမှန်အတိုင်း ဖြေ ကြား တော်မူတယ်။

သံဃာတော်များက "အရှင်ဘုရားကသာ အရှင်ဘုရားရဲ့ သန္တာန်မှာ လောကုတ္တရာတရားများ မရှိဘူးလို့ မိန့်တော်မူတယ်၊ အရှင်ဘုရား ပရိနိဗ္ဗာန် ဝင်စံတော့မယ်ရယ်လို့ ထက်ဝန်းကျင် နှစ်ယူဇနာတိုင်အောင်သော အရပ်များက လူတွေဟာ ရဟန္တာအရှင်မြတ်ကြီးကို နောက်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ရယ်မယ်လို့ အုတ်အုတ်ကျက်ကျက် လာနေကြပါတယ်၊ အရှင်ဘုရားဟာ ရဟန္တာ မဟုတ်ဘူး၊ ပုထုဇဉ်မျှသာဖြစ်ကြောင်း လူတွေသိသွားလျှင် စိတ်နှလုံး မချမ်းမသာ ဖြစ်ကြရှာတော့မှာပဲ" လို့ လျှောက်ထားကြတော့ မထေရ်ကြီးက "အို–ငါ့ရှင်တို့၊ ငါသည်ကား မေတ္တေယျဘုရားရှင်ကို ဖူးမြင်လိုတဲ့အတွက် ဝိပဿနာဘာရားကို အား မထုတ်ဘဲ နေခဲ့တယ်၊ ဒါယကာတို့ရဲ့ သဒ္ဓါတရား မပျက်ပြားရအောင် ယခုပင် တရားရအောင် အားထုတ်မယ်၊ ငါ့ကို ထူမပေးပြီး အခန်းအပြင်ဘက်သို့ ခဏ ထွက်ပေးကြပါ" လို့ မိန့်တော်မူသတဲ့၊ ရဟန်းငယ်များလဲ မထေရ်ကြီးကို ထူ ပေးပြီး အခန်းပြင်ဘက်ကို ခဏထွက်ပေးကြတယ်၊ မထေရ်ကြီးဟာ ရဟန်း ငယ်များ အခန်းပြင် ထွက်လျှင်ထွက်ချင်း အရဟတ္တဖိုလ်ကို ရောက်တဲ့အတွက် လက်ဖျောက်တီးပြီး အမှတ်ပေးတော် မူလိုက်သတဲ့၊ သံဃာတော်များလဲ စည်ဝေးရောက်လာကြပြီး–

"အရှင်ဘုရား–ဤသို့ သေခါနီးဆဲဆဲ လောကုတ္တရာဘရားကို ရအော အားထုတ်နိုင်သည်မှာ အံ့သြစရာ ပြုနိုင်ခဲ့တဲ့အရာ ဖြစ်ပါပေတယ်" လို့ လျှော ထားကြတယ်၊ ဒီအခါ မထေရ်ကြီးက "ငါ့ရှင်တို့ ငါဟာ ရဟန်းဖြစ်သည် စပြီး ထက်သန်သော သဒ္ဓါတရားဖြင့် ပါတိမောက္ခသံဝရသီလကို လုံ ခြုံ စွ

စောင့်လျက် သတိပဋ္ဌာန် လေးပါးဖြင့် သတိကိုလွှတ်၍ ပြုမိသောအရာကို မမြင်ဖူးဘူး၊ ဒါကြောင့် မဂ်ဖိုလ်ကို လျင်မြန်စွာရလွယ်ခြင်းဖြစ်တယ်''လို့ မိန့်ဆိုတော်မူတယ်။

## စူဠသံဃ ရက္ခိတ

မဟာသံဃရက္ခိတ မထေရ်ဟာ သီလကို အထွတ်အမြတ်ထားပြီး ကျင့်သုံးဆောက်တည်တော်မူတဲ့အတွက် ဝိပဿနာအလုပ်လုပ်တော့ လျင်လျင်မြန်မြန် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတော်မူသလို မဟာရက္ခိတ မထေရ်ကြီးရဲ့ တူတော်ရင်းဖြစ်တဲ့ စူဠသံဃရက္ခိတ မထေရ်ဟာလဲ သီလကို လုံခြုံစွာ စောင့်ရှောက်တော်မူခဲ့ပြီး ဝါတော် ငါးဆယ့်သက်တော် ခုနစ်ဆယ် ရောက်မှ ဦးရီးတော်လိုပင် ဝိပဿနာတရားပွားများလျှင် ပွားများချင်း အလျင်အမြန် ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုတော်မူပါတယ်၊ ဒါကြောင့်မို့ မဂ်ဖိုလ်နိဗ္ဗာန် လိုသားတဲ့ ပုဂ္ဂိုလ်မွန်သမျှ သာသနာတော်ရဲ့ အာဒိမူလ အစအရင်းဖြစ်တဲ့ သီလတရားကို ကြိုးစားပြီး စောင့်ရှောက်ထိန်းသိမ်းသင့်ကြတယ်။

## ရောဂါပေပ်ရောက်လာခြင်း

အရှင် ဥတ္တိယမထေရ်ဟာ ဘုရားရှင် ဟောမိန့်တော်မူတဲ့အတိုင်း သီလတရားတော်ကို စင်ကြယ်စွာ သုတ်သင်တော်မူပြီး ဆိတ်ငြိမ်တဲ့ တောအရပ်မှာ တစ်ပါးတည်း တရားအားထုတ်တော်မူခဲ့တယ်၊ ဒီလို တရားအားထုတ်တော်မူရင်း အဖျားရောဂါဝေဒနာ ကပ်ရောက်လို့လာပါသတဲ့၊ အဖျားရောဂါ ကပ်ရောက်လာတော့ စိတ်ဟင်သလို တရားအားထုတ်လို့ မရဘူး၊ ပေါ်လာတဲ့အဖျားရောဂါ ဝေဒနာကို ဖြစ်ပျက်ထင်အောင် ရှုဖို့ဆိုတာလဲ အပြောလွယ်သလောက် အလုပ်မှာ မလွယ်ဘူး၊ ဒါကြောင့် အရှင်ဥတ္တိယဟာ အဖျားရောဂါရဲ့ဒဏ်ကို အလူးအလှိမ့် ခံရင်းနှင့် ဒီလို သတိ သံဝေဂတရား ဖြစ်ပွားလာသတဲ့၊ ဘယ်လို သတိတရား ဖြစ်ပွားလာသလဲဆိုတော့–

''အင်း–တစ်မင်္ဂ တစ်ဖိုလ်ဆိုတာ အကြောင်းညီညွတ်ဖို့ အင်မတန် ခဲခက်တယ်၊ ခန္ဓာကိုယ်လဲ ကျန်းမာသန်စွမ်းပါမှ၊ အကျင့်သီလလဲ ဖြူစင်သန့်ရှင်းပါမှ၊ ပါရမီဓာတ်ခံလဲ ရင့်သန်ပါမှ၊ ဉာဏ်အမြင်လဲ ထက်သန်စူးရှပါမှ၊ ကြိုးစားအား

ထုတ်မှုလဲ ရှိပါမှ တစ်မဂ်တစ်ဖိုလ်ကို ရနိုင်တယ်၊ အခု ငါ့ခန္ဓာမှာ အနာရောဂါ ကပ်ရောက်လာတယ်၊ ဒီရောဂါအတွက် ဝိပဿနာအလုပ်ကြီးကို လက်လွှတ်ရတော့မလို ဖြစ်နေပြီ၊ ဒီဝေဒနာဟာ ငါ့ရဲ့အသက်ကို နှိပ်စက် တိုက်ဖျက်ချင် တိုက်ဖျက်သွားလိမ့်မယ်၊ ဒီရောဂါဟာ ငါ့ကို မသတ်ဘူးလို့ မဆိုနိုင်ဘူး၊ ရောဂါကြောင့် သေသွားလျှင် ဆင်းရဲအမျိုးမျိုးကို ကိစ္စတုံးပယ်ဖျက်နိုင်တဲ့ ဒီလိုတရားမျိုးကို ပွားများအားထုတ်ဖို့ မလွယ်ကူဘူး၊ ဒီတော့ ဒီရောဂါနှိပ်စက်လို့ သေချင်သေသွားပေ့စေ တရားကို လက်လွှတ်လို့တော့ မဖြစ်ဘူး''လို့ သတိသံဝေဂ ရပြီး ကိုယ်မှာ ကပ်ရောက်နေတဲ့ ဒုက္ခဝေဒနာကိုပင် ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းပွားများတော်မူလိုက်ရာ မကြာမီ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်တော်မူသွားတယ်၊ ရဟန္တာအဖြစ် ရောက်တော်မူသွားသော အရှင်ဥတ္တိယဟာ အင်မတန် ဝမ်းမြောက်တော်မူတယ်၊ အင်မတန် ဝမ်းမြောက်တော် မူလှတဲ့အတွက် ဥဒါန်းဂါထာတစ်ပုဒ်ကို ရွတ်တော်မူလိုက်တယ်။

အာဗာဓေ မေ သမုပ္ပန္နေ၊ သတိ မေ ဥပပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ ကာလော မေ နပ္ပမဇ္ဇိတုံ။

မေ-ငါ၏၊ ကာယေ-ကိုယ်ခန္ဓာ၌၊ အာဗာဓေ-အနာရောဂါသည်၊ သမုပ္ပန္နေ-ဖြစ်ပေါ်လာသည် ရှိသော်၊ မေ-ငါ့အား၊ သတိ-တရားအလုပ်တအားထုတ်မည်ဟု မယုတ်သော သတိတရားသည်၊ ဥပပဇ္ဇထ-ဖြစ်ပေါ်လာ၏။ မေ-ငါ၏၊ ကာယေ-ကိုယ်ခန္ဓာ၌၊ အာဗာဓော-အနာရောဂါသည်၊ သမုပ္ပန္နော-ဖြစ်ပေါ်ခဲ့ချေပြီ၊ မေ-ငါ့အား၊ နပ္ပမဇ္ဇိတုံ-တရားလက်လွှတ် ငှက်တောင်ကျွတ်သို့ သတိချွတ်၍ မေ့လျော့ခြင်းငှာ၊ နကာလော-အခါမဟုတ်တော့ပါတကား၊ ဣတိ-ဤသို့၊ သတိ-ဆင်ခြင်တွေးသိ မြတ်သောသတိသည်၊ ဥပဇ္ဇထ-ဖြစ်ပေါ်ခဲ့လေသတည်း။

ဥဒါန်း ဂါထာဟော်ရဲ့အဓိပ္ပာယ်က အရှင်ဥတ္တိယမထေရ်ဟာ ကိုယ်ခန္ဓာအပေါ် ရောဂါဝေဒနာ ကပ်ရောက်လာတဲ့အခါ သတိသံဝေဂတရား ထင်ရှားဖြစ်ပေါ်လာသတဲ့၊ ငါ့ရဲ့ခန္ဓာကိုယ်မှာ အနာရောဂါ ကပ်ရောက်လာခဲ့ပြီး အနာရောဂါဟာ တိုးပွားလာခဲ့လျှင် အသက်ကိုပါ ဆောင်ယူသွားတတ်တယ်၊ ဒီလ

အချိန်မှာ ငါဟာ မွေ့မွေ့လျော့လျော့ နေဖို့မှသင့်တော့ဘူး၊ ဈေးကထွက် တိုးပြီး တရားအားထုတ်မှ တော်မယ်လို့ သတိတရား ဖြစ်ပွားလာခဲ့တယ်လို့ ဆိုလိုတယ်။

အရှင်ဥတ္တိယမထေရ်ဟာ အဖျားရောဂါကပ်ရောက်နေစဉ် သာမန်ပုဂ္ဂိုလ်လို ရောဂါဝေဒနာအတွက် စိတ်ဓာတ်ကျဆင်းခြင်း မရှိသည့်အပြင် ဆထက်ထမ်းပိုး တိုးတက်ပြီး ဝီရိယ ကြီးမားလာတဲ့အတွက် အာသဝေါကုန်ခန်းတဲ့ ရဟန္တာ အဖြစ်ကို ဆိုက်ရောက်တော် မူသွားတယ်၊ အရှင်ဥတ္တိယ မထေရ်မြတ်ဟာ ခန္ဓာ ကိုယ်အပေါ် ကျရောက်လာတဲ့ ရောဂါဝေဒနာအတွက် စိတ်ဓာတ်မကျဘဲ ဝီရိယ တရား တိုးပွားအားထုတ်တော် မူတဲ့အတွက် ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော် မူသလို စိတ္တာထေရီမဟာလဲ လုံ့လ အားထုတ်တဲ့အတွက် ရဟန္တာဖြစ်သွား ဖူးပါတယ်၊ ဒီနေရာမှာ အလျဉ်းသင့်တာလို့ စိတ္တာထေရီမရဲ့ တရားအားထုတ်ပုံ ကိုလဲ ဖော်ပြပါဦးမယ်။

## စိတ္တာထေရီ

လွန်ခဲ့တဲ့ ၉၄-ကမ္ဘာတက်က စိတ္တာထေရီမရဲ့ အလောင်းဟာ စန္ဒဘာဂ အမည် ရှိတဲ့ မြစ်ရဲ့ အနီးအပါးမှာ ပျော်ပျော်ပါးပါးနေတဲ့ ကိန္နရီမလေး ဖြစ်ခဲ့ ဖူးသတဲ့၊ တစ်နေ့သော အခါ ကိန္နရီမကလေးဟာ သာသာယာယာ အစာ ရှာဖွေရင်း တောတန်းတစ်ခုက တောတန်းတစ်ခု၊ တောင်တန်း တစ်ခုက တောင်တန်းတစ်ခု လှည့်ပတ် သွားလာနေစဉ် သစ်ပင် တစ်ပင်ရဲ့ အရင်းမှာ ဖလသမာပတ် ဝင်စားတော် မူနေတဲ့ ရှင်ပစ္စေကဗုဒ္ဓါ တစ်ပါးကို မြင်တွေ့သတဲ့ ကိန္နရီမလေးဟာ ရှင်ပစ္စေကဗုဒ္ဓါကို မြင်လျှင်မြင်ခြင်း ကြည်လင် မြတ်နိုးတဲ့ သဒ္ဓါတရား ဖြစ်ပွားလာတယ်၊ ဒါပေမယ့် သူ့ထံမှာ လှူစရာ ဘာမျှ မပါလာဘူး၊ ဒါကြောင့် ရှင်ပစ္စေကဗုဒ္ဓါကို ဘာနဲ့ပူဇော်ရပါ့မလဲလို့ ပတ်ဝန်း ကျင်ကို လှည့်ပြီး ကြည့်လိုက်သော့ မနီးမဝေးမှာ ဖွေးဖွေးဖြူအောင် ပွင့်နေတဲ့ ကျူတောရုံကြီးကို မြင်လိုက်သတဲ့၊ ကျူတောရုံကြီးကို မြင်လိုက်သည် ဆိုရင်ပဲ ကျူတောရုံရှိရာ ပြေးသွားပြီး လှပတဲ့ ကျူပန်းခိုင်ကြီးကို ချိုးယူတယ်၊ ချိုးယူ ပြီးတော့ ဖလသမာပတ် ဝင်စားတော် မူနေတဲ့ ရှင်ပစ္စေကဗုဒ္ဓါအနီး ချဉ်းကပ်ပြီး စေတနာ သဒ္ဓါတရား အပြည့်အဝနဲ့ ဆက်ကပ်လှူဒါန်းလိုက်တယ်။

လှူဒါန်းဆက်ကပ်ပြီးတော့ အကြိမ်ကြိမ်ရှိခိုးတယ်၊ အားရအောင် ရှိခိုးပြီးတော့မှ အရှင်ပစ္စေကဗုဒ္ဓါကို လက်ယာရစ် သုံးပတ်လှည့်ပြီး သူ့အလိုရှိရာသို့ ပျံသွားတယ်၊ ကိန္နရီမလေးဟာ သူပြုခဲ့ဖူးတဲ့ ဒီကုသိုလ်ကို မပြတ် အမှတ်ရနေပြီး သက်တမ်းကုန်လို့ စုတေတဲ့အခါ ဒီဒါနစေတနာကြောင့် တာဝတိံသာနတ်ပြည်မှာ ရုပ်အဆင်း လှပတဲ့ နတ်သမီးဖြစ်တယ်၊ အဲဒီနတ်ဘဝက စုတေပြန်တော့လဲ ကုသိုလ်အဟုန် အားကောင်းတဲ့အတွက် ယခုဂေါတမရှင်တော်ဘုရား လက်ထက်တော် တိုင်အောင် အပါယ်လေးပါး မလားမကပ်ရဘဲ လူ့ပြည် နတ်ပြည် ဆိုတဲ့ ဘဝတွေမှာသာ ကျင်လည်ခဲ့ရသတဲ့။

အထူးသဖြင့် ၉၄–ကမ္ဘာအတွင်းမှာ နတ်မင်းတို့ရဲ့မိဖုရားကြီး ၃၆–ကြိမ်၊ စကြဝတေးမင်းတို့ရဲ့ မိဖုရားကြီး ၁၁–ကြိမ် ဖြစ်ခဲ့ဖူးတယ်လို့ အပဒါန်ပါဠိတော်မှာ ပြဆိုထားတယ်၊ သာမန် ကျူပန်းကလေးကို လှူဒါန်းခဲ့ရတဲ့ စေတနာကံကြောင့် ချမ်းသာအမျိုးမျိုး ကောင်းကျိုး အထွေထွေကို လိုလေသေးမရှိအောင် ခံစားခဲ့ပြီး ယခုဂေါတမ ရှင်တော်ဘုရား လက်ထက်တော် ရောက်တော့ ရာဇဂြိုဟ်မြို့ ဂဟပတိ မဟာသာလ သူဌေးကြီး သမီးရတနာ ဖြစ်လာသတဲ့။

ဒီနေရာမှာ မဟာသာလဆိုတဲ့ သူဌေးအကြောင်းကို ဗဟုသုတ သဘောနှင့် ပြောပြပါဦးမယ်၊ မဟာသာလဆိုတာ သူ့ရဲ့ပုဒ်ရင်းကတော့ 'မဟာသာရ' ဖြစ်တယ်၊ မဟာ–က များသော, သာရ–က ဥစ္စာအနှစ်ကို ဟောတယ်၊ များသော ဥစ္စာအနှစ် ရှိသော သူလို့ ဆိုလိုတယ်၊ များသောဥစ္စာ အနှစ်ရှိတဲ့ မဟာသာလဟာ သုတ်မဟာဝါပါဠိ၊ ၁၂၁၊ ၄၁၇၈–အရ....

(၁) ခတ္တိယ မဟာသာလ၊ (၂) ဗြာဟ္မဏ မဟာသာလ၊ (၃) ဂဟပတိ မဟာသာလ ရယ်လို့ ၃–မျိုးရှိသတဲ့၊ အဲဒီ ၃–မျိုးအနက်–

(၁) ကုဋေရှစ်ရာ မြေမှာမြှုပ်နှံထားတယ်၊ နေ့စဉ် လှည်းတစ်စီးတိုက် အသပြာ များကို သုံးပြီး ညချမ်းအချိန် လှည်းနှစ်စီးတိုက် အသပြာ ပြန်ဝင်နိုင်တဲ့ မဟာသာလကတော့ ခတ္တိယ မဟာသာလတဲ့။

(၂) ကုဋေရှစ်ဆယ် မြေမှာမြှုပ်နှံထားတယ်၊ နေ့စဉ် အသပြာ တစ်ကုမ္ဘ ကုန်အောင် သုံးစွဲပြီး ညချမ်း အသပြာ တစ်လှည်းတိုက် ပြန်ဝင်နိုင်တဲ့ မဟာသာလကတော့ ဗြဟ္မဏမဟာသာလတဲ့။

(၃) ကုဋေလေးဆယ် မြေမှာမြှုပ်နှံထားတယ်၊ နေ့အချိန် ၅–အမ္ဗဏ ကုန်အောင်သုံးစွဲပြီး ညချမ်းအခါ တစ်ကုမ္ဘပြန်ဝင်နိုင်တဲ့ မဟာသာလကတော့ ဂဟပတိ မဟာသာလတဲ့။

ဒီစကားရပ်မှာပါတဲ့ အမ္ဗဏဆိုတာ "ဧကာဒသ ဒေါဏာ တု အမ္ဗဏံ" လို့ အဘိဓာန်မှာဆိုတဲ့အတိုင်း ၁၁–စိတ်ကိုဆိုလိုတယ်၊ တစ်ကုမ္ဘဆိုတာကတော့ "ကုမ္ဘော ပနဒသမ္ဗဏော" လို့ ဋီကာမှာ ပြတဲ့အတိုင်း ဆယ်အမ္ဗဏကိုတစ်ကုမ္ဘလို့ ခေါ်ပါတယ်၊ တစ်ကုမ္ဘမှာ စိတ်အားဖြင့် ၁၁၀–စိတ်၊ တင်းအားဖြင့် ၂၇–တင်းခွဲရှိတယ်လို့ မှတ်သားပါတယ်၊ အခုပြောခဲ့တာက စကားစပ်မိလို့ ဗဟုသုတ အနေနှင့် ပြောတာပါ။

## ရဟန်းဝတ်ခြင်း

စိတ္တာထေရီအလောင်းဟာ ဂဟပတိ မဟာသာလ သူဌေးရဲ့ သမီးရတနာဖြစ်ပါတယ်၊ ခေတ်စကားနှင့် ပြောရလျှင် ဆွေကြီးမျိုးကြီးထဲကပေါ့၊ ဆွေကြီးမျိုးကြီးထဲကဖြစ်တဲ့အတိုင်း ရုပ်ဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာလဲ ဆန်းဆန်းကြယ်ကြယ် လှပထင့်တယ်ဘယ်၊ ဒါကြောင့် မိဘများက သူ့ကို "စိတ္တာ" လို့နာမည်ပေးကြတယ်၊ စိတ္တာဆိုတဲ့ သဒ္ဒါက ဆန်းကြယ်ခြင်းလို့ အနက်ပေါ်တော့ မြန်မာလိုဆိုလျှင် "မခင်ဆန်း" လို့ ခေါ်ကြရမှာပေါ့။

မခင်ဆန်းဆိုတဲ့စိတ္တာဟာ ဥစ္စာပေါ ရုပ်ချောဖြစ်လာသော်လဲ ပါရမီရှင်ဖြစ်လေတော့ အများဘကာသုံ လောကအလယ်မှာ ထည်ထည်ဝါဝါ အိမ်ရာထူထောင်ပြီး မနေချင်ဘူး၊ လောကကြီးကိုကြည့်ပြီး သံဝေဂဉာဏ်ဖြစ်နေတယ်၊ ဒါကြောင့် မိဘနှစ်ပါးထံခွင့်ပန်ပြီး မိထွေးတော် ဂေါတမီထံမှာ သီတင်းသုံး နေထိုင်ခဲ့တယ်၊ ထိုသို့ နေထိုင်ပြီးတဲ့နောက် အသက်အရွယ်ကြီးလာတဲ့အခါ ကိုယ်တွင်းက ကိလေသာ ပျောက်အောင်လို့ ရဟန်းတရားကိုကြိုးစားအား ထုတ်ခဲ့ရာ ဝိရိယစောင်းကြူးလွန်းတဲ့အတွက် ခန္ဓာကိုယ်တွင်းကို ရောဂါဝေဒနာ

ဝင်ရောက်လာသတဲ့၊ ရောဂါဝေဒနာ ဝင်ရောက်လာပေမယ့် စိတ္တာထေရီဟာ ဝီရိယကို မခဲ့လျှော့ဘူး၊ ပိုပြီးတောင်အားထုတ်ခဲ့သေးတယ်၊ ဒီအခါမှာ ခန္ဓာကိုယ်ဟာ တစ်စတစ်စညှိုးခြောက်လာတယ်၊ သီတင်းသုံးဖော်ဖြစ်ကြတဲ့ ဘိက္ခုနီမများက သူ့ကိုကြည့်ပြီး သနားကြတယ်၊ ဒါကြောင့်-

"ရှင်မ စိတ္တာ သင့်ခန္ဓာမှာ ရောဂါကပ်နေပြီ၊ သင့်ကို ကြည့်ရတာ တစ်နေ့တခြား ညှိုးနွမ်းနေပါပေါ့ကလား၊ တရားအားထုတ်မှုကို ခေတ္တလျှော့ထားပြီး ဆေးဝါးကလေးများ စားပါဦး၊ မတော်လို့များ သေသွားလျှင် ခက်တော့မှာပဲ"

လို့ ပြောကြသတဲ့။ ဒီအခါ စိတ္တာထေရီက—

"အရှင်မတို့—ရောဂါဘေးဟာ ကိလေသာဘေးလောက် မဆိုးပါဘူး၊ ကိလေသာရန်သူနှင့် သူနိုင်ကိုယ်နိုင်တိုက်ကြတဲ့အခါမှာ ခန္ဓာကြွေပြီး သေချင်လဲ သေပါစေ၊ ကိလေသာစစ်ပွဲမှာ ဒီလိုဘုန်းဗုန်းလဲပြီး သေရခြင်းဟာ အင်မတန် မွန်မြတ်ပါတယ်၊ ကိလေသာကို အရှုံးပေးပြီး အသက်ရှင်နေရခြင်းက မမြတ်ပါဘူး၊ ဒါကြောင့် စွမ်းအားရှိသမျှ ကြိုးစားပါရစေ၊ စိတ်ပျက်ဖွယ် စကားနှင့် မြစ်တားတော်မမူကြပါနှင့်" လို့ပြန်ပြောသတဲ့၊ ဒီလိုပြန်ပြောပုံကို လယ်တီပဏ္ဍိတဆရာဦး မောင်ကြီးက ထေရီဘာသာပြန်မှာ ရစနာဂါထာတစ်ပုဒ် ရေးထားတယ်၊ အင်မတန် မှတ်သားစရာ ကောင်းလွန်းလို့ ပါဠိရော အနက်ပါ ဖော်ထုတ်တင်ပြပါဦးမယ်။

ရစနာဂါထာ

ယုဇ္ဈမာနော ကိလေသေဟိ၊ သစေ မရေယျ နိစ္စလော။
တဒေဝ မရဏံ သေယျော၊ နော စ စလော ပဋိက္ကမော။

ဘောန္တော—အိုသူတော်ကောင်း အပေါင်းတို့၊ ကိလေသေဟိ—ကိလေသာရန်သူတို့နှင့်၊ ယုဇ္ဈမာနော—အနိုင်ပြိုင်ဆိုင်စစ်ထိုး၍နေစဉ်၊ နိစ္စလော—မတုန်မလှုပ် နောက်မဆုတ်ဘဲ၊ သစေ မရေယျ—အကယ်လို့ပင် သေ၍သွားစေဦးတော့၊ တဒေဝ မရဏံ—ထိုကိလေသာစစ်ပွဲမှာ လဲ၍သေရခြင်းသည်၊ သေယျော—

စင်စစ်ကေန် အမှန်မြတ်ပါသေး၏၊ စလော–ကြေ ာက်ရွံ့တုန်လှုပ်သည် ဖြစ်၍ ပရိက္ခမော–နောက်ဆုတ်နောက်ဆုတ်နှင့် ကြောက်ရပ်ကြောက်သွေး ပြန်၍ပြေး ခြင်းသည်၊ နောစ သေယျော–စင်စစ် မမြတ်သည်သာလျှင်တည်း။

စိတ္တာထေရိက ဒီလိုပြန်ပြောသော့ သိတင်းသုံးဖော်ဘိက္ခုနီမများလဲ သူပြောတဲ့စကားဟာ အလွန်မှန်ပေတယ်လို့ ချီးမွမ်းကြရတယ်။

## ရုပ်နာမ်ဖြစ်ခဲ့သော်

သံသရာလောကမှာ ရုပ်နာမ်ရယ်လို့ဖြစ်လာရင် ဒီရုပ်ဒီနာမ်ဟာ ဖြစ်ပြီး ပျက်တတ်တာမို့ မြဲတဲ့တရားမဟုတ်ဘူး၊ မမြဲတဲ့အတွက်ကြောင့် မခိုင်မာဘူး၊ ဒါကြောင့် ရုပ်နာမ်မှာ ရောဂါစွဲကပ်တယ်ဆိုတာ ဘာများ ထူးဆန်းသလဲ။ ကျန်းမာပါတယ်ဆိုတဲ့ ခန္ဓာကိုယ်ကိုပဲ စစ်ဆေးကြည့်ပါဦး၊ တကယ်ကျန်းမာတဲ့ အခါဆိုတာများ ရှိပါသလား၊ ညောင်းခြင်း ညာခြင်း ကိုက်ခြင်း ခဲခြင်းစတဲ့ ရောဂါတွေ တစ်ခုမဟုတ်တစ်ခုက အမြဲနှိပ်စက်နေကြတယ်မဟုတ်လား၊ ထိုင်လို့ ညောင်းလျှင် ထ၊ ထလို့ညောင်းလျှင် ထိုင်၊ သွားလို့မူးရင်အိပ်၊ အိပ်လို့ကိုက်ခဲတော့ ထိုင်၊ ဒီလိုဣရိယာပုထ် အပြောင်းအလဲတွေကြောင့် ဆင်းရဲမှန်းမသိ ဖြစ်နေကြတယ်။

ဒါကြောင့် ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခတရားကို ဣရိယာပထဆိုတဲ့ လျှောင်း ထိုင်ရပ်သွား လေးပါးသော ဣရိယာပုတ်တရား ဖုံးလွှမ်းထားတယ်လို့ ဆိုတာ ပေါ့၊ ဒီအကြောင်းကို မဇ္ဈိမ ပဏ္ဏာသပါဠိတော် မာဂဏ္ဍိယသုတ်မှာ ဘုရားရှင် ဟာ မာဂဏ္ဍိယ ပရိဗိုဇ်ကို တရားဟောတော်မူပြီးတော့–

''လာဘ်ဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံးဖြစ်၏၊
ချမ်းသာ ဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံးဖြစ်၏၊
နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းတို့တွင် မဂ္ဂင်လမ်းသည် အသာဆုံးဖြစ်၏''။

လို့ ဥဒါန်းစကား မြွက်ကြားတော်မူပါတယ်၊ ဒီဥဒါန်းစကားကို ကြား တော့ မာဂဏ္ဍိယပရိဗိုဇ်က–

''အရှင်ဂေါတမ- အံ့ဖွယ်ရှိပေစွ၊ အရှင်ဂေါတမသည် လာဘ်ဟူသမျှတွင် အနာကင်းခြင်းသည် အသာဆုံးဟု ကောင်းစွာ မိန့်တော်မူ၏။ အရှင်ဂေါတမ- အကျွန်ုပ်သည် အရှင် ဂေါတမ မြွက်ကြားသောစကားကိုရှေးပရိဗိုဇ်ကြီးများထံမှ ကြားဖူးပါ၏'' လို့ လျှောက်ထားတယ်၊ ဒီအခါ ဘုရားရှင်က ''မာဂဏ္ဍိယ လာဘ်ဟူသမျှတွင် အနာကင်းခြင်းဟာ အသာဆုံး၊ ချမ်းသာဘကာတို့တွင် နိဗ္ဗာန်ဟာ အသာဆုံးလို့ ရှေးပရိဗိုဇ်များထံက သင်ကြားဖူးတယ် ဆိုလျှင် အဲဒီ အနာကင်းခြင်းဆိုတာ ဘာလဲ၊ သင်သိသမျှ ပြောစမ်း'' လို့ မေးတော်မူတယ်။

ဒီလို မေးတော်မူတော့ မာဂဏ္ဍိယပရိဗိုဇ်က သူ့ကိုယ်သူ လက်နှင့် သုံးသပ်ပြီး ''အရှင်ဂေါတမ အနာကင်းခြင်းဆိုတာ ဟောဒီကိုယ်ပါပဲ၊ နိဗ္ဗာန်ဆိုတာလဲ ဒီကိုယ်ပါပဲ၊ ယခုအခါ ကျွန်ုပ်မှာ အနာရောဂါမရှိ အလွန်ကျန်းမာပါတယ်၊ ကျန်းမာတဲ့အတွက် အလွန်ချမ်းသာပါတယ်၊ ဆင်းရဲခြင်း နည်းနည်းလေးမျှ အကျွန်ုပ်ကို မနှိပ်စက်နိုင်ပါဘူး'' လို့ ပြန်လျှောက်တယ်။

ဒီအခါ ဘုရားရှင်က ''မာဂဏ္ဍိယ—သင့်ကို ဥပမာပြောပြမယ်၊ ရှေးတုန်းက မေးတွင်းက မျက်စိကန်းလာတဲ့ သူကန်းတစ်ယောက်ရှိတယ်၊ အဲဒီ သူကန်းဟာ မျက်စိမမြင်တဲ့အတွက် မည်းနက်သောအဆင်း ဖြူသောအဆင်း ရွှေသောအဆင်း နီသောအဆင်း မောင်းသော အဆင်းတို့ကို မမြင်ရှာဘူး၊ ညီညွတ်တယ်၊ မညီညွတ်ဘူး ဆိုတာကို လဲ မမြင်ရှာဘူး၊ ကြယ် နက္ခတ် လ နေတို့ကိုလဲ မမြင်ရှာဘူး၊ ဒီလို မမြင်ပါဘဲလျက်နဲ့ အဲဒီ သူကန်းဟာ အညစ်အကြေးကင်းပြီး အလွန်အဆင်းလှတဲ့ အဝတ် ဖြူဟာ ကောင်းမွန်စင်ကြယ်တယ်လို့ သူတစ်ပါး ပြောဆိုသံကြားတာနှင့် အဝတ်ဖြူကို လိုက်ရှာသတဲ့။

အဝတ်ဖြူလိုက်ရှာတဲ့ ဒီသူကန်းကို မျက်စိမြင်တဲ့ သူတစ်ယောက်က မိတ်ဆွေ ဘာများ ရှာဖွေတာလဲလို့ မေးတယ်၊ သူကန်းက အဝတ်ဖြူရှာကြောင်း ပြန်ပြောတော့ မေးတဲ့လူက ဆီချေးတွေ လိမ်းကျံနေတဲ့ အဝတ်နက်ကြမ်းကြီးကို ပေးပြီး မိတ်ဆွေ ဒီအဝတ်ဟာ အသင်ဖြူ အလွန်လှ အလွန်စင်ကြယ်တဲ့ အဝတ်ဖြူပါပဲလို့ လှည့်ပတ်ပြီး ပြောတယ်၊ သူကန်းဟာ အဲဒီ အဝတ်နက်

ကြီးကို ယူပြီးဝတ်တယ်၊ ဝတ်ပြီး အလှန်နှစ်သက်တဲ့အတွက် မိတ်ဆွေတို့ အလှန် အဆင်းလှပြီး အညစ်အကြေး ကင်းစင်တဲ့ အဝတ်ဖြူဟာ အင်မတန် ကောင်း ပါကလားလို့ ပြောသတဲ့။

"မာဂဏ္ဍိယ–ယခု ငါပြောတဲ့စကားကို သင် ဘယ်လိုအောက်မေ့သလဲ၊ ဝမ်းတွင်းကန်းဟာ မြင်လို့ သိလို့ ဒီလိုပြောတာလား၊ တစ်ဖက်သား လိမ် ပြောတာကို အဟုတ်အမှန်ထင်ပြီး ပြောတာလား၊ သင်ဘယ်လိုမြင်သလဲ" လို့ မေးတော်မူတယ်။

မာဂဏ္ဍိယပရိဗိုဇ်က– "အမှန်တကယ် မြင်သိလို့ ဒီလိုပြောတာ မဟုတ် ပါဘူး၊ တစ်ဖက်သားလိမ်ပြောတာကို အဟုတ်အမှတ်ထင်ပြီး ပြောခြင်း ဖြစ် ပါတယ်"လို့ ပြန်ဖြေတယ်။

ဒီလို ပြန်ပြောတော့ ဘုရားရှင်က– "မာဂဏ္ဍိယ–သင်တို့ ပရိဗိုဇ်တွေဟာ ဝမ်းတွင်းကန်းလိုပဲ မသိကြဘူး၊ နိဗ္ဗာန်ဆိုတာကိုလဲ မမြင်မသိကြဘူး၊ ဒီလို အမှန်အတိုင်း မမြင်မသိကြတဲ့နှင့် လောကီဟူသမျှတို့တွင် အနာကင်းခြင်းသည် အသာဆုံး၊ ချမ်းသာဟူသမျှတို့တွင် နိဗ္ဗာန်သည် အသာဆုံး"လို့ ဆိုကြသေး တယ်၊ အမှန်ကတော့ ဒီစကားဟာ ရှေးဘုရားများ ဟောကြားတော်မူခဲ့ကြတဲ့ စကားဖြစ်တယ်၊ ဘုရားရှင်များ ဟောကြားတော်မူခဲ့ကြတဲ့ စကားကို ယခု အခါ ပုထုဇဉ်များက ကိုယ်ထင်ရာစွဲပြီး ပြောနေကြတယ်။

မာဂဏ္ဍိယ–ဒီခန္ဓာဟာ ရောဂါတုံးကြီးဖြစ်တယ်၊ အိုင်းအမာတုံးကြီးဖြစ် တယ်၊ ဆူးပြောင့်တုံးကြီးဖြစ်တယ်၊ ဆင်းရဲတုံးကြီး ဖြစ်တယ်၊ အနာတုံးကြီး ဖြစ်တယ်၊ ဒီလိုအနာတုံးကြီးဖြစ်တဲ့ ဒီခန္ဓာကိုယ်ကို "အရှင်ဂေါတမ–အနာကင်း ခြင်းဆိုတာ ဟောဒီခန္ဓာကိုယ်ပါပဲ၊ နိဗ္ဗာန်ဆိုတာလဲ ဒီခန္ဓာကိုယ်ပါပဲ"လို့ သင် ဟာ မိမိခန္ဓာကိုယ်ကို သုံးသပ်ပြီး ဆိုသေးတယ်။

"မာဂဏ္ဍိယ–အနာကင်းခြင်းကို သိနိုင်တဲ့ နိဗ္ဗာန်ကို မြင်နိုင်တဲ့ စင် ကြယ်သော ဉာဏ်မျက်စိ သင့်မှာ မရှိဘူး"လို့ ဘုရားရှင်က မိန့်တော်မူတယ်၊ ဒီအခါ မာဂဏ္ဍိယဟာ သတိရပြီး "အရှင်ဂေါတမ–အရှင့်ကို ကျွန်ုပ် ယုံကြည် ပါတယ်၊ အနာကင်းခြင်းဆိုတာကို ကျွန်ုပ်သိနိုင်တဲ့နည်းလမ်းဖြင့် ဟောပြတော် မူပါ၊ နိဗ္ဗာန်ဆိုတာကို ကျွန်ုပ်မြင်နိုင်တဲ့ နည်းဖြင့် ဟောပြတော်မူပါ" လို့ လျှောက်ထားသတဲ့။

ဒါကြောင့် ရုပ်နာမ်ဆိုတဲ့ ခန္ဓာဟာ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း ရောဂါတုံး ဆင်းရဲတုံးကြီး အစစ်အမှန်ပဲ၊ ကိုယ်ကသာ မိမိခန္ဓာကိုယ်ကို မကြည့်ဘဲ အပြင်အပက အာရုံတွေအပေါ် ငမ်းနေမိလို့ ရောဂါဖြစ်နေတာကို ဖြစ်နေမှန်းမသိ ဆင်းရဲတာကို ဆင်းရဲမှန်းမသိ ဖြစ်နေကြတာကလား၊ တကယ်တော့ ကိုယ်က သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ရုပ်နာမ်ဆိုတဲ့ခန္ဓာဟာ ဆင်းရဲတုံး ဆင်းရဲခဲကြီး ဖြစ်နေတာကတော့ အမှန်ပါပဲ။ ဘယ်လို ဆင်းရဲတုံး ဆင်းရဲခဲကြီး ဖြစ်နေပါသလဲ....

ဇာတိပိ ဒုက္ခာတဲ့—ဖြစ်ခြင်းဆိုတဲ့ ဒုက္ခ၊ ဇရာပိ ဒုက္ခာတဲ့—အိုမင်း ရင့်ရော်ရခြင်းဆိုတဲ့ ဒုက္ခ၊ ဗျာဓိပိ ဒုက္ခောတဲ့—ဖျားနာကိုက်ခဲခြင်းဆိုတဲ့ ဒုက္ခ၊ မရဏမ္ပိ ဒုက္ခံတဲ့—သေရခြင်းဆိုတဲ့ ဒုက္ခ၊ ဒီဒုက္ခတွေဟာ ဆင်းရဲတုံး၊ ဆင်းရဲခဲကြီးတွေ အမှန်ပါပဲ၊ ဒီဆင်းရဲတုံး ဆင်းရဲခဲကြီးတွေထဲက ဖြစ်ခြင်းဆိုတဲ့ ဆင်းရဲ၊ အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဆင်းရဲ၊ ဖျားနာကိုက်ခဲခြင်းဆိုတဲ့ ဆင်းရဲ၊ အဲဒီဆင်းရဲတွေဟာ တွေ့ပြီး တွေ့ဆဲ ဆင်းရဲတွေ ဖြစ်တယ်၊ သေခြင်းဆိုတဲ့ဆင်းရဲကိုလဲ မကြာမီ တွေ့ကြရလိမ့်မယ်၊ ကွင်းရှောင်လို့ မဖြစ်ပေဘူး။

ဒီဆင်းရဲတွေက လွတ်မြောက်ချင်ရင် ဘယ်လိုလုပ်ကြမလဲ။ ဆူးအစူးခံရတဲ့ ပုဂ္ဂိုလ်ဟာ ဆူးကို နှုတ်ချင်ရင် ရှေးဦးစွာ ဆူးကို မြင်အောင် ကြည့်ရတယ်။ ဆူးကိုမြင်မှ နှုတ်လို့ လွယ်လွယ်ကူကူ ရတယ်။ အဲဒီဥပမာအတိုင်း ဆင်းရဲက လွတ်မြောက်ချင်ရင် ဒီဆင်းရဲတွေကို မြင်အောင်ကြည့်ရတယ်။ ဆင်းရဲကို ဆင်းရဲမှန်း မသိသမျှ ပိုးဖလံဟာ မီးရောင်ကို ရွှေတောင်ထင်ပြီး အဘိုးမှားသလို ဆင်းရဲကိုပင် ချမ်းသာထင်ပြီး ဆင်းရဲခြင်းမီးကို သုခလို့ အထင်မှားပြီး ထပ်ပြန်တလဲလဲ တိုးနေကြရတတ်တယ်။

အချုပ်စကားပြောရလျှင် ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခကို ဒုက္ခမှန်း မသိသူဟာ ဆင်းရဲခြင်းရဲ့ အကြောင်းကိုလဲ မသိတတ်ဘူး၊ ဆင်းရဲခြင်းရဲ့ ချုပ်ရာကိုလဲ မသိတတ်ဘူး၊ ဆင်းရဲခြင်းရဲ့ ချုပ်ရာ လမ်းစဉ်ကိုလဲ မသိတတ်ဘူး၊ အဲဒီလို မသိတတ်တဲ့အတွက် ကိလေသာက လွတ်တဲ့ အရဟတ္တဖိုလ်ပညာကိုလဲ မရနိုင်ဘူး၊ အရဟတ္တဖိုလ် ပညာကို မရနိုင်လို့ ဝဋ္ဋဆင်းရဲဆိုတဲ့ ရုပ်နာမ်အစဉ်ကလဲ မလွတ်

နိုင်ဘူး၊ ရုပ်နာမ်အစဉ်က မလွတ်နိုင်လို့ အဖန်တလဲလဲ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စတဲ့ ဒုက္ခတွေ ဖြစ်ကြရတယ်၊ ဒီအကြောင်းကို သုတ္တနိပါတ် ဒွယတာနုပဿနာသုတ်မှာ—

ယေ ဒုက္ခံ နပ္ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။
ယတ္ထ စ သဗ္ဗသော ဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။
တဉ္စ မဂ္ဂံ န ဇာနန္တိ၊ ဒုက္ခူပသမဂါမိနံ။
စေတော ဝိမုတ္တိဟီနာ တေ၊ အထော ပညာ ဝိမုတ္တိယာ။
အဘဗ္ဗာ တေ အန္တကိရိယာယ၊ တေ ဝေ ဇာတိဇရူပဂါ။

လို့ ဘုရားရှင် ဟောတော်မူတယ်။

ယေ—အကြင်သူတို့သည်၊ ဒုက္ခံ-ဆင်းရဲကို နပ္ပဇာနန္တိ-မသိကြလေကုန်။ အထော—ထိုမှတစ်ပါး၊ ဒုက္ခဿ-ဆင်းရဲ၏၊ သမ္ဘဝံ-ဖြစ်ကြောင်းကို၊ နပ္ပဇာနန္တိ—မသိကြလေကုန်။ သဗ္ဗသော—ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ယတ္ထ စ-အကြင်နိဗ္ဗာန်၌လည်း၊ ဒုက္ခံ-ဆင်းရဲသည်၊ အသေသံ-အကြွင်းမဲ့၊ ဥပရုဇ္ဈတိ—ချုပ်ငြိမ်း၏။ တဉ္စ—ထိုနိဗ္ဗာန်ကိုလည်းကောင်း၊ ဒုက္ခူပသမဂါမိနံ—ဆင်းရဲခြင်းချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ မဂ္ဂဉ္စ—မဂ်လမ်းစဉ်ကို လည်းကောင်း၊ နပ္ပဇာနန္တိ—မသိကြလေကုန်။

ယေ—အကြင်သူ တို့သည်၊ စေတော ဝိမုတ္တိဟီနာ—ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်မှ ယုတ်ကုန်၏။ အထော—ထိုမှတစ်ပါး၊ ပညာ ဝိမုတ္တိယာ-ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ် ပညာမှ၊ ဟီနာ—ယုတ်ကုန်၏။ တေ—ထိုသူတို့သည်၊ အန္တကိရိယာယ-ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုခြင်းငှာ၊ အဘဗ္ဗာ-မထိုက်ကုန်။ တေ-ထိုသူတို့သည်၊ ဝေ—စင်စစ်၊ ဇာတိဇရူပဂါ—ပဋိသန္ဓေနေခြင်း၊ အိုမင်းခြင်းသို့ ရောက်ကြရကုန်၏။

## အဆိပ်ကို အဆိပ်မှန်းမသိသော်

ဆင်းရဲကို ဆင်းရဲမှန်းမသိလျှင် ဆင်းရဲက မလွတ်နိုင်ဘူး၊ ဆင်းရဲက မထွက်နိုင်ဘူးတဲ့၊ ဆင်းရဲကို ဆင်းရဲမှန်းမသိတဲ့အတွက် ဘာကြောင့် ဆင်းရဲက

မလွတ်နိုင်တာလဲ၊ ဆင်းရဲက မထွက်မြောက်နိုင်ရတာလဲ၊ ဒီအမေးကို ထင်ရှားတဲ့ ဥပမာပေးကလေးနှင့် ဖြေချင်တယ်၊ လောကမှာ ဘိန်းစားဟာ ဘိန်းကို မယားထက် ချစ်တယ်၊ အရက်သမားဟာလဲ အရက်ကို မယားထက် စွဲမက်တယ်၊ ဘိန်းနှင့်အရက်ကို ဒီလောက်စွဲမက်နေသူဟာ ဘိန်းအရက်ကို ဖြတ်လို့ ဖြစ်ပါ့မလား၊ ဘယ်နည်းနှင့်မျှ မဖြစ်ပါဘူး၊ သူတို့ဟာ ဘိန်းအရက်ကို ဘာကြောင့်များ ဒီလောက် စွဲမက်နေကြတာလဲ၊ တခြားကြောင့် မဟုတ်ဘူး၊ ဘိန်းအရက်ရဲ့ အပြစ်ကို မမြင်လို့ဘဲပေါ့။

ဘိန်းအရက်မှာ ဘာအပြစ်တွေများ ရှိနေသလဲ၊ ဘိန်းအရက်မှာ ရှိနေတဲ့ အပြစ်တွေကို နည်းနည်းချဲ့ပြီး ပြောချင်သေးတယ်၊ ဘာကြောင့်မို့လဲ ဆိုတော့ လူတိုင်းလူတိုင်း ဘိန်းရဲ့အပြစ် အရက်ရဲ့အပြစ်ကို သိမြင်ပြီး အလွန်ဆိုးဝါးတဲ့ ဘိန်းစားဘဝ၊ အရက်သမားဘဝက လွတ်မြောက်စေချင်လို့ပါပဲ၊ ဘိန်းရဲ့ အပြစ်ကို မပြောမီ ဘိန်းရဲ့အကြောင်းကို ပြောပြဦးမယ်၊ ဘိန်းဆိုတာ ဘိန်းသီးရဲ့ အခွံပေါ်ရှိ ခြစ်ကြောင်းကလေးများက ထွက်တဲ့ အစေးဖြစ်တယ်၊ အဲဒီအစေးဟာ စားသုံးမှီဝဲသူတွေရဲ့ သွေးကို ထုံထိုင်းစေပြီး လူကိုဖိန်းသွားစေနိုင်တဲ့အတွက် ဖိန်းလို့ အမည်ပညတ်ရာက ဖနှင့်ဘ လဲလှယ်ပြီး 'ဘိန်း' ဖြစ်လာတယ်။

ဘိန်းထွက်တဲ့ ဘိန်းပင်ဟာ မူလက ဥရောပတိုက် တောင်ပိုင်းနှင့် အာရှတိုက် အနောက်ပိုင်းမှာ သဘာဝအတိုင်း ပေါက်နေတဲ့ ပန်းပင်အရွယ် အပင်ငယ်တွေ ဖြစ်တယ်၊ ရုက္ခဗေဒ အမည်အားဖြင့် 'ပါပေးဗားဆွမ်နီဖာရပ်' လို့ ခေါ်တယ်၊ ဘိန်းပွင့်ဟာ ဖေဖော်ဝါရီလကုန်လောက်မှာ ပွင့်ပြီး မိုးမကျခင် အသီးကြီးများ ရင့်ကြတယ်၊ အဆိထုတ်တဲ့ ဘိန်းမျိုးဟာ အပွင့်အဖြူရောင်ဖြစ်သော်လဲ အလှစိုက်ပျိုးတဲ့ ဘိန်းပန်းပင်မျိုးကတော့ အမျိုးပေါင်း ၅၀-ခန့် ရှိပြီး ပန်းပွင့်များမှာ အမျိုးကို လိုက်ပြီး အဖြူ၊ အနီ၊ ပန်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ ကြက်သွေးရောင် စသည်ဖြင့် အရောင်မျိုးစုံ ရှိကြတယ်။

ဘိန်းဟာ ကမ္ဘာပေါ်မှာ အဆိုးဝါးဆုံး အဆိပ်ပြင်းထန်တဲ့ အဆိပ်အစေးဖြစ်တယ်၊ ဘိန်းထဲမှာပါတဲ့ နီကိုတင်အဆိပ်ဟာ မှီဝဲသူတို့ရဲ့ သွေးကို ထုံထိုင်းစေတယ်၊ သွေးထုံထိုင်းတဲ့အတွက် သွေးကချစ်တဲ့ အသားဓာတ်

အကြောခေတ် အရိုးခေတ်များလဲ အားလုံး ထုံထိုင်းသွားကြတယ်၊ ရုပ်ခန္ဓာကြီး ထုံထိုင်းသွားတော့ စိတ်ဆိုတဲ့ နာမ်ခန္ဓာလဲ ထုံထိုင်းသွားတော့တာပေါ့။

ရုပ်ခေတ် နာမ်ခေတ်တွေ ထုံထိုင်းသွားရင် ရုပ်နာမ်များ လုပ်နေကျ နိယာမအလုပ်တွေကို မလုပ်နိုင်ကြတော့ဘူး၊ ဒါကြောင့် ဘိန်းစားရဲ့အသား အရေတွေဟာ အားနည်းလာတယ်၊ ဘိန်းစားရဲ့ စိတ်ခေတ်ဟာလဲ ကျဆင်း သွားတယ်၊ ဒါကြောင့် ယခင်က ဘယ်လောက် လှပတင့်တယ်သူပင်ဖြစ်စေ ဘိန်းစွဲလာလျှင် ရုပ်မလှတော့ဘူး၊ ယခင်က ဘယ်လောက် အသံကောင်းသူပင် ဖြစ်စေ ဘိန်းစွဲလာလျှင် အသံမကောင်းတော့ဘူး၊ အဲဒီလို ရုပ်ရော နာမ်ရော ကျဆုံးတဲ့အတွက် ဘိန်းစားများဟာ အသက်တမ်းစေ့ မနေကြရဘူး။

အသက်ရှင်နေကြစဉ်အခါမှာလဲ စိတ်ခေတ်တွေ ပျက်ပြားပြီး ရူးကြောင် ကြောင်နှင့် အကျင့်စာရိတ္တများ ပျက်စီးနေကြတယ်၊ သို့သော်လဲ နီကိုတင် အဆိပ်ခေတ်ကြောင့် မကောင်းမှုန်း သိစေကာမူ သူ့ကို ဖြတ်လို့မရဘဲ ဖျာလိပ် ခေါင်းထဲ ဝင်မိတဲ့ခွေးခရာအတွင်း ဝင်မိတဲ့ငါးလို သေသည်တိုင်အောင် ဒီအထဲ ဝင်တိုး နေကြရရှာတယ်။

## ဘိန်းလက်နက်

ဒီလောက် ဆိုးဝါးတဲ့ ဘိန်းဟာ ရှေးယခင်က အရှေ့တောင်အာရှမှာ မရှိပါဘူး၊ ဘယ်တော့မှ ရောက်လာတာလဲဆိုတော့ နယ်ချဲ့ကြစဉ်က တရုတ်ပြည် ကြီးကို အပိုင်စီးဖို့ ကြံကြတယ်၊ သို့သော်လဲ တရုတ်ပြည်က လူဦးရေ အင်မတန် များပြားတယ်၊ ဒက်ချ်က လူဦးရေနည်းနည်းပဲရှိတယ်၊ ဒီတော့ တရုတ်တွေကို သိုးအဖြစ်ရောက်အောင် ဒတ်ချ်တွေက တရုတ်ပြည်ထဲ ဘိန်းတွေကို သွင်းခဲ့တယ်၊ အဲဒီဘိန်းတွေဟာ တစ်စတစ်စ ကျယ်ပြန့်ပြီးတရုတ်ပြည်နှင့်စပ်နေတဲ့ မြန်မာပြည် မြောက်ပိုင်းကို ရောက်လာတယ်၊ ဘိန်းရောက်လာတော့ မြန်မာတွေဟာလဲ ဘိန်းစားတွေဖြစ်လာကြတယ်၊ အင်မတန် လူဦးရေများပြားတဲ့ တရုတ် ပြည်ကြီးဟာ ဘိန်းစားဘဝက လူဦးရေ နည်းနည်း မျှသာရှိကြတဲ့ အင်္ဂလိပ်တို့ ပေါ်တူဂီတို့ရဲ့ လက်အောက်မှာ ကျွန်သဘောက်ဘဝနဲ့ နေခဲ့ကြရတယ်၊ ယခု ဘိန်းစားတွေကို အပြတ်ရှင်းပြီးမှ တရုတ်ပြည်ကြီးဟာ လွတ်လပ်သော တရုတ် ပြည်သစ်အနေနဲ့ တဟုန်ထိုး တိုးတက်လာတယ်။

မြန်မာဟာ ကမ္ဘာ့အလယ်မှာ လူဦးရေ နည်းနည်းသာရှိတယ်၊ဘိန်းစား တွေ များလာရင် ကေန်သူ့လက်အောက်ကို ကျရောက်သိမ့်မယ်၊ အခုခေတ် ဘိန်းဟာ ရှေးကလို ဘိန်းမဲအညံ့စား မဟုတ်ဘူး၊ ဘိန်းဖြူအထက်စားတွေ ဖြစ်တယ်၊တစ်ခါနှစ်ခါ စမ်းသပ်ရုံနှင့် စွဲသွားစေနိုင်တယ်၊ ဘိန်းစွဲခဲ့လျှင်ဖြင့် သွားပြီ သွားပြီ၊သူ့ဘဝလဲ သွားပြီ၊ တိုင်းပြည်ကြီးလဲ သွားပြီ၊ ဒါကြောင့် နိုင်ငံတော်အစိုးရက ဘိန်းကို အပြတ်နှိမ်နေတယ်၊ ဘိန်းရဲ့အပြစ်ဟာ ဒီလောက် ကြီးတယ်လို့ အနှုန်အတိုင်းသိလျှင် ဘိန်းဒုက္ခကို ဘယ်သူမှ ခံချင်မှာမဟုတ်ဘူး၊ ဘိန်းရှူရတာဟာ ဇိမ်ပဲလို့ ထင်နေလျှင်ဖြင့် အဲဒီလူဟာ ဘိန်းစားဘဝက ကျွတ်လွတ်ထွက်မြောက်ဖို့ မျှော်လင့်ချက်မရှိဘူး။

အရက်အဆိပ်

ဘိန်းရဲ့ဒုက္ခကို ရေးပြီးလို့ အရက်ရဲ့ဒုက္ခကို ဆက်ရေးပါဦးမယ်၊ ဘိန်း ဟာ ခရစ်နှစ် ၁၇၀၀–လောက်မှ ကမ္ဘာလေးမှာ ထွန်းကားလာတာ ဖြစ်သော်လဲ အရက်ကတော့ သက္ကရာဇ်နဲ့ မပြောသာအောင် အလွန်ရှေးကျသော ကာလက ပေါ်ပေါက်လာခဲ့တာ ဖြစ်တယ်၊ ဇာတ်တော်ရဲ့ အဆိုကတော့–

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူသတဲ့၊ ထိုဗြဟ္မဒတ်မင်းလက်ထက်မှာ ကာသိတိုင်းသား မုဆိုးတစ်ယောက်ဟာ တော တွင်း လှည့်လည်ရင်း သစ်ပင်ကြီးတစ်ပင်မှာ အခွသုံးခွဆုံပြီး ပေါက်နေတာကို တွေ့တယ်၊ အခွဆုံမှာလဲ ရေတွေရှိပြီး အဲဒီရေတွေကိုလဲ ငှက်များက မြတ်မြတ် နိုးနိုး သောက်နေကြတယ်၊ သောက်ပြီးတော့လဲ ငှက်တွေဟာ အောက်ကိုထိုး ကျပြီး တုံးလုံးပက်လက် ဖြစ်နေကြရာ အချိန်အတန်ကြာတဲ့အခါ မသော ထပျံသွားကြတယ်၊ မုဆိုးဟာ ဒီငှက်နဲ့ဒီရေကို အထူးအဆန်းအဖြစ်ကြည့်၍ နေပြီး–

''ဒီအရည်ဟာ သေတတ်တဲ့ အဆိပ်ရည်တော့ ဟုတ်ဟန်မတူဘူး၊ င အနည်းငယ် မြိန်ကြည့်အုံးမယ်'' လို့ ရေကို အနည်းငယ် သောက်ကြည့်လို

တယ်၊ အရသာဟာ ချိုမြမြနှင့် သောက်လို့ကောင်းသတဲ့၊ သောက်ပြီးတော့လဲ စိတ်ထဲမှာ ပျော်သလိုလိုဖြစ်လာကယ်၊ ဝမ်းကလဲ ဟာလာတယ်၊ ဒါကြောင့် တုံးလုံးပက်လက် မှုးလဲနေကြတဲ့ ငှက်တွေကို ဖုတ်ကင်ပြီး စားလိုက်တယ်၊ နောက်ကို နည်းနည်းတိုးသောက်ကြည့်တယ်၊ ရီတီတီဖြစ်ပြီး စိတ်ထဲမှာ ပျော်ရွှင်သလိုဖြစ်လာတယ်၊ ဒါကြောင့် အဲဒီသစ်ခွရည်ကို ဝါးကျည်တောက်များနှင့်ထည့်ပြီး မိတ်ဆွေဖြစ်တဲ့ ဝရုဏရသေ့ထံ ဆောင်ယူသွားတယ်၊ ရသေ့ထံရောက်တော့ အမဲကင်နှင့် နှစ်ဦးသား သောက်ကြသတဲ့။

ဒီလိုနှစ်ဦးသား သောက်ရုံနှင့် အားမရကြသေးဘဲ သစ်ခွရည်တွေကို ဝါးကျည်တောက်နှင့်ထည့် မြို့ရွာများကို လှည့်ရောင်းကြရာ လူတွေက နှစ်ခြိုက်ကြတဲ့အတွက် ရောင်းလို့မလောက်ဘူးတဲ့၊ ဒါကြောင့် သူတို့နှစ်ဦးဟာ သစ်ခွအတွင်း တွေ့ရတဲ့ သျှိသျှား၊ သဖန်း၊ သင်္ဘော၊ မုယောစတဲ့ အသီးအခေါက်တို့ကို ဖော်စပ်ပြီး စိမ်ရေလုပ်ပြီး ရောင်းကြပြန်တယ်။

ဒီလိုနှင့် စိမ်ရေများဟာ မြို့ကြီးရွာကြီးက အစ ဗာရာဏသီမြို့တွင်းအထိ ရောင်းချကြတယ်၊ နောက်တစ်ခါ သာဝတ္ထိပြည်ကိုသွားပြီး သဗ္ဗမိတ္တမင်းကြီးကို အဖျော်ယမကာများ ဖျော်စပ်တတ်ကြောင်း လျှောက်ထားတော့ မင်းကြီးက ယမကာမှူးရာထူးဖြင့် ချီးမြှောက်ထားတယ်၊ သူတို့ဟာ အရက်စိမ်ရေတွေကို ဖော်စပ်ပြီး စိမ်ရေတွေကို ကြက်လာမသောက်အောင် အရက်အိုးများအနီးမှာ ကြောင်တွေကို ချည်ထားကြတယ်၊ ကြောင်တွေဟာ အိုးကလျှံကျတဲ့ အရက်တွေကို သောက်ကြတော့ မူးပြီး လဲနေကြသတဲ့၊ ဒီအကြောင်းကို သဗ္ဗမိတ္တမင်းကြီးသိတော့ ဒီလူတွေဟာ အဆိပ်ရည်လုပ်ကြသူများဖြစ်တယ်ရယ်လို့ နှစ်ဦးလုံးကိုသတ်စေတယ်၊ အဲဒီနောက် လဲနေတဲ့ကြောင်များ မသေဘဲ ထပြီး မြူးကြူး ပျော်ပါးကစားနေကြတာကို မြင်လို့ ဒါဟာ အဆိပ်မဟုတ် အလွန်ကောင်းတဲ့ ယမကာဖြစ်ရမယ်၊ တိုင်းသူပြည်သား မျိုးမတ်များခြံရံပြီး ယမကာသောက်ပွဲ ကျင်းပမယ်လို့ မဏ္ဍပ်ကြီးအဆောက်ခိုင်းတယ်။ ဒီအခါ သိကြားမင်းဟာ ပုဏ္ဏားယောင်ဆောင်ပြီး အရက်ယမကာရဲ့ အပြစ်များကို ဟောပြောတဲ့အခါမှ မင်းကြီးဟာ အရက်ယမကာအိုးများကို ရိုက်ခွဲဖျက်ဆီးစေပါသတဲ့။

ဒီဇာတ်တော်က အရက် စတင်ဖြစ်ပေါ်လာပုံကို ညွှန်ပြတဲ့ ဇာတ်က ဖြစ်တယ်၊ ဒီဇာတကအရ အရက်စတင်လာပုံ သိရသော်လဲ နှစ်ကာလ ပရိစ္ဆေဒ အားဖြင့်တော့ အချိန်ကာလ ဘယ်လောက်ကြာပြီလို့ မသိနိုင်ဘူး၊ ကမ္ဘာဦး လောက်ကပင် အရက် စတင်ဖြစ်ပေါ်လာတယ်လို့ ဆိုရတော့မှာပဲ၊ အရက်ဟာ အလွန်ရှေးကျတဲ့ ရှေးအခါကစပြီး လူ့လောကမှာ ထွန်းကားလာခဲ့တာ ယခု အခါအထိ ထွန်းကားဆဲပါပဲ၊ ဒီမျှ ရှည်ကြာတဲ့ ကာလအတွင်းမှာ အရက်ဟာ လူတွေကို အမျိုးမျိုး နှိပ်စက်ခဲ့ပြီ၊ နောင်လဲ နှိပ်စက်နေဦးမှာပါပဲ၊ အရက်က လူတွေကို ဘယ်လောက် နှိပ်စက်နေတယ် ဆိုတာကတော့ အလွန်ထင်ရှားပါ တယ်။

## အရက်မကောင်းကျိုး

သိင်္ဂါလောဝါဒသုတ်မှာ အရက်ရဲ့နှိပ်စက်မှုကြောင့် ကျရောက်ရတဲ့ အပြစ် ၆-ပါးကို ဘုရားရှင် ဟောတော်မူထားတယ်။

(၁) ဥစ္စာပစ္စည်း ဆုတ်ယုတ်တတ်တယ်၊
(၂) ခိုက်ရန်ဖြစ်ပွားတတ်တယ်၊
(၃) အရက်နာရောဂါဖြစ်တတ်တယ်၊
(၄) နာမည်ပျက်တတ်တယ်၊
(၅) ဟိရိ ဩတ္တပ္ပတရား ပျက်စီးတတ်တယ်၊
(၆) ဉာဏ်ပညာ အားနည်းတတ်တယ်။

ဒီအပြစ် ၆-ပါးက ယခုဘဝမှာ မုချခံစားရတဲ့ အပြစ်များ ဖြစ်တယ်၊ ယခုဘဝမှာ ဒီအပြစ် ၆-ပါးနှင့် မုချတွေ့ကြုံရပြီး သေပြန်တော့လဲ အပါယ် လေးပါးကို ကျရောက်တတ်ပြန်တယ်၊ တချို့ အရက်ကြိုက်သူများက အခုကရဲ့ ယခုဘဝ အပြစ် ၆-မျိုးကို ဝန်ခံကြသော်လဲ အရက်သမားသေလျှင် အပါယ် လားမည်ဆိုတာကိုတော့ မကြိုက်ကြဘူး၊ ဒုစရိုက် ၁၀-ပါးမှာ အရက်မပါဘူး တဲ့၊ ဒုစရိုက်မှာ မပါတဲ့အတွက် အရက်သောက်ရုံမျှနှင့် အပါယ်မကျနိုင်ဘူး၊

အရက်သောက်ပြီး ဒုစရိုက်တွေကို ပြုလုပ်မှသာ အပါယ်ကျနိုင်တယ်လို့ ယူဆလာကြတယ်၊ အမှန်ကတော့ အရက်ဟာ ဒုစရိုက်အတွင်း မပါသည်မဟုတ်၊ ကျန်ပါတယ်လို့ မှတ်ရမယ်၊ ဒုစရိုက်တွင်းပါတာမှ နည်း ၂-မျိုးနှင့် ပါဝင်တယ်၊ နည်းတစ်မျိုးက အရက်ဟာ ကာမေသုမိစ္ဆာစာရနှင့် ကာမဂုဏ်မှားယွင်းမှု သဘောချင်းတူညီလို့ ကာမေသုမိစ္ဆာစာရ ဒုစရိုက်အတွင်းမှာ ပါဝင်တယ်၊ (ကာမေသုက ဖော်ပြာရုံ ကာမဂုဏ် ဖြစ်ပါတယ်။) နည်းတစ်မျိုးက အရက်ဟာ ဒုစရိုက် ၁၀-ပါးကို ဖြစ်ပွားစေနိုင်တဲ့ အကြောင်းခံ မောင်းတံဖြစ်လို့ ဒုစရိုက် ၁၀-ပါးလုံးအတွင်းမှာ ပါဝင်တယ်၊ ဒါကြောင့် အရက်သောက်တာဟာ ကမ္မပထ မြောက်တယ်၊ ကမ္မပထ မြောက်တဲ့အတွက် အရက်သမားသေလျှင် အပါယ်ဘုံကို ကျရောက်တတ်တယ်၊ ဒီအကြောင်းကို ဘုရားရှင်က-

> 'သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယ သံဝတ္တနိကံ၊ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ ပေတ္တိဝိသယ သံဝတ္တနိကံ၊ ယော သဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တက သံဝတ္တနိကော ဟောတိ'

လို့ အင်္ဂုတ္တရပါဠိတော်မှာ အတိအလင်း ဟောတော်မူထားတယ်၊ အဓိပ္ပာယ် ကတော့....

"ရဟန်းတို့-မှီဝဲအပ်သော ပွားများအပ်သော အကြိမ်များစွာ ပြုလုပ်သော အရက်သောက်ခြင်းသည် ငရဲဖြစ်စေတတ်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေတတ်၏။ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ ယုတ်စွာအဆုံး လူပြန်သော်လဲ လူရူးဖြစ်စေတတ်၏'လို့ ဆိုလိုပါတယ်။

ဒါကြောင့် အရက်ကြိုက်တဲ့လူက အရက်သောက်ရုံနှင့် အပြစ်မဖြစ်ပါဘူးလို့ ဘယ်လို ယုတ္တိယုတ္တာတွေနှင့်ပဲ ပြောပြော အမှန်တကယ် အပြစ်ရှိကြောင်းကို ဘုရားရှင် ကိုယ်တော်တိုင်က ဟောထားတော်မူပါတယ်၊ ဒါကြောင့် အရက်ဟာ အလွန်ကြောက်စရာကောင်းတဲ့ မကောင်းကျိုးကို ယခုဘဝမှာလဲ ပေးတယ်၊ နောင်သံသရာဘဝမှာလဲ ပေးတယ်ဆိုတာ မမိုတ်မသုန် ယုံကြည်ကြစေလိုတယ်။

## သိပ္ပံပညာရှင်များအဆို

**ဒီနေရာမှာ** သိပ္ပံပညာရှင်များ ဖော်ထုတ်တင်ပြကြတဲ့ အရက်ရဲ့ ဆိုးဝါး ပြစ်များကို အကျဉ်းမျှ တင်ပြပါဦးမယ်၊ လူဟာ အရက်သောက်လျှင် **မူးလာတတ်တယ်၊** ဘာကြောင့် မူးရတာလဲဆိုတော့ အရက်မှာပါတဲ့ 'အယ်လ်ကို **ဟောခေတ်'** ကြောင့် မူးတာပါတဲ့၊ အရက်ထဲမှာ အယ်လ်ကိုဟောခေတ်ပါလေ **အရက်ဟာ** ပြင်းလေ၊ အရက်ပြင်းလေ အမူးလွန်လေ ဖြစ်ပါသတဲ့၊ အဲဒီ **အယ်လ်ကိုဟောခေတ်ဟာ** ဝီစကီမှာ ၄၀-ရာခိုင်နှုန်း ပါဝင်တယ်၊ ဂျင်နှင့်ရမ်မှာ ၅၁.၅၉-ရာခိုင်နှုန်း၊ ဘရန်ဒီမှာ ၄၀.၅၀-ရာခိုင်နှုန်းပါဝင်တယ်၊ ရှယ်ရီမှာ ၁၈.၂၂ရာခိုင်နှုန်းပါဝင်တယ်၊ ရှမ်ပိန်မှာ ၁၀.၁၃-ရာခိုင်နှုန်းပါဝင်တယ်၊ **အေးအရက်မှာ** ၃.၇ရာခိုင်နှုန်းပါဝင်တယ်၊ ဘီယာမှာ ၂၅.၃၅ ရာခိုင်နှုန်း ပါဝင်တယ်၊ ဂျင်ဂျာဘီယာမှာ ၁.၃ ရာခိုင်နှုန်းပါဝင်ပါသတဲ့။

အယ်လ်ကိုဟောခေတ်ဆိုတာ မြန်မာလိုတော့ မီးခေတ်တစ်မျိုးပေါ့၊ အဲဒီ မီးခေတ်တစ်မျိုးကြောင့် ကိုယ်ခန္ဓာအင်္ဂါကို ကစီမျှသာ ရောက်ပြီး ခန္ဓာကိုယ် ကျန်းမာခိုင်ခံ့မှုအတွက် အလွန်အရေးကြီးတဲ့ ပရိုတင်းခေတ်နှင့် ဗီတာမင်ခေတ်များ မရောက်နိုင်တော့ဘဲ အသည်းမှာ အဆီတွေပိတ်ဆို့လာတတ်တယ်၊ ဒါကြောင့် အစားပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဘေလုံးပေါ်ခြင်း၊ သွေးအားနည်းခြင်း၊ ဖြစ်လာတတ်တယ်၊ ဒီအချိန်မှာ သတိရပြီး အရက်ကိုဖြတ်လိုက်လျှင် တော်သေးတယ်၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဇွတ်နှစ်ခဲ့မယ်ဆိုလျှင် အသည်းကို မီးခေတ် လောင်ကျွမ်းပြီး ရေဖျဉ်းရောဂါ စွဲကပ်လာတတ်တယ်၊ ရေဖျဉ်းရောဂါဝင်ရောက် လာလျှင် ဝမ်းဗိုက်ဘင်းကျပ် ဖောင်းပွလာပြီး ခြေလက်အရောင်အဆင်း ကင်းမဲ့လာတယ်၊ လူဟာလဲ အရိုးပေါ်အရေတင်ဖြစ်လာတယ်၊ ဒီက တစ်ဆင့် တက်ခဲ့လျှင် အမောဖောက်လာတယ်၊ အသားအရေ ဝါစပ်စပ်နှင့် ရှုးရှူးပေါပေါ ဖြစ်လာတယ်၊ အရက်ကြောင့် သာတိမေ့တတ်တဲ့ ဝေဒနာဖြစ်လာတယ်၊ ငန်းရူး စွဲသလို ကယောင်ကတမ်းဖြစ်ပြီး သေတတ်တယ်၊ သို့မဟုတ် သွေးအန်ပြီး သေတတ်တယ်၊ အရက်ပြင်းပြင်းကို သောက်ခဲ့လျှင် အစာအိမ်လမ်းကြောင်း ကင်ဆာရောဂါနှင့် သေတတ်တယ်၊ သို့မဟုတ် အသည်းကို အယ်လ်ကိုဟောမီးခေတ် လောင်ကျွမ်းပြီး သေရတတ်တယ်။

ယခုပြဆိုခဲ့တဲ့ အရက်မကောင်းကျိုးတွေက သိပ္ပံပညာရှင်များရဲ့ တွေ့ရှိ ချက်များ ဖြစ်ပါတယ်၊ ဒါမျှ မကသေးပါဘူး၊ ဝါရှင်တန် ဆေးတက္ကသိုလ်

ကိုယ်အင်္ဂါချို့တဲ့သည့်ကလေးများ မွေးဖွားရာဌာန ညွှန်ကြားရေးဝန်ကြီး ဒေါက်တာ ဒေးဗစ်ဗီမျှပ်တလက်က အရက် ဘိန်း ကိုကင်းစတဲ့ မူးယစ်ဆေးဝါး သုံးစွဲသူများဟာ သာလီဒိုမိုက်ဆေး အသုံးပြုသလို ကိုယ်အင်္ဂါချို့တဲ့သော ကလေးများ မွေးဖွားတတ်ကြောင်း ကြေငြာခဲ့ပါတယ်၊ ယခုတင်ပြခဲ့တာက အရက်ကြောင့်ဖြစ်ပေါ်လာတဲ့ အပြစ်, အရက်ကြောင့် ဖြစ်တဲ့ ဆင်းရဲများ ဖြစ်ပါတယ်။

ဆင်းရဲကို ဆင်းရဲမှန်းသိလျှင်


ဘိန်းသမား အရက်သမားဟာ ဘိန်းကြောင့် အရက်ကြောင့် ဖြစ်ပေါ်လာတဲ့ ဒီဆင်းရဲတွေကို ဆင်းရဲပဲလို့ အမှန်အတိုင်း မသိသမျှ ဘိန်းဖြတ်လို့ အရက်ဖြတ်လို့ မရဘူး၊ အာယ်၍ ဖြတ်စေကာမူ ဝစ်နေ့နေ့တော့ ပြန်လုပ်ကြဦးမှာပါပဲ၊ ဘာကြောင့်မို့လဲဆိုတော့ ဘိန်းအရက်ကို သာမယာယက် ချစ်နေလို့ပါပဲ၊ ဒီအတိုင်းပဲ ဆင်းရဲကို ဆင်းရဲမှန်းမသိလျှင် အဲဒီဆင်းရဲကိုပင် ချမ်းသာလို့ ထင်နေတတ်တယ်။ဆင်းရဲကို ချမ်းသာလို့ ထင်နေသမျှ ပိုးဖလံမျိုးမီးကိုတိုးနေမှာ မလွဲပါဘူး၊ ဒါကြောင့် ဆင်းရဲက လွတ်လိုလျှင် ဆင်းရဲကို ဆင်းရဲမှန်းသိအောင် လုပ်ကြရမယ်၊ဆင်းရဲကို ဆင်းရဲမှန်းသိလျှင် အဲဒီဆင်းရဲကို မလိုချင်ဘူး၊ ဆင်းရဲကို မလိုချင်တော့ ဆင်းရဲခြင်းဖြစ်အောင်လဲ မလုပ်ဘူး၊ ဆင်းရဲချုပ်ငြိမ်းအောင်သာ လုပ်လိမ့်မယ်၊ လောကုတ္တရာဖြစ်တဲ့ မဂ်ခဏမှာ မဂ်စိတ်ဟာ သစ္စာလေးချက်ကို တစ်ပြိုင်နက်ထဲသိပြီး အပ္ပနာဝီထိသို့ သက်ကြောင်း ကျမ်းများမှာ ဖော်ပြသားပါတယ်၊ အမှန်မှာ လောကီမဂ်မှာပင်ဖြစ်စေ, လောကုတ္တရာမဂ်မှာပင်ဖြစ်စေ, ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခသစ္စာအချက်ကို ပိုင်နိုင်စွာ သိခဲ့လျှင် ဆင်းရဲခြင်း၏အကြောင်းကို ပယ်ခြင်း၊ ဆင်းရဲခြင်း ကင်းချုပ်ရာကို ရှေးရှုခြင်း၊ ဆင်းရဲခြင်းကင်းအောင် ပွားများခြင်းဟာ တစ်ပြိုင်နက်တည်း ဖြစ်ကြပါတယ်။

ဒါကြောင့် ဆင်းရဲခြင်း ကင်းလိုသော် ဆင်းရဲကို ဆင်းရဲမှန်းသိအောင် ကြည့်တတ်ရမယ်၊ ဆင်းရဲကို ဆင်းရဲမှန်းသိလျှင် ဆင်းရဲခြင်း၏ ဖြစ်ကြောင်းကို သိလိမ့်မယ်၊ ဆင်းရဲခြင်း၏ ချုပ်ငြိမ်းရာကို သိလိမ့်မယ်၊ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း လမ်းစဉ်ကို သိလိမ့်မယ်၊ အဲဒီလိုသိတဲ့ပုဂ္ဂိုလ်ဟာ ဝဋ်ဆင်းရဲမှ ကင်းလွတ်မှာ အမှန်ပဲဖြစ်ပါတယ်၊ ဒီအကြောင်းကို ဘုရားရှင်က ဒွယတာနုပဿနာ သုတ်မှာ ဤလို ဖော်ထုတ် ဟောကြားတော်မူခဲ့ပါသတည်း။

**ယော စ ဒုက္ခံ ပဇာနန္တိ၊ အထော ဒုက္ခဿ သမ္ဘဝံ။**
**ယတ္ထ စ သဗ္ဗသော ဒုက္ခံ၊ အသေသံ ဥပရုဇ္ဈတိ။**
**တဉ္စ မဂ္ဂံ ပဇာနန္တိ၊ ဒုက္ခူပသမဂါမိနံ။**
**စေတောဝိမုတ္တိသမ္ပန္နာ၊ အထော ပညာဝိမုတ္တိယာ။**
**ဘဗ္ဗာ တေ အန္တကိရိယာယ၊ န တေ ဇာတိဇရူပဂါ။**

ယေစ–အကြင်သူတို့သည်ကား၊ ဒုက္ခံ–ဆင်းရဲကို၊ ပဇာနန္တိ–သိကုန်၏။ **အထော**–ထိုမှတစ်ပါး၊ ဒုက္ခဿ–ဆင်းရဲ၏၊ သမ္ဘဝံ–ဖြစ်ကြောင်းကို၊ ပဇာနန္တိ–သိကုန်၏။ ယတ္ထစ–အကြင်နိဗ္ဗာန်၌လည်း၊ သဗ္ဗသော–ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ဒုက္ခံ–ဆင်းရဲသည်၊ အသေသံ–အကြွင်းမဲ့၊ ဥပရုဇ္ဈတိ–ချုပ်ငြိမ်း၏။ တဉ္စ–ထိုဒုက္ခ၏ ချုပ်ငြိမ်းရာနိဗ္ဗာန်ကိုလည်း၊ ပဇာနန္တိ–သိကုန်၏။ ဒုက္ခူပသမဂါမိနံ–ဆင်းရဲခြင်း ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက် ကြောင်း ဖြစ် သော၊ မဂ္ဂဉ္စ–မဂ်လမ်းစဉ်ကိုလည်း၊ ပဇာနန္တိ–သိကုန်၏။

ယေ–အကြင်သူတို့သည်၊ စေတောဝိမုတ္တိ သမ္ပန္နာ–ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ပြည့်စုံကုန်၏။ အထော– ထိုမှတစ်ပါး၊ ပညာဝိမုတ္တိယာ–ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ် ပညာနှင့်၊ သမ္ပန္နာ–ပြည့်စုံကုန်၏။ တေ–ထိုသူတို့သည်၊ အန္တကိရိယာယ–ဝဋ်ဆင်းရဲ၏အဆုံးကိုပြုခြင်းငှာ၊ ဘဗ္ဗာ–ထိုက်ကုန်၏၊ တေ–ထိုသူတို့သည်၊ န ဇာတိဇရူပဂါ–ပဋိသန္ဓေနေခြင်း၊ အိုခြင်းသို့ မကပ်ရောက်ကြရလေကုန်သတည်း။ ။



# မရဏာနုဿတိကမ္မဋ္ဌာန်း

မရဏဿတိံ ဘိက္ခဝေ ဘာဝေထ၊ မရဏဿတိ ဘိက္ခဝေ
ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောန္တိ မဟာနိသံသာ
အမတောဂတာ အမတပရိယောသာနာ။

ဘိက္ခဝေ—သံသရာအရေး လာမည့်ဘေးကို မြော်တွေးကြောက်ကြွား အို–အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့....၊ မရဏဿတိ–ငါသည် မချွတ်မလွဲ အမြဲကေန် အမှန်မုချ သေရလတ္တံ့၊ သေရလတ္တံ့ဟု အဖန်တလဲလဲ ဆင်ခြင်ခြင်း မရဏဿတိ ကမ္မဋ္ဌာန်းကို၊ ဘာဝေထ–နေ့မခြား ညမခြား ပွားများအားထုတ်ကြပါကုန်လော့။

ဘိက္ခဝေ—သံသရာအရေး လာမည့်ဘေးကို မြော်တွေးကြောက်ကြွား အို–အမျိုးသား အမျိုးသမီး အပေါင်း သူတော်ကောင်းတို့....၊ မရဏဿတိ–ငါသည် မချွတ်မလွဲ အမြဲကေန် အမှန်မုချ သေရလတ္တံ့၊ သေရလတ္တံ့ဟု အဖန်တလဲလဲ ဆင်ခြင်ခြင်း မရဏာနုဿတိကမ္မဋ္ဌာန်းကို၊ ဘာဝိတာ–ပွားများအပ်သည် ရှိသော်၊ ဗဟုလီကတာ–ကြိမ်ဖန်များစွာ ပြုအပ်သည်ရှိသော်၊ မဟပ္ဖလာ–များစွာအကျိုးရှိသည်၊ ဟောတိ ဖြစ်၏။ မဟာနိသံသာ–ကြီးသော အာနိသင် ရှိသည်၊ ဟောတိ-ဖြစ်၏။ အမတောဂဓာ–အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်၏။ အမတပရိယောသာနာ–အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။

ယခုရွတ်ဆိုတဲ့ ဒေသနာတော်က အင်္ဂုတ္တရ ဆက္ကနိပါတ် သာရဏီယဝဂ်က လာတဲ့ မရဏဿတိသုတ္တန် ဒေသနာတော်ဖြစ်ကယ်။ သမ္မာသမ္ဗုဒ္ဓ–သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားဟာ နာတိကရွာ အုတ်ကျောင်းမှာ သီတင်းသုံး စံနေတော်မူစဉ်ဟာလေ ရဟန်းအများကို ခေါ်တော်မူပြီး ရဟန်းတို့ သင်တို့သည် ငါသည် အမှန်ကေန် သေရမှာ မလွဲဘူးဆိုတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ကြိမ်ဖန်များစွာ လေ့လာ[illegible]–ပွားများကြ၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ကြိမ်ဖန်များစွာ လေ့လာခြင်း, ပွားများခြင်းကြောင့် မိမိတို့

သန္တာန်မှာ ဖြစ်ပွားသောင်းကျန်းနေကြတဲ့ ရာဂ, ဒေါသ, မောဟ, မာန စတဲ့ အကုသိုလ် အညစ်အကြေးများ ကင်းပါးသွားစေနိုင်တယ်၊ အကုသိုလ် အညစ်အကြေး ကင်းပါးသွားသည်နှင့်အမျှ ကုသိုလ်တရားများ တိုးပွားလာစေနိုင်တယ်၊ ကုသိုလ်တရား တိုးပွားလာခြင်းကြောင့် ကြီးမားသော အကျိုးအာနိသင် ရှိတယ်။ အမြိုက်နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်တယ်၊ ဒါကြောင့် သင်တို့သည် "ငါသည် သေရလတ္တံ့၊ သေရလတ္တံ့" ဟု ဆင်ခြင်ခြင်း မရဏာနုဿတိ ကမ္မဋ္ဌာန်းကို နေ့မခြား ညမခြား ကြိမ်ဖန်များစွာ လေ့လာပွားများကြလို့ ဆိုလိုတယ်။

ယခုပြောပြခဲ့တဲ့ ဒေသနာတော်အရ သေခြင်းတရားဆိုတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရခြင်းဟာ ထူးမြတ်သော အကျိုးတရားများ တိုးပွားလာစေနိုင်တယ်။ ဒါကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပွားများပုံကို ဆက်ပြီး နာလိုက်ကြပါဦးစို့၊ သေခြင်းဆိုတဲ့ မရဏတရားဟာ သေချိန်တန်လို့ သေရတဲ့ ကာလမရဏ, သေချိန်မတိုင်မီ သေရတဲ့ အကာလမရဏ ရယ်လို့ နှစ်မျိုး ရှိတယ်။

## သေခြင်းနှစ်မျိုး

သေချိန်တန်လို့ သေတယ်ဆိုတဲ့ ကာလမရဏဆိုတာက အသက်တမ်းစေ့လို့ သေခြင်း, အသက်တမ်းပင် မစေ့သော်လည်း မိမိပြုခဲ့တဲ့ ကောင်းမှုကံကုန်လို့ သေခြင်း, အသက်ကံ (၂) ပါးစုံကုန်လို့ သေခြင်းမျိုးကို ကာလမရဏလို့ ခေါ်တယ်။ အကာလမရဏဆိုတာက အသက်တမ်းလဲ မစေ့ဘူး၊ လူဖြစ်ဖို့ ကောင်းမှုကံလဲ မကုန်သေးဘူး၊ သို့သော်လဲ အသက်ဉာဏ်စောင့် ဆိုတာလို မိမိအသက်ကို ဉာဏ်ဖြင့် မစောင့်ရှောက်ဘူး၊ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဘိန်းရှူ အရက်သောက် အပျော်လိုက် စသောအားဖြင့် ရမ်းချင်သလို ရမ်းကားနေထိုင်ခဲ့တယ်၊ အဲဒီလို ရမ်းကားမှုတွေကြောင့် အသက်တမ်းစေ့ နေခွင့်ရှိလျက်နှင့် မနေရဘူး၊ အတိတ်ဘဝက ကောင်းမှုကံက လူ့ဘဝမှာ နေခွင့်ပေးထားသော်လဲ ကံအခွင့်ပေးသလောက် မနေရဘူး၊ အသက်တိုတိုနှင့် သေရခြင်းမျိုးကို အကာလမရဏလို့ ခေါ်ရတယ်။

## သေရမှာကြောက်ကြသည်

သတ္တဝါတစ်ယောက်ရယ်လို့ ဖြစ်လာခဲ့လျှင် ကာလမရဏပဲဖြစ်ဖြစ် အကာလ မရဏပဲဖြစ်ဖြစ် မရဏကစ်ချက်ချက်နှင့်တော့ ကေန်ဆုံတွေ့ကြမှာ မလွဲဘူး။ သဗ္ဗေ ဘာယန္တိ မစ္စုနော-လို့ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း သတ္တဝါတွေဟာ သေခြင်းတရားကို အလွန်ကြောက်ကြတယ်၊ ဘယ်လောက် ကြောက်သလဲဆိုလျှင် သေတယ်လို့တဲ့ အသံကိုတောင် မကြားချင်အောင် ကြောက်တတ်ကြတယ်။ ဘယ်လိုပဲ ကြောက်ကြောက် တစ်ရက်ရက်မှာ အဲဒီ ကြောက်စရာကောင်းလှတဲ့ သေမင်းနှင့် မချွတ်မယွင်း ကေန်အမှန် ရင်ဆိုင် တွေ့ကြုံကြရမှာ ဖြစ်တယ်။

လောကဥပမာအားဖြင့် မြွေပွေးဟာ အင်မတန် ကြောက်စရာကောင်း တာပေါ့၊ ဘာကြောင့် ကြောက်စရာကောင်းတာတုန်းဆိုတော့ မြွေပွေးအဆိပ် ထိခဲ့လျှင် သေတတ်လို့ပါပဲ၊ ဒါကြောင့် မြွေပွေးဟာ အလွန် ကြောက်စရာ ကောင်းတယ်။ အဲဒီ ကြောက်စရာကောင်းတဲ့ မြွေပွေးကို လမ်းသွားရင်း ခြေရင်းအနီးကပ်ပြီး တွေ့ကြည့်စမ်း၊ ဘယ်လောက် ထိတ်လန့်ပြီး တုန်လှုပ် သွားမလဲ ဒါပေမယ့် မြွေပွေးကို အဝေးက လှမ်းမြင်ရတော့ လုံးဝ မကြောက် ပါဘူး၊ မကြောက်တဲ့အပြင် မြွေပွေးကို တုတ်နှင့်တောင် ဖိညှပ် ဖမ်းယူဝံ့ပါ သေးတယ်။

အဲဒီဥပမာလိုပါပဲ သေမင်းဟာ အလွန် ကြောက်စရာကောင်းတယ်၊ ကြောက်စရာကောင်းတာဆိုပြီး မဆင်ခြင်ဘဲနေခဲ့လျှင် နောင် သေမင်းနှင့် ရင်ဆိုင်ကြုံတဲ့အခါ အလွန် ထိတ်လန့်တုန်လှုပ်သွားတတ်တယ်။ ဒေါသနိုး ဝိတက်နဲ့ တုန်လှုပ်သွားမယ်ဆိုလျှင် 'စိတ္တေ သံကိလိဋ္ဌေ ဒုဂ္ဂတိ ပါဋိကင်္ခါ' လို့ မူလပဏ္ဏာသပါဠိတော် ဝတ္ထသုတ်မှာ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း ဒေါသနိုး စိတ်ညစ်ညူးသွားတဲ့အတွက် ဒုဂ္ဂတိဆိုတဲ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ကို ရောက်စေတတ်တယ်။

### မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းထားလျှင်

သေမင်းကို ဆင်ခြင်ခြင်းဆိုတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းထား ခဲ့လျှင် မြွေပွေးကို အဝေးကို မြင်ထားတဲ့အတွက် ကြောက်ရွံ့တုန်လှုပ်ခြင်း

မရှိသလို သေခြင်းတရားနှင့် ကိုယ်တိုင်တွေ့ကြုံရင်လဲ မတုန်လှုပ်ဘူး၊ မကြောက်ရွံ့ဘူး၊ ရဲရဲရင်ဆိုင်ဝံ့တယ်။ မိမိသေမှာတောင် မကြောက်ရွံ့ မတုန်လှုပ်ခဲ့လျှင် သားသမီး, မယား, လင်, ဆွေမျိုးဉာတိ စသော အခြားသူသေတဲ့အတွက်တော့ လုံးဝ စိတ်ပျက်အားငယ်ခြင်း မရှိ၊ ပကတိ အေးချမ်းစွာ နေနိုင်တဲ့အကျိုးကို လက်ငင်း ခံစားနိုင်ခွင့် ရှိတယ်။

ဒါကြောင့် မရဏာနုဿတိကမ္မဋ္ဌာန်း ပွားများရခြင်းဟာ ယခုဘဝအတွက်လဲ အကျိုးရှိတယ်၊ သံသရာလောကအတွက်လဲ အကျိုးကြီးတယ်။ "အမတောဂတာ အမတပရိယောသာနာ" လို့ ဟောတော်မူတဲ့အတိုင်း နိဗ္ဗာန်ထိအောင်လဲ အကျိုးပေးတယ်၊ ဒါကြောင့် မရဏာနုဿတိ ကမ္မဋ္ဌာန်းကို မပြတ်မလတ် စီးဖြန်းပွားများကြရမယ်၊ မရဏာနုဿတိကမ္မဋ္ဌာန်းကို ဘယ်လိုစီးဖြန်းကြရမလဲဆိုလျှင် မျက်စိအောက်မှာ မြင်နေရတဲ့ သူသေကောင်ကို ကြည့်၍ဖြစ်စေ ရှေးကမြင်ဖူး တွေ့ဖူး ကြားဖူးတဲ့ သူသေကောင်များကို ဉာဏ်နှင့် ထင်အောင် ဆင်ခြင်၍ဖြစ်စေ ထိုသူများကဲ့သို့ ငါ့အား သေခြင်းသည် ဖြစ်သတ္တံ့။ ငါ့အား သေခြင်းသည် မြဲ၏၊ အသက်ရှင်ခြင်းသည် မမြဲ၊ သေပြီး သေဆဲ သေလတ္တံ့၊ သတ္တဝါများကဲ့သို့ ငါသည် ဧကန်အမှန် သေရလတ္တံ့၊ သေရလတ္တံ့လို့ ဆင်ခြင်ပွားများ နှလုံးသွင်းကြရမယ်။

သဗ္ဗေ သတ္တာ မရိဿန္တိ၊ မရန္တိ စ မရိံသု စ။
တထေဝါဟံ မရိဿာမိ၊ ဧတ္ထ မေ နတ္ထိ သံသယော။

သဗ္ဗေ—တစ်ယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော၊ သတ္တာ—လူနတ်ဗြဟ္မာ သတ္တဝါတို့သည်၊ မရိဿန္တိ—သေကြကုန်လတ္တံ့၊ မရန္တိ စ—သေလည်းသေကုန်ဆဲ။ မရိံသု စ—သေလည်း သေပြီးကြလေကုန်ပြီ၊ တထေဝ—ထို သေပြီး သေဆဲ သေလတ္တံ့သတ္တဝါတို့ကဲ့သို့၊ အဟံ—ငါသည်၊ မရိဿာမိ—သေရအံ့၊ ဧတ္ထ—ဤသေခြင်းတရား၌၊ သံသယော—သေရအံ့လော မနေရအံ့လော ဟု တွေးတောယုံမှားစရာသည်၊ မေ—ငါ့အား၊ နတ္ထိ—မရှိချေတကား။

သေခြင်းဆိုတဲ့တရားဟာ လောကမှာ ဘယ်သူ့ကိုမှ မချန်ဘူး၊ မြင်မြင် တကာ သတ္တဝါအနန္တဟာ သေမျိုးတွေချည်းပဲ၊ ဒါကြောင့် အလုံးစုံသော

သတ္တဝါတွေဟာ ဟိုရှေးရှေးကလဲ သေခဲ့ကြပြီ၊ ယခုလဲ သေဆဲ၊ နောင်လဲ သေကြဦးမှာတွေ ဖြစ်တယ်။ အဲဒီ သေပြီး သေဆဲ သေလတ္တံ့ သတ္တဝါများလို ငါလဲ ကျန်သေရမှာပဲလို့ အမြဲ နှလုံးသွင်းကြရမယ်၊ ဒီလို နှလုံးသွင်းပါလျက်နှင့် သေခြင်းတရား မထင်သေးလျှင် အခြင်းအရာရှစ်ပါးနှင့် ခွဲဝေပြီး ဆင်ခြင်ကြရမယ်။ အခြင်းအရာ ရှစ်ပါးဆိုတာက—

## မရဏာနုဿတိအခြင်းအရာ (၈) ပါး

အဋ္ဌဟာကာရေဟိ မရဏံ၊ နိစ္စမေဝါနုဿရိတဗ္ဗံ။
ဝဓကပစ္စုပဋ္ဌာနတော၊ သမ္ပတ္တိဝိပ္ပတ္တိတော စ။
ဥပသံဟရဏတော စ၊ ဗဟုသာဓာရဏတော စ။
အာယုဒုဗ္ဗလတော စ ဝေ၊ အနိမိတ္တတော ပရိစ္ဆေဒေါ။
ခဏပရိတ္တတော စေတိ၊ သကတ္တိကော သပ္ပညရိသော။

သကတ္တိကော—မိမိကိုယ်ကျိုး မြော်ကိုးမြင်သိ အလိုရှိသော၊ သပ္ပညရိသော—အယူချော်မကောင်း သူတော်ကောင်းသည်၊ ဝဓကပစ္စုပဋ္ဌာနတော စ—သူသတ်ယောကျ်ား လက်နက်ဓားဖြင့် မိုးလားသည့်သွင် ညာဏ်၌ထင်သော အားဖြင့် လည်း ကောင်း၊ သမ္ပတ္တိဝိပ္ပတ္တိတော စ—ပြည့်စုံခြင်း ပျက်စီး ခြင်းအားဖြင့် လည်းကောင်း၊ ဥပသံဟရဏတော စ—ကပ်၍ဆောင်သောအားဖြင့် လည်း ကောင်း၊ ဗဟုသာဓာရဏတော စ၊ များစွာသော သေစရာအကြောင်းတို့နှင့် ကောင်းစွာ ဆက်ဆံသောအားဖြင့်လည်းကောင်း၊ အာယုဒုဗ္ဗလတော စ—အသက်၏ အားနည်းသောအားဖြင့်လည်းကောင်း၊ အနိမိတ္တတော စ၊ သေခြင်း၏ မှတ်သားအပ်သော အပိုင်းအခြားမရှိသော အားဖြင့်လည်းကောင်း၊ ပရိစ္ဆေဒတော စ—အသက်အပိုင်းအခြား အားဖြင့် လည်းကောင်း၊ ခဏပရိတ္တတော စ—အသက်ရှင်ရသော ကာလ၏ အလွန်တိုတောင်းသောအားဖြင့် လည်းကောင်း၊ ဣတိ—ဤသို့၊ အဋ္ဌဟိ ရှစ်ပါးကုန်သော၊ အာကာရေဟိ—အခြင်းအရာတို့ဖြင့်၊ မရဏံ—သေခြင်းနုဿတိ ကမ္မဋ္ဌာန်းကို၊ နိစ္စံ ဧဝ—နေ့ခြား ညမခြား အမြဲသာဖြစ်၍သာလျှင်၊ အနုဿရိတဗ္ဗံ—လက်ကွင်တင်ထား ပတ္တမြား

ကဲ့သို့ ပိုင်းခြားထင်ထင် ဉာဏ်နှင့်မြင်အောင် ဆင်ခြင်ပွားများ အပ်၏-တဲ့၊ ယမှုရှုတ်ဆိုခဲ့တာ ၂က မရဏနုဿတိကမ္မဋ္ဌာန်း ဆင်ခြင်ရမည့် အခြင်းအရာရှစ်ပါး ဖြစ်တယ်။

အဲဒီ အခြင်းအရာရှစ်ပါးကို တစ်ပါးစီ တစ်ပါးစီ ခွဲဝေပြီး မြန်မာကဗျာ ရေးစီထားတယ်၊ အဲ့ဒီမြန်မာကဗျာကို ယခု ဖော်ပြပါမယ်—

## မရဏာနုဿတိ ကမ္မဋ္ဌာန်း မြန်မာကဗျာများ

“ ၁။ လက်တွင်တင်ထား၊ ပတ္တမြားအသွင်
ထင်တင်ရှားရှား၊ ပိုင်းခြားသိမြင်
သေရမည့်ဘေး၊ ကြံတွေးဆင်ခြင်
ဤရှစ်ပါး၊ မှတ်သားကြစေချင်။

၂။ ကိုယ့်ကိုသတ်ဖို့၊ ရပ်လျက်ထင်ထင်
လက်နက်ကိုင်မိုး၊ ပစ်ချိုးမည့်သွင်
သေရမည့်အရေး၊ ကြံတွေးနေ့စဉ်
ဖြစ်သမျှ၊ ပျက်ရနောက်ဆုံးပင်။

၃။ အမိဝမ်း၌၊ ကိန်းပိုက်သန္ဓေ
တစ်စ တစ်စ၊ ရင့်ရမသွေ
ရင့်ရင့်ပြီးတော့၊ ပျက်စီးကာကြွေ
ပြန်မသစ်၊ ဆုတ်နစ်ဟောင်းကာသေ။

၄။ နေ့ကို လစား၊ လအား နှစ်မျို
တစ်နှစ်ခရီး၊ ချည်းနှိုးပျက်ပြို
အသက် အသက်၊ ရင့်ကျက်လာသကို
နောက်ဆုံးရက်၊ ညှိုးပျက်ခန္ဓာကိုယ်။

၅။ သစ်ပင်ပေါ်က၊ ကင်းစသီးတွေ
အရင့်အမှည့်၊ ဝင်းလဲ့ထွေထွေ
တဖြုတ်ဖြုတ်နှင့်၊ လေလှုပ်တိုင်းကြွေ
ပုံမခြား၊ အများသတ္တဝါတွေ။

၆။ ငယ်သောကြီးသော၊ ဘယ်သောဖြစ်စေ
သေမင်းနှင့်တွေ့၊ မရွေ့နိုင်ပေ
ငြင်းလို့မရ၊ ပြေးကမလွတ်ချေ
သေမင်းနောက်၊ ကောက်ကောက်လိုက်ရသလေ။

၇။ အိုးထိန်းစက်က၊ ထွက်သမျှအိုးတွေ
အရွဲ့အကောင်း၊ သောင်းပြောင်းထွေထွေ
ကွဲခြင်းအဆုံး၊ နှလုံးပိုက်ပေ
တို့အသက်၊ သေပျက်နောက်ဆုံးပေ။

၈။ မြက်ပင်ပေါ်ရောက်၊ နှင်းပေါက်ကလေးတွေ
နေရောင်ခြည်တောက်၊ ခန်းခြောက်သလေ
လူတို့အသက်၊ နှင်းစက်မသွေ
သေမင်းရောက်၊ ကင်းပျောက်ခန္ဓာကြွေ။

၉။ တောင်ပို့ကထွက်၊ မြေရွက်မှိုပုံ
သေမင်းကိုရွက်၊ ပေါ်ထွက်လုံးစုံ
တစ်နေ့ကျတော့၊ မုချအကုန်
အသက်ကင်း၊ သေမင်းခန္ဓာငုံ။

၁၀။ ဝကောတ်ဟူ၊ သူသတ်ယုတ်မာ
သတ်မည့်အရေး၊ ကြံတွေးစိတ်မှာ
သေခြင်းတရား၊ ထင်ရှားစိမ့်ငှာ
ရှုကာပွား၊ တရားဆင်ခြင်ပါ။

(ဝကောပစ္စုပဋ္ဌာန ဆင်ခြင်နည်းပြီး၏)

## သမ္ပတ္တိ ဝိပတ္တိအားဖြင့် ဆင်ခြင်ပုံ

၁၁။ မအိုသေးက၊ လှသွေးကြွယ်သည်
အအိုရောက်တော့၊ လှပျောက်ချေသည်
ကျန်းမာရှင်လန်း၊ မာကျန်းမတည်
ရောဂါတွေ့၊ နွမ်းခွေ့စိတ်မကြည်။

၁၂။ ဝိပ္ပတ္တိမျိုး၊ မလွှမ်းမိုးမီ
သမ္ပတ္တိမျိုး၊ ပြည့်ဖြိုးဟန်သည်
ဝိပ္ပတ်ရောက်၊ ကင်းပျောက်လေပြီ
သမ္ပတ္တိ၊ မရှိမှန်တော့သည်။

၁၃။ မြေပြင်အုပ်စိုး၊ မင်းမျိုးရာဇာ
သေနင်စစ်တပ်၊ မလပ်ရံကာ
စည်းစိမ်တန်ခိုး၊ ပြည့်ဖြိုးစေကာ
သေမင်းရောက်၊ ကင်းပျောက် ဘုန်းအာဏာ။

၁၄။ လူမင်း နတ်မင်း၊ ပြည့်တင်း သမ္ဘာ
ဖြစ်ဆိုဖြစ်ရ၊ ကြီးလှအာဏာ
အသက်ရှင်တုံး၊ ရွှင်ပြုံးရဘာ
အသက်ဆုံး၊ ပျက်ကြုံး ကံကြမ္မာ။

၁၅။ မိုးထိကြီးငြား၊ မြင့်မား ကျောက်တောင်
မြေမှာဒလိမ့်၊ သိမ့်သိမ့်တုံအောင်
လူကို ကိုက်စား၊ ကြိတ်ဝါးလာယောင်
ရှင်သေမင်း၊ ကပ်ချဉ်းလာပေါ့မောင်။

၁၆။ မင်းနှင့်ပုဏ္ဏား၊ ဆင်းရဲသား သောင်းထောင်
ကုန်သည်၊ ပွဲစား၊ ဒွန်းစဏ္ဍား မလာပ်ပေါင်
မြတ်သောယုတ်သော၊ ဘယ်သောမရှောင်
ချဉ်းကာကပ်၊ နင်းသတ် သေမင်းဆောင်။

၁၇။ လက်နက်ဖြင့်ခွင်း၊ သေမင်းမနိုင်
ဥစ္စာတန်စိုး၊ တန်ခိုးမပိုင်
ဂါထာမှုတ်မန်း၊ အကြမ်းဖြင့်ကိုင်
အခြေယွင်း၊ သေမင်းလူကဆိုင်။

၁၈။ ဇီဝိန်အသက်၊ ရှင်လျက်နေသူ
သေမင်းထံရုပ်၊ ချုဉ်းကပ်ကြည့်ဖြူ
အရှေ့ကထွက်၊ နောက်ဘက်နေ့ထူ
သက်ရှင်ခြင်း၊ ပျက်ယွင်းနောက်ဆုံးယူ။

ဥပသံဟာရဏအားဖြင့် ဆင်ခြင်ပုံ

၁၉။ လေးကျွန်းလှည့်ပတ်၊ မနွှတ်စကြာ
ဘုန်းတော်လင်းလဲ၊ ယခြင်းနောက်ခါ
ဘုန်းရောင်ချိုတဲ့၊ ငါတို့များစွာ
တစ်နေ့ကျ၊ မုချသေရမှာ။

၂၀။ ဥစ္စာ ပစ္စည်း၊ လွန်ကြီးမားစွာ
ဇောတိက ဇဋိလ၊ ဥဂ္ဂ မေဏ္ဍကာ
သူဌေးများလဲ၊ သေသွားကြရှာ
ငါတို့လဲ၊ မလွဲသေရမှာ။

၂၁။ ဆင်ပြောင်ဆယ်စီး၊ အားကြီးထောင်ထောင်
ဗိုလ်သူရဲကောင်း၊ အားကောင်း မှုဇံအောင်
ထိုသူတို့ချဉ်း၊ သေမင်းကပ်ဆောင်
ငါတို့လဲ၊ မလွဲသူမရှောင်။

၂၂။ စျာန်တန်ခိုးနှင့်၊ မြေရှိုးမိုးပျံ
ကိုယ်တစ်ကိုယ်တည်း၊ ဖေါက်လဲဖေါက်ပြန်
အမျိုးမျိုးပ၊ တန်ခိုးပြင်းထန်
ထိုသူမြတ်၊ မလပ် ထားမချန်။

၂၃။ ပညာကြီးမား၊ ဘုရားဖြစ်စေ
ဘယ်လောက်ဉာဏ်ထက်၊ ဖိုလ် မဂ်ပိုင်စေ
ရှင်ပစ္စေက၊ အဂ္ဂ မဟာ
သေမင်းနောက်၊ ကောက်ကောက်လိုက်ရချေ။

၂၄။ ပညာကြီးမား၊ ဘုရားပစ္စေ
မဟာအဂ္ဂ၊ သာဝကထွေထွေ
သေမင်းခံတွင်း၊ သက်ဆင်းရချေ
ငါတို့အား၊ ရှောင်ရှား မရှိလေ။

## ကာယဗဟုသာဓာရဏအားဖြင့်ဆင်ခြင်ပုံ

၂၅။ သေရန်အကြောင်း၊ စုပေါင်းထွေထွေ
ကိုယ်၌များပြား၊ ထင်ရှားသလေ
အကြောင်းပျက်တော့၊ ကျိုးဆက်ခန္ဓေ
တည်နိုင်ဘဲ ယိုင်လဲ ပျက်၍သေ။

၂၆။ ထွက်သက်ဝင်သက်၊ စဉ်မပျက်ရှူ
ရှိုက်ရှူကင်းတော့၊ သေမင်းခေါ်ယူ
အစာအာဟာရ၊ မျှတမှုလူ
အစာကင်း၊ သေမင်း ခေါ်တော်မူ။

၂၇။ ရေမြေလေမီး၊ ဓါတ်ကြီးလေးသွယ်
ညီညာမျှမှ၊ အသက်ကရှင်တယ်
လေးပါးဓါတ်ကြီး၊ ပျက်စီးမလွယ်
ဤအသက်၊ ကင်းပျက်ပြန်ရတယ်။

၂၈။ လျောင်း ထိုင်ရပ်သွား၊ လေးပါးဣရိယာ
ညီညာပါမှ၊ မျှတခန္ဓာ
ဣရိယာပုတ်၊ ကင်းပြုတ်သောခါ
ခန္ဓာပျက်၊ အသက်ထွက်ရရှာ။

၂၉။ ကိုယ်၌ခိုအောင်း၊ ပိုးပေါင်းများစွာ
ကိုယ်ကိုအပိုင်စီး၊ ခိုမှီးနေတာ
ပိုးတွေပျက်တော့၊ ယွင်းပျက်မကြာ
ခန္ဓာပျက်၊ အသက်ထွက်ရရှာ။

၃၀။ ရာဇထောင်မက၊ များလှရောဂါ
နေ့လားညလား၊ ထံပါးရောက်လာ
ရောဂါရောက်တော့၊ ကောက်ကောက်ခန္ဓာ
သေမင်းလက်၊ ယွင်းပျက်ပါရရှာ။

၃၁။ ပစ်တိုင်းစက်ကွင်း၊ မြားထွင်းပမာ
ဘေးရန်ဥပါဒ်၊ ထူထပ်များစွာ
ခန္ဓာစက်ကွင်း၊ ထိရင်းထိတာ
ထံပါများ၊ မျက်ပြားကျခန္ဓာ

၃၂။ သေနတ်လုံးဓား၊ များပြားစုံစွာ
ခြသေ့ဆင်ကျား၊ ပိုးမွှားမြွေပါ
ခလုတ်သစ်ကျောက်၊ ကျချောက်လဲကာ
သေအကြောင်း၊ သောင်းပြောင်းစုံလှပါ။

## အာယုဒုဗ္ဗလအားဖြင့် ဆင်ခြင်ပုံ

၃၃။ လူ၏သက်တမ်း၊ မျှော်မှန်းကြည့်ပါ
နှစ်တစ်ရာမျှ၊ ခေါ်ကြဝေါဟာ
နှစ်တစ်ရာတွင်း၊ ပျက်ယွင်းများစွာ
တစ်ခဏ၊ ဖြစ်ရလူ့ခန္ဓာ။

၃၄။ ကျန်းမာနေဆဲ၊ ဖြုန်းခနဲပေါ်လာ
ခန္ဓာကိုယ်ထဲ၊ ကိုက်ခဲရောဂါ
မဖောက်ပြန်ချက်ချင်း၊ ပျက်ယွင်းခန္ဓာ
ရုတ်တရက်၊ သက်ထွက် သေဘတ်ပါ။

၃၅။ သွားဆဲလာဆဲ၊ ပျော်ဆဲ ကခုန်
စားဆဲ သောက်ဆဲ၊ မှောက်လဲဖြစ်ပုံ
ယခုမှာဆဲ၊ ခုပဲတုန်တုန်
လဲကာကျ၊ ခဏ္ဍလူ့ဘုံ။

## အနိမိတ္တအားဖြင့် ဆင်ခြင်ပုံ

၃၆။ ငါ၏အသက်၊ ဘယ်ရက် ဘယ်ခါ
တည်နေမှာပဲ၊ အမြဲမရှိပါ
နက်ဖြန်သဘက်၊ သေရက်ကြုံလာ
တစ်ရက်ရက်၊ ဆက်ဆက်သေရမှာ။

၃၇။ ကိုးဆယ့်ခြောက်ပါး၊ ဆန်းပြားထွေလာ
ဘယ်ရောဂါပဲ၊ ငါ့စွဲလာမှာ
အမှန်မသိ၊ များဘိရောဂါ
သေချိန်ကျ၊ မုချပေါ်၍လာ။

၃၈။ ဘယ်ခါကာလ၊ ဘယ်မျှနာရီ
နံနက်နေ့ညဉ့်၊ မသိနိုင်ပြီ
သေချိန်ကျတော့၊ သေရပါပြီ
ချိန်မလွဲ၊ သေမြဲမှန်တော့သည်။

၃၉။ ငါ့ကိုယ်ကောင်ကြီး၊ မြေကြီးဤမှာ
ပစ်ချမှာပဲ၊ မတွဲနိုင်ပါ
မြစ်တွင်း ချောင်းတွင်း၊ ကုန်းကျင်းဌာန
ဤကိုယ်ကြီး၊ တစ်နည်းနည်းသေရမှာ။

## အဒ္ဓါနပရိစ္ဆေ့အားဖြင့် ဆင်ခြင်ပုံ

၄၀။ လူသားအသက်၊ စစ်တွက်ကြည့်ပါ
ကာလမမြင့်၊ သေခွင့်ကြုံတာ
ငယ်သေကြီးသေ၊ ဘယ်သောမည္သာ
သေချိန်ကျ၊ မုချသေရမှာ။

၄၁။ ဖြစ်လျှင်မလွဲ၊ ပျက်မြဲဓမ္မတာ
ခဲကိုကိုင်မြှောက်၊ အောက်ကျပမာ
လူဟုဖြစ်ရ၊ အနှစ်တစ်ရာ
အလွန်မှန်း၊ သက်တမ်းရှည်ကြတာ။

၄၂။ သက်တမ်းနည်းလှ၊ ဘဝကြုံပါ
ပျော်အပါးနှင့်၊ စားကာ သောက်ကာ
လူဖြစ်ရှုံးဖို့၊ လုံးလုံးရှောင်ခွာ
ကုသိုလ်မျိုး၊ စိုက်ပျိုးသင့်ကြပါ။

၄၃။ တစ်နေ့တစ်ရက်၊ အသက်ရှင်စဉ်
သတိတရား၊ ပွားများစေချင်
ကုသိုလ်မျိုးစေ့၊ မမေ့ညက်ရှင်
ခုချက်ချင်း၊ သေမင်းမရောက်ခင်။

---

## ခဏပရိတ္တအားဖြင့် ဆင်ခြင်ပုံ

၄၄။ လူဟုသမုတ်၊ နာမ်ရုပ်နှစ်ဖြာ
ခဏမှာပဲ၊ ဖြစ်လဲဖြစ်တာ
ဖြစ်ပြီးမုချ၊ ပျက်ရ ဓမ္မတာ
ဖြစ်အပျက်၊ စပ်ဆက် သန္တတိသာ။

၄၅။ စိတ္တက္ခဏ၊ ဘာမျှမကြာ
ဖြစ်ရင်း သေရင်း၊ ညက်သွင်းကြည့်ပါ
ဖြစ်ဆဲခဏ၊ ဘဝသက်သာ
လွန်တိုလှ၊ ဘာမျှမကြာပါ။

## အထွေထွေ ဆင်ခြင်ပုံ

၄၆။ ဆံပင်စကောက်၊ ဦးနှောက်တိုင်အောင်
နှစ်ဆယ်မြေဓာတ်၊ ရုံပတ်ကိုယ်ကောင်
သည်းခြေအစ၊ မုတ္တာဆုံးအောင်
နှစ်ဆယ်ချီး၊ ရေမျိုးအာပေါဆောင်။

၄၇။ သန္တပ္ပန၊ ဒဟပါစကာ
ဇီရဏဟု၊ တေဇလေးဖြာ
ထက်အောက်ဝမ်းတွင်း၊ ကိုယ်တွင်းအင်္ဂါ
ထွက်သက်ရှူ၊ ခြောက်ခု ဝါယောပါ။

၄၈။ ရေမြေလေမီး၊ ဓာတ်ကြီးလေးဖြာ
အာကာသနှင့်၊ ဝိညာဏသည့်ပါ
ဤဓာတ်ခြောက်ခု၊ ခေါမှုသတ္တဝါ
သင်္ခတ၊ မှတ်ကြ ဤဓမ္မာ။

၄၉။ အကြောင်းမှုကြောင့်၊ ပေါင်းစုံဖြစ်လာ
ပုဂ္ဂိုလ်မဟုတ်၊ ကင်းပြုတ်ဇီဝါ
အချည်းနှီးမို့၊ ပျက်စီးသုညာ
အနိစ္စ ဒုက္ခ အနတ္တာ။

---

## သံဝေဂဘွဲ့

၅၀။ နုနယ် ရုပ်ဆင်း၊ ပျိုခြင်းဟူသည်
အိုမင်းနောက်ဆုံး၊ ဤထုံးစတည်
ဥစ္စာပေါများ၊ ပျက်ပြားနောက်ဆီ
ချစ်ခင်ခြင်း၊ ကွေကွင်းမလွဲပြီ။

၅၁။ အသက်ရှင်က၊ မုချသေမည်
တက်ကြွလွန်းက၊ လျှောကျတတ်သည်
ချစ်ခြင်းလွန်က၊ သောကနောက်တည်
ချီးမွမ်းကြ၊ ရှုတ်ချကြုံရမည်။

၅၂။ ချမ်းသာ၏နောက်၊ ဆိုက်ရောက်ဒုက္ခာ
ကျမ်းမာ၏နောက်၊ ဆိုက်ရောက်ရောဂါ
ပျော်တုံးရှင်တုံး၊ နောက်ဆုံးမရဏာ
ဤလောက၊ လုံးဝမကောင်းပါ။

၅၃။ တစ်ယောက်မကြွင်၊ ခပင်းများစွာ
အပါယ်လေးရပ်၊ လူနတ်ဗြဟ္မာ
သေပြီးသေဆဲ၊ မစဲသေးတာ
မျက်မှောက်တွင်း၊ ထင်လင်းသေအချာ

၅၄။ သူတို့လိုဘဲ၊ ငါလဲမှန်စွာ
သေမင်းခံတွင်း၊ သက်ဆင်းရမှာ
ဖြစ်ဖြစ်သမျှ၊ မုချဘူငါ
မသေဘဲ၊ အမြဲမရှိပါ။

၅၅။ ပျော်ရှဲမစဲ၊ ငိုပွဲကြုံသည်
ချစ်ဆဲခင်ဆဲ၊ ကွဲကြရပြီ
ရုပ်နာမ်အရှိ၊ ဇာတိကိုမှီ
မရဏ၊ မုချကြုံရမည်။

၅၆။ ပြုကျိုးပြင်ကျိုး၊ အကျိုးမပေါ
ပြုဆဲပြင်ဆဲ၊ ပျက်မြဲခန္ဓာ
ခန္ဓာရှိသမျှ၊ မချိဒုက္ခာ
ဘဝဆုံး၊ ပျက်ပြုန်းမရဏာ။

၅၇။ စားတုန်းသောက်တုန်း၊ ပျော်တုန်းအချိန်
အိုနာကျရောက်၊ နှမ်းခြောက်ပိန်ပိန်
ရောဂါနှိပ်စက်၊ စိတ်လက်မငြိမ်
အချည်းနှီး၊ ပျက်စီးခန္ဓာအိမ်။

၅၈။ ရူပက္ခန္ဓာ၊ သဘောထင်ထင်
ရေမြှုပ်လိုဘဲ၊ ဉာဏ်ထဲမှာမြင်
အနှစ်ကင်းလို့၊ ပျက်ယွင်းအစဉ်
မတည်မြဲ၊ ဖောက်လွဲသေကိန်းပင်။

၅၉။ ခန္ဓာဝေဒနာ၊ ရေပွက်ပမာ
တွင်းမှာဟင်းလင်း၊ နှစ်ကင်းသည်သာ
မကြာခင်ပျက်၊ ရေပွက်တူစွာ
ခံစားချက်၊ ယွင်းပျက်ဝေဒနာ။

၆၀။ သညာအမှတ်၊ တံလျှပ်သဏ္ဍာန်
အမှန်မှတ်လဲ၊ ဖောက်လွဲဖောက်ပြန်
အနှစ်ကင်းလို့၊ ပျက်ယွင်းကေန်
သညာခေတ်၊ ရှုလတ်အနိစ္စံ။

၆၁။ ငှက်ပျောတုံးသို၊ ရှုဦးမြင်အောင်
သင်္ခါရမျိုး၊ အကျိုးကြဉ်ရှောင်
အကာသာဖြစ်၊ အနှစ်ဝေးခေါင်
သုံးမကျ၊ ထုံးပြငှက်ပျောယောင်။

၆၂။ သဏ္ဍာန်မျက်လှည့်၊ တူဘိဝိညာဉ်
စိတ်ကိုလှည့်စား၊ ထိပြောအမှန်
အနှစ်ကင်းလို့၊ မှားယွင်းဖောက်ပြန်
အနိစ္စ၊ မုချဝေကန်။

၆၃။ ခန္ဓာငါးပါး၊ ခေါ်ငြားသကို
ရုပ်နာမ်နှစ်ပါး၊ မှတ်သားမပို
ရုပ်နာမ်သန္တတိ၊ အမှန်ရှိသလိုလို
အထင်မှား၊ ပျက်ပြားဤရွှေကိုယ်။

၆၄။ ရေပြင်ပေါ်တက်၊ ရေပွက်ပမာ
လူတို့ဘဝ၊ ဘာမျှမကြာ
အသက်ရှင်တုန်း၊ ရွှင်ပြုံးကြည်သာ
ကုသလ၊ ပြုမှဘော်တော့မှာ။

၆၅။ တိမ်တိုက်ကြားမှ၊ ထင်ရှားပေါ်လာ
လျှပ်စစ်လျှပ်ပန်း၊ အံ့မခန်းလှဘာ
ယခုဖြစ်ပြီး၊ ပျက်စီးမကြာ
လျှပ်ပန်းနည်း၊ ပျက်စီးလူ့ခန္ဓာ။

၆၆။ မအိုချင်ဘဲ၊ အမြဲလှလို
အလှမပျောက်၊ စောင့်ရှောက်သိမ်းသို
ဘယ်လိုသိမ်းဆည်း၊ ပျက်စီးချိန်ဆို
အိုရမြဲ၊ မလွဲမှတ်စေလို။

၆၇။ မနာမဖျားး၊ ကိုယ်ကားလန်းစို
ရောဂါအငွေ့၊ မတွေ့စေလို
ကိုယ်ကိုယုယ၊ ဘယ်မျှပိုက်သို
နာချိန်ကျ၊ နာရအမှန်ကို။

၆၈။ သေရမည့်ဘေး၊ တွေး၍ကြောက်သကို
မသေရန်ဆေး၊ တိုက်ကျွေးထိုထို
သေချိန်ကျတော့၊ သေရလူဗိုလ်
သေရန်ဈေး၊ ထွက်ပြေးမလွတ်လို

၆၉။ အိုနာသေဘေး၊ ကင်းဝေးရအောင်
ကောင်ကင်အဆုံး၊ ရှောင်ပုန်းမလွတ်ပေါင်
ရေကိုခွဲလို့၊ ဂူထဲပုန်းတောင်
အချိန်ကျ မုချ သည်ဘေးနှောင်။

၇၀။ ကိုယ်ရှာမှီးခဲ့၊ ပစ္စည်းများစွာ
သူယူငင်ပစ်၊ ကျန်ရစ်ခဲ့တာ
ချစ်သူ သားမယား၊ လင်သားညာတကာ
မပါဘဲ ခွဲ၍ ပြန်ကြပါ။

၇၁။ ကိုယ်၏အနောက်၊ ကောက်ကောက်ပါတာ
ကောင်းမှု မကောင်းမှု၊ အကြောင်းပြုမှာ
ထိပ်ထက်မီးကျ၊ ပြုကြကုသလာ
ချိန်ရှိခိုက်၊ လုံ့လစိုက်ကြပါ။

၇၂။ လူ့ရဲ့ဘဝ၊ တစ်ခဏ ဘာမကြာ
လူ့ဘဝဖြစ်တုန်း၊ အရှုံးမရှိရာ
မကောင်းမှန်းသိ၊ သိလျှင်ပယ်ခွာ
ကောင်းမှုမျိုး၊ စိုက်ပျိုးလိုက်ကြပါ။

၇၃။ မွေးစဉ်ကာလ၊ ဘာမျှမပါ
သေသောအခါလဲ၊ အချည်းနှီးဗလာ
ငါ့ကိုယ်ခေါ်ရ၊ လေးလှခန္ဓာ
မြေသာမျှ၊ သုည ကျန်တော့တာ။

၇၄။ အို နာ သေဘေး၊ ကင်းဝေးခဏတာ
ကုသိုလ်ကောင်းမှု၊ ပြုစုသင့်ပါ
အိုနာ သေမျိုး၊ ဝင်တိုးသောအခါ
ကုသိုလ်မှု၊ ပြုဖို့ ခက်လှတာ။

၄၅။ သာသနာတွင်း၊ ပက်ပင်းကြုံလာ
ခုလို လူ့ဘဝ၊ ရဖို့ခက်တာ
လူဖြစ်နေခိုက်၊ အမိုက်ဘယ်ခွာ
မမေ့နှင့်၊ လေ့ကျင့် ကုသလာ။

၄၆။ မမေ့သူများ၊ ကြွယ်သွားနိဗ္ဗာန်
မေ့သူသေရစ်၊ ရှင်ချပ်မိန့်ပြန်
အပ္ပမာဒေ၊ အမတံ ပဒံ
ပမာဒေါ၊ မစ္စုနော ပဒံ။ ။

ယခုဖော်ပြခဲ့တာက မရဏာနုဿတိ ကမ္မဋ္ဌာန်းကဗျာများဖြစ်တယ်။ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်တလဲလဲ မမေ့မလျော့ နေ့စဉ်နေ့တိုင်း ကျင့်ကြံကျိုးကုတ်အားထုတ်မှ ဖြန့်းနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာကိုမှ မမေ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ဘဝဆိုတာ ဘယ်အရာမျှ မမြဲဘူး၊ ဖြစ်ပြီးလျှင် ပျက်သွားတာပါကလား–လို့ ဘဝရဲ့အဖြေကို သိထားတယ်၊ ဘဝဆိုတာ ဖြစ်တာရယ်, အိုတာရယ်၊ နာတာရယ်, သေတာရယ် ဒါပဲရှိတာပါကလား–လို့ အမှန်ကိုမြင်တဲ့အတွက် ဘယ်ဘဝကိုမှ မမွေ့လျော်ဘူး၊ ဘယ်ဘဝမှ ပျော်စရာ မရှိဘူးလို့ သိလာတယ်။

ဘဝတစ်ခုမှာ ဖြစ်ပေါ်လာတဲ့ အသက်ဆိုတာလဲ ဘာမျှကြာကြာ မခံဘူး။ မကြာခင် ပျက်စီးတာပဲ–လို့ သိတဲ့အတွက် အသက်ပေါ် တပ်မက်တဲ့တဏှာ ကင်းလာတယ်။ မကောင်းမှုကို စက်ဆုပ်လာတယ်၊ ပစ္စည်းဥစ္စာ အိမ်ရာ သားမယား စတဲ့ ကိုယ်နှင့်ပတ်သက်တဲ့ အရာဝတ္ထုများအပေါ် နှမြောမှု ဝန်တိုမှု၊ တွယ်တာမှုတွေ ကင်းလာတယ်။

'ငါသည် သေရလတ္တံ၊ ငါသည် သေရလတ္တံ့'လို့ ခန္ဓာကိုယ်မမြဲတာကို အဖန်တလဲလဲ ပွားများလာတဲ့အတွက် ရုပ်တရား နာမ်တရားတို့ရဲ့ မမြဲသော အနိစ္စသညာကို ပွားများပြီးဖြစ်သွားတယ်။ အနိစ္စ မမြဲတဲ့သညာကို အဖန်ဖန် ပွားများခဲ့တဲ့အတွက် အနိစ္စနှင့် အကြောင်းအကျိုးဆက်စပ်နေတဲ့ ရုပ်နာမ်တို့ရဲ့ ဆင်းရဲခြင်း ဒုက္ခသညာ, အနှစ်သာရမရှိခြင်း အနတ္တသညာများလဲ ထင်မြင်လာတယ်။ အနိစ္စ,ဒုက္ခ, အနတ္တသညာများ ထင်မြင်လာတဲ့အတွက် မကြာမီ သောတာပတ္တိမဂ်ကို မျက်မှောက်ပြုနိုင်တယ်။ ။

အကယ်၍ သောတာပတ္တိမဂ်ကို မျက်မှောက်မပြုနိုင်သည့်တိုင်အောင် သေသည့်ရဲ့ အခြားမဲ့မှာ လူ့ဘဝ, နတ်ဘဝဆိုတဲ့ သုဂတိဘဝကို ရောက်ရနိုင်တယ်၊ ဒါကြောင့် အလွန်တန်ခိုးအာနုဘော် ကြီးမားတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ကြိုးပမ်းပွားများအားထုတ်ကြစေလိုတယ်။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ မရဏဿတိယာ သဒါ။

ဘာဝန္တော—တရားနာ ပရိသတ်အပေါင်း အို သူတော်ကောင်းတို့၊ တသ္မာ—ထို၍ ထိုမျှ ကြီးမားလှသော အကျိုးထူးရှိသည်၏အဖြစ်ကြောင့်၊ သုမေဓသော—ကျိုးကြောင်းမြင်သိ ပညာရှိသော သူတော်ကောင်းသည်၊ ဧဝံ မဟာနုဘာဝါယ — ဤသို့ ပွားတိုး တန်ခိုးအာနုဘော် ကြီးမားလှသော၊ မရဏဿတိယာ—သေမည့်အရေး သေမည့်ဘေးကို ကြံတွေးမြင်သိ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို၊ သဒါ—နေ့ရော ညပါ အခါမပြတ်၊ အပ္ပမာဒံ—သတိလျော့ရဲ မမေ့မလျော့ဘဲသာလျှင်၊ ဟဝေ—စင်စစ်၊ ကယိရာထ—ဝီရိယလွှမ်း လုံ့လစွမ်းဖြင့် ကြိုးပမ်းအားထုတ်ကြကုန်ရာသတည်း။ ။



# တံတိုင်းငါးတန် ပြည်နိဗ္ဗာန်

ကောဇာသက္ကရာဇ် ၁၃၄၃–ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်ဖြစ်တဲ့ ဒီနေ့ဟာ မန္တလေးမြို့ မဟာအောင်မြေအရှေ့ (၄၁)လမ်း ဉပုသ်တော်ကုန်းရပ် အလှူဒါယကာ ဦးကျော်သန်း၊ အလှူဒါယိကာမ ဒေါ်ထွေးတင် မိသားစုတို့ရဲ့ သုနက္ခတ္တံ သုမင်္ဂလံဆိုတဲ့ ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာနှင့် ပြည့်စုံတဲ့နေ့ တစ်နေ့ဖြစ်တယ်။

ဘာကြောင့်လဲဆိုတော့ ဒီနေ့မှာ ဦးကျော်သန်း – ဒေါ်ထွေးတင် မိသားစုတို့ ကုသိုလ်တရား တိုးပွားတဲ့နေ့ ဖြစ်တယ်။ ဘာကုသိုလ်တရားတွေ တိုးပွားတာလဲ ဆိုတော့ မိမိတို့ရဲ့ ရင်နှစ်သည်းခြာ သားဖြစ်သူနှင့်တကွ၊ သူတစ်ပါးရဲ့ သားမြေးများကို ရှစ်ပါးပရိက္ခရာ စုံလင်စွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အတွင်း ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှောက်ရတဲ့ ပဗ္ဗဇ္ဇမင်္ဂလာ ဓမ္မာနုဂ္ဂဟ ကုသိုလ်တရား ဖြစ်ပွားတယ်။

မိမိတို့ရဲ့ ဆွေးသားညီများ တူများကိုလဲ ရှစ်ပါးသော ပရိက္ခရာဖြင့် ရဟန်းဘုံသို့ရောက်အောင် ချီးမြှောက်ရတဲ့ ဥပသမ္ပဒါနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟကုသိုလ်တရားကြီးလဲ ဖြစ်ပွားတယ်။ သံဃာတော်များကို လှူဒါန်းကော်ရေ ပူဇော်ရတဲ့ သံဃိကအလှူဒါန ကုသိုလ်တရားလဲ ဖြစ်ပွားတယ်။

ဒါ့ကြောင့် ဒီနေ့ဟာ ဦးကျော်သန်း–ဒေါ်ထွေးတင် မိသားစုတို့ အတွက် ကောင်းသောနက္ခတ် ကောင်းသော မင်္ဂလာနှင့် ယှဉ်သောနေ့ တစ်နေ့ဖြစ်တယ်။ ဦးကျော်သန်း-ဒေါ်ထွေးတင် မိသားစုများဟာ ဒီ ဒါန ကုသိုလ်၊ သီလကုသိုလ် ဖြစ်ပွားရုံမျှနှင့် အားမရကြဘူး၊ ဓမ္မသာဝနဆိုတဲ့ ဘာဝနာ ကုသိုလ်တရားလဲ တိုးပွားချင်ကြသေးတယ်။ ဒါကြောင့် မိမိတို့လဲ အကျိုးများ၊ တရားနာသာကြတဲ့ ဓမ္မမိတ်ဆွေများလဲ အကျိုးများအောင် အလှူရဲ့ အကြိုနေ့ဖြစ်တဲ့ ၁၃၄၃–ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်နေ့ညမှာ တရားပွဲတစ်ပွဲ ပြုလုပ်လိုကြတယ်။

မန္တလေး ရွှေမြို့တော်မှာ ဓမ္မကထိက အကျော်အမော်တွေ အလွန်များပြားပေသပေါ့၊ သို့သော်လဲ တစ်ခါတစ်ရံမှ မန္တလေးကို ရောက်လာတတ်တဲ့ တောဘုန်းကြီးများနှင့် ရွှေမြို့တော်သူ၊ ရွှေမြို့တော်သား ဒါယကာ ဒါယိကာမအများတို့ မေတ္တာချင်း တွေ့ထိစေလိုတဲ့ဆန္ဒနှင့် ဘုန်းကြီးများကို ယနေ့ညဖြင့် တရားတစ်ပုဒ် ချီးမြှောက်ပေးတော်မူပါလို့ လျှောက်ထားကြတဲ့အတွက် အလှူရှင်များနှင့် တကွ ကြွလာကြတဲ့ ဒါယကာ-ဒါယိကာမများ ဘာဝနာ ကုသိုလ်တရားပွားများကြရအောင် ဘုန်းကြီးက တတ်နိုင်သလောက် တရားတစ်ပုဒ် အားထုတ် ဟောပြောခဲ့ပါမယ်။ ရိုသေသော စိတ်ထားဖြင့် တိတ်တိတ်ဆိတ်ဆိတ် မှတ်သားနာယူကြစေလိုတယ်။

မြန်မာနိုင်ငံတော်ဟာ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမသာသနာတော်ကြီး ထွန်းလင်းတောက်ပရာ ဌာနဒေသဖြစ်တယ်၊ မြန်မာနိုင်ငံဘော်သူ နိုင်ငံတော်သားတွေဟာများသောအားဖြင့် ဗုဒ္ဓဘုရားရှင်ရဲ့ အယူဝါဒ (တရားတော်) များ သက်ဝင်ယုံကြည်ကြသူတွေဖြစ်လို့ ဗုဒ္ဓဘာသာဝင်များလို့ ခေါ်ဆိုခဲ့ကြတယ်။ ဒီနေရာမှာ ဘုရားရှင်ရဲ့ အယူဝါဒတော်က ဘာတုန်းလို့မေးစရာပေါ်လာတယ်။

ဗုဒ္ဓဘုရားရှင်ရဲ့ဝါဒတော်က များများမရှိပါဘူး၊ လေးမျိုးထဲရှိပါတယ်၊ လေးမျိုးဆိုတာက "ဆင်းရဲခြင်းမှန်တဲ့တရား၊ ဆင်းရဲခြင်းကို ဖြစ်အောင်ပြုလုပ်တဲ့တရား၊ ဆင်းရဲခြင်းချုပ်ငြိမ်းတဲ့တရား၊ ဆင်းရဲခြင်း ချုပ်ငြိမ်းအောင် လုပ်တတ်တဲ့တရား"ရယ်လို့ ဗုဒ္ဓဘုရားရှင်ရဲ့ အယူဝါဒတော်ဟာ လေးမျိုးထဲရှိတယ်။

အဲဒီလေးမျိုးအနက် "ဆင်းရဲခြင်းမှန်တဲ့တရား" ဆိုတာ စာစကားနှင့် ပြောရလျှင် "ဒုက္ခံ အရိယသစ္စံ" လို့ သင်္ဂြိုဟ်ကျမ်းမှာပြဆိုထားတဲ့အတိုင်း ကာမဘုံ ရူပဘုံ အရူပဘုံဆိုတဲ့ ဘုံသုံးပါးမှာ ဖြစ်ဖြစ်သမျှသော ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါးကို ဆင်းရဲခြင်းမှန်တဲ့ တရားလို့ အရကောက်တယ်။ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဆိုတာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂) ပါးမှာ ပါဝင်တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန်ကို ကိလေသဝဋ်လို့ခေါ်တယ်။ ကမ္မဘဝ တစ်ခိတ်နှင့် သင်္ခါရတို့ကို ကမ္မဝဋ်လို့ခေါ်တယ်။ ကြွင်းတဲ့ဝိညာဏ် နာမ်ရုပ် သဠာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ, မရဏတို့ကိုတော့ ဝိပါကဝဋ်လို့ခေါ်တယ်။

ဒါက ဝဋ်သုံးပါးကို စာစကားနှင့် ပြောတာပါ။ အရပ်စကားနှင့် ပြောကြစို့ဆိုလျှင် အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, စတဲ့ ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ တဏှာယ်တော့ ဒီခန္ဓာကိုယ်ကြီးကို ပြောနေတာပါဘဲ။ ဝဋ်သုံးပါးဆိုတာလဲ အကြောင်းအကျိုးလည်နေတဲ့ ဒီခန္ဓာကိုယ်ပါဘဲ။ ဒါကြောင့် ဆင်းရဲခြင်းမှန်တဲ့ တရားဆိုတာ တခြားကို သွားရှာနေဖို့မလိုပါဘူး။ ဒီခန္ဓာကိုယ်ကြီးပင်ဖြစ်တယ်။ ဒီခန္ဓာကိုယ်ကြီးဟာ အကြောင်းအကျိုးစပ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်တရား၊ တစ်နည်းပြောရလျှင် ရုပ်နှင့်နာမ်စပ်နေတဲ့တရား။ နောက် တစ်နည်းပြောရလျှင် ခန္ဓာငါးပါးတရားဖြစ်တယ်၊ ဒါကြောင့် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ပဋိစ္စသမုပ္ပါဒ်(၁၂)ပါးဖြစ်တဲ့ ဒီခန္ဓာကိုယ်ကြီးကို "ဒုက္ခ စစ်မှန်တဲ့တရား"ဟုဗုဒ္ဓဘုရားရှင်က ယူဆတော်မူတယ်။

ဒုက္ခအစစ်၊ ဆင်းရဲခြင်းမှန်တဲ့ ဒီရုပ် ဒီနာမ်ဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုန်းဆိုတော့၊ တစ်ခြားသူ့ကြောင့် ဖြစ်တာမဟုတ်ဘူး။ ဒီရုပ် ဒီနာမ်ကို ရချင်လိုတဲ့ တဏှာတရားကြောင့် ဖြစ်တာတဲ့။ ဒီတဏှာကရော ဘာကြောင့် ဆင်းရဲတုန်း,ဆင်းရဲခဲဖြစ်တဲ့ ဒီရုပ်, ဒီနာမ် ဒီခန္ဓာကို ရချင်တာတုန်းဆိုတော့။ ခန္ဓာရဲ့သဘာဝကို မသိတဲ့ အဝိဇ္ဇာရဲ့ လက်ချက်ကြောင့် တဏှာက ခန္ဓာကို ရချင်နေတာတဲ့။

ခန္ဓာရဲ့ သဘာဝကတော့ ဖြစ်ပြီး ပျက်သွားတတ်တဲ့အတွက် အနိစ္စ တရားမျိုးဖြစ်တယ်။ အဖြစ်အပျက်တို့ရဲ့ အနှိပ်အစက်ကို ခံနေရတဲ့အတွက် ဒုက္ခတရားမျိုး ဖြစ်တယ်။ အဖြစ်အပျက်ကို မဖြစ်ပါနှင့်၊ မပျက်ပါနှင့်လို့ တားမြစ်လို့လဲမရ။ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့အတွက် အနတ္တတရားမျိုး ဖြစ်တယ်။ ဒီလိုမမြဲတဲ့ အနိစ္စအချက်၊ ဆင်းရဲတဲ့ ဒုက္ခအချက်၊ အလိုသို့ မလိုက်တဲ့ အနတ္တအချက် တို့ကို အဝိဇ္ဇာက မသိအောင် ဖုံးထားတယ်။ ဖုံးထား ရုံမျှမက မမြဲသောအနိစ္စကို မြဲတယ်လို့ထင်အောင်, ဆင်းရဲသော ဒုက္ခကို ချမ်းသာလို့ ထင်အောင် အလိုသို့မလိုက်သော အနတ္တကို အလိုသို့ လိုက်တယ် ထင်အောင် လှည့်စားတတ်တယ်။

အဝိဇ္ဇာရဲ့ ဒီလိုလှည့်စားချက်ကြောင့် ဆင်းရဲခြင်း အမှန်ဖြစ်တဲ့ ရုပ်နာမ်ခန္ဓာကို တဏှာ သမုဒယက လိုချင်တောင့်တမှု ဖြစ်လာတယ်။ လိုချင် တောင့်တမှု ဖြစ်လာတဲ့အတွက် ရုပ်နာမ်ခန္ဓာကို ရအောင် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ ကံအလုပ်တွေကို လုပ်ခဲ့ကြတယ်။ ကံအလုပ်ကို လုပ်ခဲ့ကြတဲ့ ကမ္မဝဋ်ကြောင့် ဟော....ဝိပါကဝဋ်ဆိုတဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကြီးကို ရလာကြတယ်။ ရုပ်ခန္ဓာ, နာမ်ခန္ဓာကို ရလာလေတော့ ဆင်းရဲခြင်းနှင့် ကြုံတွေ့ နေကြရတော့တာပေါ့။

ဆင်းရဲခြင်းမှန်တဲ့ ဒီရုပ်ခန္ဓာ နာမ်ခန္ဓာဟာ ဘယ်မှာမှ ချုပ်ဆုံးသလဲ ဆိုလျှင် မီးပုံကြီးဟာ မီးစာကုန်တော့မှ ငြိမ်းသလို ကံမီးစာ ကုန်သွားမှ ငြိမ်းတယ်။ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာငြိမ်းရာကို ဘာခေါ်သလဲဆိုတော့ နိရောဓလို့ ခေါ်တယ်၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကို ဝင်မှပဲ ရုပ်ခန္ဓာ, နာမ်ခန္ဓာ, ဒုက္ခသစ္စာတွေ ချုပ်ဆုံးတယ်၊ နိဗ္ဗာန် မဝင်သမျှ မချုပ်ဆုံးဘူး။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်မှန်သမျှတွေဟာ ဆင်းရဲခြင်းချုပ်ဆုံးတဲ့ နိဗ္ဗာန်ရောက်အောင် တတ်နိုင်သလောက် ကြိုးစားနေကြတယ်၊ အားထုတ်နေကြတယ်။ ဒါပေမယ့် တော်ရုံတန်ရုံ ကြိုးစားအားထုတ်ရုံမျှနှင့် နိဗ္ဗာန်ရောက်ဖို့ဆိုဟာ မလွယ်ကူဘူး။ ဘာကြောင့်တုံးဆိုတော့ နိဗ္ဗာန်ရောက်ဖို့အတွက် အလွန်ခက်ခဲတဲ့အတွက် ဖြစ်တယ်။ နိဗ္ဗာန်ရောက်ဖို့ ခက်ခဲပုံကို လောကီဥပမာနှင့် ပြောရလျှင် ဝင်းအဘန်တန်ခတ်ထားတဲ့ ပျိုးခင်းထဲကို နွားတစ်ကောင် ဝင်ရောက်ဖို့ မလွယ်ကူသလိုပဲ၊ နိဗ္ဗာန်ဝင်ရောက်ဖို့ဆိုဟာလဲ အပြောလွယ်သလောက် မလွယ်ကူဘူး။

ပျိုးခင်းကို ဝင်းအဘန်တန်ခတ်ထားသလို နိဗ္ဗာန်တရားကိုလဲ တံတိုင်းငါးတန် ကာရံထားတယ်။ အဲဒီ တံတိုင်းကြီးငါးတန်ကို အဆင့်ဆင့် ကျော်လွှား ဝင်ရောက်နိုင်မှ နိဗ္ဗာန်ကို ရောက်နိုင်တယ်။ နိဗ္ဗာန်တရားကို ကာရံထားတဲ့ တံတိုင်းကြီး ငါးတန်ဆိုတာက -

(၁) ကမ္မဿကတာ သမ္မာဒိဋ္ဌိတံတိုင်းကြီး။
(၂) နာမရူပပရိစ္ဆေဒ သမ္မာဒိဋ္ဌိတံတိုင်းကြီး။

(၃) ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိတံတိုင်းကြီး။
(၄) ဝိပဿနာဉာဏဒဿန သမ္မာဒိဋ္ဌိတံတိုင်းကြီး။
(၅) လောကုတ္တရမဂ္ဂဖလ သမ္မာဒိဋ္ဌိတံတိုင်းကြီး။

များ ဖြစ်ကြတယ်။

အဲဒီတံတိုင်းကြီးငါးတန်အနက် ကမ္မဿကတာသမ္မာဒိဋ္ဌိတံတိုင်းကြီး ဆိုတာက ဘာလဲ....လောကမှာ သတ္တဝါတွေ ရှိနေကြတယ်။ ဒီသတ္တဝါတွေ ဘာကြောင့် ဖြစ်တာလဲလို့ သတ္တဝါဖြစ်ခြင်းအကြောင်းကို တွေးခေါ်ရာမှာ လူတွေက အယူအဆအမျိုးမျိုး ခြားနေကြတယ်။ အချို့သောသူများက သတ္တဝါတွေဟာ အကြောင်းမရှိဘဲ သူ့ဖြစ်ချင်သလို ဖြစ်နေကြတယ်လို့ ယူဆကြတယ်။ အဲဒီအယူအဆမှာ သတ္တဝါဖြစ်ခြင်းအကြောင်း မရှိဘူးလို့ ယူဆတဲ့အတွက် အဲဒီအယူအဆမျိုးကို (အဟေတုက ဒိဋ္ဌိ) လို့ ပါဠိလို ခေါ်တယ်။ "အဟေတုက ဒိဋ္ဌိ" ဆိုတာ အကြောင်းမရှိသော အယူအဆ တစ်နည်းအားဖြင့် အကြောင်းမရှိဟု ထင်မြင်ခြင်းလို့ ဆိုလိုတယ်။

တချို့သောသူများကတော့ သတ္တဝါတွေနှင့်တကွ သက်ရှိသက်မဲ့ အလုံးစုံသော ရုပ်နာမ်တွေဟာ အကြောင်းမရှိဘဲ သူ့ဖြစ်ချင်သလို ဖြစ်နေကြတာ မဟုတ်ဘူး။ တန်ခိုးကြီးမားတဲ့ ဗြဟ္မာ၊ ဗိဿနိုး စတဲ့ ထာဝရဘုရားသခင်တို့က ဖန်ဆင်းလို့ ဖြစ်ပေါ်လာကြတယ်လို့ ယူဆကြတယ်။ အဲဒီအယူအဆကိုတော့ အကြောင်းမညီညွတ် မမှန်ကန်တဲ့အတွက် ပါဠိလို 'ဝိသမဟေတုဒိဋ္ဌိ' လို့ ခေါ်တယ်။

ဝိသမဟေတုဒိဋ္ဌိဆိုတာ မညီညွတ်သောအကြောင်းကို ထင်မြင်ယူဆခြင်းလို့ ဆိုလိုတယ်။ ဒီအယူအဆနှစ်ပါးကို ဗုဒ္ဓရဲ့အလိုတော်အားဖြင့် မမှန်ကန်တဲ့ အယူအဆများဖြစ်လို့ (မိစ္ဆာဒိဋ္ဌိ) အယူဆိုးများလို့ သတ်မှတ်ထားတယ်။

ဒါဖြင့် မှန်ကန်တဲ့အယူအဆက ဘာတုံးဆိုတော့ သတ္တဝါတွေနှင့်တကွ သက်ရှိ သက်မဲ့ ရုပ်နာမ်မှန်သမျှဟာ သူ့ဖြစ်ချင်သလို ဖြစ်တာလဲ မဟုတ်ဘူး။ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်ဘုရားက ဖန်ဆင်းလို့ ဖြစ်လာတာတွေလဲ မဟုတ်

ဘူး။ အမှန်တော့ ကံ, စိတ်, ဥတု, အာဟာရ စသော အကြောင်းတရားများက ပြုပြင် ဖန်တီးတဲ့အတွက် ဖြစ်ပေါ်လာတာတွေ ဖြစ်တယ်။ အဲဒီ သတ္တဝါဖြစ်တဲ့ အကြောင်းတရားတွေထဲက ကံတရားဟာ သတ္တဝါတွေကို ပြုပြင်စီရင်တာ မှန်တယ်လို့ ယူဆချက်ကို (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်) လို့ ခေါ်တယ်။

ကမ္မဿကတာဆိုတာ (ကမ္မံ သကံ ယေသန္တိ ကမ္မဿကာ) ဆိုတဲ့ အတိုင်း ယေသံ–အကြင်သတ္တဝါတို့၏၊ ကမ္မံ–ကံဟူ ဆိုအပ်သော၊ သကံ–မိမိဉစ္စာသည်၊ အတ္ထိ–ရှိ၏။ ဣတိ တသ္မာ–ထို့ကြောင့်၊ ကမ္မဿကာ–ကမ္မဿကာမည်၏တဲ့။ သတ္တဝါတွေမှာ ကိုယ်ပြုလုပ်တဲ့ ကုသိုလ်ကံ, အကုသိုလ်ကံသာ ကိုယ်ပိုင်ဉစ္စာ ရှိကြတယ်။ ကိုယ်ပြုလုပ်တဲ့ကုသိုလ်ကံ, အကုသိုလ်ကံမှတစ်ပါး သားမယား, တန်ခိုးအာဏာ, လယ်ယာရွှေငွေ ဆိုတာတွေဟာ ကိုယ်ပိုင်တွေ မဟုတ်ဘူး။ ယုတ်စွအဆုံး မိမိခန္ဓာကိုယ်ကိုသော်လဲ မိမိ မပိုင်ဘူး။ သေမင်းကသာ ပိုင်တယ်။ နိဗ္ဗာန်မရမီအတွင်း အမှန်တကယ် ကိုယ်ပိုင်တယ်လို့ ဆိုရမှာက ဒီကုသိုလ်ကံ, အကုသိုလ်ကံသာ ရှိတယ်လို့ သိမြင်ယုံကြည်တဲ့ဉာဏ်ကို (ကမ္မဿကတာဉာဏ်) လို့ ခေါ်ဆိုတယ်။

နိဗ္ဗာန်ကိုရောက်ဖို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့အတွက် ရှေးဦးစွာ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ ဒီတံတိုင်းကြီး ခံနေတယ်။ အကြင်ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကံ, ကံရဲ့ အကျိုးကို မြတ်နိုးယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် မရှိဘူးဆိုလျှင် အဲဒီပုဂ္ဂိုလ်ဟာ ဒါနကုသိုလ်လဲ ပြုလို့ မဖြစ်ဘူး၊ သီလကုသိုလ်လဲ ပြုလို့ မဖြစ်ဘူး။ ဘာဝနာကုသိုလ်သဲ ပြုလုပ်လို့ မဖြစ်ဘူး၊ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်ဆိုတဲ့ ကုသိုလ်မျိုးစေ့မှ မရှိခဲ့လျှင် အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို မဆိုထားနှင့်၊ သုဂတိဘဝ ရောက်ဖို့တောင် မျှော်လင့်ချက် မရှိဘူး။ သူဟာ ကိုယ်ပြုတဲ့ကံကို မယုံကြည်တဲ့အတွက် သူ့သန္တာန်မှာ ကုသိုလ်မဖြစ်တဲ့အပြင် အကုသိုလ်တွေသာ ပွားများလာတယ်။ ဘယ်အကုသိုလ်တွေ များလာသလဲဆိုတော့....

'ဒိန်ယိဋ္ဌဟုကံ၊ လောနှစ်တန်၊ တစ်ဖန်မိနှင့်ဖ–
ဉပပတ်နှင့်၊ ရှင်မြတ်ရှို၊ မှတ်ယူဘိ၊ ဒိဋ္ဌိဆယ်မျိုးပြ''
ဆိုတဲ့ နတ္ထိက မိစ္ဆာဒိဋ္ဌိအကုသိုလ် တိုးပွားလာမယ်။

နတ္ထိက မိစ္ဆာဒိဋ္ဌိဆိုတာက

နတ္ထိဒိန္နံ–အလှူပေးလှူလို့ အကျိုးမရှိဘူး။
နတ္ထိယိဋ္ဌံ–အလှူကြီးပေးလို့ အကျိုးမရှိဘူး။
နတ္ထိဟုတံ–ပူဇော်သက္ကာရပြုလို့ အကျိုးမရှိဘူး။
နတ္ထိကမ္မံ–ကုသိုလ်ကံ၊အကုသိုလ်ကံတို့ရဲ့ အကျိုးမရှိဘူး။
နတ္ထိအယံလောကော–ဟိုဘဝကံကြောင့်ဒီဘဝဖြစ်လာသူရယ်လို့ မရှိဘူး။
နတ္ထိပရောလောကော– ဒီဘဝကံကြောင့် နောင်ဘဝ ဖြစ်မည့် သူရယ်လို့မရှိဘူး။
နတ္ထိမာတာ–အမိရဲ့ကျေးဇူး မရှိဘူး။
နတ္ထိပိတာ–အဖရဲ့ကျေးဇူး မရှိဘူး။
နတ္ထိသြပပါတိကော–ဘဝတစ်ပါးက စုတိပြီးဖြစ်လာတဲ့သတ္တဝါ ရယ်လို့မရှိဘူး။
နတ္ထိသမဏဗြာဟ္မဏာ– တရားအားထုတ်လို့ ကိလေသာကုန်တဲ့ သမဏဗြာဟ္မဏဆိုတာ မရှိဘူး။

ဒီဆယ်ပါးသော မိစ္ဆာ အယူဆိုးကို ကံရဲ့အကျိုးမရှိလို့ ပယ်တဲ့အတွက် "နတ္ထိက မိစ္ဆာဒိဋ္ဌိ"လို့ ခေါ်တယ်။

ကံ–ကံရဲ့အကျိုးကို မြတ်နိုးယုံကြည်တဲ့ (ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်) မရှိသူရဲ့သန္တာန်မှာ ကုသိုလ်တရားမဖြစ်ပွားတဲ့အပြင် ဤဆယ်ပါးသော နတ္ထိက မိစ္ဆာဒိဋ္ဌိ အယူဆိုးကြီး ဖြစ်ပွားလာခဲ့တတ်တယ်။ နတ္ထိက အယူဆိုးကြီး ဖြစ်ပွားလာခဲ့လျှင် ဒီပုဂ္ဂိုလ်ဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ ပထမတံတိုင်းမျှကိုတောင် မကျော်နိုင်တဲ့အတွက် နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ဆိုတာ အင်မတန် ခက်ခဲသွားပြီ၊ အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နှင့်တော့ ကြာလေ ဝေးလေ၊ ကြာလေ ဝေးလေ၊ ဝေးဝေးသွားပြီ။ နိဗ္ဗာန်နှင့်ဝေးသလောက် အပါယ်လေးဘုံနှင့်တော့ ကြာလေ နီးလေ၊ ကြာလေ နီးလေ၊ နီးနီးသွားပြီ။

ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကတော့ ကံကိုယုံကြည်တဲ့အတွက် မကောင်းမှုတွေကို မလုပ်ဘူး၊ ကောင်းမှုတွေကိုလုပ်တယ်။ ဒါ့ကြောင့် တစ်ရက်ထက်တစ်ရက် နိဗ္ဗာန်နှင့် နီးနီးလာတယ်။ ဒီအကြောင်းကို သမ္မောဟဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်မှာ—

''ဧဝံ ဇာနနသမတ္ထေ့ ကမ္မဿ ကမ္မဿကတာဉာဏေ ဌတွာ
ဗဟုံ ဒါနံ ဒတွာ သီလံ ပူရေတွာ ဥပေါသထံ သမာဒိယိတွာ
သုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိ အနုဘဝိတွာ နိဗ္ဗာနပတ္တာနံ

ဂဏနပရိစ္ဆေဒေါ နတ္ထိ.... လို့ဖွင့်ပြတော်မူတယ်။

ဧဝံ-ဤသို့၊ ဇာနနသမတ္ထေ-သိခြင်းငှာ စွမ်းနိုင်သော၊ ကမ္မဿ ကမ္မဿကတာဉာဏေ-ဤကမ္မဿကတာဉာဏ်၌၊ ဌတွာ-တည်ကုန်၍၊ ဗဟုံ-များစွာ၊ ဒါနံ-အလှူကို၊ ဒတွာ-ပေးကုန်၍၊ သီလံ-အလှူသီလကို၊ ပူရေတွာ-ဖြည့်ကျင့်ကုန်၍၊ ဥပေါသထံ-အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို၊ သမာဒိယိတွာ-ကောင်းစွာ ဆောက်တည်ကုန်၍၊ သုခေန-ချမ်းသာတစ်ခုမှ၊ သုခံ-ချမ်းသာတစ်ခုသို့၊ သမ္ပတ္တိယာ-စည်းစိမ်တစ်ခုမှ၊ သမ္ပတ္တိ-စည်းစိမ်တစ်ခုသို့၊ အနုဘဝိတွာ-အစဉ်ခံစားကုန်၍၊ နိဗ္ဗာနပ္ပတ္တာနံ-နိဗ္ဗာန်သို့ ရောက်ကုန်သော ဘုရား ပစ္စေကဗုဒ္ဓ အရိယာ သူတော်ကောင်းအပေါင်းတို့၏၊ ဂဏနပရိစ္ဆေဒေါ-အရေအတွက် အပိုင်းအခြားသည်၊ နတ္ထိ-မရှိ....တဲ့။

ကမ္မဿကတာဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ကံ-ကံ၏အကျိုးကိုယုံကြည်တဲ့အတွက် ဒါနကုသိုလ်တွေဖြစ်ပွားတယ်။ သီလကုသိုလ်တွေဖြစ်ပွားတယ်။ ဘာဝနာကုသိုလ်တွေဖြစ်ပွားတယ်။ ကုသိုလ်ကံတွေ ဖြစ်ပွားတဲ့အတွက် လူချမ်းသာ နတ်ချမ်းသာ လူစည်းစိမ် နတ်စည်းစိမ် အကြိမ်ကြိမ်ခံစား စံစားပြီး နိဗ္ဗာန်သို့ ဝင်ရောက်နိုင်တယ်။ ဒါ့ကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သို့ ဝင်ရောက်ရာ ပထမတံတိုင်းကြီးဖြစ်တယ်။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တွေဟာ ကံတော်ကံကြား ဗုဒ္ဓဘာသာဝင် မိသားစုံ များက ပေါက်ဖွားခဲ့ကြတဲ့အတွက် ကံ–ကံရဲ့အကျိုးကို သက်ဝင်ယုံကြည်တဲ့ ကမ္မဿကတာဉာဏ်ရှင်တွေ ဖြစ်ကြတယ်။ မိမိတို့ ကံ-ကံရဲ့အကျိုးကို ယုံကြည်တာ နှင့် ကိုယ်နှင့်နှိုင်းစာပြီး တခြားပုဂ္ဂိုလ်များလည်း ငါတို့လို ကံ-ကံရဲ့အကျိုးကို ယုံကြည်ကြမှာပဲလို့ မထင်ကြနဲ့၊ ကမ္ဘာပေါ်ရှိ များစွာသော ပုဂ္ဂိုလ်တွေထဲမှာ ကံ–ကံရဲ့အကျိုးကို ယုံကြည်သူဟာ အလွန်အသွန်နည်းပါးတယ်။ များသော အားဖြင့်ဗုဒ္ဓဘာသာဝင်များလောက်သာ ကံ–ကံရဲ့အကျိုးကို ယုံကြည်ကြတယ်။ ဘာပဲဖြစ်ဖြစ် ကံ ကံရဲ့အကျိုးကို ယုံကြည်တယ်ဆိုရင် မိမိတို့ဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိတံတိုင်းကြီးကိုတော့ ကျော်လွန်နိုင်ပြီ။ နိဗ္ဗာန်နှင့် အတော်အတန် နီးကပ်လာပြီလို့ ဆိုရမှာပေါ့၊ ဒါပေမယ့် တံတိုင်းတစ်ထပ်သာ ကျော်နိုင်သေး တယ်။ တံတိုင်းလေးထပ် ကျန်နေသေးတယ်။

ဒုတိယ ကျော်လွန်ရမယ့် တံတိုင်းက "နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ တံတိုင်း" ကြီး ဖြစ်တယ်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ဟာ ကံ, ကံ၏ အကျိုးကို ယုံကြည်တဲ့အတွက် ကုသိုလ်တရားများကို ကြိုးစား အားထုတ်နိုင်သော်လဲ ဉာဏ်အား နည်းနေသေးတဲ့အတွက် အမှန်ဖြစ်တဲ့ ပရမတ် တရားကို သူမသိဘူး။ လောကမှာ ပညတ်တရား, ပရမတ်တရားရယ်လို့ တရားနှစ်မျိုးရှိတယ်။ ပညတ်တရားဆိုတာ တစ်ယောက်နှင့် တစ်ယောက် စကားပြောတဲ့အခါ နားလည်အောင် မှည့်ခေါ်တာတဲ့ အမည်အမျိုးမျိုးတွေ ဖြစ်တယ်။ လူ, နတ်, ယောကျ်ား, မိန်းမ, ခွေး, နွား, ကြက်, ဝက်, သစ်ပင်, တောတောင်, ရေမြေဆိုတာတွေဟာ ပညတ်တရားတွေပဲ၊ ပညတ်တရားဆိုတာ တင်စားပြီး ခေါ်တာတွေဖြစ်တယ်။ အမှန်ရှိတဲ့ တရားတွေမဟုတ်ဘူး၊ အမှန် ရှိတဲ့ တရားကတော့ ရုပ်တရားနှင့် နာမ်တရားမျှသာ ဖြစ်တယ်။

ရုပ်တရားနှင့် နာမ်တရားဟာ အမှန်တကယ်ရှိတဲ့ ပရမတ်တရား၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမဆိုတာက အမှန်တကယ်မရှိတဲ့ ပညတ်တရား၊ ကမ္မဿကတာဉာဏ်ရှင်ဟာ ကံ, ကံတဲ့အကျိုးကို မြတ်နိုးယုံကြည်တဲ့ ဉာဏ်နှင့် တော့ ပြည့်စုံပါရဲ့၊ သို့သော်လဲ အမှန်တကယ်ရှိတဲ့ ပရမတ်တရားကိုတော့ မမြင်တတ်သေးဘူး။ အပေါ်ယံတင်ထားတဲ့ ပညတ်တရားကိုသာ ဉာဏ်က သိနေတယ်။

အမှန်ရှိတဲ့တရားကို မသိတတ်သေးတဲ့အတွက် ဉာဏ်အမြင် မစင်ကြယ်သေးဘူး။ ဉာဏ်အမြင် မစင်ကြယ်သမျှ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ဆိုတာ မလွယ်ဘူး။ ဒါကြောင့် ကမ္မဿကတာဉာဏ်တံတိုင်းကြီးကို ကျော်လွန်ပြီးတဲ့နောက် ဉာဏ်အမြင်စင်ကြယ်အောင် နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဆိုတဲ့ ဒုတိယ တံတိုင်းကြီးကို ကျော်လွန်နိုင်မှ ဉာဏ်အမြင်စင်ကြယ်တဲ့ (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်တယ်။ နာမရူပ ပရိဂ္ဂတံတိုင်းကြီးကို မကျော်လွန်နိုင်သမျှ ဒိဋ္ဌိဝိသုဒ္ဓိဆိုတဲ့ ဉာဏ်အမြင်စင်ကြယ်သူ မဖြစ်ဘူး။ ဉာဏ်အမြင် မစင်ကြယ်သမျှလဲ ပြောခဲ့ပြီးတဲ့အတိုင်း နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး။

ဒါ့ကြောင့် ဉာဏ်အမြင်စင်ကြယ်အောင် အမှန်မရှိတဲ့ ပညတ်က အမှန်ရှိတဲ့ ပရမတ်တို့ ခွဲထုတ်ပြီးကြည့်တတ်ကြရမယ်။ လောကမှာ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ကြက်၊ ဝက်၊ ငှက်ဆိုတာတွေဟာ ထင်ရှားမရှိတဲ့ ပညတ်တရားတွေဖြစ်တယ်။ ထင်ရှားမရှိတဲ့ ဒီပညတ်တရားတွေကို ထင်ရှားရှိတဲ့ တရားလို့ ထင်မှားနေကြတယ်။ လူကိုလူလို့ ထင်နေကြတယ်။ နတ်ကို နတ်လို့ ထင်နေကြတယ်။ မိန်းမကို မိန်းမ လို့ ထင်နေကြတယ်။ ယောကျ်ားကို ယောကျ်ားလို့ ထင်နေကြတယ်။ တကယ်တော့ ဒီပညတ်အထင်တွေဟာ မမှန်ဘူး။ လူကို ခွဲခြမ်းကြည့်လိုက်ရင် ဘာရှိသလဲ။ ကြက်၊ ဝက်၊ ငှက်၊ ယောကျ်ား၊ မိန်းမဆိုတာတွေ ခွဲခြမ်းကြည့်လိုက်ရင် ဘာရှိသလဲ၊ ရုပ်တရားနှင့်နာမ်တရား ဒီတရားနှစ်ပါးသာ ရှိတယ်။ အမှန်ရှိတဲ့ ရုပ်တရား၊ နာမ်တရားတို့ကို ခန္ဓာဖွဲ့လိုက်လျှင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာရယ်လို့ ခန္ဓာငါးပါးမျှသာ ရှိတယ်။

ဒီရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးမှတစ်ပါး လောကမှာ ငါ၊ သူတစ်ပါး ယောကျ်ား မိန်းမ လူနတ်ဆိုတာတွေ မရှိဘူး။ ဒီလို အမှန်မရှိတဲ့ ပညတ်အမြင်မှ အမှန်ရှိတဲ့ ပရမတ်အမြင်ကို မြင်သိလာတာကို နာမရူပ ပရိဂ္ဂဟသမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပွားလာတယ်လို့ ဆိုကြရပါတယ်။ နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်ဟာ ပညတ်နယ်က ပရမတ်နယ်ကို ကူးပြောင်းတဲ့ဉာဏ်ဖြစ်လို့ ပုထုဇဉ်သန္တာန်မှာ ဖြစ်ပွားဖို့ အလွန်ခက်တဲ့ဉာဏ် ဖြစ်တယ်။

ပုထုဇဉ်ဆိုတာ သူ့သူငါငါ ပညတ်အမြင်ကို စွန့်ဖို့ခဲယဉ်းတယ်။ တချို့က ပြောကြရသေးတယ်။ ရုပ်နာမ်မြင်ဖို့ကလေးများ ဘာခက်တာ ရှိနေသလဲ။ သိတတ်တာက နာမ်၊ မသိတတ်တာက ရုပ်၊ ကိုင်း....ဘာခက်သေးသလဲ.... တဲ့။ ဟုတ်ပါတယ်။ ရုပ်နှင့်နာမ်ကို ပိုင်းခြားသိဖို့ဟာ အပြောတော့ လွယ်ပါတယ်။ တကယ်အလုပ်လုပ်တော့ အင်မတန်ခက်တယ်။ ရုပ်နာမ်သိဖို့ ခက်ကြောင်းကို ဝိပဿနာရှုတဲ့အခါမှာ သိသာတယ်၊ ဝိပဿနာရှုတယ်ဆိုတာ ရုပ်တရား၊ နာမ်တရား ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကို ရှုတာဖြစ်တယ်။ အရှုခံဖြစ်တဲ့ ရုပ်နာမ်ကို မမြင်သမျှ ကာလပတ်လုံး ဝိပဿနာကို ရှုလို့ မရပါဘူး။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ရုပ်နာမ်ကို ပိုင်ပိုင်နိုင်နိုင်သိပြီးလျှင် ဝိပဿနာကို ရှုဖို့ဆိုတာ အခက်အခဲ မရှိတော့ပါဘူး။ ဒါ့ကြောင့် နာမ်ခန္ဓာ ရုပ်ခန္ဓာကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်အောင် အင်မတန်ကြိုးစားကြရတယ်။ ပညတ်တရားက ပရမတ်ခွဲတဲ့ နေရာမှာ နည်းအမျိုးမျိုးရှိတယ်။ သင်္ဂြိုဟ်ကျမ်း ကမ္မဋ္ဌာန်းပိုင်းမှာ ဆိုထားတာက....

လက္ခဏ-ရသ-ပစ္စုပဋ္ဌာန-ပဒဋ္ဌာနဝသေန

နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ....တဲ့။

လက္ခဏ ရသ ပစ္စုပဋ္ဌာနဝသေန- လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ အစွမ်းဖြင့်၊ နာမရူပပရိဂ္ဂဟော-နာမ်ရုပ်တို့ကို ပိုင်းခြား၍ ယူနိုင်ခြင်းသည်၊ ဒိဋ္ဌိဝိသုဒ္ဓိ နာမ-ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

နာမ်တရား, ရုပ်တရားတို့ကို လက္ခဏာအားဖြင့် လည်းကောင်း၊ ကိစ္စရသအားဖြင့် လည်းကောင်း၊ ပစ္စုပဋ္ဌာနအားဖြင့် လည်းကောင်း၊ ပဒဋ္ဌာနအားဖြင့် လည်းကောင်း၊ ပိုင်းခြားပြီးယူနိုင်လျှင် နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပါသတဲ့..။ ဒီသင်္ဂြိုဟ်ကျမ်းလာ စကားရပ်တာ အဘိဓမ္မာစကားမို့ အင်မတန် လေးနက်တယ်၊ မှတ်သားဖို့လဲ အင်မတန်ခက်ခဲတယ်။

သုတ္တန်နည်းအားဖြင့် ခန္ဓာအတွင်းရှိသမျှ ကောဋ္ဌာသများကို တစ်ခုစီ ရေတွက်ပြီး ပထဝီဓာတ် ၂၀-ပါး၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ် ၆-ပါး၊ အာကာသဓာတ် ၁-ပါး၊ ဝိညာဏဓာတ် ၁-ပါး၊ ပေါင်း ဓာတ်၆-ပါးနှင့် ဝေဖန်နိုင်လျှင် နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဉာဏ်ဖြစ်ကြောင်း ပြဆိုပြန်တယ်။ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာပိုင်းခြားပြီး ယူရာမှာ အချိန်ကြာသော်လဲ လက်ဓတ္တ သိနိုင်တဲ့ နည်းကတော့ သတိပဋ္ဌာန်နည်းပါပဲ။

သတိပဋ္ဌာန်တရားဟာ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်ရယ်လို့ လေး မျိုးရှိတယ်၊ အဲဒီလေးမျိုးအနက် ကာယာနုပဿနာသတိပဋ္ဌာန်ဆိုတာ ရုပ် ခန္ဓာကို ထင်အောင် နည်းမျိုးစုံနှင့် အကြိမ်ကြိမ် ရှုနေခြင်းဖြစ်တယ်။ ကာယာ နုပဿနာအတွင်းမှာ ဘာတွေကို ရှုသလဲဆိုတော့-

(၁) “အာနာပါနပဗ္ဗ”မှာ–ထွက်သက်ဝင်သက်ကို ရှုတယ်။

(၂) “ဣရိယာပထပဗ္ဗ”မှာ–လျှောင်း ထိုင် ရပ် သွား ၄-ပါးသော ဣရိယာပုထ်ကိုရှုတယ်။

(၃) “သမ္ပဇညပဗ္ဗ”မှာ–ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုကို သတိကပ်ပြီး ရှုတယ်။

(၄) “ပဋိကူလမနသိကာရပဗ္ဗ”မှာ–၃၂-ပါးသော ကောဋ္ဌာသအစု ကိုရှုတယ်။

(၅) “ဓာတုမနသိကာရပဗ္ဗ”မှာ–ဓာတ်ခြောက်ပါးနှင့် ဝေဖန်ပြီး ရှုတယ်။

(၆) နဝသိဝထိကပဗ္ဗ”မှာ– လူသေကောင် အမျိုးမျိုးကို ရှုတယ်၊

ဒီကာယာနုပဿနာအပိုင်းမှာ ရှုတာတွေဟာ အားလုံး ရုပ်တွေချည်းဘဲ။

ဒီလိုရုပ်ဆိုတဲ့ ရူပက္ခန္ဓာကို ထင်မြင်အောင် ပဗ္ဗ၄–ပါးတို့နှင့် အားထုတ်ရာမှာ ရှေးဦးစွာ အာနာပါနအပိုင်းကို သတိပြုပါ။ သတ္တဝါမှန်သမျှဟာ ထွက်သက်ဝင်သက် ရှူရှိုက်နေကြတယ်ဆိုတာ အပြင်စိတ်နှင့် လူတိုင်းသိကြတာပေါ့၊ ဒါပေမယ့် အာနာပါန ကမ္မဋ္ဌာန်းအလုပ် မလုပ်ဖူးရင် ဒီထွက်လေဝင်လေကို ဉာဏ်ထဲမှာ မြင်ဖို့မလွယ်လှဘူး။

ထို့အတူ–ဒီခန္ဓာကိုယ်ကြီးဟာ လျှောင်း ထိုင် ရပ် သွား ၄–ပါးသော ဣရိယာပုတ်နှင့် မျှတနေကြောင်း လူတိုင်းသိကြပါတယ်၊ ဒါပေမယ့် ဣရိယာပထပဗ္ဗကို အားမထုတ်ဖူးရင် ဣရိယာပုတ် ၄–ပါးကို ဉာဏ်ထဲမှာ မထင်ပါဘူး။ ထို့အတူ ခန္ဓာကိုယ်ဟာ မတည်ငြိမ်ဘဲ ရွေ့လျားနေတာကို လူတိုင်း သိကြပါတယ်။ သို့ပေမယ့် သတိသမ္ပဇဉ်ဖြင့် မဆင်ခြင်ခဲ့လျှင် မိမိလှုပ်ရှားနေတာကို မိမိမသိပါဘူး။ ထို့အတူ ခန္ဓာကိုယ်မှာ ဆံပင်, အမွေး, ခြေသည်း, လက်သည်း, သွား, အရေ, အကြော, အရိုး, ချဉ်ဆီ, အညှိ, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်, သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျဉ်ငယ်... ဆိုတဲ့ ၃၂ပါးသော အစုအဝေးတွေ ရှိနေတယ်။ ဒါပေမယ့် ပဋိကူလမနသိကာရပဗ္ဗဖြင့် သတိပြုပြီး မကြည့်ရှုခဲ့လျှင်ဒီအစုအဝေးတွေကို ဉာဏ်ထဲမှာ မပေါ်လွင်ဘူး။

ထို့အတူ ဤ ၃၂ပါးသော အစုအဝေးတွေကို ဓာတ်အားဖြင့် ဝေဖန်ပြီး ငါ့ရဲ့ခန္ဓာကိုယ်မှာ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ်ရယ်လို့ ဓာတ်ခြောက်ပါးသာ ရှိပါကလား၊ ဓာတ်ခြောက်ပါးမှတစ်ပါး ဘာမှမရှိပါကလားလို့ ဉာဏ်ထဲမှာ မသိဘူး။

ထို့အတူပင် မိမိကိုယ်ရဲ့ မျက်စိအောက်မှာ သတ္တဝါတွေ သေကျေပျက်စီးနေတာကို မြင်ကြရတယ်။ ဒါပေမယ့် နဝသီဝထိကပဗ္ဗဖြင့် မဆင်ခြင် မသုံးသပ်ခဲ့လျှင် မိမိတို့ဉာဏ်ထဲမှာမသိဘူး။ ငါ့ရဲ့ရုပ်ခန္ဓာဟာ ဒီလူသေလိုပဲ ဘာမှ မခိုင်မာဘူး။ ဤသို့သေရသည်ကို ဘယ်သူမှမလွန်ဆန်နိုင်ဘူး။ တစ်နေ့သောအခါ ငါလဲ ဒီလိုသေရမှာပဲဆိုတာကို ဉာဏ်ထဲမှာ မထင်မြင်ဘူး။

**ကာယနုပဿနာသတိပဋ္ဌာန်ဖြင့်** ဤ ၆–ပါးသော အခြင်းအရာအနက် **တစ်ပါးပါးကို** ပွားများအားထုတ်ခဲ့လျှင် ပွားများအားထုတ်တဲ့ အလျောက် ဉာဏ်ရင့်ကျက်လာပြီး ရုပ်ဆိုတဲ့ရူပက္ခန္ဓာကို လက်ပေါ်တင်ထား ပတ္တမြားကဲ့သို့ ပိုင်းခြားပြီး ထင်မြင်လာတယ်။ ကာယနုပဿနာကမ္မဋ္ဌာန်း မပွားများဖူးသေးတဲ့ ပုဂ္ဂိုလ်ကတော့ ရူပက္ခန္ဓာဆိုတာကို ပါဠိစာပေက ဘယ်လိုပြောဆိုထားတာမူ ရုပ်အပေါ် လက္ခဏာ ရေးတင်တဲ့အခါ လက္ခဏာအတင်ခံရမယ့်ရုပ်ကို ရှာမတွေ့ဘဲ ဖြစ်နေတတ်တယ်၊ ဒါကြောင့် ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားကို ပိုင်းခြားသိဖို့ ကာယနုပဿနာ သတိပဋ္ဌာန်တရားကို ဦးစွာအားထုတ်ကြပါလို့ တိုက်တွန်း လိုက်ပါတယ်။

ကာယနုပဿနာ သတိပဋ္ဌာန် အားထုတ်သူဟာ ရူပက္ခန္ဓာကို သိသလို ဝေဒနာ နုပဿနာကမ္မဋ္ဌာန်း စီးဖြန်းပွားများဖူးတဲ့ ပုဂ္ဂိုလ်ကလဲ ဝေဒနာက္ခန္ဓာ ဆိုတာကို ပိုင်ပိုင်နိုင်နိုင်သိတယ်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဆိုတဲ့ မိမိစိတ်ကို သတိကပ်ပြီး မပြတ်ကြည့်နေတဲ့ ပုဂ္ဂိုလ်ကလဲ ဝိညာဏက္ခန္ဓာဆိုတာ ဒါကိုးလို့ ပိုင်းခြားပြီး သိတယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကျတော့ အရာကျယ်သွားပြီ၊ နီဝရဏ ၆–ပါး၊ ခန္ဓာ ၅–ပါး၊ အာယတန ၁၂–ပါး၊ ဗောဇ္ဈင် ၇–ပါး၊ သစ္စာ ၄–ပါး၊ ဒီတရားတွေဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်အတွင်းမှာ ပါဝင်ကြ တယ်။ ဓမ္မနုပဿနာ သတိပဋ္ဌာန်တရား ပွားများအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ သညာက္ခန္ဓာနှင့် သင်္ခါရက္ခန္ဓာတို့ကို ပိုင်းခြားပြီး သိနိုင်တယ်။

ဒါကြောင့် သတိပဋ္ဌာန်တရားဟာ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါး ပါးတို့ကို မျက်ဝါးထင်ထင် ဉာဏ်နဲ့မြင်အောင် ပေါ်လွင်စေတဲ့ တရားဖြစ် တယ်။ ဒီလို ခန္ဓာငါးပါးကို လက်တွင်တင်ထား ပတ္တမြားကဲ့သို့ ပိုင်းခြား သိမြင်နိုင်မှ နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်ကို ရနိုင်တယ်။ နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ်ကို ရခဲ့လျှင် နိဗ္ဗာန်ကို ကာရံထားတဲ့ တံတိုင်းငါးထပ်ထဲက တံတိုင်းနှစ်ထပ်ကိုတော့ ထွင်းဖောက်နိုင်သူ ဖြစ်ပြီ။ တံတိုင်းနှစ်ထပ်ကို ထွင်း ဖောက် ပြီးလျှင် တတိယ တံတိုင်း ကြီးကို ဆက်လက် ထွင်းဖောက် ရလိမ့် မယ်။

ဆက်လက်ဖောက်ရမယ့် တတိယတံတိုင်းကြီးက ''ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိတံတိုင်းကြီး'' ဖြစ်တယ်။ ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိတံတိုင်းကြီး ဖြစ်ပေါ်ပုံက ယောဂီပုဂ္ဂိုလ်ဟာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကံ–ကံရဲ့

အကျိုးကို ယုံကြည်သက်ဝင်ပြီးသူ ဖြစ်တယ်။ နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ပညတ်အမည်ကို ဖောက်ခွဲပြီး ပရမတ်အမြင်ကို မြင်သိပြီးသူလဲ ဖြစ်တယ်။

သို့သော်လဲ ထိုယောဂီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သူမြင်ထားတဲ့ ရုပ်နာမ် ပရမတ်တရားရဲ့ အပေါ်မှာ ယုံမှားသံသယမကင်း ရှိနေသေးတယ်။ ဘယ်လို ယုံမှားသံသယမျိုး ရှိနေတာလဲဆိုတော့ ဒီရုပ်နာမ်ခန္ဓာဟာ ဘာကြောင့် ဖြစ်တာလဲ၊ သူ့ဘာသာအလျောက် အကြောင်းကင်းပြီး သူဖြစ်ချင်သလို ဖြစ်လား။ ဒါမှမဟုတ် ဗြဟ္မာ ဝိဿနိုး ထာဝရစသော နတ်ဘုရားများဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလား။

ဒီရုပ်နာမ်တွေဟာ ရှေးကကော ဖြစ်ဖူးသလား၊ နောက်ကိုကော ဖြစ်ဦးမှာလား-စတဲ့ သံသယမျိုးတွေ ရှိနေသေးတယ်။ အဲဒီ သံသယမျိုး ပေါ်လာပြီး ဒီရုပ် ဒီနာမ်ဟာ အကြောင်းမရှိ၊ သူ့ဘာသာအလျောက် ဖြစ်ချင်သလို ဖြစ်ပေါ်လာတာပဲလို့ ယူဆခဲ့လျှင် အဟေတုက မိစ္ဆာဒိဋ္ဌိအတွင်း သက်ဝင်သွားလို့ နိဗ္ဗာန်နှင့် ဝေးကွာသွားတယ်။

ရုပ်ခန္ဓာ, နာမ်ခန္ဓာ သက်ရှိသက်မဲ့ ဆိုတာတွေဟာ ပြုပြင်ဖန်ဆင်းသူ ကေန်ရှိရမယ်။ အဲဒီ ပြုပြင် ဖန်ဆင်းသူဟာ သာမည ပုဂ္ဂိုလ်တော့ မဖြစ်နိုင်ဘူး။ တန်ခိုးကြီးမားတဲ့ ကောင်းကင်ဘုံစံ နတ်များ၊ ဘုရားများဖြစ်မှာပဲလို့ အဲဒီလို ယူဆခဲ့ပြန်ရင်လဲ အကြောင်းပြချက်၊ မမှန်ကန်တဲ့အတွက် ဝိသမ ဟေတုက မိစ္ဆာဒိဋ္ဌိ ဖြစ်သွားပြန်တယ်။ မိစ္ဆာဒိဋ္ဌိဖြစ်သွားလျှင် နိဗ္ဗာန်နှင့်ဝေးကွာလို့ သွားနိုင်ပြီ။ ဒါကြောင့် ပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိကို တတိယ မြောက် တံတိုင်းကြီးအဖြစ်နဲ့ ခံနေရမယ်လို့ မှတ်ကြရမယ်။

ပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိတံတိုင်းကြီးကို ကျော်လွှားနိုင်အောင် မိမိ ဉာဏ်မှာ ထင်မြင်ထားတဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ရဲ့အကြောင်းတရားကို သိမ်းဆည်းရတယ်၊ အဲဒီလို သိမ်းဆည်းလိုက်တဲ့အခါ ရုပ်ခန္ဓာဟာ သူ့ဘာသာ အလျောက် ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး၊ ဘယ်နတ်ဘုရားကမှ ဖန်ဆင်းလို့ ဖြစ်ပေါ်လာတာလဲ မဟုတ်ဘူး။ ကံ, စိတ်, ဥတု, အာဟာရ ဆိုတဲ့ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပေါ်လာတာကို တွေ့ကြရတယ်။ နာမ်ခန္ဓာဟာလဲ ဝတ္ထု, ဒွါရ, အာရုံ, ယောနိသော မနသိကာရ, အယောနိသော မနသိကာရ စသော အကြောင်းများကြောင့် ဖြစ်ပေါ်လာတာကို တွေ့ကြရတယ်။

ဒီလို ရုပ်ခန္ဓာရဲ့ အကြောင်းတရား, နာမ်ခန္ဓာရဲ့ အကြောင်းတရားများကို ပိုင်းခြားတိတိ မြင်သိလာခဲ့လျှင် အဲဒီ ယောဂီပုဂ္ဂိုလ်ဟာ အတိတ်က ငါ ဖြစ်ခဲ့သေးသလားဆိုတဲ့ ယုံမှားမှု၊ နောင်ကို ငါဖြစ်ရဦးမှာလား စသော ယုံမှားမှုများက လွန်မြောက်သွားတဲ့အတွက် ဇီဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိ ဉာဏ်ကို ဝိသုဒ္ဓိ (၇) ပါးမှာ ကင်္ခါဝိတရဏသုဒ္ဓိလို့ ခေါ်ဝေါ်ရတယ်။ ဟေတုပစ္စယ ပရိဂ္ဂဟသမ္မာဒိဋ္ဌိ တံတိုင်းကြီးကို လွန်မြောက်ခဲ့လျှင် ယောဂီဟာ နိဗ္ဗာန်နှင့် အများကြီး နီးလာခဲ့ပြီ၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာကို အကြောင်းနှင့်တကွ ဟုတ်မှန်စွာ သိတတ်တဲ့အတွက် ယထာဘူတဉာဏ် သမ္မာဒဿနဉာဏ်များလဲ တက်သန်လိုလာခဲ့ပြီ။ ဒီအချိန်မှာ အဲဒီ ပုဂ္ဂိုလ်ဟာ သေသွားတောင် အပါယ် မလားနိုင်တော့ဘူး၊ အရိယာအစစ်ဖြစ်တဲ့ မဟာသောတာပန်ကြီး မဟုတ်သည့်တိုင်အောင် စူဠသောတာပန်လို့တော့ ခေါ်ဆိုနိုင်ပြီ။ ဒါပေမယ့် သူနှင့် နိဗ္ဗာန်ရဲ့အကြားမှာ တံတိုင်းနှစ်ခု ခံနေသေးတယ်။ ဒါ့ကြောင့် သူဟာ နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးဘူး။

နိဗ္ဗာန်ကို အာရုံပြုနိုင်ဖို့အတွက် ရှေ့မှာ ကာဆီးနေတဲ့ စတုတ္ထတံတိုင်းကြီးကို ကျော်ရလိမ့်ဦးမယ်။ စတုတ္ထတံတိုင်းကြီးက (ဝိပဿနာ သမ္မာဒိဋ္ဌိ တံတိုင်း) တဲ့။ ယောဂီပုဂ္ဂိုလ်ဟာ ယခုအချိန်မှာ ရုပ်ခန္ဓာ, နာမ်ခန္ဓာဆိုတာကို လက်ဆုပ်ပိုင်ပိုင် သိကားပြီးပြီ၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာ ဖြစ်ပေါ်လာပုံကိုလဲ သဘောကျပြီးပြီ။ ဒီတော့ မိမိဉာဏ်မှာ ထင်မြင်လာတဲ့ နာမ်ခန္ဓာကို ဖြစ်စေ ရုပ်ခန္ဓာကိုဖြစ်စေ လက္ခဏာရေးတင်ပြီး ဆင်ခြင်ပွားများရမယ်။

အဲဒီ ရုပ်ခန္ဓာကို လက္ခဏာရေးတင်ပြီး ဆင်ခြင်သုံးသပ်တာကို ဝိပဿနာ ရှုတယ်လို့ ခေါ်တယ်။ ဝိ-ပဿနာဆိုတာ ပါဠိစကား၊ မြန်မာလိုတော့ အထူးကြည့်ရှုတယ်လို့ အဓိပ္ပာယ်ရတယ်။ ဝိသဒ္ဒါမပါတဲ့ ပဿနာဆိုတဲ့ ပုဒ်က ပကတိမျက်စိနှင့် ကြည့်ရှုခြင်းဆိုတဲ့ အနက်ကိုဟောတယ်။ ဝိသဒ္ဒါပါခဲ့တဲ့အတွက် ပကတိမျက်စိနှင့်ကြည့်တာ မဟုတ်တော့ဘူး။ ဉာဏ်မျက်စိနှင့် ကြည့်တာလို့ ဆိုလိုတယ်။ ဝိပဿနာရှုတယ်ဆိုတာ ပကတိမျက်စိနှင့် မြင်တာကို ရှုတာမဟုတ်ဘူး။ ဉာဏ်မှာထင်လာတဲ့ ပစ္စုပ္ပန်နာမ်ခန္ဓာ ရုပ်ခန္ဓာကို ရှုခြင်းဖြစ်တယ်။

ယံ ပဿတိ န တံ ဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ

အပဿံ ဗဇ္ဈတေမုဠှော၊ ဗဇ္ဈမာနော န မုစ္စတိ-

လို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ ဆိုထားတယ်။

ယံ–အကြင်ယောကျ်ား မိန်းမအစရှိသော ပညတ်မျိုးကို၊ ပဿတိ–ပကတိမျက်စိဖြင့် ကြည့်ရှု၍ မြင်နိုင်၏။ တံ–ထိုယောကျ်ား, မိန်းမအစရှိသော ပညတ်မျိုးကို၊ န ဒိဋ္ဌံ–မုချဆတ်ဆတ် ပရမတ်ဖြင့် တပ်အပ်ထင်ထင် ကြည့်ရှု၍ မြင်နိုင်၏။ တံ–ထိုရုပ်နာမ်ဓမ္မ သင်္ခါရကို၊ န ပဿတိ–ပသာဒစက္ခုဖြင့် ကြည့်ရှု၍ မသင်မမြင်နိုင်။

အပဿံ အပဿန္တော–မုချဆတ်ဆတ် ပရမတ်ဖြင့် တပ်အပ်ထင်ထင် ကြည့်ရှု၍ မမြင်နိုင်သော၊ မုဠှော–ပရမတ်တရား၌ တွေဝေသော ပုထုဇဉ်ကို၊ ဗဇ္ဈတေ–တဏှာဒိဋ္ဌိတို့သည် ပြင်းထန်စွာ ချည်နှောင်လေ၏။ ဗဇ္ဈမာနော–တဏှာဒိဋ္ဌိတို့ဖြင့် ချည်နှောင်ခြင်းကို ခံနေရသော သတ္တဝါသည်၊ န မုစ္စတိ–သံသရာဘည် ဟူသော ဒုက္ခဝဋ်မှ မလွတ်နိုင်ချေ။

ဝိပဿနာရှုမည့် ယောဂီပုဂ္ဂိုလ်ဟာ နာမရူပ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိဉာဏ် အပိုင်းမှာ ဒါကတော့ နာမ်ခန္ဓာ၊ ဒါကတော့ ရုပ်ခန္ဓာဆိုတာ ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် သိထားပြီးပြီ။ ပိုင်ပိုင်နိုင်နိုင်သိမြင်ထားတဲ့ နာမ်ခန္ဓာ, ရုပ်ခန္ဓာ အပေါ်မှာ ယခု ဝိပဿနာတင်တော့မယ်။ နာမ်ခန္ဓာ, ရုပ်ခန္ဓာအပေါ် ဝိပဿနာ တင်ပြီး ရှုဆင်ခြင်တာကိုပင် ဝိပဿနာ သမ္မာဒိဋ္ဌိလို့ ခေါ်ဆိုရတယ်။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်လာပုံကိုတော့ ဝိပဿနာဉာဏ် (၁၀) ပါးနှင့် ပိုင်းခြားပြီး သိကြရမယ်။

ဝိပဿနာဉာဏ် (၁၀)ပါး ဆိုတာက....

၁။ သမ္မသနဉာဏ်
၂။ ဥဒယဗ္ဗယဉာဏ်
၃။ ဘင်ဂဉာဏ်
၄။ ဘယဉာဏ်
၅။ အာဒီနဝဉာဏ်
၆။ နိဗ္ဗိဒါဉာဏ်
၇။ မုစ္စိတုကမျတာဉာဏ်
၈။ ပဋိသင်္ခါဉာဏ်
၉။ သင်္ခါရုပေက္ခာဉာဏ်
၁၀။ အနုလောမဉာဏ်... တို့ ဖြစ်ကြသည်။

ဒီဉာဏ် (၁၀)ပါးရဲ့ သဘောကိုနားလည်သွားလျှင် ဝိပဿနာရှုနည်းကို နားလည်သွားတော့တာပါပဲ။ ဝိပဿနာရှုနည်းကို နားလည်တဲ့အတိုင်း ပွားများ အားထုတ်ခဲ့လျှင် တွေတွေ့တံတိုင်းလို့ဆိုရတဲ့ (ဝိပဿနာသမ္မာဒိဋ္ဌိ တံတိုင်းကြီး) ကိုကျော်ဖြတ်နိုင်တော့တာပါပဲ။ ဒါကြောင့် အရေးအကြီးဆုံးဖြစ်တဲ့ ဝိပဿနာဉာဏ် (၁၀) ပါး ဖြစ်ပွားပုံကို အကျဉ်းချုပ် ပြောပြပါဦးမယ်။

ဝိပဿနာဉာဏ် (၁၀)ပါး အနက် ရှေးဦးစွာ ဖြစ်ပွားတဲ့ ဉာဏ်က သမ္မသနဉာဏ်ဖြစ်တယ်။ သမ္မသနဉာဏ်ဆိုတာ ပစ္စုပ္ပန်တည့်တည့် ပေါ်လာတဲ့ နာမ်ခန္ဓာ, ရုပ်ခန္ဓာအပေါ် သုံးသပ်တတ်တဲ့ ဉာဏ်ကိုခေါ်တယ်။ ဒီနေရာမှာ သမ္မသနဉာဏ်လေးပါးကို "ကလာပဝသေန၊ အဒ္ဓါနဝသေန၊ သန္တတိဝသေန၊ ခဏဝသေန"လို့ သင်္ဂြိုဟ်ကျမ်းမှာ ပြဆိုထားတယ်။

(၁) အပေါင်းအစု "ကလာပ" အားဖြင့် ရှုဆင်ခြင်တဲ့ ကလာပ သမ္မသနနည်း။
(၂) အခွန့်ကာလအားဖြင့် ရှုဆင်ခြင်တဲ့ အဒ္ဓါနသမ္မသနနည်း။
(၃) အစဉ်သန္တတိအားဖြင့် ရှုဆင်ခြင်တဲ့ သန္တတိသမ္မသနနည်း။
(၄) ဖြစ်ပျက်ခဏအားဖြင့် ရှုဆင်ခြင်တဲ့ ခဏသမ္မသနနည်း...

ရယ်လို့—သမ္မသနရှုနည်း လေးမျိုးရှိတယ်။

အဲဒီလေးမျိုးအနက် အပေါင်းအစု ကလာပအားဖြင့် ရှုနည်းဆိုတာက အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသည် မခွဲခြားတော့ဘဲ ရုပက္ခန္ဓာအားလုံး၊ ဝေဒနာက္ခန္ဓာအားလုံး၊ သညာက္ခန္ဓာအားလုံး၊ သင်္ခါရက္ခန္ဓာအားလုံး၊ ဝိညာဏက္ခန္ဓာအားလုံး အပေါင်းစုပြီး သုံးသပ်တာကို ကလာပသမ္မသနနည်းဖြင့် သုံးသပ်တယ်လို့ ဆိုလိုတယ်။

ဥပမာအားဖြင့် အလုံးစုံသော ရုပ်တရား, အလုံးစုံသော နာမ်တရားတွေဟာ ကုန်ခန်းတတ်တဲ့အတွက်ကြောင့် အနိစ္စ မမြဲဘူး။ ဖြစ်ခြင်း ပျက်ခြင်းတွေနှင့် ဖောင်လေးနေတဲ့အတွက် ဒုက္ခ ဆင်းရဲတယ်။ ဝသဝတ္တိ, နိစ္စသာရ အတ္တသာရသိုတဲ့ အနှစ်သာရ ကင်းမဲ့တဲ့အတွက် အနတ္တ, အတ္တမဟုတ်ဘူးလို့ ဆင်ခြင်သုံးသပ်တာမျိုးကို ကလာပသမ္မသနနည်းလို့ ဆိုရမယ်။

အဒ္ဓါနသမ္မသနနည်းဆိုတာက ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ကို အတိတ်-အနာဂတ်-ပစ္စုပ္ပန် ကာလသုံးပါးနှင့် ဝေဖန်ကြည့်ပြီး အတိတ်ကဖြစ်တဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာဟာ အတိတ်ကပင် ချုပ်လေပြီ။ ဤပစ္စုပ္ပန်သို့ မရောက်

"ဖြစ်ပြီးလျှင် ပျက်တတ်သောကြောင့် အမြဲမရှိသော အနိစ္စ"၊ "အဖြစ်အပျက် ဘေးရန်တို့ရဲ့ နှိပ်စက်ခြင်းကို ခံနေရတဲ့အတွက် ဆင်းရဲခြင်း ဒုက္ခ"၊ "အနှစ်သာရမရှိခြင်းကြောင့် အတ္တမဟုတ်၊ အနတ္တရယ်"လို့ စီးဖြန်းသုံးသပ်ခြင်းမျိုးကို အဒ္ဓါနသမ္မသနနည်းလို့ ဆိုရတယ်။

သန္တတိသမ္မသနနည်းမှာ– သန္တတိဆိုတာ ရုပ်ခန္ဓာအစဉ်၊ နာမ်ခန္ဓာအစဉ်ကို ဟောဘယ်။ဥပမာအားဖြင့် အိုတ်တစ်လုံးအတွင်း သဲတွေထည့်၊ အပေါ်ကိုင်မြှောက်ပြီး သဲအိတ်ကို ဓားနှင့် ထိုးဖောက်လိုက်သောအခါ အိတ်ထဲက သဲတွေဟာ အပေါက်က ထွက်ပြီး အစဉ်အတန်းကျလာတာကို မြင်ရလိမ့်မယ်၊ အဲဒီသဲတွေဟာ အမှန်တော့ ကိုယ်မြင်သလို အလုံးအခဲမဟုတ်ဘူး၊ သဲတွေတစ်ခုနှင့်တစ်ခုဆက်ပြီး အလုံးအခဲကြီးလို အစဉ်အတန်း ဖြစ်နေကြတယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာလဲ ထို့အတူ အဖြစ်အပျက်အစဉ်တွေ အလုံးအခဲဖြစ်နေကြရတယ်။ အမှန်တော့ ကိုယ်မြင်သလို အလုံးအခဲတွေ မဟုတ်ဘူး။ ရုပ်ခန္ဓာ, နာမ်ခန္ဓာအစဉ်မျှသာ ဖြစ်တယ်။ အဲဒီ ရုပ်ခန္ဓာ နာမ်ခန္ဓာ အစဉ်ကို သန္တတိလို့ ခေါ်တယ်။ ထိုသန္တတိရုပ်အစဉ်၊ နာမ်အစဉ်ကို ဉာဏ်မှာထင်အောင် ကြည့်ပြီး ပူနေတုန်း ရုပ်အစဉ်ဟာ အေးတဲ့နေရာကို မရောက်၊ ပူစဉ်ကပင် ပျက်ဘယ်၊ အအေးပွားနေတုန်းက ရုပ်အစဉ်ဟာ ပူတဲ့နေရာကို မရောက်၊ အေးစဉ်ကပင် ပျက်တယ်၊ ထိုင်စဉ်က ရုပ်အစဉ်ဟာ ထရာသို့ မရောက်၊ ထိုင်စဉ်ကပင် ပျက်တယ်။ ထနေတုန်းက ရုပ်အစဉ်ဟာ ထိုင်ရာသို့ မရောက်၊ ထစဉ်ကပင် ပျက်တယ်။ ဒါ့ကြောင့် မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အနှစ်မရှိသော အနတ္တလို့ စီးဖြန်းပွားများ သုံးသပ်ခြင်းမျိုးကို သန္တတိသမ္မသနနည်းလို့ ခေါ်ကြတယ်။

ခဏသမ္မသနနည်းမှာ– ရုပ်ခန္ဓာဟာ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်ပြီးလျှင်တည်၊ တည်ပြီးတော့ ပျက်သွားတယ်။ ဒီဖြစ်တည်ပျက် ခဏသုံးပါးကို ခဏတ္တယလို့ခေါ်တယ်။ ရုပ်နာမ်တို့ရဲ့ ဖြစ်လာပုံ ပျက်သွားပုံများကို ဉာဏ်နှင့်မြင်အောင် ရှုဆင်ခြင် သုံးသပ်တဲ့နည်းကို ခဏသမ္မသနနည်းလို့ ခေါ်တယ်။

ရုပ်, နာမ် ခန္ဓာအပေါ် လက္ခဏာရေးတင်ပြီး ဆင်ခြင်သုံးသပ်တာကို ပါဠိဘာသာအားဖြင့် (သမ္မသန) လို့ ခေါ်တယ်။ အဲဒီ သမ္မသနကိုပင် ဝိပဿနာ ရှုတယ်လို့ ဆိုရတယ်။ သမ္မသနဟာ ယခုပြောဆိုပြီးခဲ့တဲ့ အတိုင်း လေးမျိုးရှိရာမှ ကလာပသမ္မသနနည်းဟာ အလွယ်ဆုံး ဖြစ်တယ်။ကလာပသမ္မသ

နနည်းထက် အဒ္ဓါနသမ္မသနနည်းက ခက်တယ်။ အဒ္ဓါန သမ္မသနနည်းထက် သန္တတိသမ္မသနနည်းက ခက်တယ်။ သန္တတိသမ္မသနနည်းထက် ခဏသမ္မသနနည်းက ပိုပြီးခက်တယ်။ ခက်တယ်ဆိုတာက အလုပ်မလုပ်ခင် ခက်တာကို ပြောတာပါ၊ အလုပ်လုပ်လို့ ဉာဏ်မှာ ထင်လာလျှင် ခက်တာမရှိဘူး။

ဒါကြောင့် ဝိပဿနာဉာဏ် (၁၀)ပါးအနက် ရှေးဦးစွာ သမ္မသနဉာဏ်ဖြင့် ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ရဲ့ အဖြစ်အပျက်ကို ထင်အောင် ကြိမ် ဖန်များစွာ လေ့လာသုံးသပ်ရတယ်။ အဲဒီလို သုံးသပ်လေ့လာတဲ့အတိုင်း ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ ဖြစ်လာပုံ၊ ပျက်လာပုံများကို ဉာဏ်ထဲမှာ ထင်လာရင် ဥဒယဗ္ဗယဉာဏ် ဖြစ်လာပြီလို့ မှတ်ကြရမယ်။ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့ရဲ့ အဖြစ်အပျက်တွေ ဉာဏ်ထဲမှာ ထင်လာလျှင် မိမိခန္ဓာအတွင်း ခိုအောင်းနေတဲ့ ကိလေသာတွေ ငြိမ်းသွားတဲ့အတွက် ကိုယ်က....

(၁) သြဘာသဆိုတဲ့ အရောင်အဝါတွေလဲ ထွက်ခဲ့တတ်တယ်။
(၂) အလွန်နှစ်သက်ခြင်း ပီတိမျိုးလဲ ဖြစ်ခဲ့တတ်တယ်။
(၃) ကိုယ်ရောစိတ်ပါ ငြိမ်အေးတဲ့ ပဿဒ္ဓိတရားများလဲ ဖြစ်ပွားလာတတ်တယ်။
(၄) ကမ္မဋ္ဌာန်းအာရုံအပေါ် သက်ဝင်ဆုံးဖြတ်တတ်တဲ့ အဓိမောက္ခတရားမျိုးလဲ ဖြစ်ပွားလာတတ်တယ်။
(၅) ဝိပဿနာစိတ် နောက်မဆုတ်ရအောင် အားပေးချီးမြှောက်တတ်တဲ့ ပဂ္ဂဟဆိုတဲ့ ဝီရိယတရားမျိုးလဲ ဖြစ်ခဲ့တတ်တယ်။
(၆) ဆီထိဂွမ်းပမာလို တစ်ကိုယ်လုံး စိမ့်သွားတဲ့ ချမ်းသာသုခမျိုးလဲ ဖြစ်ပွားလာတတ်တယ်။
(၇) မိုးကြိုးစက်ကဲ့သို့ စူးရှထက်မြက်တဲ့ အသိဉာဏ်မျိုးလဲ ဖြစ်ခဲ့တတ်တယ်။
(၈) ကမ္မဋ္ဌာန်းအာရုံပေါ် အလွန်စူးစိုက်တဲ့ သတိဥပဋ္ဌာနမျိုးလဲ ဖြစ်ခဲ့တတ်တယ်။
(၉) အဖြစ်အပျက်တွေဟာ အလွန်ထင်ရှားနေတဲ့အတွက် ထိုအဖြစ်အပျက်ရှုရန်အတွက် ကြောင့်ကြမစိုက်ရတော့တဲ့ အသင့်ရှုနိုင်တဲ့ ဥပေက္ခာတရားမျိုးလဲ ဖြစ်ခဲ့တတ်တယ်။

(၁၀) ဝိပဿနာအပေါ် တပ်မက်တဲ့ နိကန္တိခေါ်တဲ့ တဏှာမျိုးလဲ ဖြစ်ပွားခဲ့တတ်တယ်။

သြဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော၊ သုခံ ဉာဏမုပဋ္ဌာနံ၊ မုပေက္ခာ စ နိကန္တိ စ....

လို့ သင်္ဂြိုဟ်ကျမ်းမှာ ပြဆိုထားတဲ့ ဒီတရား(၁၀)ပါးဟာ ဥဒယဗ္ဗယဉာဏ် အခိုက်မှာ ပေါ်လာတတ်တယ်။ ဒီလိုပေါ်လာတဲ့တရားကို မဂ်ဖိုလ်လို့အထင် မှားရင် ဝိပဿနာလမ်းလွဲ သွားတတ်တယ်။ ဒါ့ကြောင့် ဒီတရား(၁၀)ပါးကို ဝိပဿနာရဲ့ညစ်ညူးကြောင်း ဘေးရန်များလို့ခေါ်တယ်။ ပါဠိလိုတော့ ဝိပဿန ပက္ကိလေသာ ခေါ်တာပေါ့။

ဒီဝိပဿနာရဲ့ ညစ်ညူးကြောင်း ကိလေသာတရားတွေအပေါ် မဂ်ဖိုလ်လို့ အထင်မှားသွားလျှင် စောစောကထင်နေတဲ့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ရဲ့ အဖြစ် အပျက်ဟာ ပျောက်ပျက်သွားတတ်တယ်။ ဒါပေမယ့် ပြန်ရှုရင် ပြန်ပေါ်လာ တယ်၊ အဖြစ်အပျက်ကို ထပ်ကာထပ်ကာရှုမိလျှင် ရှင်း ရှင်း ဖြစ်တာကို မမြင်တော့ဘဲ အပျက်ကိုသာ မြင်လာတတ်တယ်၊ အဖြစ်ကို မမြင်တော့ဘဲ အပျက်တွေကိုချည်းသာ မြင်လာတဲ့ဉာဏ်ကိုတော့ ဘင်ဉာဏ်လို့ ခေါ်တယ်။

မိမိရဲ့ရုပ်ခန္ဓာ အဖြစ်အပျက်ကို ကြည့်နေတဲ့ယောဂီရဲ့စိတ်ထဲမှာ အပျက် တွေချည်းသာ ထင်မြင်လာတဲ့အတွက် ဒီရုပ်ဒီနာမ်တွေဟာ ဘယ်မှာ ချစ်စရာ ခင်စရာရှိသလဲ၊ ကြောက်စရာချည်းပါတကားလို့ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် ကြောက်စရာလို့ ထင်မြင်လာတဲ့ဉာဏ်ကို ဘယဉာဏ်လို့ ဆိုရတယ်။

ရုပ်ခန္ဓာ, နာမ်ခန္ဓာအပေါ် ကြောက်စရာလို့ ထင်မြင်လာခဲ့ရင် ဒီရုပ် ခန္ဓာ, နာမ်ခန္ဓာတွေနှင့်တွဲပြီး ပျော်ပွဲဆင်နိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာတွေကို အပြစ်မြင်လာပြီ၊ ငြီးငွေ့လာပြီ၊ ရုပ်နာမ်တွေနှင့် လက်တွဲပြီး သံသရာခရီး မသွားချင်တော့ဘူး။ သူတို့နှင့် လမ်းခွဲချင်ပြီ။ ဒီလို အပြစ်မြင်လာတာ ငြီးငွေ့လာတာ လမ်းခွဲချင်တာ လွတ်မြောက်ချင်တာ တွေကို အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ် ပေါ်တယ်လို့ ဆိုရ တယ်။

မုစ္စိတုကမျတာဉာဏ်မှာ ယောဂီဟာ ရုပ်နာမ်က လွတ်မြောက်ချင်ပြီ၊ လမ်းခွဲချင်ပြီ။ ဒါပေမယ့် ယခု ရုပ်နှင့်နာမ်နှင့် တင်းလင်းမို့ မလွတ်မြောက်သေး ဘူး၊ လမ်းခွဲလို့ မရသေးဘူး၊ ဒါကြောင့် ရုပ်ခန္ဓာ နာမ်ခန္ဓာကိုပင် ထပ်ပြီး

ဝိပဿနာ ရှုရပြန်တယ်။ ဒီလိုထပ်ပြီး ဝိပဿနာရှုရတဲ့ဉာဏ်ကို ပဋိသင်္ခါဉာဏ်လို့ ခေါ်တယ်။

ပဋိသင်္ခါဖြင့် ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် ဝိပဿနာရှုပြီးတဲ့နောက် ယောဂီရဲ့သန္တာန်မှာ သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပွားလာတယ်။ သင်္ခါရုပေက္ခာဉာဏ် ဆိုတာ သင်္ခါရအပေါ် လျစ်လျူရှုတယ်လို့ဆိုတယ်၊ ဒီနေရာမှာ သင်္ခါရဆိုတာက ရုပ်ခန္ဓာ, နာမ်ခန္ဓာကို ဆိုလိုတယ်။ ဥပေက္ခာဆိုတာက အလယ်အလတ်ရှုတယ်လို့ ဆိုလိုတယ်။

ဒီနေရာမှာ ထင်ရှားအောင် ကျမ်းဆရာကြီးများက လင်မယားဥပမာ ပေးထားကြတယ်။ ဥပမာရဲ့အဓိပ္ပာယ်က ယောကျ်ားတစ်ယောက်ဟာ မိန်းမပျို တစ်ယောက်ရဲ့ အဆင်းကို တပ်မက်တဲ့အတွက် မယားအဖြစ် လက်ထပ်ပေါင်းသင်း နေလာတယ်။ ဒီနေရာမှာ ယောကျ်ားဆိုတာက ယောဂီပုဂ္ဂိုလ်၊ မယားဆိုတာက ရုပ်ခန္ဓာ, နာမ်ခန္ဓာပေါ့၊ ယောဂီပုဂ္ဂိုလ်ဟာ ရုပ်ခန္ဓာ နာမ်ခန္ဓာကို အလွန်တပ်မက်တဲ့အတွက် • အစမထင်တဲ့ကာလကစပြီး ယခုဘဝတိုင်အောင် ရုပ်နာမ်နှင့်အတူ လက်တွဲပြီး သံသရာထဲ ကျင်လည်ခဲ့ကြတယ်ပေါ့။

ယောကျ်ားက မယားကို အင်မတန်ချစ်သော်လဲ မယားကတော့ သူ့ကို မချစ်ဘူး၊ မချစ်လို့ သူ့ကို သတ်ဖို့ကြံနေတယ်။ ဒီအကြောင်းကို လင်သိတဲ့အခါ မယားနှင့်အတူနေရာမှ ကြောက်လာတယ်။ မယားအပေါ် အပြစ်မြင်လာတယ်။ မယားကို ငြီးငွေ့လာတယ်။ ဒီကောင်မနှင့် ကွာမှဖြစ်မှာပဲလို့ စိတ်ထဲမှာ ပေါ်လာတယ်။ ဒီဥပမာအတိုင်း ယောဂီဟာ ရုပ်နာမ်ရဲ့ဖြစ်ပျက်မှုကို မြင်ခဲ့တဲ့ အတွက် ကြောက်ခြင်း-ဘယဉာဏ်, အပြစ်မြင်ခြင်း-အာဒီနဝဉာဏ် ငြီးငွေ့ခြင်း- နိဗ္ဗိဒါဉာဏ်, လွတ်မြောက်လိုခြင်း-မုဉ္စိတုကမျတာဉာဏ်များ ဖြစ်လာတယ်။

လင်ယောကျ်ားဟာ မယားနဲ့ကွာရှင်းလိုတော့ မယားကို မှတ်လောက် အောင် ရိုက်နှက်ပြီး မောင်းထုတ်လိုက်သလို ယောဂီဟာလဲ ရုပ်နာမ်အပေါ် ဖြစ်ပျက်တရားကို ထပ်ပြီး မှတ်သားလောက်အောင် ရှုလိုက်တယ်။ အဲဒါ ပဋိသင်္ခါဉာဏ်ဖြစ်တာပေါ့။

ယောကျ်ားဟာ မယားကို မောင်းထုတ်ပြီးတဲ့နောက် အဲဒီမိန်းမ ဘာပဲ ဖြစ်ဖြစ် လျစ်လျူရှုနိုင်သလို ရုပ်နာမ်အပေါ် လျစ်လျူရှုနိုင်တဲ့ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်လို့ ခေါ်ပါသတဲ့။

သင်္ခါရုပေက္ခာဉာဏ်က တစ်ဆင့်တက်လျှင် မဂ်ဖိုလ် ရောက်တော့မယ်။ အဲဒီမဂ်ဖိုလ်ရခါနီး ပေါ်လာတဲ့ဉာဏ်ကိုတော့ အနုလောမဉာဏ်လို့ခေါ်တယ်၊

အနုလောမဆိုတာ မြန်မာလိုတော့ လျော်ကပ်တယ်၊ သင့်လျော်တယ်လို့ ဆိုလိုတယ်။ အနုလောမဥာဏ်ဟာ အောက်၊ အောက်ဖြစ်တဲ့ သမ္မသနဥာဏ်များနှင့်လဲ သင့်လျော်လျော်ကပ်တယ်၊ အထက်ဖြစ်လတ္တံ့သော မဂ်ဥာဏ် ဖိုလ်ဥာဏ်နှင့်လဲ သင့်လျော်လျော်ကပ်တယ်။ ဒါကြောင့် အနုလောမဥာဏ်လို့ ခေါ်တယ်။

အနုလောမဥာဏ်ဆိုတာ မဂ္ဂဝီထိမှာပါတဲ့ ပရိကံ၊ ဥပစာ၊ အနုလုံဆိုတဲ့ ဥာဏ်၃-ပါးကို ခေါ်ဆိုတာပဲဖြစ်ပါတယ်။ ဒါ့ကြောင့် အနုလုံရဲ့အခြားမဲ့မှာ ဂေါတြဘူဥာဏ်ဖြစ်ပြီး ဂေါတြဘူရဲ့အခြားမဲ့မှာ မဂ်ဖိုလ်ဆိုတာ ဖြစ်တော့တာပါပဲ။ သမ္မသနဥာဏ်ကစပြီး အနုလောမဥာဏ်တိုင်အောင် ဥာဏ်(၁၀)ပါး ဖြစ်ပွားတာကို (ဝိပဿနာသမ္မာဒိဋ္ဌိဥာဏ်)လို့ ဆိုပါတယ်။

ဂေါ်တြဘူ ဖိုလ်ဝီထိကျမှ ရင်တော့ နိဗ္ဗာန်ဟာ ထိုပုဂ္ဂိုလ်တို့ရဲ့ မျက်မှောက် မှာပေါ်လာပါပြီ။ ဂေါတြဘူ ဖိုလ်ဝီထိကျသွားတာကိုတော့ လောကုတ္တရာသမ္မာ ဒိဋ္ဌိဥာဏ်လို့ ခေါ်ဆိုတယ်။

ဒါကြောင့်-နိဗ္ဗာန် ပေါ်လာသည့်တိုင်အောင် တံတိုင်းအဆင့်ဆင့်ကို ရေတွက်ပြီး ကြည့်လိုက်လျှင်....

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိတံတိုင်းကြီး။
၂။ နာမရူပပရိဂ္ဂဟ သမ္မာဒိဋ္ဌိတံတိုင်းကြီး။
၃။ ဟေတုပစ္စယ ပရိဂ္ဂဟ သမ္မာဒိဋ္ဌိတံတိုင်းကြီး။
၄။ ဝိပဿနာ သမ္မာဒိဋ္ဌိတံတိုင်းကြီး။
၅။ လောကုတ္တရာ သမ္မာဒိဋ္ဌိတံတိုင်းကြီး....ရယ်လို့ တံတိုင်းကြီး ငါးထပ် ကာရံပြီးထားတယ်။

ရလာတဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာမှန်သမျှတွေဟာ ဆင်းရဲခြင်း ဒုက္ခတရား အမှန်ပဲလို့ထင်မြင်ယူဆကြတဲ့ ဒုက္ခာနုပဿနာဝင်မှန်သမျှဟာ ဆင်းရဲခြင်း အမှန်ဖြစ်တဲ့ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့မှ ချုပ်ငြိမ်းရာ နိရောဓသစ္စာတည်းဟူသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် ဤကံတံတိုင်းကြီး ငါးခုတို့ကို ကျော်လွှားပြီး ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

ဘဒ္ဒန္တဒေဝိန္ဒာဘိဝံသ
တည်ဆောက်သူဆရာတော်
ထိုးချိန်မြို့။

ဓမ္မဗျူဟာ စာစဉ်

မှ

စာအုပ်ကောင်းများ အဆက်မပြတ်

မကြာမီ ဆက်လက်ထွက်လာပါတော့မည်

၁။ နွားမေတ္တာဝေ (စာစဉ်အမှတ်-၉)
(ဆရာတော် အရှင်ဦးဥတ္တမသာရ)

၂။ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (၃) (စာစဉ်အမှတ်-၁၀)
(ထီးချိုင့်မြို့ တည်တောဆရာတော်)

၃။ တောင်ကြီးရောက် အင်ဝနေ့ရေးစဉ် (၂.၃.၄)
ဒေါက်တာ အောင်ကျော် (သွား/ဆရာဝန်)

၃။ ဓမ္မပန်းချီ (၂.၃.၄)
(ထီးချိုင့်မြို့ တည်တောဆရာတော်)

ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ

၏

# ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

# (၃)

ဆက်လက် ထွက်ပါတော့မည်။

မမ္ဗျူဟာ စာစောင်တိုက်
အမှတ်(၁၅၆) ဗားကရာလမ်း၊ စမ်းချောင်းမီးသတ်ရှေ့၊
စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။

(ဖုန်း–၂၁၁၁၄)

ထီးချိုင့်မြို့ တည်တောဆရာတော်

ဘဒ္ဒန္တဒေဝိန္ဒာဘိဝံသ

၏

# ဓမ္မပန်းချီ
# (၂)(၃)(၄)

ဆက်လက်ထွက်ပေါ်တော့မည်။

ဓမ္မဗျူဟာ စာစောင်တိုက်
အမှတ်(၁၅၆)ဗိုလ်ကြီးကရာလမ်း၊ စမ်းချောင်းမီးသတ်ရှေ့
စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။
(ဖုန်း-၂၀၁၁၄)

**ကျေးဇူးတော်ရှင်**

**တောင်တန်းနယ်ခြား သာသနာပြု**

ဆရာတော် အရှင်ဦးဥတ္တမသာရ

၏

# နွားဓမဏ္ဍာစာ

မကြာမီ ထွက်ပေါ်မည်။

---

ကျေးဇူးတော်ရှင်

တောင်တန်းနယ်ခြား သာသနာပြု

ဆရာတော် အရှင်ဦးဥတ္တမသာရ

၏

ဟောင်ကြိုးရောက် အငယ်ရာဒိုးစဉ် (၁)

ထွက်ပေါ်ပြီ။

မှတ်တမ်းရေးသားပြုစုသူ - ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)

တစ်အုပ်-၂၅ ကျပ်။ (၅-အုပ်မှအထက်-၂၃ ကျပ်)